
# ပရိတ်တန်ခိုးပရိတ်အကျိုး

တက္ကသိုလ် ချင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)



❀ ဆဋ္ဌသံဂါယနာမှ ပရိတ်ကြီး ၁၁-သုတ် ပါဠိ အနက် အပြည့်အစုံ

❀ ပရိတ်ရွတ်သူများ လက်တွေ့အကျိုးခံစားရမှု အဖုံဖုံ

❀ ပရိတ်အရံအတားဖြင့် ဘေးအန္တရာယ် ဟူသမျှ ကာကွယ်တားဆီးပုံတို့ကို ဖော်ပြထားပြီး လူတိုင်း လက်ကိုင်ထားရမည့်-

# ပရိတ်တန်ခိုး ပရိတ်အကျိုး

## တက္ကသိုလ်ဈင်ဆီရို (ဓမ္မာစရိယ၊ ဘီအေ)

ပြုစုသည်။

---

ဖြန့်ချိရေး ⇨ မြတ်ပန်းရဂုံစာပေ၊ ၈၂/၉၁၉၊ ရော၆-လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

၂၉၉၈၅


စာမူခွင့်ပြုချက် • ၁၆/၉၇ (၃)
မျက်နှာဖုံးခွင့်ပြုချက် • ၉/၉၇ (၁၁)
ပထမအကြိမ် • ၁၉၉၈၊ ဩဂုတ်လ
အုပ်ရေ • ၅၀၀
မျက်နှာဖုံးပန်းချီ • ရွှေစိုးဟန်
မျက်နှာဖုံးဆလာခွဲ • *SUNN SCANGRAPHICS*
ကွန်ပျူတာစာစီ • မျိုးမော်ကွန်ပျူတာ
(ဖုန်း - ၂၅၃၃၅၂)
တန်ဖိုး • ၁၂၀/-

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြဲ-၀၁၅၁၂)၊ ဝင်းမြင့်အောင်စာပေ
၃၁၅၊ ၂-ခ-ရပ်ကွက်၊ ထောက်ကြန့်တိုးချဲ့
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးကျော်ဌေး (မြဲ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
အကွက် ၆၄/၄၆၇၊ စက်မှုလက်မှုရပ်ကွက်၊ တောင်/ဒဂုံမြို့သစ်
၁၅၁/၃၄-လမ်း (အထက်)၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)

# ဿယ်တီဆရာတော်ဘုရားကြီး

# ၏

# ပရိတ်ရွတ်ဖတ်နည်း

ပရိတ်တော် ဂုဏ်တော်များကို ရွတ်ဖတ်ကြရာ၌ ကုသိုလ်ဖြစ် ရွတ်ဖတ်သောအခါ–

"သဒ္ဓါစိတ်နှင့် ဖြည်းညင်းသာယာ၊ နာချင်ဖွယ်ရှိအောင် ရွတ်ဖတ်ရသည်"

အန္တရာယ်ကင်းကိုစွနှင့် ရွတ်ဖတ်ကြသောအခါ–

"မာန်စိတ်နှင့် အသံထန်စွာ ရွတ်ဖတ်ရသည်"

အန္တရာယ်ကြီးလျှင် ကြီးသည့်အလိုက် အခေါက်များစွာ အာသံ၊ လျှာသံ အပြင်းအထန် ပေး၍ ရွတ်ဖတ်ရသည်။

သုကုမာရမဂ္ဂဒီပနီ

# အမှာစာ

"ဆရာသျှင်သီရိရေ၊ ဒီမှာဘက် ခေတ်တစ်လျှောက် ဂါထာမန္တန်တွေ သိပ်ခေတ်စားပြီး လူတွေကလည်း ဂါထာမန္တန်ကိုပဲ အာရုံထားနေကြတယ်။ ရှေးခေတ် ရှေးအခါကတည်းက စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည် ရွတ်ဆိုလာတဲ့ ပရိတ်တော်တွေက အရှိန်တန်ခိုး မှေးမှိန်သလို ဖြစ်နေတယ်။ တကယ်တော့ ပရိတ်တော်ဟာ ဘုရားဟောတွေ မဟုတ်လား၊ ယုံကြည်စွာ ရွတ်သူတွေ အတွက် တကယ်အစွမ်းထက်တယ် မဟုတ်လားဆရာ၊ ယခုဆို ဘာသာရေးမဂ္ဂဇင်းတွေ ဖတ်လိုက်ရင် ဂါထာမန္တန် အကျိုးတွေပဲ များနေတယ် ဆရာ"

တစ်နေ့ စာရေးသူထံသို့ ဓမ္မမိတ်ဆွေဆရာတစ်ဦးက လာရောက် ဆွေးနွေးပါသည်။

"တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ ပရိတ်အကျိုး ပရိတ်အစွမ်းတွေက ယနေ့ ထင်ပေါ်ကျော်ကြားနေသားပဲဗျ၊ ရဟန်းသံဃာတော်များကလည်း ရှေးရိုးမပျက် သာရေးနာရေး မင်္ဂလာတွေမှာ ပရိတ်ပဲ ရွတ်ဖတ်သရဇ္ဈာယ်ပေးနေတာပဲဟာ"

"ဒါကတော့ ဒါပေါ့ဆရာရယ်၊ ဒါပေမယ့် ယနေ့ ဘာသာရေးလောကမှာ (ပရိတ်တော်တွေထက် ဂါထာမန္တန်တွေက

ပိုမိုပြီး တန်ခိုးသြဇာ ထက်နေသလားလို့ပါ) အဲဒီ စာအုပ်တွေက တအားထွက်နေတယ်လေ။ ဆရာအမြင်ပဲ။ ကျွန်တော်ကတော့ ပရိတ်တော်ကို လူတွေ ယုံယုံကြည်ကြည် ရွတ်ကြစေလိုတယ်။ ဟိုဟာကောင်းနိုးနိုး၊ ဒီဟာကောင်းနိုးနိုး ဂါထာတွေနောက် လူတွေ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တွေ မလိုက်စေလိုဘူး။ ပရိတ်တော်အစွမ်းထက်ပုံ၊ အကျိုးရှိပုံတွေကိုလည်း ဆရာရဲ့ ပဋ္ဌာန်းတန်ခိုး လက်တွေ့အကျိုး စာအုပ်ရေးသလို ပရိတ်တန်ခိုး၊ ပရိတ်အကျိုး စာအုပ်လေးလည်း ရေးထုတ်ပါဦး ဆရာ”

မှန်ပါသည်။ ဤမှာဘက် ခေတ်တစ်လျှောက်တွင် ဘာသာရေး မဂ္ဂဇင်းတွေ များစွာထွက်သလို ‘ဂါထာပေါင်းချုပ်’ ‘အစွမ်းထက်ဂါထာ’ ‘နတ်ချစ်ဂါထာ’ စသည်ဖြင့် ဂါထာစာအုပ်တွေ များစွာထွက်နေပါသည်။ အများကလည်း ဟိုဂါထာ ကောင်းနိုး၊ စွမ်းနိုး၊ ဒီဂါထာ ကောင်းနိုး၊ စွမ်းနိုးနှင့် လေ့လာကြသည်၊ မှတ်သားကြသည်၊ ရွတ်ဖတ်ကြပါသည်။

သို့သော် ဖွဲ့ကြီးစွာနှင့် လပေါင်း နှစ်ပေါင်းများစွာ ထုံအောင် ရွတ်ဖတ်ခြင်း မရှိကြ၍ အကျိုးမပေးသောအခါ မစွမ်းဟု ယူဆကြပြန်သည်။

ဂါထာဟူသမျှသည် ဘုရားရှင်၏ ဂုဏ်တော်များကို ချီးကျူးဖော်ပြထားပြီး သစ္စာဆိုခြင်းကသာ များပါသည်။ ယနေ့ ရေတွင်းတူး ယနေ့ ရေကြည်သောက်လို၍ မရပါ။ စရဏာ

## ပရိတ်တန်ခိုး ပရိတ်အကျိုး

ကျင့်စဉ်ကို အကြိမ်ပေါင်းများစွာ နေ့ရက်ပေါင်းများစွာ လပေါင်းများစွာ နှစ်ပေါင်းများစွာ လေ့ကျင့်ရွတ်ဆိုမှသာ သမာဓိတရားအားကောင်းပြီး လိုရာပြည့်စုံနိုင်သည်ကို သတိမမူမိဘဲ ရှိနေကြပါသည်။

စာရေးသူသည် ဓမ္မမိတ်ဆွေကြီး၏ ဆွေးနွေးချက်ကို မူတည်ပြီး သီလဝ စသော ဘာသာရေးမဂ္ဂဇင်းများတွင် မိမိရေးသားခဲ့သော ကိုယ်တွေ့အဖြစ်အပျက်များ၊ နောက်ထပ်စုဆောင်းရရှိသော ပရိတ်တန်ခိုး အဖြစ်အပျက်များကို စုစည်းပြီး ဤမည်သော **'ပရိတ်တန်ခိုး ပရိတ်အကျိုး'** စာအုပ်ကို ရေးသားရပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် စာမူဖြစ်ရေးကို ဆွေးနွေးကြသော ဓမ္မမိတ်ဆွေများနှင့် စာမူကို ဝိုင်းဝန်းကူညီရေးပေးကြသော ကျွန်ုပ်၏ သမီးများဖြစ်ကြသည့် မခင်သူဇာနှင့် မစန္ဒာမြင့်၊ လက်နှိပ်စက်ရိုက်ပေးသော လက်ရေးတိုလက်နှိပ်စက် မမြင့်မြင့်သန်းနှင့် ထုတ်ဝေသူ မြတ်ပန်းရဂုံ စာပေတိုက်မှ ဦးအောင်ကျော်ထူး၊ ဦးခင်မောင်ဦး၊ ဦးသိန်းဇော် ညီအစ်ကိုတို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တက္ကသိုလ်သျှင်သီရိ
**ဓမ္မာစရိယ၊ ဘီ–အေ**

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　စာမျက်နှာ


အမှာစာ..........................................................


## အခန်း(၁)

## ပရိတ်တော်ဟူသည်


- ပရိတ်ဖြစ်ပေါ်မှုနိဒါန်း .......... ၁
- ခေတ်အဆက်ဆက်ပရိတ်ရွတ်မှု .......... ၅
- ပရိတ်စီစဉ်မှု .......... ၈
- ပရိတ်အကျိုးထက်မြက်အောင် စီစဉ်ဆောင်ရွက်မှု .......... ၁၀
- ပရိတ်ရွတ်ဖတ်သူအင်္ဂါ(၃)ပါး .......... ၁၁
- ပရိတ်နာသူအင်္ဂါ(၃)ပါး .......... ၁၂
- ပရိတ်မရွတ်မီကုသိုလ်စိတ်အရှိန်တက်ရန်လုပ်နည်း .......... ၁၄
- ပရိတ်အစွမ်းသတ္တိ .......... ၁၅
- ပရိတ်ဓမ္မက္ခန္ဓာတို့၏ အကျိုးများ .......... ၂၀
- နာမ်ဓာတ်များ အရှိန်အဟုန် .......... ၂၆
- ပရိတ်အကျိုးခံစားလိုသော် .......... ၂၉
- ပရိတ်တန်ခိုး မိလိန္ဒအမေး ရှင်နာဂသေနအဖြေ .......... ၃၀
- ပိဋကတ်တော်လာ ပရိတ်ကျမ်းညွှန်းများ .......... ၄၀
- ပရိတ်ချည် ပရိတ်သဲနှင့် ပရိတ်ပန်း .......... ၄၂

# မာတိကာ

အကြောင်းအရာ စာမျက်နှာ


- ပရိတ်ချည် ပရိတ်သဲ လက်တွေ့အသုံးပြုနည်း........ ၄၂
- ဘေးမဲ့ဆရာတော်၏ပရိတ်အညွှန်းနှင့်အကျိုးပြလင်္ကာ ၄၃
- ရဟန်းတို့အားအပ်သောပရိတ်ရွတ်လျှောက်ထားနည်း ၄၆
- ပရိတ်နှင့် အချိန်အခါ.................. ၄၇
- ပရိတ်ရွတ်ရန် နေ့စဉ် အစီအစဉ်များ.................. ၄၉
- ပရိတ်ပါဠိရွတ်ရာ၌ သတိပြုဖွယ်.................. ၅၀


## အခန်း(၂)

## ပရိတ်ပါဠိတော်များနှင့် သမိုင်းစဉ်များ


- နတ်များပင့်ဖိတ်ရန် ပါဠိတော်.................. ၅၁
- နတ်ပင့်(မြန်မာ).................. ၅၃
- မင်္ဂလသုတ္တပါဠိတော်.................. ၅၇
- မင်္ဂလသုတ်ပရိတ်ဖြစ်ပေါ်မှုသမိုင်း.................. ၅၉
- ကာကွယ်ပေးသည့် ဘေးအန္တရာယ်.................. ၆၃
- ရွတ်ရန် အချိန်အခါ.................. ၆၃
- မင်္ဂလသုတ်မြန်မာပြန်.................. ၆၃
- ရတနသုတ္တပါဠိတော်.................. ၆၇
- ရတနသုတ် ဖြစ်ပေါ်မှုသမိုင်း.................. ၇၃
- ရတနသုတ်ဟူသည်.................. ၇၆
- ကာကွယ်ပေးသည့် ဘေးအန္တရာယ်.................. ၇၇

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


■ ရွတ်ဖတ်ချိန် ............ ၇၇
■ ရတနသုတ်မြန်မာပြန် ............ ၇၇
■ မေတ္တသုတ္တပါဠိတော် ............ ၈၆
■ မေတ္တသုတ် ဖြစ်ပေါ်မှုသမိုင်း ............ ၈၈
■ ကာကွယ်ပေးသည့်ဘေးအန္တရာယ် ............ ၉၀
■ ရွတ်ရန်အချိန် ............ ၉၁
■ မေတ္တသုတ် မြန်မာပြန် ............ ၉၁
■ ခန္ဓသုတ္တပါဠိတော် ............ ၉၅
■ ခန္ဓသုတ်ဖြစ်ပေါ်မှုသမိုင်း ............ ၉၇
■ ကာကွယ်ပေးသည့်ဘေးအန္တရာယ်များ ............ ၉၈
■ ရွတ်ရန်အချိန် ............ ၉၈
■ ခန္ဓသုတ် မြန်မာပြန် ............ ၉၉
■ မောရသုတ္တပါဠိတော် ............ ၁၀၁
■ မောရပရိတ် ဖြစ်ပေါ်မှုသမိုင်း ............ ၁၀၃
■ မောရသုတ် ဖော်ပြချက် ............ ၁၀၆
■ ကာကွယ်ပေးသည့် ဘေးအန္တရာယ် ............ ၁၀၆
■ ရွတ်ရန်အချိန် ............ ၁၀၇
■ မောရသုတ် မြန်မာပြန် ............ ၁၀၇
■ ဝဋ္ဋသုတ္တပါဠိတော် ............ ၁၀၉
■ ဝဋ္ဋသုတ်ပရိတ်တော် ဖြစ်ပေါ်မှုသမိုင်း ............ ၁၀၉

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


- ကာကွယ်ပေးသည့် ဘေးအန္တရာယ် ............ ၁၁၂
- ရွတ်ရန်အချိန် ............ ၁၁၂
- ဝင္ဂသုတ် မြန်မာပြန် ............ ၁၁၂
- ဓဇဂ္ဂသုတ္တပါဠိတော် ............ ၁၁၄
- ဓဇဂ္ဂသုတ် ဖြစ်ပေါ်မှုသမိုင်း ............ ၁၁၉
- ကာကွယ်သည့် ဘေးအန္တရာယ် ............ ၁၂၁
- ရွတ်ရန်အချိန် ............ ၁၂၁
- ဓဇဂ္ဂသုတ် မြန်မာပြန် ............ ၁၂၂
- အာဋာနာဋိယသုတ္တပါဠိတော် ............ ၁၂၈
- အာဋာနာဋိယသုတ် ဖြစ်ပေါ်မှုသမိုင်း ............ ၁၃၂
- အာဋာနာဋိယသုတ် ဟူသည် ............ ၁၃၄
- ကာကွယ်ပေးသည့် ဘေးအန္တရာယ် ............ ၁၃၄
- ရွတ်ရန်အချိန် ............ ၁၃၅
- အာဋာနာဋိယသုတ် မြန်မာပြန် ............ ၁၃၅
- အင်္ဂုလိမာလသုတ္တပါဠိတော် ............ ၁၄၃
- အင်္ဂုလိမာလသုတ် ဖြစ်ပေါ်မှုသမိုင်း ............ ၁၄၃
- ကာကွယ်ပေးသည့် ဘေးအန္တရာယ် ............ ၁၄၇
- အင်္ဂုလိမာလသုတ် မြန်မာပြန် ............ ၁၄၈
- ဗောဇ္ဈင်္ဂသုတ္တပါဠိတော် ............ ၁၄၈
- ဗောဇ္ဈင်္ဂသုတ် ပရိတ်အကျိုး ............ ၁၅၀

## မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


■ ကာကွယ်ပေးသည့် ဘေးအန္တရာယ် ............ ၁၅၁

■ ရွတ်ရန်အချိန် ............ ၁၅၁

■ ဗောဇ္ဈင်္ဂသုတ် မြန်မာပြန် ............ ၁၅၂

■ ပုဗ္ဗဏှသုတ္တပါဠိတော် ............ ၁၅၄

■ ပုဗ္ဗဏှသုတ် ဖြစ်ပေါ်မှုသမိုင်း ............ ၁၅၇

■ ပုဗ္ဗဏှသုတ် အဆုံးသတ်နည်း(၃)မျိုး ............ ၁၅၉

■ ပုဗ္ဗဏှသုတ် ရွတ်ဖတ်ချိန် ............ ၁၆၀

■ ပုဗ္ဗဏှသုတ် မြန်မာပြန် ............ ၁၆၁


## အခန်း(၃)

## လက်တွေ့ပရိတ်တန်ခိုး ပရိတ်အကျိုးများ


■ မင်္ဂလာဖိုးချစ်နှင့် သားသမီးများ ............ ၁၆၅

■ ရတနသုတ် ပရိတ်တန်ခိုးဖြင့်
စီးပွားတိုးခဲ့သော ကျောင်းဒါယကာ ............ ၁၇၃

■ ရတနသုတ် ပရိတ်တန်ခိုး အကျိုးထူးပေသည် ............ ၁၈၀

■ အဖိုးမဖြတ်နိုင်သော လူ့ဘဝတန်ဖိုး
အရသာကို ခံစားရပါသည် ............ ၁၈၆

■ မေတ္တာပို့ပါ ကူညီမှာ ............ ၁၉၅

■ ခန္ဓပရိတ်နှင့် မြွေဆိုးအန္တရာယ် ............ ၂၀၃

■ စပါးကြီးမြွေညို့ဘေးနှင့် ခန္ဓပရိတ်တော် ............ ၂၀၉

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ■ နေဝင်နေထွက်ရွှတ် မောရပရိတ်နှင့်ကျွန်တော် | ၂၁၇ |
| ■ မောရပရိတ်တန်ခိုးတော် | ၂၂၆ |
| ■ သစ္စာတန်ခိုး သစ္စာစွမ်းအားကြီးမားလှသည့် ဝဋ္ဋသုတ်ပရိတ်တော်၏အကျိုး | ၂၃၃ |
| ■ ဓဇဂ္ဂပရိတ်နှင့် အသက်ဘေးလွတ်ခဲ့မှု | ၂၄၂ |
| ■ အာဋာနာဋိယပရိတ်တန်ခိုးဖြင့် ဖုတ်သရဲ ထွက်ပြေးရခြင်း | ၂၄၈ |
| ■ ဦးဇနိတနှင့်အင်္ဂုလိမာလပရိတ် | ၂၅၅ |
| ■ ပရိတ်သစ္စာအဓိဋ္ဌာန်တန်ခိုး | ၂၆၂ |
| ■ သေတွင်းမှလွတ်ကင်းသည့်ဗောဇ္ဈင်္ဂသုတ် | ၂၇၁ |
| ■ ပုဗ္ဗဏှပရိတ်နှင့်ကျွန်မဘဝကြမ္မာ | ၂၈၀ |
| ■ နောက်ဆုံးဆည်းဆာပရိတ်နာသွားသူမမကြည် | ၂၈၇ |
| ■ စီးပွားရေးတက္ကသိုလ်မခင်နီလာတိုး၏ ပရိတ်တန်ခိုး | ၂၉၆ |
| ■ မာရဏာပရိတ်နှင့် အသက်အန္တရာယ် | ၃၀၀ |

# အခန်း (၁)

## ပရိတ်တော်ဟူသည်

**ပရိတ်ဖြစ်ပေါ်မှုနိဒါန်း**

ပရိတ်ဟူသည် ထက်ဝန်းကျင်အရပ် ဆယ်မျက်နှာမှ ကျရောက်ဆဲ ကျရောက်လတ္တံ့သော ဘေးအန္တရာယ် အသွယ်သွယ်တို့ကို တားဆီးကာကွယ် စောင့်ရှောက်တတ်သောကြောင့် ပရိတ်ဟု ခေါ်သည်။

ပရိတ်တရားတော်သည် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြားခဲ့သော ဗုဒ္ဓမန္တန်တော် (ဗုဒ္ဓဘာသိတ)များ ဖြစ်ပါသည်။

ယင်းပရိတ်တရားတော်များကို ရွတ်ဖတ်ခြင်း၊ နာကြားခြင်း ပြုလုပ်သော ပုဂ္ဂိုလ်များအဖို့.-

- ဖြစ်ဆဲဖြစ်သော ရောဂါအမျိုးမျိုး၊ ဘေးအန္တရာယ် အသွယ်

သွယ်တို့မှ ကင်းလွတ်စေနိုင်ခြင်း၊

- မဖြစ်သေးသော ဘေးအန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်စေနိုင်ခြင်း၊
- ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံစေနိုင်ခြင်း၊
- နောင်တမလွန်အတွက်လည်း နိဗ္ဗာန်တိုင်အောင် အကျိုးကိုရနိုင်ခြင်း စသော အကျိုးအာနိသင်များ ရနိုင်ပါသည်။

ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားတော်မှစ၍ နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီး သတိပေးစကား– "ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" စကားအထိ ၄၅ ဝါ ကာလပတ်လုံး ဟောကြားခဲ့သော တရားတော်တို့မှာ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ထိ ရှိပါသည်။

ဘုရားရှင်၏ ထိုတရားတော်တို့သည် လောကသုံးပါးရှိ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ ကိလေသာ ဝဲဩဃ သံသရာမှ လွန်မြောက်ပြီး မဂ်ဖိုလ် နိဗ္ဗာန် ရရေးအတွက် အဓိကဦးတည်ချက်ထားပြီး ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ ကိလေသာလွန်မြောက် ငြိမ်းချမ်းခြင်း၊ နိဗ္ဗာန်သို့ရောက်အောင် ကြိုးစားအားထုတ်ကြသော လူ ရှင် ရဟန်းတို့

ပစ္စုပ္ပန်လောကတွင် ဘေးဘယာ ကင်းကွာစေရေးအတွက် ဘုရားရှင်သည် အရံအတား မန္တန်(ပရိတ်)တို့ကိုလည်း ပိဋကတ် သုံးပုံ နိကာယ်ငါးရပ်တို့၌ အခါအားလျော်စွာ ထည့်သွင်း ဟောကြားခဲ့ပါသည်။

"ရဟန်းတို့၊ အာဋာနာဋိယမည်သော အရံအတားကို သင်ယူကြကုန်လော့၊ ရဟန်းတို့၊ အာဋာနာဋိယမည်သော အရံအတားကို အဖန်ဖန် လေ့လာကြကုန်လော့။ ရဟန်းတို့၊ အာဋာနာဋိယမည်သော အရံအတားကို ဆောင်ကြကုန်လော့။ ရဟန်းတို့၊ အာဋာနာဋိယမည်သော အရံအတားသည် ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာ မိန်းမတို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှာ ချမ်းသာစွာဖြစ်ခြင်း ဖြစ်၏"

ဒီဃနိကာယ်ပါထိကဝဂ်၊ အာဋာနာဋိယသုတ် ပါဠိတော် ၌ ဘုရားရှင်ကိုယ်တော်တိုင် ရဟန်းတို့အား အာဋာနာဋိယ အရံအတားကို သင်ယူဆောင်ရန် မိန့်ကြားခဲ့ပါသည်။

"ရဟန်းတို့၊ မိမိကိုယ်ကို လုံခြုံစေခြင်းငှာလည်းကောင်း၊ မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ မိမိအရံအတား (ပရိတ်)ကို ပြုခြင်းငှာလည်းကောင်း ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှာ ခွင့်ပြုတော်မူ၏"

ဝိနည်းစူဠဝါပါဠိတော်(၂၄၅)၊ အင်္ဂုတ္တိုရ်ပါဠိတော်(ပ–

၃၈၄)တို့၌ ဘုရားရှင်က ရဟန်းတို့အား မြေမြင်းလေးမျိုးကို မေတ္တာပို့ရန် ခွင့်ပြုတော်မူသည်။

"ဘေးရန်မှ လုံခြုံရေးအတွက် ပရိတ်ကို သင်ယူပို့ချသော ရဟန်းမိန်းမအား အာပတ်မသင့်"

ဝိနည်းပိဋကတ်ပါဠိတော် ဘိက္ခုနီဝိဘင်း တိရစ္ဆာနကထာသိက္ခာပုဒ် (၂)ခု၏ အနာပတ္တိဝါရ၌ ဘုရားရှင်၏ သိက္ခာပုဒ်ခွင့်ပြုချက်ကို တွေ့ရပါသည်။

ဤသိက္ခာပုဒ်၌ ခွင့်ပြုအပ်သော ပရိတ်ဟူသည်မှာ–

"တစ္ဆေ သရဲနိုင် မန္တန်၊ မြွေနဂါးနိုင်မန္တန် စသည်တို့ ဖြစ်သည်"ဟူ၍ (ဝိ၊ ဋ္ဌ၊ ၃၊ ၂၊ ၂၁၅) အဋ္ဌကထာအဖွင့် ဖွင့်ဆိုပြထားသည်ကိုလည်း တွေ့ရပါသည်။

ဘုရားဟောမဟုတ်သော ဤမန္တန်မျိုးကိုပင် သင်ယူခွင့်၊ ပို့ချခွင့် ပြုတော်မူသည်ဆိုလျှင် ဘုရားဟောဖြစ်သော ပရိတ်တို့ကိုမူကား အထူးခွင့်ပြုပြီး ဖြစ်ပါတော့မည်။ ရဟန်းမိန်းမတို့အား ခွင့်ပြုသည်ဆိုသဖြင့် ရဟန်းယောကျ်ားနှင့် လူဒါယကာ၊ ဒါယိကာမတို့အားလည်း ခွင့်ပြုပြီး ဖြစ်ပါမည်။

တစ်ဖန် ဓမ္မပဒအဋ္ဌကထာ (ပ၊ ၄၂၃–၄)၌ မွေးဖွားပြီး (၇)ရက်မျှသာ အသက်ရှည်ရမည့် အာယုဝမုန သတို့သားကို မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ (၇)ရက် (၇)ည ကာလပတ်လုံး ရဟန်းတို့ မပြတ် ပရိတ်ရွတ်ပေးခြင်း၊ ဘုရားရှင်ကိုယ်တော်

တိုင် တစ်ညဉ့်ပတ်လုံး ပရိတ်အရံအတား ပြုပေးခြင်းတို့ကြောင့် ထိုသတို့သား သေဘေးမှ လွတ်မြောက်ပြီး အသက် (၁၂၀) နေသွားရသည်။

ဤအထောက်အထားများမှ တစ်ပါး အခြားသော အဋ္ဌကထာအဖွင့်များ၌လည်း တွေ့ရပါသည်။

ပရိတ်ရွတ်ဖတ်မှုကို ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူသည်ကိုလည်းကောင်း၊ ဘုရားရှင်လက်ထက်ကပင် ပရိတ်ရွတ်မှု အလေ့အထ ထင်ရှားရှိခဲ့ပုံကိုလည်းကောင်း ထောက်ဆ၍ ပရိတ်အကျိုးနှင့် တန်ခိုးသည် လွန်စွာ ကြီးမားမှုရှိကြောင်း သိရပါမည်။

## ခေတ်အဆက်ဆက် ပရိတ်ရွတ်မှု

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ် (၅၁၁)၌ ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးသည် ပရိတ်နှင့် ပတ်သက်သော ပြဿနာကို အရှင်နာဂသိန်အား မေးခဲ့သည်။ (မိလိန္ဒပညာကျမ်း၌ မေဏ္ဍကပဉှာအခန်း ပစ္စုပါသမုတ္တိပဉှာဟူ၍ ပါရှိသည်)

ထိုမင်း၏ အမေးကို ရှင်နာဂသိန်က ပရိတ်နှင့် ပတ်သက်၍ မင်းကြီးကျေနပ်မှု ရသည်အထိ ဖြေဆိုပေးခဲ့သည်။

သာသနာနှစ် (၉၀၀)တွင် အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသ ပေါ်ထွန်းလာခဲ့သည်။ ဗုဒ္ဓဃောသ ဆရာသည် ပါရာဇိကကဏ် အဋ္ဌကထာ(၃-၆၇)၌-

- လူတို့တွက် ပရိတ်ရွတ်ပေးမှုနှင့် ပတ်သက်၍ ရဟန်းတော်တို့ လိုက်နာစရာများ၊
- ပရိတ်ရေ ပရိတ်ချည် အကြောင်းများကို ဖွင့်ဆိုရေးပြထားသည်ကို တွေ့ရပါသည်။

"လူဒါယကာတို့သည် ရတနသုတ်, မင်္ဂလသုတ်မျှကို သော်လည်း အလွတ်မကျက်ဘဲ ပေ၌သာ ရေးသားထားသည်။ ရဟန်းတို့သည်ကား ယင်းတို့ကို အမြဲရွတ်အံသရဈွာယ်ကြသည်"

ဟူ၍မဇ္ဈိမ ပဏ္ဏာသအဋ္ဌကထာ (၃၀၅)၌ ဖွင့်ဆိုရေးပြထားသည်ကိုလည်း တွေ့ရပါသည်။

စူဠဝံသ ၃၇ ပရိစ္ဆေဒ၊ ၁၁၉-၁၉၈ ဂါထာများ အဖွင့်အရ သာသနာနှစ်-၉၁၂ ခုနှစ် သီရိလင်္ကာကျွန်း၌ နန်းတက်သော ဒုတိယ ဥပတိဿမင်း လက်ထက်၌ ဘုရားရှင်လက်ထက်က ဝေသာလီပြည်၌ ဖြစ်သကဲ့သို့ ဒုဗ္ဘိက္ခန္တရဘေး ဖြစ်ပေါ်လာခဲ့ရာ ရဟန်းတော်တို့ ညဉ့်သုံးယံပတ်လုံး ရတနာသုတ်ပရိတ်တော်ကို ရွတ်သဖြင့် ထိုဘေးမှ လွတ်ခဲ့သည်ဟု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် သရေခေတ္တရာခေတ်၊ ပုဂံခေတ်ကပင်

ပရိတ်ရွတ်ဖတ်မှုအကြောင်း သိရသည်။ ကျန်စစ်မင်းကြီး နန်းတည်ကျောက်စာ၌လည်းကောင်း၊ သိင်္ဃသူအမတ်ကြီး၏ ဂူဘုရားတည် ကျောက်စာတို့၌လည်းကောင်း ရဟန်းသံဃာ တော်များကို ပင့်ဖိတ်ပြီး ပရိတ်ရွတ်ကြောင်း တွေ့ရပါသည်။

ရှေးခေတ် ဘုရင်မင်းမြတ်များသည် မင်္ဂလာ အခမ်းအနား တို့၌လည်းကောင်း၊ မြို့တည်နန်းတည်တို့၌လည်းကောင်း ပရိတ်ရွတ်လေ့ ရှိကြောင်းကို သာသနာလင်္ကာရ စာတမ်း လောကဗျူဟာအင်စာတမ်း၊ ရွှေဘုံနိဒါန်းတို့၌ အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရပါသည်။ မင်းများသည် နန်းတော်၌ ပရိတ်တော်နာဆောင်ကို သီးသန့်ဆောက်လုပ်ထားပြီး နာကြောင်း ကိုလည်း မှတ်တမ်းများအရ တွေ့ရပါသည်။

အဋ္ဌကထာအဖွင့်များအရ လူတို့သည် မိမိတို့ အရေးပေါ်ကိစ္စ ပေါ်လာသောအခါ ရဟန်းတော်တို့ကို ပင့်ဖိတ်၍ ပရိတ်နာယူလေ့ရှိပုံကို သိရပါသည်။

ပရိတ်နာမှု၊ ပရိတ်ရွတ်မှုသည် ဘုရင်မင်းမြတ်ကိုယ်တိုင် က အလေးပြု ဆောင်ရွက်ခဲ့သော ကိစ္စဖြစ်၍ တိုင်းသူပြည်သား တို့ကလည်း လေးလေးနက်နက် ယုံယုံကြည်ကြည် ခံယူပြီး ဆောင်ရွက်ခဲ့ကြသည်မှာ ယနေ့ခေတ်တိုင်ပင် ဖြစ်ပါသည်။

## ပရိတ်စီစဉ်မှု

ဘုရားရှင်ကိုယ်တော်တိုင် နှုတ်တော်မြွက်၍ ဟောကြားတော်မူခဲ့သော ပရိတ်တော်တို့မှာ ပိဋကတ်သုံးပုံ ပါဠိတော်တို့ဝယ် ကြိုကြား ကြိုကြား တစ်ကွဲတစ်ပြားစီ ပါရှိခဲ့ပါသည်။

အရှည်ကို မြော်မြင်တော်မူ၍ သာသနာတော်ကို မြတ်နိုးစောင့်ရှောက်တော်မူခဲ့ကြသော ရှေးခေတ် ဆရာတော်ကြီးများသည် ထိုပရိတ်တော်တို့ကို အများပြည်သူအတွက် တပေါင်းတည်းစုပေါင်း၍ သီးခြားကျမ်းတစ်စောင် တစ်ဖွဲ့အဖြစ် စီစဉ်ထားပေးတော်မူခဲ့ပါသည်။

ထိုသို့ ဆရာတော်ကြီးများ စီစဉ်ရာတွင် မိလိန္ဒပဉှာပါဠိတော်၌လည်းကောင်း၊ အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ အဋ္ဌကထာတို့၌လည်းကောင်း တွေ့ရှိရသော ဟောကြားမိန့်ဆိုချက်တို့ကို မှီငြမ်းပြုလျက် စီစဉ်ခဲ့ကြပါသည်။

မိလိန္ဒပဉှာပါဠိတော် မစ္စုပါသမုတ္တိပဉှာ၌–

– ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ် ပရိတ်၊ မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ အင်္ဂုလိမာလပရိတ်တို့ကို ဖော်ပြထားပါသည်။

ပါရာဇိကဏ်အဋ္ဌကထာ (ပ၊ ၁၂၉) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၃–၄၄) တို့၌–

– ရတနသုတ်၊ ခန္ဓ၊ ဓဇဂ္ဂ၊ အာဋာနာဋိယ၊ မောရပရိတ်တို့ကို ဖော်ပြထားပါသည်။

ဒီဃနိကာယ်ပါထိကဝဂ္ဂအဋ္ဌကထာ (၈၁) ဥပရိပဏ္ဏာသအဋ္ဌကထာ (မ၊ ဋ္ဌ၊ ၄–၇၉) အင်္ဂုတ္တရအဋ္ဌကထာ (၁–၃၅၈)၊ သမ္မောဟအဋ္ဌကထာ (အဘိ–ဋ္ဌ၊ ၂၊ ၄၁၁)တို့၌–

အာဋာနာဋိယ, မောရ, ဓဇဂ္ဂ, ရတနပရိတ်တို့ကို အာဒိသဒ္ဒါဖြင့် ထည့်သွင်း၍ မိန့်ဆိုထားပါသည်။

အင်္ဂုတ္တရ အဋ္ဌကထာ (၂–၂၁၀) မဟာနိဒ္ဒေသအဋ္ဌကထာ (၃၃၆)တို့၌–

အာဋာနာဋိယပရိတ်၊ ဣသိဂိလိ၊ ဓဇဂ္ဂ၊ ဗောဇ္ဈင်၊ ခန္ဓ၊ မောရ၊ မေတ္တာ နှင့် ရတနပရိတ် တို့ကို ထုတ်ပြထားပါသည်။

ပရိတ်ကြီးကို စီစဉ်ကြသော ရှေးဆရာတော်ကြီးတို့သည် အထက်ပါ သုတ်တို့တွင် ဣသိဂိလိသုတ်မှတစ်ပါး၊ အခြားသုတ်အားလုံးကိုပင်ယူပြီး မင်္ဂလသုတ်၊ ဝဋ္ဋသုတ်နှင့် ပုဗ္ဗဏှသုတ်တို့ကို ထည့်သွင်းလျက် စီစဉ်ထားသည်ကို တွေ့ရပါမည်။

ထိုသို့ စီစဉ်သောအခါ ရွတ်လိုသော ပုဂ္ဂိုလ်မှန်သမျှ ရှေးဦးကိစ္စအဖြစ် သမန္တာ နတ်ပင့်တို့နှင့် အစောင့်အရှောက်ကိုလည်းကောင်း၊ သုတ်များ၏ အစတွင် ဆိုင်ရာ မိတ်ဆက် အမွှန်းဂါထာကိုလည်းကောင်း ထည့်သွင်းစီစဉ်ပေးထားတော်မူခဲ့ပါသည်။

ထို့ပြင် မူရင်းအာဋာနာဋိယသုတ်သည် အာဏာတန်ခိုးပြင်းထန်သောသုတ် ဖြစ်သည်။ ဘီလူး စသည် ဖမ်းစားပူးကပ်သောအခါမှသာ ရွက်သင့်သော သုတ်ဖြစ်သောကြောင့် နေ့စဉ် ရွတ်ဖတ်မှုနှင့် သင့်လျော်အောင် ယင်းသုတ်မှ ဂါထာအချို့ကိုသာ ယူပြီး ဘုရားဂုဏ်တော်များကို ထည့်သွင်းထား၍ စီစဉ်ထားခဲ့သည်။

ဗောဇ္ဈင်သုတ်၏ မူရင်းမှာလည်း စကားပြေ(စုဏ္ဏိယ) ဖြစ်နေ၍ ရွတ်ဖတ်၍ လွယ်ကူစေရန် ဂါထာသီကုံး၍ စီစဉ်ထားခဲ့ပါသည်။

ပုဗ္ဗဏှသုတ်ကိုမူ အင်္ဂုတ္တိုရ်နိကာယ်မှ ဘုရားဟောဂါထာများကို ပါဝင်စေပြီး သင့်လျော်သလို ဖြည့်စွက်၍ စီစဉ်ထားခဲ့ပါသည်။

## ပရိတ်အကျိုးထက်မြက်အောင် စီစဉ်ဆောင်ရွက်မှု

ပရိတ်သည် ဘေးအန္တရာယ်အမျိုးမျိုးကို ကာကွယ်နိုင်သည်၊ စီးပွားဉစ္စာ လာဘ်လာဘ တိုးတက်စေနိုင်သည် ဆိုသော်လည်း ပရိတ်ရွတ်သူ နာသူ နည်းလမ်းစည်းကမ်း မကျပါက အကျိုးရမည် မဟုတ်ပါ။

ဆေးဟူသမျှသည် ရောဂါအမျိုးမျိုးကို ပျောက်ကင်းချမ်းသာစေရန် စီမံထားသည် မှန်သော်လည်း ဆိုင်ရာရောဂါနှင့်

သင့်လျော်သော ဆေး တည့်အောင်ပေးရခြင်း၊ အညွှန်းအတိုင်း လိုက်နာကျင့်သုံးရခြင်း မရှိပါက ဆေးအကျိုး ခံစားရမည် မဟုတ်ပါ။

ထို့အတူပင် ပရိတ်တော်တို့မှာ ရွတ်ဖတ်သူ ပရိတ်နာသူတို့ လိုက်နာကျင့်သုံးရမည့် အောက်ပါစည်းကမ်းများနှင့် ညီညွတ်မှသာ လိုအပ်သော အကျိုးကို ရနိုင်မည် ဖြစ်ပါသည်။

## ပရိတ်ရွတ်ဖတ်သူ အင်္ဂါ(၃)ပါး

၁။ ပရိတ်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာသင်ကြားပြီး မှန်ကန်စွာ တတ်သိထားခြင်း၊

၂။ ရွတ်ဖတ်သည့်အခါ ပုဒ်၊ ဗျည်း အက္ခရာတို့ကို အပိုအလို မရှိ ပြည့်စုံအောင် တိကျစွာ ရွတ်ဖတ်တတ်ခြင်း၊ (ရွတ်ဖတ်သောအခါ စာလုံးများ ကျန်ရစ်ခြင်း၊ အပိုစာလုံးများ မပါဝင်အောင် သတိထားပြီး တိတိကျကျ ရွတ်ရန် လိုအပ်ပါသည်)

၃။ လာဘ်လာဘကို မငဲ့ဘဲ မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်း၊ (မိမိကိုယ်ကို ဘေးအန္တရာယ်ကင်းလိုခြင်း၊ ကျန်းမာချမ်းသာလိုခြင်း၊ ရောဂါဝေဒနာပျောက်လိုခြင်း၊ စိတ်ကြည်လင်လိုခြင်း၊ ပူပန်သောက ကင်းလိုခြင်း၊ အခြားသူများကိုလည်း

အလားတူဖြစ်စေလို ခံစားစေလိုခြင်း၊ မေတ္တာစိတ်ထား၍ ရွတ်ဆိုရပါမည်။ စီးပွားတက်ရန်၊ ချမ်းသာရန်၊ ရာထူးဌာနန္တရတိုးရန် စသော လောဘအခြေခံသော စိတ်ထားမျိုးဖြင့် မရွတ်သင့်ပါ။ အကျိုးမရလှဟု မဆိုလိုပါ၊ သင့်သလောက် အကျိုးမကြီးပါ)

## ပရိတ်နာသူ အင်္ဂါ(၃)ပါး

ပရိတ်နာသူများကလည်း အင်္ဂါ(၃)ပါးနှင့် ညီညွတ်ပြည့်စုံရပါသည်။

(၁) ပဉ္စာနန္တရိယကံ ငါးပါးတည်းဟူသော ကမ္မန္တရာယ်မရှိခြင်း၊

(၂) နိယတမိစ္ဆာဒိဋ္ဌိတည်းဟူသော ကိလေသန္တရာယ်မရှိခြင်း၊

(၃) ပရိတ်တရားတော်အပေါ်၌ သက်ဝင်ယုံကြည်ခြင်း၊

ဤအင်္ဂါသုံးပါးတွင် တစ်ပါးပါးနှင့် ငြိစွန်းနေသော ပုဂ္ဂိုလ်အား ပရိတ်တရားတော်သည် မကာကွယ် မစောင့်ရှောက်နိုင်ပါ။

ပဉ္စာနန္တရိယကံ (၅)ပါးဟူသည်မှာ—

(၁) မာတုဃာတက - အမိကိုသတ်သောကံ

(၂) ပိတုဃာတက - အဖကိုသတ်သောကံ

(၃) အရဟန္တဃာတက - ရဟန္တာကိုသတ်သောကံ

(၄) လောဟိတုပ္ပါဒက–ဘုရားကိုသွေးစိမ်းတည်အောင်ပြုသောကံ
(၅) သံဃဘေဒက –သံဃာကို သင်းခွဲသောကံတို့ ဖြစ်ပါသည်။

နိယတမိစ္ဆာဒိဋ္ဌိကံ ဟူသည်မှာ–

(၁) သတ္တဝါတို့မှာ အကြောင်းအကျိုးမရှိဟု ယူသော အဟေတုကဒိဋ္ဌိ
(၂) ကုသိုလ်, အကုသိုလ်ကံ မရှိဟု အကြောင်းကိုပယ်ခြင်း ယူသော အကိရိယဒိဋ္ဌိ
(၃) ကုသိုလ်, အကုသိုလ်တို့၏ အကျိုးမရှိဟု အကျိုးကို ပယ်ခြင်းယူသော နတ္ထိကဒိဋ္ဌိ တို့ဖြစ်ပါသည်။

ဤ ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့ကို ပြုသောသူသည် မြင့်မိုရ်တောင်မျှလောက်သော ရတနာစေတီကို တည်၍ စကြဝဠာမျှလောက်သော ရတနာတံတိုင်းကို ပြုလုပ်ပြီးလျှင် ထိုအတွင်း၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့ကို အပြည့်စည်းဝေးစေ၍ ပစ္စည်းလေးပါးတို့ဖြင့် တစ်ပါးမကျန် လှူဒါန်းငြားသော်လည်း စုတေ(သေ)သည်၏ အခြားမဲ့၌ မကောင်းကျိုးကို ပေးလေသည်သာ ဖြစ်ပါသည်။

ပရိတ်ရွတ်သူ နာသူတို့သည် မိမိတို့ဘက်က ညီညွတ်ရမည့် အင်္ဂါရပ်များနှင့် ညီညွတ်ပါမှသာလျှင် ပရိတ်တရားတော်၏ ထူးခြားထက်မြက်သော အကျိုးအာနိသင်တို့ကို ရနိုင်မည် ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင် ဟောကြားအပ်သော ပရိတ်တရားတော်များသည် လွန်စွာ အာဏာတန်ခိုး ၊ ထက်မြက်စူးရှမှုရှိပြီး စကြဝဠာကုဋေတစ်သိန်းတိုင်အောင် အာဏာစက် ပျံ့နှံ့ကြောင်း ဗုဒ္ဓစာပေတို့၌ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

ပရိတ်ရွတ်ဖတ်ရာ၌ ရွတ်ဖတ်ပုံ မမှန်လျှင် အကျိုးမပြီးကြောင်းနှင့် ပရိတ်မေတ္တာထုံစေရန် နေ့စဉ်မှန်မှန် ရွတ်ဆိုရန် မုံတိုင်ပင်ဆရာတော်က ဤသို့ သတိပေးဆုံးမ,ထားပါသည်။

"အနက်မမှန် တစ်ဖန်ပါဠိ၊ ချွတ်ယွင်းဘိမူ၊ မရှိအကျိုး
တစ်မျိုးလာဘ၊ ငဲ့ချေကလည်း၊ မရချမ်းသာ၊ ကျမ်း၌လာ၊
သုံးဖြာအမြဲ၊ လွတ်အောင်ခဲ။
စနစ်တကျ၊ ရွတ်ဖတ်မှ၊ ကျိုးရမှန်ကန်သည်။
အကျိုးလိုလား၊ မေတ္တာပွား၊ စိတ်ထားဖြူရမည်။
စီးပွားဥစ္စာ၊ ဦးဆောင်ပါ၊ တဏှာဦးဆောင်သည်။
တဏှာဦးဆောင်၊ ကျိုးမအောင်၊ ဟန်ဆောင်ရွတ်သည်မည်။
သဒ္ဓါမေတ္တာ၊ ကရုဏာ၊ ဦးစွာထားရမည်။
နေ့စဉ်မှန်မှန်၊ ရွတ်ဖတ်ရန်၊ မိဋ္ဌာန်မြဲရမည်"

## ပရိတ်မရွတ်မီ ကုသိုလ်စိတ်အရှိန်တက်ရန်လုပ်နည်း

ပရိတ်မရွတ်မီ ရွတ်သူ၌ ကုသိုလ်အရှိန်အဟုန်တက်စေရန် အတွက် ရှေးရှေးဆရာတော်ကြီးများက အောက်ပါအတိုင်း

လမ်းညွှန်ဟောကြားထားသည်ကို တွေ့ရပါသည်။

(က) ဆွမ်း, ရေချမ်း, ဆီမီး,တို့ကို ဘုရားရှင်အား ကပ်လှူပါ။

(ခ) ငါးပါးသီလ ခံယူပါ။

(ဂ) ဘုရား, တရား, သံဃာဂုဏ်များကို ရွတ်ဖတ်ပူဇော်ပါ။

(ဃ) အိမ်စောင့်နတ်နှင့်တကွ ကွယ်လွန်ပြီးသော ဆွေမျိုးများကို ဖိတ်ပါ။

(င) မေတ္တာပို့ပါ။

ခပ်သိမ်းများစွာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ ဟူသော မေတ္တာစိတ်, ကရုဏာစိတ် ဖြစ်ပေါ်စေပြီးလျှင် သမန္တာနတ်ပင့်ကစ၍ ရွတ်ပါ။ ပြီးလျှင် မိမိရွတ်လိုသော ပရိတ်ကို ရွတ်ပါ၊ နောက်ဆုံး ပုဗ္ဗဏှသုတ်ကို ရွတ်ပါ။

ပုဗ္ဗဏှသုတ်၌ ပရိတ်ရွတ်သူဖြစ်လိုသော ဖြစ်စေလိုသော ဆန္ဒအာသီသများကို ထုတ်ဖော်ပြသော စကားများ၊ နတ်ပို့စကား၊ အမျှဝေသော စကားများ၊ ဆုတောင်းစကားများ၊ ပြည့်စုံစွာ ပါရှိနေကြ၍ ပရိတ်ရွတ်ပြီးတိုင်း အဆုံး၌ ပုဗ္ဗဏှသုတ်ကို ရွတ်ရန် ရှေးဆရာတော်ကြီးတို့က စီစဉ်ထားကြပါသည်။

## ပရိတ်အစွမ်းသတ္တိ

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါးကို ဖြည့်ဆည်း

ကျင့်သုံးခဲ့သော ဘုရားရှင်၏ ကံတော်၊ ဉာဏ်တော်၊ ဘုန်းတော်တို့သည် အလွန်ကြီးမားလှပါသည်။

ထိုဘုရားရှင်၏ ဖော်ထုတ်ဟောကြားခဲ့သော သစ္စာလေးပါး မြတ်တရားအပါအဝင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည်လည်း နတ် ဗြဟ္မာ သတ္တဝါတို့၏ ကိုယ်ဝယ်စွဲကပ်နေသော ကိလေသာအညစ်အကြေးတို့ကို ဖယ်ရှားပေးနိုင်ပြီး အမြိုက်အရသာ နိဗ္ဗာန်ချမ်းသာကို စင်စစ်ပေးနိုင်သော တရားစစ် တရားမှန် လောကီ၊ လောကုတ်နှစ်ဘက်နှစ်ဝ အမှန် အကျိုးရှိစေသော တရား၊ တကယ်ကျင့်သုံးဆောက်တည်လျှင် တကယ်ပင် ပစ္စုပ္ပန်ဘဝ တမလွန်ဘဝ အကျိုးခံစားကြရသော တရားတော်မှန်များ ဖြစ်ကြ၍ တရားတော်၏ အရှိန်အဝါသည်လည်း အလွန်ပင် ကြီးမားမြင့်မြတ်ပြီး ဂုဏ်ကျေးဇူး အထူးထိုက်တန်လှပါသည်။

ဤမျှမြင့်မြတ်သော မှန်ကန်သောတရားတော်တို့ကို သင်ယူမှတ်သား လေ့ကျက်လျက် ထိန်းသိမ်းစောင့်ရှောက်ကြသော သံဃာတော်များ၏ဂုဏ်၊ (၂၂၇)သွယ်သော သိက္ခာပုဒ်များနှင့် တကွ ဣန္ဒြိယသံဝရသီလ စသည်တို့ကို မကျိုးမပေါက် မပျောက်မကြားအောင် ထိန်းသိမ်းစောင့်ရှောက်လျက် မြတ်သောအကျင့်ကို ကျင့်ကြသော သံဃာတော်များ၏ ဂုဏ်ကျေးဇူးကလည်း ရတနသုတ် ပရိတ်၌ ဖွင့်ဆိုပြထားသည့်အတိုင်း အတိုင်းမသိ အနှိုင်း

မရှိ မြင့်မြတ်ပြီး ဂုဏ်ကျေးဇူး အထူးရှိလှပါသည်။

ဤရှုးရှထက်မြက် အစွမ်းထက်လှသော အမှန်သစ္စာတရား၊ မေတ္တာတရားတို့သည် ဤလောကဝယ် လောကပါလတရားများအဖြစ် ထွန်းပလျက် ရှိပါသည်။ ထိုသစ္စာ မေတ္တာတရားတို့သည် တကယ်လုပ် တကယ်ဖြစ်သော လောကသစ္စာတရား လောကမေတ္တာတရားများ ဖြစ်ကြပါသည်။

ဤမြေကမ္ဘာဝယ် အလွန်ကောင်းမွန်သောမြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အလွန်သန့်စင်ကြီးထွားရန် အရှိန်တက်ကာ ရှိသကဲ့သို့ အလွန်တန်ခိုးအရှိန်ကြီးလှသော ရတနာသုံးပါးထွန်းကားနေသော ထူးခြားသော ဤဘုရားသာသနာတော်ဝယ် ရတနာသုံးပါး ဂုဏ်တော်, သစ္စာဂုဏ်တော်, မေတ္တာဂုဏ်တော်တို့ဖြင့် ပြည့်လျှံနေသော ဤပရိတ်တော်များသည် ဘေးဥပါဒ်အန္တရာယ်ကို ကာကွယ်ပေးခြင်း၊ ဥစ္စာစီးပွား လာဘ်လာဘတိုးတက်စေခြင်း၊ တမလွန်ဘဝ ကောင်းရာသုဂတိ ရောက်စေခြင်းဟူသော ထူးခြားသော အကျိုးများကို ရရှိစေနိုင်သည်မှာ မုချအမှန်ပင် ဖြစ်ပါသည်။

ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးလျက် သစ္စာ, မေတ္တာစွမ်းကို ယုံကြည်အားကိုးကာ ပရိတ်တရားတော်များကို စွဲမြဲစွာရွတ်ဆိုခြင်းကြောင့် ကြုံလာရသော ကြောက်မက်ဘွယ် ဘေးအန္တရာယ်တို့မှ အံ့သြစွာ လွတ်မြောက်ရခြင်း၊ ဥစ္စာစီးပွား

ဒီရေအလား တိုးတက်ရခြင်း စသည်တို့ကို ခံစား, စံစားရသူတို့သည် ဘုရားရှင်လက်ထက်မှသည် သာသနာ (၂၅၀၀)ကျော် သက်တမ်းကာလတစ်လျှောက် ယနေ့အထိ သိန်းသောင်းမက ရှိပေပြီ။

ယနေ့ခေတ်ကာလဝယ် 'ဂါထာမန္တန် ရွတ်ဆိုသူများ ခေတ်စားလာ၍ ပရိတ်ရွတ်တာ သိပ်အကျိုးမရှိ၊ ပရိတ်ရွတ်တာ ဘာအကျိုးရှိသလဲ၊ ကိုယ်ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ပရိတ်ရွတ် ဆုတောင်းနေလို့ကော ဘာအကျိုးရမလဲ၊ အပိုအလုပ်ပဲဟု ပြောဆိုကြသူများ ရှိတတ်ကြပါသည်။

ထိုအယူအဆရှိသူများနှင့် ပတ်သက်၍ ပရိတ်ကြီးဋီကာ၌ ဋီကာဆရာက အောက်ပါအတိုင်း အဖြေပေးထားသည်ကို တွေ့ရပါသည်။

"မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ဖြင့်"ဟုဂါထာ၌ ပြဆိုသည်မှာ သိအပ်ပြီးသည့် ခပ်သိမ်းသော တရား ရှိကုန်သော မြတ်စွာဘုရားတို့၏ အစိန္တေယျ အစရှိသော ဂုဏ်ကို အောက်မေ့သဖြင့် ဖြစ်သော ကုသိုလ်စေတနာ၏ အစွမ်းဖြင့်ဟု ဆိုလိုသည်။ မှန်၏။ ထိုစေတနာသည် ရှိခိုးခြင်းငှာ ထိုက်ကုန်သော ရတနာသုံးပါးတို့အား ရှိခိုးခြင်းလွန်ကဲသော ထိုစေတနာ၏ အစွမ်းကြောင့် အန္တရာယ်ပြု[illegible]နိုင်ဘေ

မကောင်းသော အကြောင်း နိမိတ်တို့ကိုလည်းကောင်း၊ ထိုနိမိတ်သည် ပြီးစေအပ်ကုန်သော ရောဂါ အစရှိသော အန္တရာယ်တို့ကိုလည်းကောင်း ပျောက်စေခြင်းငှာ စွမ်းနိုင်၏ဟု မှတ်အပ်ပေသည်။ ဂုဏ်တော်ကိုးပါးဆိုင်ရာကိုလည်း ပရိတ်ဋီကာနိဒါန်းစာ(ကော်)၌ "**ထက်အောက်ဆန်စုန် ကိုးပါးဂုဏ်၊ ပျောက်ကုန်ရန်နှင့်ဘေး**" ဟူသော ဆိုရိုးစကားအတိုင်း စကြဝဠာအနန္တ အထက်နှင့်အောက် အဆန်အစုန် ပျံ့နှံ့ကျော်ကြား၍ ဘေးရန်အန္တရာယ် ဟူသမျှကို ပျောက်ပျက်ကုန်ခမ်းစေတတ်သည့် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်တို့သည် အရဟံ အစ ဘဂဝါ အဆုံးအားဖြင့် ကိုးပါးရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်"

မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော တရားတော်တို့တွင် လူထုနှင့် အနီးစပ်ဆုံး၊ အသုံးအများဆုံး တရားကို ရှာဖွေမိစစ်လျှင် ပရိတ်တရားတော်များ ဖြစ်သည်ကို တွေ့ရှိရပေသည် ဟူ၍လည်းကောင်း၊ ပရိတ်တော်များ၌ ကောင်းကျိုးကို ရစေနိုင်, မကောင်းကျိုးကို ပျောက်စေနိုင်သည့် အစွမ်းသတ္တိမျှသာမက လောကီ လောကုတ္တရာ ယဉ်ကျေးမှု ကျင့်စဉ်များလည်း ရှိပါပေသည်၊ အမြင့်ဆုံး နိဗ္ဗာန်ရရေးမှ အနိမ့်ဆုံး မိန်းမ မီးဖွားရေးအထိ အသုံးပြုလိုသည့် လိုတ,ရ ပဒေသာပင် တရားဟူ၍ပင် ပရိတ်တော်များကို ခေါ်သင့်လေသည်ဟူ၍လည်း

ကောင်း၊ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည့် တရားတော် အားလုံးပင် စေတနာထက်သန်စွာ အားကိုးအားထား ရွတ်ဆိုပါက ဘေးအန္တရာယ် တားဆီးခြင်း၊ ကျက်သရေမင်္ဂလာချမ်းသာ တိုးပွားခြင်းအကျိုးကို ရရှိနိုင်မည် ဖြစ်သော်လည်း ရှေးအစဉ် အလာအားဖြင့် အချို့သော သုတ်တော်များကိုသာလျှင် ပရိတ္တ ခေါ် အကာအကွယ်အဖြစ် သုံးစွဲခဲ့သည်ကို လေ့လာသိရှိရပေ သည် ဟူ၍လည်းကောင်း ပရိတ်တော်များ၏ အစွမ်းသတ္တိကို ပရိတ် ဋီကာ၌ ဖော်ပြရေးသားထားသည်ကို မှတ်သားရပါ သည်။

**ပရိတ်ဓမ္မက္ခန္ဓာတို့၏ အကျိုးများ**

ဘုရားရှင်၏ တရားတော်မှန်သမျှသည်

- တိုးတက်မြင့်မားရေး
- အေးငြိမ်းချမ်းသာရေး
- နောက်ဆုံးဘဝ နိဗ္ဗာန်ရောက်ရေး

တရားတော်များချည်းသာ ဖြစ်ရာ ထိုတရားတော်များကို ရွတ်ပွားနေလျှင်ဖြစ်စေ၊ နာယူနေရလျှင်ဖြစ်စေ–

"အနက်ရမိ တရားသိ၍ တရားကြောင့်ဖြစ်သော ဝမ်းသာ အားရ ရွှင်ပြမှု ဖြစ်တတ်ရသည်"

ဟူသော အင်္ဂုတ္တိုရ်ကျမ်းဆိုအရ ထိုဝမ်းသာရမှုပီတိက မာတ်ခိုက်လျှင် ရောဂါ စသည် ပျောက်ကင်းရပါသည်။

အပြင်းအထန် မကျန်းမာနေသော အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပတို့မှာ ဗောဇ္ဈင် ခုနစ်ပါးတရားကို နာယူလျှင် ပင် ချက်ချင်း ယူပစ်သလို ရောဂါပျောက်ကင်းသွားပါသည်။ ဤသည်မှာ ပီတိအစွမ်းကြောင့် ဖြစ်ပါသည်။

တစ်ဖန် ဘုရားရှင်လက်ထက် အရှင်ဂိရိမာနန္ဒ အပြင်း အထန် မကျန်းမမာဖြစ်ရာ ဘုရားရှင်က ရှင်အာနန္ဒာကို–

"အာနန္ဒာ၊ ဂိရိမာနန္ဒရဟန်းအား သညာဆယ်ပါးတရား ဟောကြားလျှင် သညာဆယ်ပါးတရား နာရသဖြင့် ဂိရိမာနန္ဒ ရဟန်း ရောဂါမှ ချက်ချင်းပျောက်ကင်းရန် အကြောင်းရှိသည်"

ဟု မိန့်တော်မူပြီး အနိစ္စသညာ စသော သညာ ဆယ်ပါးတရားကို အကျယ်တဝင့် ဟောပြပေးတော်မူသည်။ ရှင်အာနန္ဒာသည် ထိုတရားကို မှတ်သားပြီး ဂိရိမာနန္ဒရဟန်းအား ဟောကြားပေးတော်မူရာ ထိုတရားကို နာရသဖြင့် ရောဂါ ပျောက်ရသည်။

တစ်ဖန် နကုလပိတာ သူကြွယ်သည် ရောဂါအပြင်း အထန် ဖြစ်ရာ ဇနီးက မိမိအတွက် လောကရေး၊ ဓမ္မရေးနှင့်စပ်၍ ကြောင့်ကြငဲ့ကွက်မထားဖို့ အကြောင်း၊ တွယ်တာမှုမကင်းဘဲ သေရခြင်းမှာ ဆင်းရဲဖို့သာ ဖြစ်ကြောင်း၊ ထိုသေခြင်းမျိုးကို

၂၁၁၀၅

ဘုရားရှင်က ကဲ့ရဲ့ကြောင်း အကျယ်တဝင့် သတိပေးဆုံးမ ဟောကြားလေသည်။ အဆုံးအမတရားကို ကြားနာရသော သူ ကြွယ်မှာ ရောဂါ ချက်ချင်း အမြစ်ပြတ် ပျောက်ကင်းလေသည်။

အင်္ဂုလိမာလသုတ်တွင် အင်္ဂုလိမာလသစ္စာဆိုမှုနှင့် မေတ္တာ စေတနာထားပေးမှုကြောင့် ကိုယ်ဝန်သည်မိန်းကလေး လွယ်ကူစွာ မွေးဖွားနိုင်ခဲ့သည်။

ပရိတ်တရားတော်များသည် ရောဂါ စသည်ကို ပျောက် ကင်းစေသည်သာမက ကျက်သရေမင်္ဂလာ ရာထူးဂုဏ်သိမ် စည်းစိမ်လာဘ်လာဘတို့ တိုးတက်ရာ တိုးတက်ကြောင်းတို့ လည်း ရရှိခံစားကြရပါသည်။

ဘုရားကို ကြည်ညိုသူ၊ တရားတော်ကို လေးစားသူများ သည် အများအားဖြင့် ကိုယ်, နှုတ်, စိတ်ထား ထူးခြားမြင့် မြတ် ကောင်းမွန်သူများ ဖြစ်ကြပါသည်။ ထိုမြင့်မြတ်ကောင်းမွန် သော စိတ်ထားဝယ် ဓမ္မဒ္ဓဖြစ်သော သဒ္ဓါစေတနာ အရှိန်များ တွဲဖက် ပေးလိုက်ပြန်သော် ကျက်သရေ အမျိုးမျိုး အကျိုး အထွေထွေကို ဆွဲဆောင်နိုင်သော ဓာတ်အဖြစ်သို့ ရောက်ရပါ တော့သည်။

(ယခုခေတ်အခါဝယ် ဘုရားဂုဏ်တော်ကို ရွတ်ဖတ်ပူဇော် သဖြင့် ဘေးအန္တရာယ်ကင်းကြပုံ၊ ကောင်းကျိုးအမျိုးမျိုးရ ကြပုံ၊ ဓာတ်လမ်းစုံကို ဘာသာရေး မဂ္ဂဇင်းတို့တွင် အများ

အပြား ရေးသားထားသည်ကို ဖတ်ရှုနေကြရပြီ ဖြစ်ပါ
သည်)

ပရိတ်တော်များ ရွတ်ဖတ်၍–

– ကြုံလာရသော ဘေးအန္တရာယ်ကင်းခြင်း

– ကျက်သရေမင်္ဂလာ ချမ်းသာစီးပွား တိုးတက်မှု ရရှိခံစားရခြင်း စသည်တို့သည် စေတနာ, မေတ္တာ, သစ္စာဟူသော နာမ်ဓာတ်များ၏ အစွမ်းသတ္တိကြောင့်ပင် ဖြစ်ပါသည်။

သဗ္ဗညုတဉာဏ် စသော ဉာဏ်အမျိုးမျိုး တန်ခိုးဣဒ္ဓိပါတ် အမျိုးမျိုးတို့ကို လေ့လာကြည့်လျှင် နာမ်ဓာတ်တို့ကို လေ့လာကြည့်လျှင် နာမ်ဓာတ်တို့၏ ကြီးကျယ်အံ့ဩဖွယ်ကိုသာ တွေ့ရပါမည်။ သမထ, ဝိပဿနာ, ဘာဝနာမှု စသော ထိုထို နာမ်ဓာတ်များ၌ ထူးခြားသော စွမ်းရည်သတ္တိများ ရှိနေသည်မှာ ထင်ရှားလှပါသည်။

သာမန် နာမ်တရားများပင် ထူးခြားသော သတ္တိရှိနေသည်ကို တွေ့ရပါသည်။

"စိတ်သည် တစ်လောကလုံးကို လိုရာသို့ အပါဆောင်နိုင်သည်"

(သံ၊ ၁၊ ၃၆)

ဟု ဘုရားရှင် ဟောကြားခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ စိတ်ဝိညာဉ် ချုပ်ငြိမ်းနေသော လူသေကိုကြည့်လျှင်

စိတ်ဝိညာဉ်အရေးပါပုံကို သိသာနိုင်ပါသည်။

စိတ်ဝိညာဉ်၏ လှုံ့ဆော်ကြိုးကိုင်ပဲ့ပြင်မှုကြောင့် ဤရုပ်ခန္ဓာကြီး လောဘ, ဒေါသ, မောဟ, ဗျာပါဒ အမျိုးမျိုးဖြင့် အချက်ကျကျ အကွက်ကျကျ လှုပ်ရှားနေရပါသည်။

စိတ်ဓာတ်သန်လျှင် သန်သလို စိတ်ဓာတ်ပျော့လျှင် ပျော့သလို ရုပ်ခန္ဓာကိုယ်ကြီး၏ ပုံသဏ္ဍာန်မှာ အမျိုးမျိုးဖြစ်နေရပါသည်။ ဤခန္ဓာရုပ်ကြီး၏ အတွင်းအဇ္ဈတ္တကို တက်ကြွလာအောင်, ဆုတ်နစ်သွားအောင်, ကျန်းမာအောင်, ပျော်ရွှင်အောင်, ရောဂါများအောင် ဖန်တီးတတ်သည်မှာလည်း စိတ်ဖြစ်ရာ ထိုစိတ်ဓာတ်သည် ရုပ်ဗဟိဒ္ဓ(အပြင်)ကိုလည်း ဓာတ်ခိုက်ဖန်တီးတတ်သည်ကို တွေ့ရပါသည်။

ကမ္ဘာ့နိယာမ တရားတစ်ခုအနေဖြင့် လူများ စိတ်ဓာတ် ကောင်းမွန်သောအခါ မိုးလေဝသရာသီဥတု ဖြောင့်မှန်လျက် သစ်သီးဝလံ ဖြစ်ထွန်းသည်၊ အရသာ ရှိသည်၊ အဆီဩဇာပြည့်ဝသည်။

လူများ တရားပျက်သောအခါ ကမ္ဘာလောက မသာယာ၊ ရာသီဥတု ဖောက်ပြန်ပြီး သစ်သီးဝလံ မဖြစ်ထွန်းတော့၊ အဆီဩဇာ ခန်းခြောက်သည်။ လောကတွင် မေတ္တာဖြင့်ယှဉ်လျက်ရှိသော ပုဂ္ဂိုလ်ကို မြင်ရလျှင် မြင်ရသူမှာ စိတ်အေးချမ်းသာသည့် ချစ်မြတ်နိုးစိတ် တဖွားဖွား ဖြစ်ပေါ်လာပါသည်။

ဒေါသဖြစ်နေသူကို မြင်ရလျှင် မုန်းတီးစက်ဆုပ်သည်၊ မမုန်းတီးသော်လည်း စိတ်မသက်မသာ မကြည်မလင် ခံစားကြရသည်။

ဤသည်မှာ နာမ်ဓာတ်များ ခိုက်မှုပင် ဖြစ်ပါသည်။ ဤဓာတ်တရားသည် လူသားသာမက တိရစ္ဆာန်များ၌ပင် ဓာတ်ခိုက်တတ်ပါသည်။ မေတ္တာပွားသူကို တိရစ္ဆာန်များပင် ဘေးအန္တရာယ်မပြုတတ်ပါ။

ဆရာတော်ကြီး ဦးသီလ၊ တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရ တို့မှာ တောတောင်ထဲနေလျက် သတ္တဝါတို့က ရန်မမူ ရန်မပြုသည်မှာ မေတ္တာဓာတ်ခိုက်ထား၍ ဖြစ်ပါသည်။ ရှေးကလည်း ရသေ့သူတော်ကောင်းများ တောတောင်ထဲဝယ် ကျား ဆင် စသော ရိုင်းစိုင်းသော သတ္တဝါတို့၏ အလယ်၌ နေရသော်လည်း အန္တရာယ်ကင်းကြသည်မှာ ဤမေတ္တာဓာတ်ခိုက်၍ ဖြစ်ပါသည်။

ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များ အစုံပါသော ပရိတ်တရားများကို ကြည်ညိုပွားများထားသူ၌ တရားအရှိန်ဓာတ် ရှိနေပါသည်။ ထိုအရှိန်သည် ဓာတ်ခိုက်ပါသည်။

ထိုဓာတ်အရှိန်ခိုက်မှုသည် သားရဲတိရစ္ဆာန်များကိုပင် သွားရောက်ခိုက်ရာ မီးရဲရဲသို့ မကပ်ရဲသည့်ပမာ တိရစ္ဆာန်များ

ရောင်ရှားကြပါသည်။ ဤပွားများရွတ်ဆိုမှု ဓာတ်အရှိန်သည် သက်ရှိသာမက သက်မဲ့အဆိပ်သည်ပင် ပြေပျောက်ရသည်။

သို့အတွက် ပရိတ်တော်၌ဖြစ်သော စေတနာ, မေတ္တာ, သစ္စာများသည် အရှိန်နှင့်တကွဖြစ်၍ အတွင်းအပြင်(အဇ္ဈတ္တဗဟိဒ္ဓ) နှစ်ရပ်လုံး၌ ဓာတ်ခိုက်လျက်ရှိရာ အဇ္ဈတ္တ(အတွင်း) ရောဂါပျောက်ကင်းခြင်း စသော အကျိုးကို ခံစားရသည့်အပြင် (ဗဟိဒ္ဓ)ရန်ကိုလည်း ရန်မပြုနိုင်ခြင်း စသော အကျိုးများကို ပြီးမြောက် အောင်မြင်စေနိုင်ပါသည်။

## နာမ်ဓာတ်များ အရှိန်အဟုန်

နာမ်ဓာတ်များ၏ ထူးခြားသော စွမ်းရည်သတ္တိနှင့် ပတ်သက်၍ မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားရှင် ဟောကြားခဲ့သော တရားစကားများကို လေ့လာကြည့်က သိသာနိုင်ပါသည်။

"အာနန္ဒ၊ ဣဒ္ဓိပါဒ်လေးပါး ပွားများအပ်ပြီးသူသည် အလိုရှိက အာယုကပ် တစ်ကပ်လုံးဖြစ်စေ၊ အာယုကပ်ကို ကျော်လွန်၍ဖြစ်စေ တည်နေနိုင်၏။ ငါဘုရားကား ဣဒ္ဓိပါဒ်လေးပါးကို ပွားများမလပ် ထပ်တလဲလဲ ကြိုးစားပြီးဖြစ်ရာ အလိုရှိပါက အာယုကပ် တစ်ကပ်လုံး သို့မဟုတ် အာယုကပ်ကို ကျော်လွန်လျက် တည်နေနိုင်တော်မူ၏"

ဤစကားတော်အရ နာမ်ဓာတ်၏ ထူးခြားသော စွမ်းရည်သတ္တိကိုသိရသည်။ ဣဒ္ဓိအပေါက် သိဒ္ဓိမြောက်ကြောင်း အကောင်းဆုံး လေ့လာပြီးသော ထူးခြားသော နာမ်ဓာတ်များမှာ သေလောက်သော ရောဂါအန္တရာယ်များကိုပင် တားဆီးကာကွယ်နိုင်ကြောင်းကို ဤဒေသနာက ပြနေပါသည်။

ဘုရားရှင်ကိုယ်တော်တိုင် ထိုသို့ ကာကွယ်ထားသည်ကိုလည်း အထင်အရှား တွေ့ရပါသည်။ မြတ်စွာဘုရားသည် ဝေဠုဝရွာ၌ ဝါကပ်တော်မူခိုက် ပရိနိဗ္ဗာန်စံရလောက်အောင် ပြင်းထန်သော ရောဂါ ဖြစ်ပေါ်လာ၏။ ထိုအခါ ဘုရားရှင်သည် ဤသို့ ဆင်ခြင်တော်မူသည်။

"ငါဘုရားသည် ရဟန်းသံဃာကို မပန်ကြားဘဲ အလုပ်အကျွေး ဒါယကာ ဒါယိကာမတို့ကို မပြောဆို မမိန့်ကြားဘဲ ပရိနိဗ္ဗာန် မစံသင့်သေး။ ငါသည် ဝီရိယဖြင့် ထိုရောဂါကို ပယ်ရှားနှင်ထုတ်လျက် အသက်ကို ပြုပြင်တတ်သော သမာပတ်ကို ဆောက်တည်နေရပါမူကား ကောင်းလေစွ"

ဤသို့ အကြံဖြစ်ပြီး ဖလသမာပါတ်ဖြင့် နေတော်မူသောအခါ ရောဂါမှာ အရှင်းပျောက်သည်။

"အာနန္ဒ၊ လှည်းအိုကြီးသည် ဖာထေးဖွဲ့စပ်မှု အပြုအပြင်များ ဖက်တွဲပေးသဖြင့် တည်နေရသလို ငါဘုရားကိုယ်တော်မှာလည်း ဖာထေးဖွဲ့စပ်မှု အပြုအပြင်များ ဖက်တွဲပေးမှုဖြင့်

မှုတနေရသည်။ အကြင်အခါ၌ ငါဘုရားသည် ရုပ်နိမိတ်စသော နိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် အချို့ဝေဒနာများချုပ်ငြိမ်းခြင်းကြောင့် အနိမိတ္တစေတောသမာဓိ(ဖလသမာပတ်)ကိုပြည့်စုံစေ၍နေ၏။ ထိုအခါ ငါဘုရားကိုယ်တော်မှာ အလွန်ချမ်းသာလှ၏။ ထို့ကြောင့် သင်တို့လည်း မိမိကိုယ်သာမှီခိုရာပြုနေကြ၊ သတိပဋ္ဌာန်လေးပါး ပွားများကြ”

ဤတွင် အသက်ကိုပြုပြင်တတ်သော ဖလသမာပတ်ကိုအာယုသင်္ခါရဟု ဆိုပါသည်။ ထိုအာယုသင်္ခါရဖြင့် သေလောက်သော ရောဂါမှာ ပေါ်မလာတော့ဘဲ ဆယ်လတိုင်တိုင် တည်နေတော်မူနိုင်ခဲ့၏။

ယခုခေတ်ကာလ၀ယ် သမထ ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်ကြသော ပုဂ္ဂိုလ်များ၌ ကာလကြာမြင့်စွာ စွဲကပ်လာ၍ဆေးဝါးအမျိုးမျိုးဖြင့် ကုမရသော ရောဂါများသည် ဘာဝနာ၏အစွမ်းကြောင့် ယှုပစ်သလို ပျောက်ကင်းကြသည်။

(ဘာသာရေးမဂ္ဂဇင်း ဆောင်းပါးများ၌ ဝိပဿနာ အားထုတ်၍ သွေးတိုး နှလုံး နူနာ ယားနာ အဆုပ်ရောဂါ ကိုယ်တွေ့ ပျောက်ကင်းချမ်းသာခံစားရပုံ ရေးသားထားသည်များကိုတွေ့ကြရပါသည်)

ဤသည်မှာ ထူးခြားသော နာမ်ဓာတ်များ၏ အရှိန်အစော် အာနုဘော်သတ္တိများပင် ဖြစ်ပါသည်။

## ပရိတ်အကျိုး ခံစားလိုသော်

ဣဒ္ဓိပါဒ်တွင် ပါဝင်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝိမံသ တို့သည် ဘာဝနာအဆင့်သို့ မရောက်စေကာမူ ထိုတရားများ ထက်သန်သည်နှင့်အမျှ အကျိုးအမျိုးမျိုးကို ပြီးမြောက်စေတတ် ပါသည်။

ဥပမာ–လူတစ်ယောက်၌ ရောဂါတစ်ခုခုဖြစ်နေလျှင်–

– ပျောက်ကင်းစေလိုသောဆန္ဒကလည်း အားကြီးသည်။

– ပျောက်ကင်းရေး၌ စိတ်ကလည်း အလွန်ထက်သန် နေသည်။

–ပျောက်ကင်းဖို့ ဖွဲနဘဲကြီးစွာနှင့် ကြိုးစားသည်။

– သင့် မသင့် ချင့်ချိန်တတ်သော စဉ်းစားဉာဏ်ကလည်း လွန်ကဲနေသည်။

ဤသို့ရှိပါက ထိုရောဂါ မကြာမီ ပျောက်ကင်းတတ် ပါသည်။

ဆန္ဒ စသည် လျော့ပါးဆုတ်ယုတ်နေလျှင် ရောဂါပင် တိုးတက်နိုင်ပေသည်။ ပညာရေး, စီးပွားရေး စသော ကိစ္စ အားလုံး၌ ဤတရားလေးပါးသည် အလွန်အရေးပါလှပါသည်။ ဤပရိတ်တော်၌ပင်–

– ရတနာသုံးပါး၌ ကြည်ညိုအားကိုးခြင်း၊

– ပရိတ်အကျိုးအာနိသင်ကို ယုံကြည်ခြင်းဖြင့် ပရိတ်တော်၌ အလွန်လိုလားခြင်း၊

– လိုလားသည်နှင့်အမျှ ပရိတ်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ စိတ်ထက်သန်ခြင်း၊

– ဝတ်မပျက်အောင် စွဲစွဲမြဲမြဲ ကြိုးစားခြင်း၊

– အနက်အဓိပ္ပာယ်သိမြင်၍ အကျိုးကို မင်တတ်သော ဉာဏ်ရှိခြင်း၊

ဤအင်္ဂါများနှင့် ပြည့်စုံသော သူ၏ ပရိတ်သည် အဘယ်မှာ အကျိုးမပြီးဘဲ ရှိပါအံ့နည်း။

ပရိတ်အကျိုးကို ထူးထူးခြားခြား ခံစားနေရသူများသည် ဤအင်္ဂါနှင့် ညီညွတ်ပြည့်စုံလျက်ရှိသော သူများသာ ဖြစ်ပါသည်။

## ပရိတ်တန်ခိုး မိလိန္ဒအမေး ရှင်နာဂသေနအဖြေ

"အရှင်ဘုရား၊ ကောင်းကင်၌ တည်နေသော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ တည်နေသော်လည်းကောင်း၊ တောင်ခေါင်း ကျောက်ခေါင်း လိုဏ်ဂူ၌နေသော်လည်းကောင်း မည်သည့်အရပ်မှာနေနေ သေမင်းကျော့ကွင်းမှ မလွတ်နိုင်ဟု ဘုရားရှင် ဟောခဲ့ပါ၏။ တစ်ဖန် ရတနသုတ်, မေတ္တသုတ်,

ခန္ဓပရိတ်, မောရပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်, အင်္ဂုလိမာလပရိတ် ဟူသော အရံအတားပရိတ်တို့ကို ဘုရားရှင် တစ်ဖန် ဟောကြားပြန်၏။ မည်သည့်နေရာမှာနေနေ သေမင်း ကျော့ကွင်းမှ မလွတ်သည် ဖြစ်မူ ပရိတ်အရံအတားပြုခြင်းသည် များရာ၏။ ပရိတ် အရံအတားကို ပြုသဖြင့် သေမင်းကျော့ကွင်းမှ အကယ်၍လွတ်မူ အထက်၌ ဆိုခဲ့သော သေမင်းကျော့ကွင်းမှ မလွတ်ရာဟူသော စကားတို့သည် များရာ၏။ အစွန်းနှစ်ဘက် ထွက်သော ပြဿနာကို အရှင်ဘုရား ဖြေရှင်းပေးပါ”

“မင်းမြတ်၊ ဘုရားရှင်သည် သေမင်းကျော့ကွင်း မလွတ်ရာကိုလည်း ဟောပါ၏။ ပရိတ်အရံအတားကိုလည်း ဟောကြားပါ၏။ ပရိတ်အရံအတားသည် နေနိုင်ရန် အသက်ကြွင်းရှိသေးပြီး အရွယ်နှင့်ပြည့်စုံသော အမိသုတ်ခြင်း စသော ပဋ္ဌာနန္တရိယကံ ပိတ်ပင်တားမြစ်ခြင်းမှ လွတ်ကင်းသောသူ၏ အကျိုးငှာ ဖြစ်ပါသည်။ မင်းမြတ်၊ အသက်ကုန်ပြီးသောသူအား တည်နေနိုင်ရန် ပြုနိုင်ခြင်းသည်လည်းကောင်း၊ အစွမ်း လုံ့လသည်လည်းကောင်း မရှိပါ။

“မင်းမြတ်၊ ဥပမာအားဖြင့် သေ၍ခြောက်သွေ့နေသော အဆီသြဇာမရှိတော့သော အသက်မရှိ အသက်ပြန်ရှင်ရန် ပြုလုပ်ရန် မရှိတော့သော အခေါင်းရှိသော သစ်ပင်ကို ရေအိုးတစ်ထောင်ဖြင့် ရေသွန်းလောင်းပက်ဖြန်းသော်လည်း စိုပြည်ခြင်းသည်လည်း

ကောင်း၊ အရွက်အညွှန့်စိမ်းရှင်ခြင်းသည်လည်းကောင်း မဖြစ်တော့ရာ။ မင်းမြတ်၊ ဤအတူသာလျှင် အသက်ကုန်ခါနီးသောသူအား ဆေးကုခြင်း၊ ပရိတ်ရွတ်ခြင်း အမှုဖြင့် အသက်တည်နေနိုင်ရန် ပြုခြင်းသည်းလည်းကောင်း၊ အစွမ်းလုံ့လသည်လည်းကောင်း မရှိပေ။

"မင်းမြတ်၊ မြေပြင်၌ရှိသော ဆေးအမျိုးမျိုးတို့သည်လည်း အသက်ကုန်ခါနီးသူအား ဆေးကိစ္စကို မပြုနိုင်။

"မင်းမြတ်၊ အသက်အကြွင်းရှိသေး၍ အရွယ်နှင့် ပြည့်စုံသော မာတုဃာတကံ စသော ပဉ္စာနန္တရိယကံမှ ပိတ်ပင်တားမြစ်ခြင်းမှ လွတ်ကင်းသောသူကို ပရိတ်အရံအတားသည် စောင့်ရှောက်ပါ၏။ လုံခြုံစေပါ၏။ ထိုသူ၏ အကျိုးငှာ ဘုရားရှင်သည် ပရိတ်အရံအတားကို ထုတ်ဖော်ဟောကြားပါ၏။

"မင်းမြတ်၊ ဥပမာအားဖြင့် လယ်ထွန်ယောကျ်ားသည် စပါးမှည့်ရင့်၍ ကောက်ပင်ခြောက်သွေ့သော် ရေသွင်းခြင်းကို တားမြစ်ရာ၏။ နုသေး၍ မိုးတိမ်ရောင်ရှိသော အရွယ်နှင့်ပြည့်စုံသော ကောက်ပင်သည် ရေ၏အားအစွမ်းဖြင့် ကြီးပွား၏။

"မင်းမြတ်၊ ဤအတူသာလျှင် အသက်ကုန်ပြီးသောသူအား ဆေးကုခြင်း၊ ပရိတ်ရွတ်ခြင်းအမှုကို ပယ်ထားအပ်၏။

"အကြင်သူတို့သည်ကား အသက်အကြွင်းရှိကုန်သေး၏။ အရွယ်နှင့် ပြည့်စုံသေး၏။ ထိုသူတို့၏ အကျိုးငှာ ပရိတ်

ရွတ်ခြင်း၊ ဆေးကုခြင်းတို့ကို ဟောကြားကုန်၏။ ထိုသူတို့သည် ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းတို့ဖြင့် တိုးတက်ကြီးပွားကုန်၏။"

"အရှင်ဘုရား နာဂသေန၊ အသက်ကုန်ခါနီးသောသူသည် အကယ်၍ သေသည်ဖြစ်အံ့။ သက်ကြွင်းရှိသေးသောသူသည် အကယ်၍ ရှင်သည်ဖြစ်အံ့။ ထိုသို့ဖြစ်မူ ပရိတ်ရွတ်ခြင်း၊ ဆေး ကုခြင်းတို့သည် အကျိုးမဲ့ဖြစ်ပါကုန်၏"

"မင်းမြတ်၊ ဆေးတန်ခိုးကြောင့် ဆုတ်ယုတ်လျော့ကျသော အနာရောဂါ တစ်စုံတစ်ရာကို မြင်ဖူးပါသလော"

"အရှင်ဘုရား၊ အရာမက များစွာ မြင်ဖူးပါ၏"

"မင်းမြတ်၊ ထိုသို့ဖြစ်မူ ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းဖြင့် အကျိုးမရှိဟူသော စကားသည် အမှားဖြစ်၏"

"အရှင်ဘုရား နာဂသေန၊ ဆေးဆရာ၏ ဆေးသောက်၊ ဆေးလိမ်းခြင်း၊ လုံ့လပယောဂကြောင့် ရောဂါသည် ဆုတ်ယုတ်ပါ၏"

"မင်းမြတ်၊ ပရိတ်တို့ကို ရွတ်ဆိုသည်ရှိသော် ပရိတ်ရွတ်သံကို ကြားရ၏။ လျှာခြောက်၏၊ စိတ်နှလုံးတွန့်လည်၏၊ လည်ချောင်းနာကျင်၏၊ ထိုပရိတ်တို့ကို ရွတ်ဆိုသံကြောင့် အလုံးစုံသော ရောဂါတို့သည် ငြိမ်းကုန်၏၊ အလုံးစုံသော ဘေးရန်တို့သည် ဖဲရှောင်ကုန်၏။

"မင်းမြတ်၊ မြွေကိုက်ခံရသောသူကို မန္တန်မှုတ်သဖြင့်

အဆိပ်ကို ချအပ်သည်ဖြစ်၍ ပျို့အံဝမ်းလျှောကျသူ တစ်စုံ တစ်ယောက်ကို မြင်ဖူးပါသလော”

“အရှင်ဘုရား၊ မြင်ဖူးပါ၏။ လောက၌ ယခုတိုင်ပင် ထိုအဆိပ်ချခြင်းကို ပြုနေပါသေး၏”

“မင်းမြတ်၊ ထိုသို့ဖြစ်မူ ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းကို ပြုသဖြင့် အကျိုးမရှိဟူသော ထိုစကားသည် အမှားဖြစ်၏။

“မင်းမြတ်၊ ပရိတ်အရံအတား ပြုထားသော ယောကျ်ား ကို ကိုက်လိုသောမြွေသည် မကိုက်ဝံ့၊ ဟင်းလင်းပွင့်သော မြွေခံတွင်းသည် ပိတ်၏။

– ခိုးသူတို့ ရိုက်ပုတ်ရန် မြှောက်ချီထားသော တင်းပုတ် သည် မရိုက်နိုင်၊ တင်းပုတ်ကိုင်ထားသူတို့သည် တင်းပုတ်ကို လွှတ်ချပြီး ချစ်ခင်မှုပြုကြကုန်၏။

– အမျက်ထွက်သော ဆင်ပြောင်ကြီးသည်လည်း ထိုး အံ့သောငှာ လာသော်လည်း ဖဲရှောင်လေ၏။

– အလျှံတပြောင်ပြောင်တောက်လောင်လာသော မီးပုံ ကြီးသည်လည်း အနီးသို့ ရောက်လာ၍ ငြိမ်းရ၏။

– စားအပ်သော လတ်တလော သေစေတတ်သော အဆိပ်အတောက်သည်လည်း ဆေးဖြစ်၍ အာဟာရအကျိုးငှာ ပြန့်နှံ့၏။

– သူသတ်တို့သည် သတ်လို၍ လာကုန်သော်လည်း

အနားရောက်သော် ကျွန်အဖြစ်သို့ ဝင်ရောက်ကုန်၏။

– နင်းမိသော ကျော့ကွင်းသည် မဖွဲ့မိ။

– ပရိတ်အရံအတားကိုပြုသော ဥဒေါင်းမင်းအား မုဆိုးသည် အနှစ်ခုနစ်ရာတို့ပတ်လုံး ကျော့ကွင်းကို ထောင်ခြင်းငှာ မစွမ်းနိုင်၊ ပရိတ်အရံအတားကို မပြုမိသောအခါ ဥဒေါင်းမင်းအား ထိုနေ့၌ပင် ကျော့ကွင်းဖြင့် ဖမ်းဆီးခြင်း ခံရ၏။

"ဤစကားများကို သင်မင်းမြတ် ကြားဖူးပါသလော"

"အရှင်ဘုရား ကြားဖူးပါ၏။ တစ်လောကလုံးဝယ် ပြန့်နှံ့ပါ၏"

"မင်းမြတ်၊ ထိုသို့ဖြစ်မူ ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းကို ပြုခြင်းသည် အကျိုးမရှိဟူသော စကားသည် အမှားဖြစ်၏။

"မင်းမြတ်၊ ဒါနဝ ဘီလူးသည် မယားကို စောင့်ရှောက်လိုသည်ဖြစ်၍ ကြုတ်၌ထည့်သွင်းပြီးလျှင် မျိုလျက် ဝမ်းပိုက်ဖြင့်ဆောင်ယူ၏။ ထိုအခါ ဝိဇ္ဇာဓိုရ်တစ်ယောက်သည် ဒါနဝဘီလူး၏ ခံတွင်း၌ဝင်၍ ထိုမိန်းမနှင့်အတူ ပျော်ပါး၏။ ဒါနဝဘီလူး သိသောအခါ ကြုတ်ကို အန်ထုတ်၍ ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ဝိဇ္ဇာဓိုရ်သည် အလိုရှိရာ ဖဲသွားလေသည် ဟူသော စကားကို သင်မင်းမြတ် ကြားဖူးပါသလော"

"အရှင်ဘုရား၊ ကြားဖူးပါ၏။ ထိုစကားသည် နတ်နှင့်တကွ တစ်လောကလုံး ပြန့်နှံ့ပါ၏"

"မင်းမြတ်၊ ထိုဝိဇ္ဇာမိုရ်သည် ပရိတ်မန္တန်၏ အစွမ်းအဟုန်ကြောင့် ဖမ်းယူခြင်းမှ လွတ်သည် မဟုတ်ပါလော"

"အရှင်ဘုရား၊ ဟုတ်ပါ၏"

"မင်းမြတ်၊ ထိုသို့ဆိုက ပရိတ်မန္တန်၏ အစွမ်းသည် ရှိပါ၏။

"မင်းမြတ်၊ အခြား ဝိဇ္ဇာမိုရ်တစ်ယောက်သည် ဗာရာဏသီမင်း၏ နန်းတော်တွင်း၌ မိဖုရားနှင့်တကွ ပြစ်မှား၍ အဖမ်းခံရခြင်းသို့ ရောက်လျှင် တစ်ခဏခြင်းဖြင့် မန္တန်၏စွမ်းအားကြောင့် ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏ဟူသော စကားကို သင်ကြားဖူးသလော"

"အရှင်ဘုရား၊ ကြားဖူးပါ၏"

"မင်းမြတ်၊ ထိုဝိဇ္ဇာမိုရ်သည် မန္တန်၏စွမ်းအားကြောင့် ဖမ်းယူခံရခြင်းမှ လွတ်သည် မဟုတ်ပါလော"

"အရှင်ဘုရား၊ ဟုတ်ပါ၏"

"မင်းမြတ်၊ ထိုသို့ဖြစ်မူ ပရိတ်အရံအတား၏စွမ်းအားသည် ရှိပါ၏"

"အရှင်ဘုရား နာဂသေန၊ အလုံးစုံသော သူတို့ကိုပင်လျှင် ပရိတ်အရံအတားသည် စောင့်ပါသလော"

"မင်းမြတ်၊ အချို့သောသူတို့အား စောင့်၏၊ အချို့သော သူတို့အား မစောင့်ပါ"

"အရှင်ဘုရား၊ ထိုသို့ အချို့ကို စောင့်၍ အချို့ကို မစောင့်မှု ပရိတ်အရံအတားသည် အလုံးစုံသော အကျိုးကို မပြီးစေနိုင်ပါ ဘုရား"

"မင်းမြတ်၊ အစာသည် အလုံးစုံသောသူတို့၏ အသက်ကို စောင့်ရှောက်ပါသလော"

"အရှင်ဘုရား၊ အချို့သောသူတို့အား စောင့်ရှောက်၏၊ အချို့သောသူတို့အား မစောင့်ရှောက်ပါ ဘုရား"

"အဘယ်အကြောင်းကြောင့်နည်း"

"အရှင်ဘုရား၊ အချို့သောသူတို့သည် ထိုအစာကိုပင် လျှင် အလွန်အမင်းစားသည်ဖြစ်၍ ဝမ်းလျှောသဖြင့် သေရပါသည်"

"မင်းမြတ်၊ ထိုသို့ဖြစ်မှု အစာသည် အလုံးစုံသောသူတို့၏ အသက်ကို မစောင့်"

"အရှင်ဘုရား၊ အလွန်အမင်းစားသဖြင့်လည်းကောင်း၊ ဝမ်းမီးအားနည်းသဖြင့်လည်းကောင်း ဤအကြောင်းနှစ်ပါးတို့ဖြင့် အစာသည် အသက်ကို သတ်ဖြတ်နိုင်ပါ၏။ အရှင်ဘုရား၊ အစာသည် အသက်ကို ပေးနိုင်လင့်ကစား မကောင်းသဖြင့် မှီဝဲခြင်းကြောင့် အသက်ကို ဆောင်ယူသတ်ဖြတ်ပါ၏"

"မင်းမြတ်၊ ဤအတူသာလျှင် ပရိတ်အရံအတားသည် အချို့သောသူတို့ကို စောင့်ရှောက်၏၊ အချို့သောသူတို့ကို

မစောင့်ရှောက်ပါ။

"မင်းမြတ်၊ ပဉ္စာနန္တရိယကံက တားမြစ်သဖြင့်လည်းကောင်း၊ နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသာက တားမြစ်သဖြင့်လည်းကောင်း၊ ကာကွယ်လိမ့်မည်ဟု မယုံကြည်သဖြင့်လည်းကောင်း ဤအကြောင်းသုံးပါးတို့ဖြင့် ပရိတ်အရံအတားသည် မစောင့်ရှောက်ပါ။

"မင်းမြတ်၊ ပရိတ်အရံအတားသည် သတ္တဝါတို့ကို အစဉ်စောင့်ရှောက်လင့်ကစား မိမိပြုသော အမှုဖြင့် အစောင့်အရှောက်ကိုစွန့်၏။ ဥပမာအားဖြင့် အမိသည် ဝမ်းတွင်း၌တည်သောသားကို မွေးမြူ၏။ အစီးအပွားကိုကောင်းစွာ ကျင့်ခြင်းဖြင့် မွေးဖွား၏။ မွေးဖွားပြီး၌ မစင်အညစ်အကြေးနှပ်ကိုပယ်ရှင်းလျက် မွန်မြတ်ကောင်းမွန်သော နံ့သာကို လိမ်းကျံ၏၊ ထိုသားငယ်သည် တစ်ပါးသောအခါ၌ အခြားသူတို့၏ သားတို့ကို မိမိအား ဆဲရေးသောကြောင့်လည်းကောင်း၊ ပုတ်ခတ်သောကြောင့်လည်းကောင်း ပြန်လှန်ပုတ်ခတ်၏။ ထိုပုတ်ခတ်ခံရသောသူတစ်ပါး သားတို့သည် ထိုပုတ်ခတ်သောသူငယ်အား အမျက်ထွက်ကုန်ကြ၍ ပရိသတ်အလယ်၌ ဆွဲငင်ကြကုန်လျက် သူငယ်ကိုဖမ်းယူ၍ အစိုးရသူထံ အပ်နှင်းကြကုန်၏။

"ယင်းသို့ အပ်နှင်းသော ထိုအမိ၏သားသည် အပြစ်ရှိသူမင်း၏စည်းကမ်းဥပဒေကို ကျူးလွန်သူ အကယ်၍ ဖြစ်ခဲ့အံ့။

ထိုသို့ဖြစ်ခဲ့သော် ထိုသားကို အစိုးရသူ အရှင်၏ မင်းချင်းတို့က ဆွဲငင်ကုန်လျက် တုတ်၊ ဆောက်ပုတ်၊ ဒူး၊ လက်သီးတို့ဖြင့် ရိုက်နှက်ကုန်၏။ ပုတ်ခတ်ကုန်၏။

"မင်းမြတ်၊ ထိုသူငယ်၏ မိခင်သည် ဆွဲဆောင်ထုတ်ယူခြင်းငှာလည်းကောင်း၊ သိမ်းပိုက်နှုတ်ယူခြင်းငှာလည်းကောင်း၊ အစိုးရသော အရှင်၏ အနီးသို့ကပ်၍ ရောက်ခြင်းကို ပြုခြင်းငှာလည်းကောင်း ရနိုင်အံ့လော"

"အရှင်ဘုရား၊ မရနိုင်ပါ"

"မင်းမြတ်၊ အဘယ်အကြောင်းကြောင့်ပါလဲ"

"အရှင်ဘုရား၊ မိမိ၏ အပြစ်ကြောင့် မရနိုင်ပါ"

"မင်းမြတ်၊ ဤအတူသာလျှင် ပရိတ်အရံအတားသည် သတ္တဝါတို့အား စောင့်ရှောက်လင့်ကစား မိမိ၏အပြစ်ကြောင့် အကျိုးမပေးဘဲ မြဲသည်ကို ပြုပါ၏"

"အရှင်ဘုရား၊ နာဂသေန ကောင်းပါ၏၊ ပြဿနာကို ကောင်းစွာ ဆုံးဖြတ်ပေးအပ်ပါ၏။ အရှုပ်အထွေးကို မရှုပ်ထွေးအောင် ပြုအပ်ပါ၏။ အမိုက်တိုက်ကို လင်းအောင်ပြုပါ၏။ ဆရာဖြစ်သော အရှင်ဘုရားကို ဆည်းကပ်ရသဖြင့် မိစ္ဆာဒိဋ္ဌိကွန်ရက်ကို ဖြေရှင်းနိုင်ပါ၏"

မဏ္ဍပါသမုတ္တိပဉှာ

## ပိဋကတ်တော်လာ ပရိတ်ကျမ်းညွှန်းများ

ပရိတ်တော်များသည် ဘုရားဟော ပါဠိတော်များကို မှီငြမ်းပြီး စီစဉ်ထားသည်ကို တွေ့ရပါသည်။ ပရိတ်တို့၏ ပိဋကတ်ကျမ်းညွှန်းများကို လေ့လာလျှင် အောက်ပါအတိုင်း တွေ့ရပါသည်။

၁။ မင်္ဂလသုတ် - ခုဒ္ဒက ပါဠိတော်(စာ-၃)
သုတ္တနိပါတ ပါဠိတော်(စာ-၃၁၈)
၂။ ရတနသုတ် - ခုဒ္ဒက ပါဠိတော်(စာ-၄)
သုတ္တနိပါတ ပါဠိတော်(စာ-၃၁၂)
၃။ မေတ္တသုတ် - ခုဒ္ဒက ပါဠိတော်(စာ-၁၀)
သုတ္တနိပါတ ပါဠိတော်(စာ-၃၀၀)
၄။ ခန္ဓသုတ် - ဝိနည်းစူဠဝါ ပါဠိတော်(စာ-၂၄၅)
အင်္ဂုတ္တိုရ် ပါဠိတော်၊ ပထမတွဲ(စာ-၃၈၄)
ဇာတက ပါဠိတော်၊ ပထမတွဲ(စာ-၁၅၃)
၅။ မောရသုတ် - ဇာတက ပါဠိတော်၊ ပထမတွဲ(စာ-၃၈)
၆။ ဝဋ္ဋသုတ် - စရိယပိဋက ပါဠိတော်(စာ-၄၅)
ဇာတက ပါဠိတော်၊ ပထမတွဲ(စာ-၉)
၇။ ဓဇဂ္ဂသုတ် - သံယုတ် ပါဠိတော်၊ ပထမတွဲ(စာ-၂၂၀)
၈။ အာဋာနာဋိယသုတ် - ဝိပဿိဿ နမတ္ထု(ဂါထာ-၁၀၄)မှ
ဟိတံဒေဝ မနုဿာနံ(ဂါထာ-၁၀၉) ထိ

သည်သုတ်ပါထေယျပါဠိတော်(စာ-၁၅၉)
နောက်ဆုံးအဘိဝါဒနသီလိဿဂါထာ
သည် ဓမ္မပဒဂါထာဖြစ်သည်။ ဤဂါထာ
များသည် ရှေးဆရာကြီးများ စီကုံးရေး
သားထားသည်။

၉။ အင်္ဂုလိမာလသုတ် - မဇ္ဈိမပဏ္ဏာသ ပါဠိတော်(စာ-၃၀၆)

၁၀။ ဗောဇ္ဈင်္ဂသုတ် -သံယုတ်ပါဠိတော်၊တတိယတွဲ(စာ-၇၁၃)
(ပထမဂိလာနသုတ်၊ ဒုတိယဂိလာနသုတ်၊
တတိယဂိလာနသုတ်များကို မှီငြမ်းပြု၍
ရှေးဆရာကြီးများက စီကုံး ရေးသား
ထားသည်)

၁၁။ ပုဗ္ဗဏှသုတ် - ယံကိဉ္စိဝိတ္တံဂါထာသည် ရတနသုတ်လာ
ဂါထာဖြစ်သည်၊ သုနက္ခတ္တံ စသော(၁၆၂၊
၁၆၃၊ ၁၆၄) ဂါထာများသည် အင်္ဂုတ္တိုရ်
ပါဠိတော် ပထမတွဲ(စာ-၂၉၉)အကြွင်း
များ ရှေးပညာရှိရေးသားစီကုံးထားသော
ဂါထာများ ဖြစ်သည်။

## ပရိတ်ချည် ပရိတ်သဲနှင့် ပရိတ်ရေ ပရိတ်ပန်း

ပရိတ်ချည် ပရိတ်သဲ စသည်သုံးစွဲမှုသည် ဗုဒ္ဓဘုရားရှင် အလောင်းတော်ဘဝကပင် ရှိခဲ့ကြောင်း တေလပတ္တဇာတ်၊ တိရကဇာတ်တော်တို့၌ တွေ့ရသည်။

ထိုဇာတ်တော်များ၌ ဘုရားအလောင်းမင်းသားအား ပစ္စေကဗုဒ္ဓါအရှင်မြတ်များက ပရိတ်ချည် ပရိတ်သဲများ ချီးမြှင့်ကြောင်း ပါရှိပြီး မင်းသားသည် ထိုပရိတ်ချည် ပရိတ်သဲတို့ကြောင့် ဘီလူးမတို့၏ အန္တရာယ်မှ ကင်းဝေးပြီး နောက်ဆုံးတွင် မင်းစည်းစိမ်ကို ခံစားရကြောင်း ပါရှိသည်။ ဤဇာတ်တော်လာ အထောက်အထားကိုယူ၍ ဗုဒ္ဓဘာသာဝင်တို့သည် ပရိတ်ချည် ပရိတ်သဲတို့ကို ယနေ့တိုင် သုံးစွဲနေကြခြင်း ဖြစ်သည်။

## ပရိတ်ချည် ပရိတ်သဲ လက်တွေ့အသုံးပြုနည်း

ပရိတ်ချည် ပရိတ်သဲ အသုံးပြုနည်းကို ပါရာဇိကဏ် အဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာတို့၌ ဖော်ပြထားသည်ကို တွေ့ရသည်။

ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်သည် ပရိတ်ရွတ်ဖတ်ရင်း ပရိတ်ချည်ကို ပရိတ်ရေထဲသို့ နှစ်ရမည်။

ပရိတ်ချည်ကို ရေထဲ၌ ဆုပ်နယ်ခြင်း ပြုနေရမည်။

မြတ်စွာဘုရားရှင်၏ အာဏာစက် ခမ္မစက်တော်သည် ဤရေနှင့် ဤချည်တွင် တည်ပြီး သက်ဝင်ပြီးဆိုသော သဘောမျိုး ဖြစ်အောင် လုပ်ပေးရခြင်း ဖြစ်သည်။

ဤဆောင်ရွက်မှုမှာ ပရိတ်ရွတ်ဖတ်ပေးသော ပုဂ္ဂိုလ်က ပြုလုပ်ပေးရသည့် ကိစ္စဖြစ်သည်။ အလေးအနက်ထားသင့်သော ကိစ္စလည်း ဖြစ်သည်။

ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို သင့်လျော်သလို သုံးနိုင်သည်။ ပရိတ်ချည်ကို လက်ဖွဲ့ပြုလုပ်ကာ ကိုယ်၌ ဆောင်ထားနိုင်သည်။

**ဘေးမဲ့ဆရာတော်၏ ပရိတ်အညွှန်းနှင့် အကျိုးပြလင်္ကာ**

ဘုရားမြတ်စွာ၊ မိန့်မှာဗျာဒိတ်
ရွှေတံဆိပ်ဟု
ပရိတ်တော်ကြီး၊ ဘေးဆီးရန်တား
အကျိုးများကို
ခွဲခြားသိသာ၊ ဖော်ပြပါအံ့။

(၁) မဟာမင်္ဂလ၊ ပရိတ္တကား
သုခများစွာ၊ မင်္ဂလာပွားတက်
ဘုန်းကျက်သရေ၊ ပြည့်ဖြိုးဝေ၏။

(၂) သုံးထွေသောကပ်၊ သက်ဖြတ်ဒုဗ္ဘိက်
နံနိပ်ဖျက်ဆီး၊ မှုကြီးရောက်က
ရတနပရိတ်၊ ရန်ညွန့်နိပ်ကို
စိတ်သစ္စာပြု
ရွတ်မှုမှန်စွာ၊ လွတ်ချမ်းသာ၏။
(၃) ဗျာပါသောက၊ စိတ်ဒုက္ခနှင့်
နေ့ညမကင်း
အိပ်လျှင်းမပျော်၊ သူတို့သော်လည်း
အော်အော်ညှဉ်းဆဲ၊ မေတ္တာမဲ့က
ရွတ်မြဲရိုးထုတ်၊ မေတ္တသုတ်တည့်။
(၄) ကြမ်းကြုတ် သစ်, ကျား၊ မြွေ, ဖား, ကင်း, သန်း
စုံးဖမ်းနတ်တိုက်၊ စားလိုက်သူပြု
အမှုရှိခါ
ရွတ်ပါခန္ဓ၊ ပရိတ္တတည်း။
(၅) ဘယနှောင်သွင်း၊ ခြေကျဉ်းကြိုးတပ်
ထိပ်ခတ်ဗန္ဓ၊ ရှိကာလမှု
မောရပရိတ်၊ မအိပ်မနေ
ရိုသေနေ့ည၊ ကြိုးလုံ့လလော့။
(၆) တောဇအဂ္ဂိ၊ မီးဘေးရှိက
ဝဋ္ဋသုတ်ပင်၊ ရွတ်လေချင်လော့။

(၇) မှုအင်ဘေးကြီး၊ ရောက်တုံပြီးသော်
ကြက်သီးမွေးညှင်း၊ ပူပြင်းထန်စွာ
ရှိသောခါလျှင်
မဟာဓဇဂ္ဂ၊ သုတ်မြတ်လှကို
မှန်လှစေ့စေ့၊ ရွတ်အောက်မေ့က
ပျောက်ပျက်ရ၏။
(၈) ကိုယ်မှရောဂါ၊ ဖျားနာတစ်ဆူ
ဘီလူးသဘက်၊ နှိပ်စက်သောခါ
အာဋာနာဋိယ၊ ပရိတ္တကို
နေ့ ည ရွတ်ပါ
ကျန်းမာပကတိ၊ ဇကန်ရှိ၏။
(၉) မချိပြင်းပြ၊ ဣတ္ထိယတို့
ဂဗ္ဘကိုယ်ဝန်၊ သားမွန်မဖွား
ခက်ခဲငြားမူ
စကားသစ္စာ၊ မှန်စွာကြီးဘိ
အင်္ဂုလိဟု၊ မည်ရှိပရိတ္တာ
ရေသာမန်းတိုက်
ကိုယ်၌ အန္တရာယ်၊ သားဖွားလွယ်၏။
(၁၀)လူငယ်, လူကြီး၊ ဖျက်ဆီးအများ
နာဖျားတာရှည်၊ မကြည်စိတ်စက်

မသက်မသာ၊ ရှိသောခါလျှင်
မဟာဗောဇ္ဈင်၊ ပရိတ်ပင်တည်း။
(၁၁)အိပ်လျှင် နိမိတ်၊ အတိတ်, အနာဂတ်
မြင်လတ်သောခါ၊ သညာပေးထ
ပုဗ္ဗဏှကို၊ နေ့ ည ရွတ်လေ
ပျောက်ပေအန္တရာယ်၊ ရှင်းရှင်းပယ်သည်
မှတ်ဖွယ်ကျမ်းလာ အပြီးတည်း။

**ရဟန်းတို့အားအပ်သော ပရိတ်ရွတ်လျှောက်ထားနည်း**

အိမ်တစ်အိမ်တွင် လူမမာတစ်ယောက် ရှိနေ၍ ပရိတ် ရွတ်ဖတ်ရန် သို့မဟုတ် ပရိတ်အရံအတား ပြုလုပ်ပေးရန် လိုအပ်ပါက ရဟန်းသံဃာတော်များကို အောက်ပါအတိုင်း လျှောက်ထား၍ ပင့်ဖိတ်ရပါမည်။

"ဘယ်အိမ်မှာ ဘယ်သူ မကျန်းမမာဖြစ်နေပါသည် ဘုရား။ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ ဘယ်သူ့အိမ်သို့ ကြွရောက်ပြီး ပရိတ်တရားတော်များ ချီးမြှင့်ပေးတော်မူပါဘုရား"

အောက်ပါအတိုင်း ပင့်ဖိတ်မလျှောက်ကောင်းပါ။

"ဘယ်အိမ်မှာ ဘယ်သူဟာ မကျန်းမမာ ဖြစ်နေပါသည် ဘုရား။ သူ့အတွက် အရံအတား အကာအကွယ် ပြုပေးတော်မူပါ ဘုရား"

ဤကဲ့သို့ လျှောက်ထားမှုသည် ရဟန်းသံဃာတော်များ အတွက် ဆေးကုသပေးသည့် သဘော လူတို့၏ အလုပ်ကို လုပ်ပေးသည့်သဘော သက်ရောက်သွား၍ ကုလဒူသက သိက္ခာပုဒ်အရ အပြစ်ရှိသောကြောင့် ပရိတ်ရွတ်ပေးခြင်း မပြုကောင်းပါ။

## ပရိတ်နှင့် အချိန်အခါ

၁။ မင်္ဂလသုတ် – အလှူမင်္ဂလာ, အိမ်တက်မင်္ဂလာ စသည် မင်္ဂလာနှင့် စပ်သောအခါ၌ မင်္ဂလသုတ်ကို ရွတ်ရသည်။

၂။ ရတနသုတ် – မြို့ရွာ၌ ရောဂန္တရကပ်၊ သတ္ထန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်တို့ ဆိုက်ရောက်သည့်အခါ၌ လည်းကောင်း၊ အိမ်၌ စီးပွားဥစ္စာရတနာ တိုးတက်စေရာ၌လည်းကောင်း ရတနသုတ်ကို ရွတ်ဖတ်ရသည်။

၃။ မေတ္တသုတ် – အရပ်သူ/သား၊ မြို့သူ/သား အချင်းချင်း မညီမညွတ် ဖြစ်သည့်အခါ နတ်တို့ ခြောက်လှန့်သည့်အခါ သူတစ်ပါး ရန်ညိုးထားသည့် အခါ မေတ္တသုတ်ကို ရွတ်ဖတ်ရသည်။

၄။ ခန္ဓသုတ် – မြွေ, ကင်း, သန်း စသော ဘေးအန္တရာယ်

များ ရှိသည့်အခါမှာ ခန္ဓသုတ်ကို ရွတ်ဖတ်ရသည်။

၅။ မောရသုတ် - အနှောင်အဖွဲ့ခံရသောအခါ အဖမ်းအဆီးခံရသည့်အခါ မောရသုတ်ကို ရွတ်ဖတ်ရသည်။

၆။ ဝဋ္ဋသုတ် - မီးဘေးအန္တရာယ်ရှိသောအခါ ဝဋ္ဋသုတ်ကို ရွတ်ဖတ်ရသည်။

၇။ ဓဇဂ္ဂသုတ် - စစ်ဖြစ်သည့်အခါ ကြောက်လန့်ဖွယ်ရာအန္တရာယ်များ ဖြစ်ပေါ်သောအခါ ဓဇဂ္ဂသုတ်ကို ရွတ်ရသည်။

၈။ အာဋာနာဋိယသုတ် - ဘီလူး၊ သရဲ၊ သဘက်တို့ ပူးကပ်ဝင်ရောက်နှောက်ယှက်သည့်အခါ၌ အာဋာနာဋိယသုတ်ကို ရွတ်ဖတ်ရသည်။

၉။ အင်္ဂုလိမာလသုတ် - အမျိုးသမီးများ မီးမဖွားနိုင်သောအခါ အင်္ဂုလိမာလသုတ်ကို ရွတ်ဖတ်ရသည်။

၁၀။ ဗောဇ္ဈင်သုတ် - နာမကျန်းဖြစ်သည့်အခါ၌ ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ရသည်။

၁၁။ ပုဗ္ဗဏှသုတ် - ဂြိုဟ်စီး၊ ဂြိုဟ်နင်း မကောင်းသည့်အခါ ကံဇာတာညံ့သည့်အခါ နိမိတ်မကောင်းသည့်အခါ၌ ပုဗ္ဗဏှသုတ်ကို ရွတ်ဖတ်ရသည်။

## ပရိတ်ရွတ်ရန်နှင့် အစီအစဉ်များ

ပရိတ်တော်များကို နေ့အလိုက် ရွတ်ဖတ်ရာတွင် ရှေးရှေးဆရာတော်ကြီးများက စီစဉ်ထားခဲ့သည်မှာ–

တနင်္ဂနွေနေ့ – နတ်ပင့်နှင့် မင်္ဂလသုတ်
တနင်္လာနေ့ – ရတနသုတ်
အင်္ဂါနေ့ – မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
ဗုဒ္ဓဟူးနေ့ – ဓဇဂ္ဂသုတ်
ကြာသပတေးနေ့ – အာဋာနာဋိယသုတ်
သောကြာနေ့ – ဗောဇ္ဈင်္ဂသုတ်၊ အင်္ဂုလိမာလသုတ်
စနေနေ့ – ပုဗ္ဗဏှသုတ်

ဟူ၍ စီစဉ်ထားသည်ကို တွေ့ရပါသည်။ နေ့စဉ်ဝတ်မပျက် ပရိတ်ရွတ်လိုသော ပုဂ္ဂိုလ်များသည် ပရိတ်တော်များကို အချိန်လည်းမကုန်၊ လူလည်းမပန်း၊ အကျိုးစွမ်းလည်း ခံစားနိုင်ရန် အထက်ပါနေ့ အစီအစဉ်အတိုင်း ရွတ်ဆိုပွားများကြရန် ဖြစ်ပါသည်။

## ပရိတ်ပါဠိရွတ်ရာ၌ သတိပြုဖွယ်

- ပါဠိတော်များကို ရွတ်ဖတ်ကြရာ၌ (ရ)ကောက်ကို ရွတ်ဆိုရာတွင် လျှာလိပ်သံဖြင့် ရွတ်ရမည်။ အင်္ဂလိပ် (R) အက္ခရာ အသံထွက်ကဲ့သို့ ဖြစ်သည်။
- ပါဠိ၌ ဝစ္စပေါက်, အောက်ကမြစ် သံမျိုး မထွက်ရပါ။ ဥပမာ–ဇဝံ ကို အေးဝံ၊ ဂစ္ဆန္တု ကို ဂစ်ဆန်းတု၊ ဇတံ ကို အေးတံ ဟူ၍ အသံထွက် ရွတ်ဆိုခြင်း မပြုရပါ။

# အခန်း (၂)

# ပရိတ်ပါဠိတော်များနှင့် သမိုင်းစဉ်များ

## ပရိတ္တပါဠိ

## (ဆဋ္ဌသံဂါယနာမူ)

### (၁) နတ်များ ပင့်ဖိတ်ရန်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။ (၃-ခေါက်ဆို)

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃-ခေါက်ဆို)

၄။ ယေ သန္တာ သန္တစိတ္တာ၊ တိသရဏသရဏာ ဧတ္ထ လောကန္တရေ ဝါ။

ဘုမ္မာ ဘုမ္မာ စ ဒေဝါ၊ ဂုဏာ ဂဏာ ဂဟာဏာ ဗျာဝဠာ သဗ္ဗကာလံ။

ဇတော အာယန္တု ဒေဝါ၊ ဝရ ကနကမယေ မေရုရာဇေ ဝသန္တော။

သန္တော သန္တောသဟေတုံ၊ မုနိဝရဝစနံ သောတုမဂ္ဂံ သမဂ္ဂါ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီသဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ

အသန္တိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍာ ဟတ္ထိ အဿ မိဂ ဂေါဏာ ကုက္ကုရ၊
အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ
ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

## နတ်ပင့်(မြန်မာ)

### ပရိတ်ရွတ်သူများ မရွတ်မီ ပြုကျင့်ရမည့် ဝတ္တရားများ နတ်ဗြဟ္မာအားလုံးဖိတ်ကြားခြင်း

၁။ ဤစကြဝဠာရှိ ပတ်ဝန်းကျင် စကြဝဠာတစ်သောင်းရှိ နတ်ဗြဟ္မာတို့သည် ပရိတ်တရားဟောကြားရာ ဤဌာနသို့ လာရောက်ကြကုန်လော့၊ မြတ်စွာဘုရားရှင်၏ နတ်ရွာနိဗ္ဗာန် အကျိုးတို့ကို ပေးတတ်သော ပရိတ်တရားတော်ကို နာယူ လှည့်ကြကုန်လော့။

### အာရုံစိုက်နာယူရန် သတိပေးခြင်း

၂။ အို နတ်များတို့--ယခုအချိန်အခါသည်ကား တရားနာဖို့ ရာ အချိန်အခါ ဖြစ်ပေသည်။

## ဘုရားအား ရှိခိုးခြင်း

၃။ ဗြဟ္မာနတ်လူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်၍ ဆရာမရှိ တရားအလုံးစုံကို အမှန်အတိုင်း သိတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားအား ရှိခိုးကန်တော့ပါ၏။

## ရတနာသုံးပါးကပ်သော
## နတ်များ နှင့် သိကြားမင်းကို သီးသန့်ဖိတ်ကြားခြင်း

၄။ သူတော်ကောင်းဖြစ်၍ ငြိမ်သက်သော စိတ်နှလုံး ရှိကြသော၊ ရတနာသုံးပါးကို ကိုးကွယ်သူ ဂုဏ်အပေါင်းကို ရယူရေး၌ အားစိုက်ကြိုးပမ်းသူဖြစ်ကြသော၊ ဤစကြဝဠာနှင့် စကြဝဠာတစ်ပါးရှိ မြေ၌တည်သော နတ်၊ ကောင်းကင်၌တည်သော နတ်၊ ဗြဟ္မာတို့သည်လည်းကောင်း၊ ကောင်းမြတ်သော ရွှေစင် အတိပြီးသော မြင့်မိုရ်တောင်ထိပ်၌ နေသော သိကြားမင်းသည် လည်းကောင်း၊ နှစ်သက်ဝမ်းမြောက်ရခြင်း၏ အကြောင်း ကောင်းမြတ်သော ဘုရားရှင်၏ တရားတော်ကို နာယူဖို့ရာ အညီအညွတ် လာရောက်ကြကုန်ပါလော့။

(ရင်းနှီးသူများကို သီးသန့် ဖိတ်သကဲ့သို့ သီးသန့် အထူးဖိတ်သည်)

## နတ်ဗြဟ္မာတို့အား အမျှပေး၍ စောင့်ရှောက်ရန် တာဝန်ပေးခြင်း

၅။ စကြာဝဠာတစ်သောင်းလုံးရှိ ဘီလူး၊ နတ်၊ ဗြဟ္မာ ဟူ သမျှတို့သည် ကျွန်ုပ်တို့ပြုသည့် အလုံးစုံသော စည်းစိမ် ချမ်းသာကို ပြီးမြောက်စေတတ်သော ကောင်းမှုကို ပြုခဲ့ ပါပြီ။

၆။ ထိုကောင်းမှုကို ဝမ်းမြောက်ကြကုန်လျက် ညီညာဖြဖြ ဘုရားအဆုံးအမတော်၌ နှစ်ခြိုက်မွေ့လျော်တော်မူကြပါ ကုန်လော့၊ အထူးသဖြင့် လူသားတို့ အပေါ်ဝယ် ကာကွယ် စောင့်ရှောက်ရေး၌ မမေ့မလျော့ကြပါလေနှင့်။

## ပရိတ်ရွတ်သူ၏ ဆန္ဒမွန်

၇။ သာသနာတော်သည်လည်းကောင်း၊ သတ္တဝါအပေါင်း သည် လည်းကောင်း၊ အမြဲတိုးတက်ကြီးပွားပါစေ။ သာသနာနှင့် လောကကို နတ်များ အစဉ်စောင့်ရှောက်ကြပါစေ။

## သတ္တဝါများ မေတ္တာပို့ခြင်း

၈။ သတ္တဝါခပ်သိမ်းတို့သည် မိမိတို့ ခြွေရံသင်းပင်းများနှင့် တကွ ချမ်းသာကြပါစေ။ အလုံးစုံသော ဘေးမျိုးတို့နှင့်တကွ

ဆင်းရဲကင်းကာ စိတ်ချမ်းသာကြပါစေ။

## တရားနာလာ နတ်ဗြဟ္မာတို့က ကာကွယ်ပေးရမည့် တာဝန်များ ပြောကြားခြင်း

၉။ မင်းဆိုးတို့မှလည်းကောင်း၊ ခိုးသူတို့မှ လည်းကောင်း၊ လူဆိုးတို့မှ လည်းကောင်း၊ ဘီလူးနတ်ဆိုးတို့မှ လည်းကောင်း၊ အဖျက်မီးတို့မှ လည်းကောင်း၊ အဖျက်ရေတို့မှ လည်းကောင်း၊ မြေဘုတ်ဘီလူးတို့မှ လည်းကောင်း၊ သစ်ငုတ်ခလုတ်မှ လည်းကောင်း၊ ဆူးငြောင့်တို့မှ လည်းကောင်း၊ မကောင်းသော နက္ခတ်တို့မှလည်းကောင်း၊ ဇနပုဒ်၌ ဖြစ်သော ရောဂါဆိုးတို့မှ လည်ကောင်း၊ မသူတော်တို့၏ အကျင့်တရားတို့မှ လည်းကောင်း၊ မှားသောအယူမှ လည်းကောင်း၊ သူယုတ်တို့မှ လည်ကောင်း၊ ကြမ်းတမ်းသော ဆင်၊ မြင်း၊ သားရဲ၊ နွား၊ ခွေး၊ မြွေ၊ ကင်းမြီးကောက်၊ မြွေစိမ်း၊ သစ်၊ ဝံ၊ အောင်း၊ ဝက်၊ ကျွဲ၊ ဘီလူး အစရှိသည်တို့မှ လည်းကောင်း၊ ဘေးအမျိုးမျိုးမှလည်ကောင်း၊ ရောဂါအမျိုးမျိုးမှ လည်းကောင်း၊ အန္တရာယ်အမျိုးမျိုးမှ လည်းကောင်း စောင့်ရှောက်မှုကို ပြုကြကုန်လော့။

## မင်္ဂလသုတ် ပါဠိတော်

၁၀။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။
၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။
၁၂။ ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ၊
ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။
၁၃။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။
၁၄။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၅။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၇။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၈။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၉။ အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၂၀။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၁။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၄။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## မင်္ဂလာသုတ် ပရိတ်ဖြစ်ပေါ်လာမှု

မောနေယျ၊ ခုနစ်နှစ်
ဆယ်နှစ်နှစ် ÷ မင်္ဂလာ
တရားမှာ – စကြဝဠာ
ဘုရားမှာ – တစ်ထောင်မြွက်
ထမ္ဘာပျက် – တစ်သိန်း

ဟူသော လင်္ကာအရ မင်္ဂလာတရားတော် ပေါ်ပေါက်မည့်အကြောင်းကို သုဒ္ဓါဝါသဗြဟ္မာတို့က လူ့ရွာသို့ ဆင်းလာပြီး လမ်းမ လမ်းလေးခွတို့၌ (၁၂)နှစ်က ကြိုတင်ပြီး ကြွေးကြော်ခဲ့ကြသည်။

ဤသို့ ကြွေးကြော်သည်ကစ၍ လူ့ပြည်တွင် မင်္ဂလာစကားများ ပြောကြားစပြုခဲ့ကြသည်။ လူများ စုဝေးကြသည့်အခါ အချို့က–

"စောစောထလျှင် ပိန်ညှင်းငှက်၊ ကိုယ်ဝန်ဆောင် မိန်းမ၊ နွားလား ဥသဘ၊ တန်ဆာဆင်သောမိန်းမငယ်၊ တန်ဆာဆင်သော လုလင်ပျို၊ ထိုထိုများမြောင်သောအရာကို မြင်တွေ့ရလျှင် ဒိဋ္ဌမင်္ဂလာ"ဟု ခေါ်ဆိုကြ၏။

အချို့သောသူတို့က–

စောစောစီးစီး ကြားရသော "တွေ့၏" "ပွား၏" "ကြား၏" "ကြက်သရေရှိ၏"

ဟူသော စကားများနှင့် စောင်းငြင်း ပတ်သာတူရိယာသံ၊ သာယာသော သီးချင်းသံတို့ကို ကြားရလျှင် ‘သုတမင်္ဂလာ’ ဟုဆိုကြသည်။

အချို့သော သူတို့က–

“မြင်ခြင်း၊ ကြားခြင်းမှ မင်္ဂလာမမည်၊ စောစောအထမှာ ပန်းနံ့သာ အမွှေးအထုံ တည်းဟူသော အနံ့အရသာ အတွေ့ကိုသာလျှင် မုတမင်္ဂလာ” ဟုဆိုကြပါသည်။

ဤသို့လျှင် အရပ်လေးမျက်နှာတွင် မင်္ဂလာ စကားအတွက် ဒိဋ္ဌသာလျှင် မင်္ဂလာ၊ သုတသာလျှင် မင်္ဂလာ၊ မုတသာလျှင် မင်္ဂလာဟူ၍ သူ့ဘာသာအမှန်၊ ငါ့ဘာသာအဟုတ် စသည်ဖြင့် အုတ်အုတ်ကျက်ကျက် ငြင်းခုံကာ သုံးစုကွဲကာ ဇမ္ဗူဒိပ်ကျွန်း၌ ဖြစ်နေကြသည်။

ထိုမင်္ဂလာအငြင်းပွားမှုသည် လူတို့နှင့်မရပ်နား၊ ကိုယ်စောင့်နတ်တို့ပါ အငြင်းပွားလာကြသည်။

ထိုတွင် မရပ်သေး။ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် (ဘုမ္မစိုးနတ်) ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ နတ်ဘုံနှင့်တကွ အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် ရောက်ပြီး အငြင်းအခုန်ဖြစ်ကြသည်။

ဤတွင် တာဝတိံသာ နတ်အပေါင်းတို့သည် စုဝေးကာ

"အသင်တို့ ငါတို့ ဒိဋ္ဌ၊ သုတ၊ မုတဟူ၍ ငြင်းခုံနေကြပါမူ မည်သူမျှ အမှန်ကို မသိနိုင်ပါချေ။ ကာလသာ တာရှည်လာပါသည်။ တစ်ထိုင်ထဲတွင် တစ်ထောင်သော အမေးပုစ္ဆာတို့ကို ဖြေဆိုခြင်းငှာ စွမ်းနိုင်သော သိကြားမင်းထံသို့ သွား၍ မေးကြမှ သင့်တော်တော့မည်" ဟု ဆုံးဖြတ်ဆွေးနွေးကြသည်။

တာဝတိံသာနတ်တို့သည် ဤသို့ ဆုံးဖြတ်ပြီး သိကြားမင်းထံသို့ စုဝေးသွားကြကာ မင်္ဂလာပြဿနာ အငြင်းအခုံဖြစ်ပုံ အလုံးစုံကို လျှောက်ထားကြသည်။

"အိုနတ် ဒေဝတာတို့---ဤသို့ဖြစ်ရာ မင်္ဂလာဟု စကားစုဝယ် အဘယ်သူက အစပြုကာ ကြားပါသနည်း"

"အရှင်သိကြားမင်း၊ ဤမင်္ဂလာစကားကို လူတို့က စတင်ကြားပြီး နတ်အဆင့်ဆင့် အထက်ပြဟ္မာအထိ ငြင်းခုံနေကြပါ၏"

"အိုနတ် ဒေဝတာအပေါင်းတို့– မီးပုံကြီးရှိလျက် အဘယ်ကြောင့် ပိုးစုန်းကြူးကို မီးရောင် ထင်မှတ်နေကြပါသနည်း။ လောကလူ့ပြည်ဝယ် သဗ္ဗညုဘုရားသည် ထင်ရှားပွင့်နေပါပြီ။ ဤပြဿနာကို ထိုဘုရားရှင်သာ ဖြေရှင်းပေးနိုင်ပါမည်။ ထိုဘုရား ရှင်ထံသို့သာသွား၍ မေးလျှောက်ကြပါစို့။ အစောင့်နတ်သား သင်ရှေ့ကသွား၍ ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းသို့ ဝင်ပါလေ။ တို့တတွေ နောက်က လိုက်ပါမည်"

သိကြားမင်း၏ တိုက်တွန်းချက်ဖြင့် မထင်ရှားသော နတ်သားတစ်ပါး ဦးဆောင်ကာ ညဉ့်သန်းခေါင်ယံ အချိန်တွင် ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ နတ်သားသည် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပလျက် ဘုရားရှင်ကို ရှိခိုးသည်။

ထို့နောက် လောက လူနတ်ဗြဟ္မာတို့ ငြင်းခုံနေကြသော မင်္ဂလာတရားကို လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်သည် (၃၈)ဖြာ မင်္ဂလာတရားကို ခွဲခြား၍ ဟောကြားတော်မူခဲ့ပါသည်။

မင်္ဂလာဟူသည် = လောကီရေးရာ ချမ်းသာ၊ လောကုတ္တရာ ချမ်းသာများကို ရယူနိုင်ရေးအတွက် ပြုကျင့် လိုက်နာရမည့် ကျင့်စဉ်တရားတော်များကို မင်္ဂလာဟု ခေါ်သည်။

ကောင်းကျိုးပြုသော ကျင့်စဉ်တရားချည်းသာ ဖြစ်၍ အပြစ်မကင်းသော ကုသိုလ်ရေး လုပ်ငန်းများကို မင်္ဂလာဟူ၍ မခေါ်ရပါ။

ဤမင်္ဂလသုတ်၌ ဂါထာများအဆုံး၌ ဧတံ မင်္ဂလမုတ္တမံ ဟူသော စကားလုံးကိုစွဲ၍ မင်္ဂလသုတ်ဟူ၍ခေါ်ခြင်း ဖြစ်ပါသည်။

## ကာကွယ်ပေးသည့် ဘေးအန္တရာယ်

ဤမင်္ဂလသုတ်ကို ရွတ်ဖတ်သဖြင့် အ,မင်္ဂလာများ အနိဋ္ဌာရုံများ၊ အတိတ်ဆိုး၊ နိမိတ်ဆိုး၊ အသံဆိုး၊ ဂြိုလ်ဆိုး ကံဇာတာဆိုးများ ကြုံကြိုက်ခြင်း၊ နှောက်ယှက်ခံရခြင်း၊ ဘေး အန္တရာယ်မှကင်းပါသည်။

## ရွတ်ရန်အချိန်အခါ

ဤစနစ်ကို ဆွမ်းအလှူစသော မင်္ဂလာပြုချိန်၊ အိမ်တက် မင်္ဂလာ ယူချိန်၊ ရှင်ရဟန်းခံပွဲစသော ဘာသာရေးပွဲများပြုချိန်၊ လက်ထပ်မင်္ဂလာပြုချိန်၊ မွေးနေ့ပွဲကျင်းပချိန်၊ ကံဇာတာဂြိုဟ် ဆိုးများ ဝင်နေချိန်၊ အကုသိုလ်ဆိုးကျိုးများ ဆက်တိုက်ဖြစ်နေ ချိန် ရွတ်သင့်ပါသည်။

## မင်္ဂလသုတ် မြန်မာပြန်

၁၀။ အို–သူတော်ကောင်းတို့– နတ်နှင့်တကွသော လူတို့သည် မင်္ဂလာတရားကို တစ်ဆယ့်နှစ်နှစ်တိုင်အောင် ကြံဆခဲ့ ကြပါ၏။ ချမ်းသာခြင်းအကြောင်း ကောင်းမြတ်သော ထို မင်္ဂလာကို မသိနိုင်ဘဲ ရှိကြပါ၏။

၁၁။ နတ်တို့ထက်မြတ် ဘုရားမြတ်သည် မကောင်းမှု မှန်သမျှ

ပယ်ဖျောက်တတ်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို တစ်လောကလုံး၏ အကျိုးစီးပွားအလို့ငှာ ဟောတော်မူခဲ့၏။ ထိုသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို ငါတို့ ရွတ်ဆိုကြကုန်စို့။

၁၂။ အရှင်မဟာကဿပ တပည့်တော် ဤသို့ နာကြားခဲ့ရဖူးပါသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူပါသည်။ ထိုအခါ အမျိုးအမည် မထင်ရှားသော နတ်သားတစ်ယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော သန်းခေါင်ယံအချိန်၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်း ပတ်ဝန်းကျင် တစ်ခုလုံးကို ထိန်လင်းစေလျက် ဘုရားရှိရာသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်ရာနေရာ၌ ရပ်နေပါသည်။ သင့်လျော်ရာနေရာ၌ ရပ်နေသော ထိုနတ်သားသည် ဘုရားရှင်ကို ဤဂါထာဖြင့် လျှောက်ထားခဲ့ပါသည်။

၁၃။ မြတ်စွာဘုရား- ယခုဘဝ နောင်အခါ ချမ်းသာရေးကို လိုလားတောင့်တကြသော လူနတ် ဗြဟ္မာများစွာတို့သည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတို့ကို ကြံတွေးစဉ်းစားခဲ့ကြပါသည်။ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာတရားကို ဟောကြားပေးတော်မူပါဘုရား။

၁၄။ နတ်သား- လူမိုက်တို့ကို မပေါင်းမသင်း ရှောင်လွဲခြင်း၊
ပညာရှိသူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း၊
ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

၁၅။ နတ်သား- သင့်လျော်သောအရပ်၌ နေရခြင်း၊
ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း၊
ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း၊
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

၁၆။ နတ်သား- အကြားအမြင်များခြင်း၊
လက်မှုပညာ တတ်မြောက်ခြင်း၊
ကိုယ်ကျင့်ဝိနည်းကို သင်ခြင်း ကျင့်ခြင်း၊
စကားကို ကောင်းမွန်စွာ ပြောဆိုခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

၁၇။ နတ်သား- အမိကို လုပ်ကျွေးပြုစုခြင်း၊
အဘကို လုပ်ကျွေးပြုစုခြင်း၊
သားမယားတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊
ရှုပ်ထွေးခြင်းကင်းသော အလုပ်ကို ပြုလုပ်ခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

၁၈။ နတ်သား- ပေးကမ်းလှူဒါန်းခြင်း၊
သုစရိုက်တရားကို ကျင့်ခြင်း၊

ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊
အပြစ်မရှိသော အလုပ်ကိုလုပ်ခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။
၁၉။ နတ်သား- မကောင်းမှုမှ စိတ်ဖြင့်ရှောင်ကြဉ်ခြင်းနှင့်
ကိုယ်နှုတ်ဖြင့် ရှောင်ကြည်ခြင်း၊
သေရည် သေရက်မသောက်ခြင်း၊
ကုသိုလ်တရား၌ မမေ့လျော့ခြင်း၊
ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။
၂၀။ နတ်သား- ရိုသေထိုက်သူကို ရိုသေခြင်း၊
မိမိကိုယ်ကို နှိမ့်ချခြင်း၊
ရောင့်ရဲ တင်းတိမ်ခြင်း၊
ကျေးဇူးသိခြင်း၊
သင့်လျော်သောအခါ တရားနာခြင်း၊
ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။
၂၁။ နတ်သား- သည်းခံခြင်း၊
ဆို ဆုံးမ,လွယ်ခြင်း၊
ရဟန်းသံဃာတို့ကို ဖူးမြင်ခြင်း၊
တရားဆွေးနွေးခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။
၂၂။ နတ်သား- ခြိုးခြံ့စွာတာကျင့်ခြင်း၊

မြတ်သော အကျင့်ကိုကျင့်ခြင်း၊
အရိယသစ္စာကို သိမြင်ခြင်း၊
နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာ ဖြစ်ပါသည်။

၂၃။ နတ်သား- လောကဓံတရားတို့နှင့် တွေ့ကြုံရသော်
စိတ်မတုန်လှုပ်ခြင်း၊ စိုးရိမ်ပူဆွေးမှု မရှိခြင်း၊
ရာဂ စသော မြူ မရှိခြင်း၊
ဘေးရန်ကင်းခြင်း၊
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

၂၄။ နတ်သား ဤဆိုအပ်ခဲ့ပြီးသော မင်္ဂလာတို့ကို ပြုကြလျှင် ရန်ဟူသမျှ အောင်နိုင်ကြ၍ ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရ၏။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသည် ထိုမင်္ဂလာမှု ပြုကြသူတို့၏ ကောင်းမြတ်သော မင်္ဂလာပေတည်း။

## ရတနသုတ္တ ပါဠိတော်

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ။
ဒသ ပါရမိယော, ဒသ ဥပပါရမိယော ဒသ ပရမတ္ထ ပါရမိယောတိ
သမတ္တိံသ ပါရမိယော ပဉ္စ မဟာပရိစ္စာဂေ

လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘာဝေါက္ကန္တိံ
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ
ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေ ပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု·
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ–

၂၆။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာ’ ဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ’ မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၂၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု။
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။

ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။
၁၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၂။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ' မာနန္တရိက' ညှ' မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊

ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန။
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၅။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၆။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ' မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၇။ သဟာဝ'ဿ ဒဿနသမ္ပဒါယ၊
တယ'ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
၃၈။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၄၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ' ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊

ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။
ရတနသုတ္တံ နိဋ္ဌိတံ။

## ရတနသုတ် ဖြစ်ပေါ်လာမှုသမိုင်း

ဝေသာလီပြည်သည် ဘုရားရှင်ပွင့်စဉ်က ဝပြောသာယာသော ပြည်ကြီးတစ်ပြည်ဖြစ်သည်။

တစ်ချိန်တွင် ဝေသာလီပြည်သည် မိုးလေဝသ မမှန် ကောက်ပဲသီးနှံ အပျက်အစီးများပြား၍ ငတ်မွတ်ခေါင်းပါးမှု ဖြစ်သည်။ ငတ်မွတ်ရာမှ ဆင်းရဲသားတို့သည် သေကြေပျက်စီး ရလေသည်။ သေသူတွေများ၍ မစွန့်ပစ်နိုင်တော့ချေ။ လူသေတို့၏ အပုပ်နံ့ကြောင့် ပြင်းထန်သော မြွေဆိပ်ကဲ့သို့သော လျင်မြန်စွာ ကူးစက်တတ်သောရောဂါများ ဖြစ်ပေါ်လာသည်။ လူသေကောင်များကြောင့် မြေဘုတ်ဘီလူး၊ တစ္ဆေသရဲတို့သည် မြို့တွင်းသို့ဝင်၍ လူသေတို့ကို စားကြလေသည်။

ဝေသာလီပြည်သူပြည်သားများသည် လိစ္ဆဝီမင်းတို့နှင့် ညှိနိုင်းကြပြီးလျှင် ဘုရားရှင်ကို ပင့်ဖိတ်ရန် ဆုံးဖြတ်ကြသည်။ ရာဇဂြိုဟ်ပြည်ရှိ ဘုရင်ဗိမ္ဗိသာရထံသို့ လက်ဆောင်ပဏ္ဏာ နှင့်တကွ တမန် စေလွှတ်ပြီး ဘုရားရှင်ကို ပင့်ဖိတ်လျှောက်ထား

ကြသည်။

ဘုရင်ဗိမ္ဗိသာရသည် ရာဇဂြိုဟ်နှင့် ဝေသာလီလမ်းခရီးကို ပြုပြင်ပေးသည်။ ဘုရားရှင်သည် ရဟန်းငါးရာ ခြံရံပြီး ဝေသာလီသို့ ကြွသည်။ ဘုရင်ဗိမ္ဗိသာရက ဘုရားရှင်ကို ငါးရက်ခရီး (ဂင်္ဂါမြစ်) ရောက်သည်အထိ ဘုရားရှင်ကို ဆွမ်း၊ ပန်း၊ ရေ တို့ဖြင့် လိုက်၍ပြုစုသည်။

လိစ္ဆဝီမင်းနှင့် ပြည်သူပြည်သားများသည် ဘုရားရှင်ကို ဗိမ္ဗိသာရမင်းထက် မယုတ်အောင် ပူဇော်လျက် ပင့်ဆောင်ကြသည်။ လိစ္ဆဝီမင်းသည် ရေစပ် လည်မျိုအထိ ဘုရားရှင်ကို ဆင်း၍ ကြိုဆိုကြသည်။

ထိုခဏမှာပင် လျှပ်များစွာလက်ပြီး မိုးထစ်ချုန်းကာ မိုးကြီးရွာမည့် ပုံသဏ္ဌာန် ဖြစ်လာသည်။ ဘုရားရှင် ဂင်္ဂါမြစ်ကမ်းသို့ ပထမ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် ပေါက္ခရဝဿမိုး ရွာချလေသည်။

ဝေသာလီပြည်၌ ပုဆစ်ဒူးလောက်၊ ပေါင်လောက်၊ ခါးလောက် ပမာဏရှိသော ရေတို့သည် ဖြစ်ပေါ်လာလျက် မြို့တွင်းရှိ လူသေကောင်အပုပ်နံ့ဟူသမျှ တို့ကို ဆေးကြောပြီး ဂင်္ဂါမြစ်ထဲသို့ မျောစေသည်။

ဘုရားရှင်သည် ဂင်္ဂါမြစ်ကမ်းမှ ဝေသာလီ ပြည်သို့ သုံးရက်ခရီးဖြင့်ရောက်သည်။ မြို့တံခါးသို့ ဘုရားရှင် ခြေချ

သော အံချိန်မှစ၍ ဘီလူး၊ သရဲ၊ တစ္ဆေတို့သည် ထွက်ပြေးကြကုန်သည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကို ခေါ်တော်မူပြီးလျှင်–

"ချစ်သား အာနန္ဒာ ရတနသုတ်ကို ငါဘုရားထံမှ သင်ယူ၍ လိစ္ဆဝီမင်းသားတို့နှင့်အတူ မြို့ရိုးတံတိုင်း (၃) ထပ်တို့ကြား၌ လှည့်လည်၍ ရွတ်ပါလေ"ဟု မိန့်ကြားသည်။

ရှင်အာနန္ဒာသည် ဘုရားရှင်ထံမှ ရတနသုတ်ပရိတ်ကို သင်ယူပြီး ဝေသာလီ တံတိုင်းကြား၌ ရွတ်သည်။ ဘုရားရှင်၏ သပိတ်တော်မှ ရေကိုယူ၍ တစ်မြို့လုံးကို ပရိတ်ရေဖြင့် ဖြန်းလျက် လှည့်လည်တော်မူသည်။

ရှင်အာနန္ဒာ မထေရ်မြတ်၏ ရတနပရိတ်သစ္စာ ဂါထာ ရွတ်သည်နှင့်အတူ သစ္စာရေများ ပက်ဖြန်းစဉ် ထိုရေတို့သည် ပန်းပွင့် ပန်းပေါက်ကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားပြီး အနာရောဂါ ကျရောက်နေသူများထံသို့ ကျရောက်သည်။

ရေစင်ရေပေါက် ကျရောက်သူတို့သည် ချက်ချင်းပင် ရောဂါပျောက်ကုန်ကြသည်။ မြို့တွင်းသို့ ဝင်လာနေကြသော ဘီလူး၊ သရဲ၊ တစ္ဆေတို့သည်လည်း မြို့တံခါးတို့ကို ကျော်ဖြတ်ကာ ပြေးလွှားကြသည်။

ရောဂါပျောက်၍ ကျန်းမာမှုရှိလာကြသော သူတို့သည် အရှင်အာနန္ဒာထံသို့ ဝိုင်းလာကြပြီး ပူဇော်ကြသည်။

ဘုရားရှင်သည် လိစ္ဆဝီမင်းတို့ ဆောက်လုပ်အပ်သော မဏ္ဍပ်ကျောင်းမှာ ပရိသတ်အပေါင်းခြံရံလျက် သီတင်းသုံး နေလေသည်။ သိကြားမင်းစသော နတ်အပေါင်းတို့သည်လည်း ဘုရားရှင်ထံသို့လာရောက် ရှိခိုးပူဇော်ကြသည်။

ရှင်အာနန္ဒာသည် သစ္စာဆိုပြီးသည့်အဆုံး၌ ရောဂါ ပျောက်သူ ပရိသတ်အပေါင်း ခြံရံလျက် ဘုရားရှင်ထံသို့ ပြန် ကြွလာသည်။ ဘုရားရှင်သည် ထိုပရိသတ်အပေါင်းတို့ကို တရားဟောကြားတော်မူသည်။

ဝေသာလီပြည်ကြီးသည် ထိုအချိန်မှ စ၍ ရောဂါကင်း ပြီး သာယာဝပြောလာလေသည်။

## ရတနသုတ် ဟူသည်

မြတ်နိုးစရာ၊ လိုချင်စရာ၊ နှစ်သက်စရာ၊ အကောင်းဆုံး ရွှေငွေ ရတနာများကို ရတနာဟု ခေါ်ကြသည်။ လောက၌ ရွှေ ငွေ ရတနာအပြင် သားသမီးရတနာ ဟူ၍လည်း တင်စားသုံးစွဲ သည်လည်း ရှိပါသည်။ ထိုလောကီရတနာထက် ဘုရား တရား သံဃာ ရတနာသုံးပါးက ပိုမြင့်မြတ်သည်။ ဤ ရတနာသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘဝ၌ ကောင်းကျိုးချမ်းသာကို မုချပေးသော ရတနာဖြစ်သည်။

ပရိတ်ပါဠိတော်၌ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ၊ ဓမ္မေ ရတနံ၊ သံဃေ ရတနံ ဟူ၍ ထိုရတနာ စကားကို ယူပြီး ရတနသုတ် ပရိတ်ဟူ၍ ခေါ်သည်။

## ကာကွယ်ပေးသည့် ဘေးအန္တရာယ်

ဤသုတ်တော်ကို ရွတ်သဖြင့် နတ်ကောင်း နတ်မြတ်များက စောင့်ရှောက်သည်။ ရောဂါဝေဒနာ အမျိုးမျိုးဘေး၊ နတ်ဆိုး၊ ဘီလူးဆိုးဘေး၊ အစားအစာရှားပါးဘေး၊ လက်နက်ဘေးတို့ကို ကျော်လွှားနိုင်သည်။

## ရွတ်ဖတ်ချိန်

ဤ ရတနသုတ် ပရိတ်တော်ကို မိသားစု မမာမကျန်း ဖြစ်ချိန်၊ မကျန်းမာ၍ ပရိတ်နာလိုချိန် မကောင်းဆိုးဝါး၊ သရဲ၊ တစ္ဆေ၊ နတ်ဘီလူးဆိုးများ နှောက်ယှက်ချိန်၊ အစားအစာ ရှားပါးချိန်၊ အန္တရာယ်များ ကင်းဝေးစေလိုချိန်များ၌ ရွတ်ဖတ်လေ့ ရှိပါသည်။

## ရတနသုတ် မြန်မာပြန်

၂၅။ သူတော်ကောင်းတို့. ဒီပင်္ကရာဘုရားထံ ဘုရားဆုပန်သည် မှစ၍ မြတ်စွာဘုရား၏ ဆယ်ပါးသော ပါရမီတို့ကို လည်းကောင်း၊ ဆယ်ပါးသော ဥပပါရမီတို့ကို လည်း

ကောင်း၊ ဆယ်ပါးသော ပရမတ္ထ ပါရမီတို့ကိုလည်းကောင်း၊ ဤသို့အမျှ သုံးဆယ်သော ပါရမီတို့ကိုလည်းကောင်း၊ ငါးပါးသော စွန့်ကြီးခြင်းတို့ကိုလည်းကောင်း၊ သတ္တာဝါတို့ အကျိုးငှာ ကျင့်တော်မူခြင်းလည်းကောင်း၊ ဆွေမျိုးအဲကျိုး ငှာ ကျင့်တော်မူခြင်း လည်းကောင်း၊ ဘုရားဖြစ်ရန်အကျိုး ငှာ ကျင့်တော်မူခြင်းလည်းကောင်း၊ ဤသို့ သုံးပါးသော အကျင့်တို့ကိုလည်းကောင်း၊ ဘုရားဖြစ်မည့် နောက်ဆုံး ဘဝ၌ မယ်တော်ဝမ်းဗိုက်၌ သန္ဓေယူခြင်းကို လည်းကောင်း၊ ဖွားမြင်ခြင်းကိုလည်းကောင်း၊ မြတ်သော တောထွက်ခြင်း ကိုလည်းကောင်း၊ ဒုက္ကရစရိယာ ၊ကျင့်တော်မူခြင်းကို လည်းကောင်း၊ ဗောဓိပလ္လင်၌ မာရ်ငါးပါးကို အောင်မြင် တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိခြင်း၊ ဓမ္မစကြာတရားဟောခြင်း၊ ကိုးပါးသော လောကုတ္တရာ တရားဟူသော ဤဗုဒ္ဓဂုဏ်အလုံးစုံတို့ကို ဆင်ခြင်တော် မူပြီးလျှင် ဝေသာလီပြည် တံတိုင်းသုံးထပ်တို့အကြား ညဥ့်သုံးယံပတ်လုံး ပရိတ်အရံအတားကို ပြုတော်မူသော ရှင်အာနန္ဒာ မထေရ်ကဲ့သို့ ကရုဏာစိတ်ကို ဖြစ်စေကြကုန်၍

၂၆။ အကြင်ရတနသုတ်တော်၏ အရှိန်အာဝါ အာဏာကို စကြ ဝဠာ ကုဋေတစ်သိန်းရှိ နတ်ဗြဟ္မာများ ခံယူကြကုန်၏။

၂၇။ အကြင်ရတနသုတ် ပရိတ်တော်သည် ဝေသာလီပြည်၌

ရောဂါထူးခြား ဘီးလူးများနှင့် အစာရှားပါးခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးသုံးမျိုးကိုလည်း လျင်မြန်စွာ ကွယ်ပျောက်စေခဲ့ဖူးပြီ။ ထိုရတနသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ကြကုန်စို့.--။

၂၈။ ဤအရပ်၌ စည်းဝေးရောက်လာကြကုန်သော မြေ၌ ဖြစ်သော နတ်များ၊ ကောင်းကင်၌ ဖြစ်သော နတ်များ အားလုံးတို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်လာကြကုန်လော့၊ ထို့ပြင် ငါဘုရား တရားတော်ကို ရိုသေစွာ နာယူကြကုန်လော့။

၂၉။ နတ်များတို့.--ငါဘုရား တရားနာရန် တိုက်တွန်းခဲ့သည် ဖြစ်၍ သင်တို့ နားစိုက်ကြကုန်လော့၊ သင်တို့အားလုံး လူသားများ အပေါ်မှာ မေတ္တာထားကြပါလော့၊ လူတို့သည် နေ့ရောညပါ ပူဇော်ဖွယ်ရာကို ပို့ဆောင်ပူဇော်ကြသောကြောင့် ထိုလူများကိုသင်တို့ မမေ့ကြဘဲ စောင့်ရှောက်ကြပါကုန်လော့။

၃၀။ လူ့ပြည်၊ နဂါး၊ ဂဠုန်စသောပြည် နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ရှိသမျှသော ကောင်းမြတ်သော ရတနာတို့တွင် မြတ်စွာဘုရားနှင့်တူသော ရတနာကား မရှိနိုင်သည်သာ၊ ဘုရားရှင်၌ ဤရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်ကား ထူးခြား ကောင်းမြတ်လှပါသည်။ ဤသစ္စာစကားကြောင့်

သတ္တဝါများ ချမ်းသာပါစေသတည်း။

၃၁။ အရိယာ မဂ် သမာဓိဖြင့် တည်ကြည်သော စိတ်ရှိတော်မူသော သာကီနွယ်ဖွား ဘုရားမြတ်သည် ကိလေသာစုံကုန်ပျောက်ရာဖြစ်သော ရာဂအတွက် ကွယ်ပျောက်ရာသေခြင်းကင်းရာ ကောင်းမြတ်လှစွာသော အကြင်နိဗ္ဗာန်တရားတော်ကို သိမြင်ရတော်မူခဲ့ပါသည်။

ထိုနိဗ္ဗာန်တရားနှင့် ဂုဏ်ရည်တူသော တရားဟူ၍ တစ်စုံတစ်ရာ မရှိပါ။ နိဗ္ဗာန်တရားတော်၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်တော်အပေါင်းသည် ထူးမြတ်လှပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါများချမ်းသာပါစေသတည်း။

၃၂။ ဘုရားရှင်သည် ကိလေသာကင်း အလွန်သန့်ရှင်းဖြူစင်သော အရိယာ မဂ် သမာဓိကို တစ်နည်းနည်းဖြင့် ထုတ်ဖော်ချီးကျူးတော်မူခဲ့ပါ၏။ ယင်းအရိယာ မဂ် သမာဓိကို ပင် မိမိအခြားမဲ့၌ အကျိုးကို ပေးတတ်သည့် သမာဓိဟူ၍ ဘုရားရှင်များ မိန့်ကြားတော်မူခဲ့ပါသည်။ ထိုအရိယာ မဂ် သမာဓိနှင့်တူညီသော သမာဓိကား မရှိပေ။

အရိယာ မဂ်တရားတော်၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပေသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၃၃။ ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာ ပုဂ္ဂိုလ်များကား ရှစ်ပါးဖြစ်ရာ အစုံအားဖြင့် လေးစုံ ဖြစ်သည်။ ဘုရားရှင်၏ တပည့်သာဝကဖြစ်သော ထိုအရိယာတို့အား အလှူကောင်းတို့ကို ခံယူတော်မူထိုက်သော ပုဂ္ဂိုလ်များပင် ဖြစ်ပါပေသည်။

အရိယာ သံဃာတော်၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၃၄။ မြဲမြံတည်တံ့သော သမာဓိဖြင့် လွန်စွာအားထုတ်ကြကုန်၍ ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ကိလေသာတို့မှ လွတ်ကင်းကြသော ရဟန္တာအရှင်မြတ်တို့သည် နိဗ္ဗာန်ကို အာရုံယူ သတိရောက်ကြပြီးသော် ပစ္စည်းဥစ္စာ အနည်းငယ်မျှ မကုန်ကျရဘဲ အလွယ်တကူရရှိ၍ ဖလသမာပါတ် အငြိမ်းဓာတ်ကို ခံစားလျက် အရဟတ္တဖိုလ် ဝင်စားကြပါ၏။

ရဟန္တာသံဃာတော်၌ ဤရတနာအဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၃၅။ မြေ၌ စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယာသစ္စာတို့ကို သိမြင်သော သောတာပန် ပုဂ္ဂိုလ်မြတ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသောပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူသည်။

သောတာပန် သံဃာ၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်များလည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၃၆။ နက်နဲသော ဉာဏ်တော်ရှင် မြတ်စွာဘုရား အကောင်းဆုံးဟောကြားတော်မူအပ်သော အရိယာသစ္စာတို့ကို မဂ်ဉာဏ်ရရှိ၍ ထင်ရှားသိတော်မူကြသော သတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက်ဘဝကို ယူရိုးမရှိ တော့ပါ။

သောတာပန် သံဃာ၏ ရတနာဟု သိနိုင်ဖွယ် ဤ ဂုဏ်တော်သည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၃၇။ သောတာပန် ပုဂ္ဂိုလ်မြတ်သည် သောတာပန် မဂ်ဉာဏ်ပြည့်စုံသည်နှင့် တပြိုင်နက် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ၊ သီလဗ္ဗတာ

ပရာမာသ တရားသုံးပါးနှင့် အချို့သော ကိလေသာများကို ဖယ်ရှားအပ်ပြီးဖြစ်သည်။

၃၈။ ထိုသောတာပန် ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံမှ လွတ်မြောက်ရပြီး ရန်ရင်းသောအကြောင်းစုံ အမှုအပြစ်တို့ကိုလည်း ပြုခြင်းငှာ မထိုက်တော့ပေ။

သောတာပန် သံဃာ၌ ရတနာအဖြစ် ဤနှစ်သက်ဖွယ် ဂုဏ်ရည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၃၉။ သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့် ဖြစ်စေ မကောင်းသော ပြစ်မှုကို လွန်ကျူးမိစေကာမူ သောတာပန်မှာ ထိုပြုမိသော ပြစ်မှုကို ကွယ်ကာ ဖုံးဝှက်သူ မဖြစ်နိုင်ပေ။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ဖြစ်ပြီးသော အရိယာ သောတာပန်၏ မိမိပြုသော ပြစ်မှုကို မဖုံးကွယ်ထိုက်သူဖြစ်ကြောင်းကို ဘုရားရှင် ဟောကြားတော်မူအပ်၏။

သောတာပန် သံဃာ၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၄၀။ နွေလတို့တွင် နွေဦးကာလဖြစ်သော တန်ခူးလ၌ ကောင်းစွာ ပွင့်သော ခက်ဖျားစုံရှိသော တောအုပ်သည် အသရေရှိဘိသကဲ့သို့ အနက်သဒ္ဒါ ဝေဆာစုံပေါ် ထိုတောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်ကို နိဗ္ဗာန်အမြတ်ဆုံး အကျိုးငှာ ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်၌ ရတနာဟု သိကြောင်းဖြစ်သော ဤဂုဏ်တော်သည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၄၁။ နတ်လူများ လိုလားတောင့်တအပ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော အမြတ်ဆုံး နိဗ္ဗာန်ကို သိတော်မူ၍ အမြတ်တရားကို ပေးသနားတော်သော ရှေးဟောင်းကျင့်စဉ် လမ်းမြတ်ကို ယူဆောင်တော်မူတတ် အမြတ်ဆုံးဘုရားမြတ်သည် တရားတော်မြတ် အရပ်ရပ်ကို ဟောကြားတော်မူလေသည်။

ဘုရား၌ ရတနာဟု သိနိုင်ကြောင်း ဤ ဂုဏ်အပေါင်းသည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၄၂။ ရဟန္တာ အရှင်မြတ်တို့အား ရှေးအတိတ် ကံဟောင်းများ

သည့်လည်း ကုန်ခဲ့ပြီး ကံအသစ်ဖြစ်ပေါ်ရန်လည်း မရှိတော့ပေ။ နောင်ဖြစ်ရမည့် ဘဝသစ်၌ တွယ်တာသော စိတ်လည်း ကင်းတော်မူကြ၏။ ရဟန္တာ အရှင်မြတ်တို့သည် ပဋိသန္ဓေမျိုးစေ့လည်း ကုန်ခဲ့ပြီး ဘဝသစ် ဆက်လက်ဖြစ်စည်ကားရေးဝယ် တွယ်တာသော ဆန္ဒလည်း မရှိကြ။ ထိုရဟန္တာ အရှင်မြတ်တို့သည် ဆီမီး ငြိမ်းသွားသကဲ့သို့ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြသည်။

ရဟန္တာ သံဃာတော်၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာပါစေသတည်း။

၄၃၊ ၄၄၊ ၄၅။

မြေ၌ ဖြစ်သော နတ်များ၊ ကောင်းကင်၌ ဖြစ်သော နတ်များ။ ဤအရပ်၌ စည်းဝေးကြလျက် ရှိပါသည်။ ထိုနတ်ပေါင်းများစွာတို့သည် နတ်လူအများ လေးစားပူဇော်အပ်သော တထာဂတဘွဲ့ရ မြတ်စွာဘုရားကို (တရားတော်ကို) (သံဃာတော်ကို) ရှိခိုးကြပါ၏။ သတ္တဝါများ ချမ်းသာကြပါစေ။

## မေတ္တသုတ္တ ပါဠိတော်

၄၆။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘိသနံ။
ယဉှိစေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ' မတန္ဒိတော။
၄၇။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ နံ ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၄၈။ ကရဏီယ' မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။
၄၉။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ' နနုဂိဒ္ဓေါ။
၅၀။ န စ ခုဒ္ဒ' မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၅၁။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ' နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊

မဇ္ဈိမာ ရဿကာ အဏုကထူလာ။
၅၂။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၅၃။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။
၅၄။ မာတာ ယထာ နိယံပုတ္တ၊
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။
၅၅။ မေတ္တဉ္စ သဗ္ဗ လောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ’ မသပတ္တံ။
၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ’ မေတံ ဝိဟာရ’ မိဓ မာဟု။

၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။
**မေတ္တသုတ္တံ နိဋ္ဌိတံ။**

## မေတ္တာသုတ် ဖြစ်ပေါ်လာမှုသမိုင်း

အခါတစ်ပါး၌ ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် ဟိမဝန္တာနှင့် တစ်စပ်တည်းနေသော တောအုပ်တစ်ခုသို့ ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြသည်။

ထိုရဟန်းတို့၏ သီလတန်ခိုးကြောင့် သစ်ပင်ထက်ရှိ နတ်များမှာ သစ်ပင်ထက်တွင် မနေဝံ့ကြတော့ဘဲ ကလေးများကို လက်ဆွဲကာ လှည့်လည်နေကြရကုန်သည်။

တစ်နေ့ ပြန်နိုးနိုးနှင့် စောင့်နေခဲ့ရာ ရဟန်းများ မပြန်တော့မည်ကို သိရ၍ မနေဝံ့အောင် ညဥ့်အခါ ကြောက်မက်ဖွယ် အဆင်း၊ အသံများပြုကာ ခြောက်လှန့်ကြလေသည်။

ရဟန်းများသည် ထိတ်လန့်ကြ၍ ရောဂါအမျိုးမျိုးရကာ သမာဓိ မရ ဖြစ်ကြရသည်။

“ငါတို့တစ်တွေ ဤအရပ်မှာ မနေသင့်”

ရဟန်းတို့သည် ဤသို့ ဆုံးဖြတ်ပြီးလျှင် ဘုရားရှင်ထံ ပြန်ကြွသွားကြကာ ဤအကြောင်းကို လျှောက်ထားကြသည်။

ဘုရားရှင်သည် ဤရဟန်းများအတွက် ဤနေရင်း အရပ်မှ လွဲ၍ သင့်လျော်ရာ အခြားအရပ် မမြင်၍ ဤအရပ်မှာပင် ပြန်လည်နေကြရန် မိန့်တော်မူပြီး ဤမေတ္တာသုတ်ကို ကမ္မဋ္ဌာန်း အလို့ငှာ လည်းကောင်း၊ အကာအကွယ် အရံအတားအလို့ငှာ လည်းကောင်း သင်ကြားပေးတော်မူသည်။

ရဟန်းတော်များသည် ထိုနေရာသို့ ပြန်လာပြီးလျှင် ဘုရားရှင် သင်ပေးညွှန်ကြားအပ်သည့်အတိုင်း မေတ္တာသုတ်ကို ရွတ်ဆိုလျက် မေတ္တာ ဘာဝနာပွားများကြရာ နတ်အများက ချစ်မြတ်နိုးကြလျက် ဝတ်ကြီးဝတ်ငယ်များ ပြုလုပ်ပေးကြသည်။ စောင့်ရှောက်ကြသည်။

ရဟန်းတော်များသည် မေတ္တာ ဘာဝနာပွား၍ ထိုမေတ္တာကို အခြေခံကာ ဝိပဿနာအားထုတ်ကြရာ ဝါတွင်းမှာပင် ရဟန္တာအဖြစ်သို့ အားလုံးရောက်ကြလေသည်။

## မေတ္တာသုတ်

မေတ္တာဟူသည် သတ္တဝါအားလုံးအား အယုတ်အလတ် အမြတ်မရွေး၊ ပုဂ္ဂိုလ် အမျိုးအစားမရွေး၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစေလိုခြင်း၊ ၎င်းတို့အတွက် ကောင်းကျိုးလိုရာ ဆန္ဒပြည့်စုံစေလိုခြင်းပင် ဖြစ်သည်။

မေတ္တာပို့သောအခါ သတ္တဝါများကို အဆင့်အတန်း မခွဲခြားဘဲ အားလုံးအပေါ်၌ ကောင်းကျိုးလိုလားသော စေတနာဖြင့် ပို့ရသည်။ မေတ္တာသည် ဒေါသနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အကျိုးဖျက် ဒေါသပေါ်လာသည်နှင့် တစ်ပြိုင်နက် မေတ္တာ ပျက်ရပါသည်။

ခုံမင်စွဲလမ်းတတ်သော ရာဂတဏှာဝင်လာလျှင် မေတ္တာစစ် မဖြစ်တော့ပါ။ ရာဂသည် စိုးရိမ်မှု ပူပန်မှု စွဲလမ်းမှုကို ဖြစ်စေတတ်သည်။ မေတ္တာသည် ထိုတရားများ လုံးဝမရှိပါ။

လောကတွင် ကောင်းကျိုးပြုမေတ္တာနှင့် ဆက်ဆံလာလျှင် မေတ္တာရောင်ပြန်ဟပ်ပြီး ကောင်းကျိုး ခံစားရတတ်ပါသည်။

ဤသုတ်တွင် "မေတ္တဉ္စ"ဟူသော စကားကိုယူ၍ လည်းကောင်း၊ မေတ္တာပွားနည်းများကို ဖော်ပြထား၍ လည်းကောင်း မေတ္တသုတ်ဟူ၍ ခေါ်ပါသည်။

## ကာကွယ်သည့် ဘေးအန္တရာယ်

တစ္ဆေ၊ သရဲ၊ ဘီလူး၊ နတ်မိစ္ဆာတို့၏ ခြောက်လှန့်ခြင်းဘေး၊ အိပ်မပျော်ခြင်း၊ အိပ်မက်ဆိုးများမက်ခြင်း၊ လန့်နိုးခြင်း၊ မကောင်းအာရုံများ တွေ့ကြုံရခြင်း၊ အမုန်းခံရခြင်း၊ လူမုန်းများခြင်း၊ အရာမဝင် ဝိုင်းပယ်ခံရခြင်းစသော ဘေးအန္တရာယ်

များမှ ကင်းဝေးစေပါသည်။

## ရွတ်ရန်အချိန်

-ကြောက်လန့်စရာ အာရုံများနှင့် တွေ့ကြုံချိန်၊
-အိပ်မပျော်သောအခါ၊ ခဏခဏ အိပ်မက်ဆိုးများ မက်နေချိန်၊
-လူမုန်းများသောအခါ၊
-မျက်နှာပွင့်လို ဈေးရောင်း၊ ဝယ်ကောင်းလိုသောအခါ၊
-နေရာသစ် အိမ်သစ် ပြောင်းရွှေ့သောအခါ၊
-အကူအညီ ရယူလိုသောအခါ၊
-နေရာသစ် ဌာနသစ်သို့ ရောက်သောအခါတို့၌ ရွတ်ရန် သင့်ပါသည်။

## မေတ္တသုတ် မြန်မာပြန်

၄၆။ အို သူတော်ကောင်းတို့ မေတ္တသုတ်ပရိတ်တော် အာနုဘော်ကြောင့် နတ်အများတို့သည် ကြောက်မက်ဖွယ် အာရုံမျိုးကို မပြနိုင်ဘဲ ရှိကြပါ၏။ ထိုမေတ္တသုတ် ပရိတ်တော်၌ နေ့ညမပြတ် ထပ်တလဲလဲ စွဲမြဲရွတ်ပွား အားထုတ်သူသည်

၄၇။ ချမ်းသာစွာ အိပ်စက်ရပါ၏။ အိပ်ပျော်သည်ရှိသော် မကောင်း အိပ်မက်မျိုးလည်း မမြင်မက်ရပါပေ။ ဤသို့ စသော အကျိုးအာနိသင်နှင့် ပြည့်စုံသော မေတ္တာသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ကြကုန်စို့။

၄၈။ ငြိမ်သက်အေးချမ်းသော နိဗ္ဗာန်ကို အာရုံယူ၍ နေခြင်းမှာ အလိုရှိသော အကျင့်အမျိုးမျိုး၊ အကျိုးစီးပွားး၌ လိမ္မာသူ သည် ပြုကျင့်ရမည့် သိက္ခာသုံးပါး အကျင့်များကို ပြု ကျင့်ရမည်။ စွမ်းနိုင်သူလည်း ဖြစ်ရာ၏။ ဖြောင့်မတ်သူ လည်း ဖြစ်ရာ၏။ အလွန်ဖြောင့်မက်သူလည်း ဖြစ်ရာ၏။ ဆိုဆုံးမလွယ်ကူသူလည်း ဖြစ်ရာ၏။ နူးညံ့ပျော့ပျောင်း သူလည်း ဖြစ်ရာ၏။ မာန်မာန ထောင်လွှားမှုလည်း မရှိရာ။

၄၉။ တင်းတိမ် ရောင့်ရဲလွယ်ရမည်။ အမွေးအမြူ လွယ်ကူသူ ဖြစ်ရမည်။ ကိစ္စနည်းပါးရမည်။ ပေါ့ပါးသော အဖြစ်မျိုး ရှိရပါမည်။ ငြိမ်သက်သော ဣန္ဒြေရှိရမည်။ ရင့်ကျက် သော ပညာရှိရမည်။ မကြမ်းတမ်း မရိုင်းပျ ယဉ်ကျေးသူ ဖြစ်ရပါမည်။ လူတို့၌ မက်မောခြင်း မရှိစေရပါ။

၅၀။ ပညာရှိများ သူတစ်ပါးတို့ကဲ့ရဲ့ပြစ်တင်မည့် ဒုစရိုက်စု၊ ယုတ်ညံ့သော အမှုမျိုးကို အသေးအဖွဲ အနည်းငယ်မျှပင် ဖြစ်စေ၊ မပြုကျင့်ပါလေနှင့်။ မေတ္တာပွားရမည်မှာ သတ္တဝါ

မှန်သမျှ ကိုယ်ချမ်းသာကြပါစေ၊ ဘေးရန်ကင်းဝေး အေးချမ်းသာယာကြပါစေ၊ စိတ်လည်းချမ်းသာကြပါစေ။

၅၁။၅၂။ အလုံးစုံ ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခများ၊ မထိတ်လန့်တတ်သော ရဟန္တာများ၊ ကိုယ်ခန္ဓာ ရှည်လျားသော သတ္တဝါများ၊ ကိုယ်ခန္ဓာကြီးမားသော သတ္တဝါများ၊ ကိုယ်ခန္ဓာ အလတ်စားသတ္တဝါများ၊ ပုက္ခနိမ့်တို ကိုယ်ရှိသော သတ္တဝါများ၊ သေးငယ်မှုန်မွှားသော သတ္တဝါများ၊ ဆူးဖြိုးဝိုင်းဝန်းသော သတ္တဝါများ၊ မြင်ဖူးသော သတ္တဝါများ၊ မမြင်ဘူးသော သတ္တဝါများ၊ အဝေး၌နေသော သတ္တဝါများ၊ အနီး၌နေသော သတ္တဝါများ၊ နောင်မဖြစ်ကြသည့် ဖြစ်ပြီးဖြစ်ရသော ရဟန္တာများ၊ နောင်ဘဝသစ် ရှာမှီးတတ်သော သေက္ခ ပုထုဇဉ်များ၊ လောကရှိ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၅၃။ သူတစ်ယောက်သည် အခြားသူတစ်ယောက်ကို စဉ်းလဲလှည့်ပတ်မှု မပြုပါစေလင့်၊ ဘယ်အရပ်မှာမဆို ဘယ်ပုဂ္ဂိုလ်တစ်ယောက်ကိုမျှ မထီမဲ့မြင် မပြုပါစေလင့်၊ ကိုယ်နှုတ်တို့ဖြင့် ထိပါးနှိပ်စက်ခြင်းဖြင့် လည်းကောင်း၊ ဒေါသစိတ်ဖြင့်လည်းကောင်း၊ အချင်းချင်း တစ်ယောက်သည် တစ်ယောက်၏ ဆင်းရဲမှုကို အလိုမရှိပါစေလင့်။

၅၄။ မွေးမိခင်သည် မိမိရင်၌ဖြစ်သော တစ်ဦးတည်းသော

သားကို မိမိအသက်နှင့်လဲ၍ပင် အစဉ်ကာကွယ် စောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ သတ္တဝါအားလုံးစုံတို့၌ အတိုင်းအတာ ပမာဏ မရှိသော မေတ္တာစိတ်ကို ပွားများ ပါလေ။

၅၅။ အထက် အရူပ အောက် ကာမ အလယ် ရူပ အလုံးစုံသောလောက၌ ပိုင်းခြားကန့်သတ်ချက် မရှိသော မေတ္တာစိတ်ကို အပိုင်းအခြား ကင်း၊ ကျဉ်းမြောင်းခြင်း မရှိအောင် ဒေါသဟူသော အတွင်းရန် မရှိအောင် အပရန်သူလည်း မရှိအောင် ပွားများပါလေ။

၅၆။ ရပ်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ အိပ်လျက်ဖြစ်စေ၊ ငိုက်မျဉ်းခြင်း ကင်းနေသောအချိန်မှာ မေတ္တာဈာန် သတိကို စွဲမြဲစွာဆောက်တည်ရာ၏။ ဤဘုရားရှင် သာသနာတော်၌ ဤမေတ္တာ ဈာန်သတိဖြင့် နေခြင်းကို မြတ်သောနေခြင်းမျိုးဟူ၍ ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

၅၇။ ထိုမေတ္တာ ဈာန်ရပြီးသော ပုဂ္ဂိုလ်သည် အတ္တဒိဋ္ဌိ အစွဲမရှိအောင်ပြု၍ လောကုတ္တရာ သီလရှိသော သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသူဖြစ်လျက် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကိလေသာဖြင့် တွယ်တာခြင်းကို အရှင်းပယ်ပြီးသော် အမှန်ပင် နောင်တစ်ဖန် ပဋိသန္ဓေ မနေရတော့ပေ။

## ခန္ဓသုတ္တ ပါဠိတော်

၅၈။ သဗ္ဗာသီဝိသဇာတီနံ၊
ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။

၅၉။ အာဏာခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၆၀။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာ ဂေါတမကေဟိ စ။

၆၁။ အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိ မေ။

၆၂။ မာ မံ အပါဒကော ဟိံသိ၊
မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊

မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

၆၃။ သဗ္ဗေ သတ္တာ သဗ္ဗေပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပ’ မာဂမာ။

၆၄။ အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏနာဘိ သရဗူ မူသိကာ။

၆၅။ ကတာ မေ ရက္ခာ,
ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓသုတ္တံ နိဋ္ဌိတံ။

## ခန္ဓသုတ် ဖြစ်ပေါ်မှုသမိုင်း

ဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးသည် အဆိပ်ပြင်းထန်သော မြွေကိုက်ခံရ၍ ပျံလွန်တော်မူလေသည်။

ထိုအကြောင်းကို ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က ထိုရဟန်းမှာ–

"ဝိရူပက္ခစသော နဂါးမျိုးတို့၌ မေတ္တာမပို့၍ အကိုက်ခံရကြောင်း၊ အကယ်၍ မေတ္တာပို့လျှင် အကိုက်ခံရမည် မဟုတ်ကြောင်း" မိန့်တော်မူသည်။

–မိမိကိုယ်ကို စောင့်ရှောက်ရန်

–မိမိ၏၏ လုံခြုံရေး

–မိမိ၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ရေးတို့အတွက် ဝိရူပက္ခေဟိ စသော ခန္ဓပရိတ်တော်ကို ဟောတော်မူပြီး ပရိတ်အရံအတားကို ခွင့်ပြုတော်မူခဲ့ပါသည်။ (အင်္ဂုတ္တိုရ် ပ–၃၈၄)

ဘုရားလောင်းရသေ့ ဈာန်ရကာ ဟိမဝန္တာ၌ ရသေ့များစွာနှင့် နေစဉ် ရသေ့တစ်ပါး မြွေကိုက်ခံရ၍ လျှောက်ထားသောအခါ–

"ထိုရသေ့ မြွေကိုက်ခံရ၍ သေရခြင်းမှာ မြွေမျိုးတို့၌ မေတ္တာမပို့ခြင်းကြောင့်ဖြစ်သည်"

ဟု အမိန့်ရှိပြီး မေတ္တာပို့ပုံကို နည်းပေးသောအားဖြင့် ဤခန္ဓပရိတ်ကိုပင် သင်ပေးခဲ့သည်။

ခန္ဓသုတ်ဟူသည် ခန္ဓသဒ္ဒါသည် အပေါင်းအစု အနက်ကို ဟောသည်။ တစ်ဦးတစ်ယောက်ကို အကြောင်းပြု၍ ဟောအပ်သောသုတ် မဟုတ်ပါ။ တပည့်အပေါင်းတို့အား မန္တရားပြုမိစိမ့်သောငှာ ဟောတော်မူသော ကြောင့် ခန္ဓဟု နာမည်တွင်ခဲ့ပါသည်။

## ကာကွယ်သည့် အန္တရာယ်များ

ဤသုတ်သည် မြွေဆိပ်ကင်းဆိပ်စသော အဆိပ်ဘေး၊ အဆိပ်တက်ခြင်းဘေး၊ စုန်းတိုက်၊ နတ်တိုက်၊ အင်းတိုက်ခြင်းဘေး၊ လက်နက်ဘေး၊ အဆိပ်ဘေး၊ အညှဉ်းဆဲခံရခြင်းဘေးတို့မှ ကင်းစေနိုင်ပါသည်။

## ရွတ်ရန်ချိန်

မြွေ၊ ကင်းစသော အဆိပ်ရှိသော သတ္တဝါများ၊ ပေါများရာ တောကြို တောင်ကြားသွား၍ တာဝန်ထမ်းဆောင်နေချိန်၊ တောကြို တောင်ကြား အလုပ်သွား၍ လုပ်ရချိန်၊ မြွေကင်းပေါသော နေရာများ၌ နေရသည့် အချိန်တို့၌ ရွတ်သင့်သည်။ နေ့စဉ် မှန်မှန် ရွတ်ဖွားသင့်ပါသည်။

## ခန္ဓသုတ်  မြန်မာပြန်

၅၈။ ၅၉။

အို--သူတော်ကောင်းတို့၊ နတ်မန္တန် နတ်ဆေးဝါးသည် လျင်သော အဆိပ်ရှိသော မြွေမျိုးမှန်သမျှတို့၏ ပြင်းထန်သော အဆိပ်ကို ဖျက်ဆီးတတ်သကဲ့သို့ ခန္ဓသုတ် ပရိတ်တော်သည် အာဏာခေတ်တစ်ခွင်လုံး၌ သတ္တဝါ အလုံးစုံတို့၏ ပြင်းထန်သော အဆိပ်ကိုလည်းကောင်း၊ ကြွင်းဘေးရန် အမျိုးမျိုးကိုလည်းကောင်း၊ ဘယ်ခါမဆို လုံးဝကင်းစင်အောင်ပင် တားမြစ်ပယ်ရှားနိုင်ပါသည်။

ထိုခန္ဓသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါကုန်စို့။

၆၀။ ဝိရူပက္ခနဂါးမျိုးတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။ ဧရာပထ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။ ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။ ကဏှာ ဂေါတမ နဂါးမျိုးတို့နှင့်လည်း ငါ၏မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။

၆၁။ အခြေမရှိသော သတ္တဝါတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်ခင်မေတ္တာ ဖြစ်ပါစေ။ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။

အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့် ငါ၏မိတ်ဆွေ အဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။

၆၂။ အခြေမရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှဉ်းဆဲပါစေလင့်၊ အခြေနှစ်ချောင်းရှိသော သတ္တဝါမျိုးလည်း ငါ့ကို မညှဉ်းဆဲ ပါစေလင့်၊ အခြေလေးချောင်းရှိသော သတ္တဝါမျိုးလည်း ငါ့ကို မညှဉ်းဆဲပါစေလင့်၊ အခြေများစွာ ရှိသော သတ္တဝါလည်း ငါ့ကို မညှဉ်းဆဲပါစေလင့်။

၆၃။ အလုံးစုံကုန်သော ခန္ဓာငါးပါး တွယ်တာသော သတ္တဝါတို့သည်လည်းကောင်း၊ အလုံးစုံကုန်သော အသက်ရှုသော သတ္တဝါတို့သည် လည်းကောင်း၊ အကြွင်းမရှိ အလုံးစုံ ဖြစ်ပေါ်လာသော သတ္တဝါတို့သည်လည်းကောင်း၊ သတ္တဝါ မှန်သမျှ ကောင်းမြတ်သော အာရုံတို့ကို ကြုံတွေ့ကြရပါစေ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆင်းရဲဒုက္ခ မကျရောက်ပါစေလင့်။

၆၄။ မြတ်စွာဘုရားသည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည် ပမာဏ မရှိ၊ လောကုတ္တရာတရားသည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည်ပမာဏ မရှိ။

အရိယာသံဃာတော်သည် လောကုတ္တရာတရားအရ အတိုင်းအရှည် ပမာဏ မရှိ။

မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ အိမ်မြှောင်၊

ကြွက် ဟူသော ရင်ဖြင့် တွားသွားတတ်သော သတ္တဝါများ
ကား တိုင်းတာကန့်သတ်မှု ပြုတတ်သော ကိလေသာ ရှိ
သူများဖြစ်၍ ပမာဏ ရှိသူများပင် ဖြစ်ပါသည်။

၆၅။ ငါသည် အကာအကွယ် အစောင့်အရှောက်ကို ပြုပြီးခဲ့ပြီ။
ငါသည် အရံအတားကို ပြုခဲ့ပြီး သတ္တဝါများ ရှောင်ရှားကြ
ကုန်လော့။ ငါသည် ပရိနိဗ္ဗာန်ဝင် စံတော်မူပြီးသော ရှေး
ရှေးဘုရားရှင် မှန်သမျှအား ရှိခိုးပါ၏။ ဝိပဿီစသော
ခုနစ်ဆူသော ဘုရားရှင်တို့အား ရှိခိုးပါ၏။

## မောရသုတ္တ ပါဠိတော်

၆၆။ ပုရေန္တံ ဗောဓိသမ္ဘာရေ၊
နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊
မဟာသတ္တံ ဝနေစရာ။

၆၇။ စိရဿံ ဝါယမန္တာပိ၊
နေဝ သက္ခိံသု ဂဏှိတုံ။
"ဗြဟ္မမန္တ" န္တိ အက္ခာတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၆၈။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။

တံ တံ နမဿာမိ ဟာရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၆၉။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

၇၀။ အပေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟာရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟာရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၇၁။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသ' မကပ္ပယီ။

မောရသုတ္တံ နိဋ္ဌိတံ။

## မောရပရိတ် ဖြစ်ပေါ်မှုသမိုင်း

ဘုရားလောင်းသည် ဥဒေါင်းမင်းဖြစ်စဉ်အခါက ဟိမဝန္တာတော ဒဏ္ဍကဟိရညတောင်၌ နေသည်။ အဆင်းကား ရွှေအဆင်းရှိသည်။

ဥဒေါင်းမင်းသည် နေထွက်ချိန်တွင် နေကိုကြည့်ကာ "ဥဒေတယံ" စသောဂါထာကို ရွတ်ဆိုပြီးမှ အစာရှာထွက်လေ့ရှိသည်။ ညနေချိန်တွင်လည်း တောင်ထိပ်မှနေ၍ ဝင်သောနေကို ကြည့်ကာ "အပေတယံ"စသော ဂါထာကို ရွတ်ဆိုသည်။

ဤပရိတ်တန်ခိုးကြောင့် ဥဒေါင်းမင်းမှာ ကြောက်လန့်ခြင်း၊ ကြက်သီးထခြင်းများ မရှိခဲ့ပေ။

တစ်နေ့ ဗာရာဏသီအနီး မုဆိုးရွာမှ မုဆိုးတစ်ယောက်သည် ဟိမဝန္တာ၌ တောလည်စဉ် ဥဒေါင်းမင်းကို တွေ့မြင်ခဲ့၍ မိမိ၏သားကို ပြောပြထားခဲ့သည်။

တစ်နေ့ ဗာရာဏသီမင်း၏ မိဖုရား ခေမာဒေဝီသည် ရွှေဥဒေါင်းမင်းတရားဟောသည်ကို နာရသည်ဟု အိပ်မက်မြင်မက်ပြီး ထိုတရား နာလိုသောစိတ်ဖြင့် မအိပ်နိုင်၊ မစားနိုင် ခံစားနေရသည်။ ဘုရင်က မေး၍ မိဖုရားက ရွှေဥဒေါင်းမင်း၏ တရားကို နာလိုကြောင်း လျှောက်ထားသည်။

ဘုရင်သည် မုဆိုးကျော်တို့ကို ခေါ်ယူပြီး စုံစမ်းရာ ဖခင်ထံမှ ကြားခဲ့ မှတ်သားခဲ့ရသော မုဆိုးက ဒဏ္ဍကဟိရညတောင်ဝယ် ရွှေဥဒေါင်းမင်းရှိကြောင်း၊ သူ့ဖခင် မသေခင်က

ပြောပြသွားသည့်အကြောင်းကို လျှောက်ထားသည်။

ဘုရင်က ထိုမုဆိုးကိုပင် ထိုတောသို့ သွားပြီး ရွှေဥဒေါင်းမင်းကို ဖမ်းယူခဲ့ရန် စေလွှတ်ခဲ့သည်။

မုဆိုးသည် ဟိမဝန္တာသို့သွား၍ ဥဒေါင်းမင်း အစာရှာရာ မြေပြင်တစ်ဝိုက်၌ ကျော့ကွင်းထောင်၍ ဖမ်းသည်။ ခုနစ်နှစ် ကြာခဲ့သည်။ ဖမ်းမရချေ။ မုဆိုးလည်း ထိုတော၌ပင် သေဆုံးခဲ့သည်။ ခေမာဒေဝီ မိဖုရားလည်း ဥဒေါင်းမင်းတရားမနာရသော သောကဖြင့် နတ်ရွာစံခဲ့ရလေသည်။

ဘုရင်သည် မိဖုရားသေဆုံးရသဖြင့် ဥဒေါင်းမင်းကို စိတ်နာကာ "ဟိမဝန္တာတော ဒဏ္ဍကဟိရညတောင်ထိပ်မှ ရွှေဒေါင်းမင်း၏ အသားကို စားရသူသည် မအိုနိုင် မသေနိုင်" ဟူ၍ ရွှေပြားပေါ်တွင် အက္ခရာ ကမ္ပည်းရေထိုးထားခဲ့ပြီး မကြာခင်ပင် နတ်ရွာစံလေသည်။

ထိုစာကို မြင်ရသော နောက်မင်းများသည် မုဆိုးများကို လွှတ်ကာ ဖမ်းစေခဲ့သော်လည်း ဖမ်းမရခဲ့ပေ။ မင်းဆက်ခြောက်ဆယ်တိုင် လွန်ခဲ့သည်။

ခုနစ်ဆယ်မြောက် မင်းလက်ထက်တွင် လွှတ်သော မုဆိုးသည် အကြံတစ်ခုရသည်။ ဥဒေါင်းမပျိုကို မွေးပြီး မာယာပရိယာယ်အသံကို သင်ပေးထားသည်။ ထိုဥဒေါင်းမ ပျိုကိုယူပြီး မုဆိုးသည် ဥဒေါင်းမင်းထံသို့ သွားသည်။ ဥဒေါင်းမပျိုကို မ,သံ ပေးစေသည်။

ဘုရားလောင်း ဥဒေါင်းမင်းသည် မ, သံကိုကြားသော အခါ ပရိတ်ရွတ်မှုကို သတိမရတော့ဘဲ သွားခဲ့ရာ ကျော့ကွင်း၌ မိခဲ့ရသည်။

မုဆိုးသည် ဥဒေါင်းမင်းကိုဖမ်းပြီး ဘုရင်ထံ ဆက်သသည်။ ဥဒေါင်းမင်းက မိမိကို ဖမ်းခြင်းအကြောင်း မေးသည်။

ဘုရင်က ဥဒေါင်းမင်း အသားကို စားရက မအို မသေနိုင်ဆို၍ ဖမ်းရကြောင်းကို ပြောပြသည်။

"အရှင်မင်းကြီး ကျွန်ုပ်ကား မသေရပြီလော"

"ဥဒေါင်းမင်းက သေရမည် ဖြစ်ပါသည်"

"ကျွန်ုပ်သေရလျှင် ကျွန်ုပ်၏ အသားကို စားသောသူ လည်း အဘယ်ကြောင့် မသေဘဲ ရှိပါအံ့နည်း"

"ဥဒေါင်းမင်းက ရွှေအဆင်းရှိသောကြောင့် ဖြစ်ပါသည်"

"မင်းကြီး– ကျွန်ုပ် ရွှေအဆင်းရှိခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ရှေးအခါ စကြာမင်းဖြစ်စဉ်အခါက မိမိသည် ငါးပါးသီလ ကျင့်သုံးပြီး လူအားလုံးတို့ကိုလည်း ကျင့်သုံးစေ သောကြောင့် ဖြစ်ပါသည်"

ဥဒေါင်းမင်းက ဤသို့ ပြောပြီး စကြာမင်း ဖြစ်စဉ်က ရထားမှာ ဤမင်္ဂလာကန်တော်ထဲ၌ရှိကြောင်း ပြောပြသည်။ ကန်မှ ဆယ်ယူသောအခါ မင်္ဂလာရထားကို ရ၍ မင်းကြီးသည် ယုံကြည်သွားသည်။

ထို့နောက် ဥဒေါင်းမင်းသည် မင်းကြီးအား တရားဟော၍ ဟိမဝန္တာသို့ ပြန်လေသည်။

## မောရသုတ် ဖော်ပြချက်

မောရဟူသည် ဥဒေါင်းအနက်ဟောသည်။ ဘုရားလောင်း ဥဒေါင်းမင်း ဖြစ်စဉ်က အကာအကွယ် ပြုလုပ်ခဲ့သော ပရိတ်ဖြစ်၍ မောရပရိတ်ဟု ခေါ်သည်။

- –ဤပရိတ်ကို ရွတ်ပါက ဖမ်းဆီးခံရခြင်းမှ လွတ်နိုင်သည်။
- –ဖမ်းဆီးရန် ဆင်ထားသော အကွက်များမှ မုချအမြဲ လွဲသည်။
- –ရန်သူလက်တွင်း ရောက်နေက လွတ်လမ်းစပေါ်သည်။
- –နေ့စဉ်ထာဝရ အကုန်ရအောင် ရွတ်ထားသင့်သည်။

## ကာကွယ်ပေးသည့် ဘေးအန္တရာယ်

- –ဖမ်းဆီးချုပ်နှောင်ခံရမည့်ဘေး၊ ဖမ်းရန် အကွက်ဆင်ထားသော ဘေး၊ ထောင်ချောက်၊ မိုင်းဗုံးဘေး၊ စောင့်၍ သတ်ခြင်းဘေး၊
- –ချောင်းမြောင်းသတ်ခြင်းဘေး၊ ချုံခိုတိုက်ခြင်းဘေး၊
- –ဖျက်ဆီးရန် အကွက်ဆင်သော ဘေးတို့မှ ကင်းဝေးစေသည်။

## ရွတ်ရန်အခါ်ချိန်

အဖမ်းခံရမည့်အရေး၊ ရန်သူနယ်သို့ ဝင်ရတော့မည့် အချိန်၊ ထောင်အကျဉ်း၌ လွတ်လိုချိန်၊ ရန်သူနှင့် ရင်ဆိုင်တိုးရတော့မည့်အချိန်တို့၌ ရွတ်ရသည်။

## မောရသုတ် မြန်မာပြန်

၆၆, ၆၇။ အို–သူတော်ကောင်းတို့ သဗ္ဗညုတဉာဏ် ရရန် အထောက်အကူ ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူသော ဥဒေါင်းမျိုး၌ ဖြစ်တော်မူသော မောရပရိတ်ဖြင့် ကောင်းစွာ ပြုပြင်စီရင်အပ်သော အစောင့်အရှောက်ရှိသော ဘုရားလောင်း ရွှေဥဒေါင်းမင်းကို ခုနစ်ဆက်သော မုဆိုးတို့သည် နှစ်ပေါင်း ခုနစ်ရာရှည် ကြာမြင့်အောင် ဖမ်းဖို့ရန် ကြိုးစားခဲ့သော်လည်း မစွမ်းနိုင်ကြကုန်သာလျှင်တည်း။ ဘူးမြတ်သော မန္တန်ဟူ၍ ဘုရားရှင် ချီးကျူးမွမ်းတော်ကြားတော် မူအပ်သော ထိုမောရပရိတ်တော်ကို ရွတ်ဆိုကြပါကုန်စို့။

၆၈။ ကမ္ဘာသူ ကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိ၍ အရောင်များတွင် တစ်ဦးတည်းသော ဘုရင်ဖြစ်သော ရွှေအဆင်းရှိလျက် မြေပြင်အပြန့်နှံ့အောင် ထွန်းလင်း တတ်သော ဤနေမင်းသည် ထွက်ပေါ်လာ၏။ ထို့ကြောင့် ရွှေ

အဆင်းရှိကာ ကမ္ဘာမြေပြင် ပြန့်နှံ့အောင် ထွန်းလင်းသော အရှင်နေမင်းကို ကျွန်ုပ် ရှိခိုးပါ၏။ ယနေ့ အရှင်နေမင်း၏ အစောင့်အရှောက်ကိုခံယူ၍ ကျွန်ုပ်တို့ တစ်နေ့တာပတ်လုံး ချမ်းသာစွာ နေကြကုန်ပါအံ့။

၆၉။ ဗုဒ္ဓရှင်တော်မြတ်တို့သည် အလုံးစုံသောတရားတို့ကို သိတော်မူကြကုန်၏။ ထိုဘုရားရှင်မြတ်တို့သည် ကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်။ ထို အရှင်တော်မြတ်ဘုရားသည် ကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူပါကုန်။ ဘုရားရှင်တို့အား ရှိခိုးပါ၏။ ဘုရားရှင်တို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ် တို့ကိုလည်း ရှိခိုးပါ၏။ ကိလေသာမှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား ရှိခိုးပါ၏။ ထိုဘုရားရှင်တို့၏ ဝိမုတ္တိ ငါးပါးအား ရှိခိုးပါ၏။ ဥဒေါင်းမင်းသည် ဤပရိတ် အရံအတားကိုပြုကာ အစာရှာရန် လှည့်လည်သည်။

၇၀။ ကမ္ဘာသူ, ကမ္ဘာသားတို့အား–ဤနေမင်းသည် တောင်စွယ် နေကွယ်ဝင်လေသည်–– တစ်ညတာပတ်လုံး ချမ်းချမ်းသာသာ နေကြရပါကုန်အံ့။

၇၁။ ဗုဒ္ဓရှင်တော်မြတ်တို့သည်––ဤပရိတ်ကို အရံအတားပြု၍ အိပ်တန်းတက်ကာ ညအိပ်နေခြင်းကို ပြုလေသည်။

## ဝဋ္ဋသုတ္တပါဠိတော်

၇၂။ ပုရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။
၇၃။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၇၄။ အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျ'နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ'မနုတ္တရံ။
၇၅။ အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ'မဝဿာယ၊ သစ္စကိရိယ'မကာသဟံ။
၇၆။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။
၇၇။ သဟ သစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊ ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

**ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။**

### ဝဋ္ဋသုတ်ပရိတ်တော် ဖြစ်ပေါ်မှုသမိုင်း

မာဂဓတိုင်း တစ်ခုသော တောအုပ်ဝယ် ဘုရားလောင်းသည် ငုံးမျိုး၌ ဖြစ်သည်။ ဥမှ မွေးသောအခါ၌ အိမ်ဂျင်ပမာဏ အရွယ်ရှိသည်။ ငုံးငယ်၏ မိဘတို့သည် ငုံးငယ်ကို အသိုက်၌ ထားကာ အစားအစာကို ကောင်းစွာ ရှာဖွေကျွေးသည်။

တစ်နေ့ ထိုနေရာ၌ တောမီးသည် အကြီးအကျယ် လောင်လေသည်။ ငှက်အပေါင်းတို့သည် သေဘေးမှ ကြောက်သည်ဖြစ်၍ အဝေးသို့ ပျံပြေးကြသည်။

ငုံးငယ်၏ မိဘတို့သည်လည်း သေဘေးမှ ကြောက်၍ ငုံးငယ်ကို ပစ်ကာ ပြေးကြသည်။ ငုံးငယ်သည် အသိုက်၌ ဝပ်လျက် လည်ကိုချီကာ တဖြည်းဖြည်း လောင်လာသော တောမီးကို မြင်၍ စဉ်းစားမိသည်။

'ငါ့တွင် အတောင်ရှိလျက် ကောင်းကင်သို့ ပျံနိုင်သောအစွမ်း မရှိ။ ခြေကြွ၍ သွားနိုင်သော အစွမ်းလည်း မရှိ။ အကယ်၍ရှိမူ ငါသည် ဤမီးဘေးမှ ဝေးရာသို့ ပျံနိုင်ပေမည်။ ယခု ငါ၏မိဘတို့သည် သေဘေးမှ ကြောက်၍ ပြေးကြပြီ။ ငါ့တွင် အားကိုးစရာ မရှိ၊ မှီခိုစရာလည်း မရှိ။

ဤလောက၌ သီလကျေးဇူးသည် ရှိ၏။ လွန်လေပြီးသော အခါ၌ ပါရမီတို့ကို ဖြည့်ဆည်းပြီး သစ္စာလေးပါးကို သိတော်မူကုန်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ အရဟတ္တဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ပြည့်စုံကုန်သော မှန်ကန်ခြင်း၊ ချစ်ခြင်း၊ သနားခြင်း၊ သည်းခံခြင်းနှင့် ပြည့်စုံကုန်သော အလုံးစုံကုန်သော သတ္တဝါတို့၌ အမျှဖြစ်သော မေတ္တာများခြင်း ရှိကုန်သော သဗ္ဗညုတ ဘုရားရှင်တို့မည်သည် ဤလောက၌ ရှိကြကုန်သည်။ ထိုဘုရားရှင်တို့ သိအပ်ကုန်သော တရားကျေးဇူးတို့သည်လည်း ရှိကုန်၏။

'ငါ့၌လည်း တစ်ခုသော သစ္စာသည် ရှိ၏။ ငါသည် ဤလွန်လေပြီးသော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးနှင့် ငါ့တွင်ရှိသော သစ္စာ သဘောတရားတို့ကို ယူ၍ သစ္စာဆိုရပါမူ ဤတောမီးဘေးမှ လွတ်ရာပေသည်'

ငုံးငယ်သည် ဤသို့ စဉ်းစားမိပြီး အောက်ပါသစ္စာကို ဆိုသည်။

"ငါ့အား အတောင်တို့ရှိသော အဖြစ်သည်လည်းကောင်း၊ ထိုအတောင်တို့ကို ဖြန့်၍ ကောင်းကင်သို့ မပျံနိုင်သောအဖြစ်သည်လည်းကောင်း၊ ခြေတို့ရှိသော အဖြစ်သည်လည်းကောင်း၊ ထိုခြေတို့ကို ကြွ၍ မသွားနိုင်သော အဖြစ်သည်လည်းကောင်း၊ မိဘတို့သည် အသိုက်ဆိနှင့် ငါ့ကို စွန့်ပြေးသောအဖြစ်ကို လည်းကောင်း၊ မဖောက်မပြန် မှန်သည်သာလျှင် ဖြစ်ကြောအံ့။ အိုတောမီး၊ ဤသစ္စာဖြင့် သင်သည် ဤအရပ်မှ ဖယ်ခွါပါလော့"

ငုံးမင်းသည် အသိုက်၌ နေလျက် ဤသို့ သစ္စာဆိုသည်ရှိသော် တောမီးသည် ရေသို့ ရောက်သကဲ့သို့ တစ်ဆယ့်ခြောက်ပယ်သော အရပ်တို့ ကွင်းကာ ငြိမ်းသွားသည်။

ဝဋ္ဋသုတ်ဟူသည် = ဝဋ္ဋဟူသော ပါဠိသည် ငုံးငှက်ကို ဟောသည်။ ဘုရားလောင်း ငုံးငှက်ဖြစ်စဉ်က သစ္စာဆိုခဲ့သော အကြောင်းအရာ ဖြစ်သောကြောင့် ဤသုတ်ကို ဝဋ္ဋသုတ်ဟု ခေါ်သည်။

## ကာကွယ်ပေးသည့် အန္တရာယ်ဘေး

မီးလောင်ခြင်းနှင့် ပတ်သက်သော အန္တရာယ်ဘေးများမှ ကာကွယ်ပေးပါသည်။

## ရွတ်ရန်အချိန်

မီးဘေးစိုးရိမ်ရသော ပူပြင်းသော နွေရာသီ ရောက်ချိန်၊ မီးအန္တရာယ်များသော အရပ်ဒေသ၌ နေရချိန်တို့တွင် ရွတ်ရန်သင့်ပါသည်။

## ဝဋ္ဋသုတ်မြန်မာပြန်

၇၂။ အို–သူတော်ကောင်းတို့၊ သဗ္ဗညုတဉာဏ်ရရန် အထောက်အကူ ပါရမီ အဆောက်အဦတို့ကို ဖြည့်ကျင့်တော်မူသော ငုံးမျိုး၌ ဖြစ်တော်မူရသော ဘုရားလောင်း ငုံးမင်းကို ဤဝဋ္ဋသုတ် ပရိတ်တော် အစွမ်းအာနုဘော်ကြောင့် တောမီးသည် ရှောင်ကွင်းလေပြီ။

၇၃။ သာရိပုတ္တမထေရ်အား လောကလူသားတို့ အားထားကိုးကွယ်ရာ မြတ်စွာဘုရားသည် ဟောအပ်သော ကမ္ဘာပတ်လုံး မပျက်တည်သော သဘောရှိသော၊ ကြီးမားသော အစွမ်းအာနုဘော်ရှိသော ထိုဝဋ္ဋပရိတ်တော်ကို ငါတို့ ရွတ်ကြကုန်စို့။

၇၄။ လောကဌ် သီလတရား၊ သစ္စာတရား စင်ကြယ်သည်၏ အဖြစ်၊ မေတ္တာကရုဏာတရားများ ရှိကြ၏။ ထိုတရားများတွင် ပါဝင်သော သစ္စာတရားဖြင့် ထူးမြတ်သော သစ္စာဆိုမှုကို ငါပြုပေတော့အံ့။

၇၅။ ငါသည် တရားတော်၏ အစွမ်းအာနုဘော်ကို ဆင်ခြင်တော်မူပြီးလျှင် ရှေးအတိတ်က ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့ကို အောက်မေ့လျက် သစ္စာ၏ အစွမ်းကို အားကိုးပြုကာ သစ္စာဆိုမှု ပြုခဲ့လေပြီ။

၇၆။ ငါ့မှာ အတောင်များ ရှိနေပါ၏။ ပျံကား မပျံနိုင်ပါ။ ငါ့မှာ ခြေထောက်များ ရှိနေပါ၏။ သွားကား မသွားနိုင်ပါ။ ငါ၏မိဘတို့သည် အသက်ဘေးကြောင့် ငါ့ကိုပစ်၍ ရှောင်ခွာပစ်ပြေးကြပါပြီ၊ အို–တောမီး ပြန်လှည့်သွား၊ ရှောင်ခွာသွားပါလော့။

၇၇။ ငါဘုရားသည် ဤသစ္စာကို ပြုသည်ရှိသော် ပြုသည်နှင့်တစ်ပြိုင်နက် မီးသည် ရေသို့ရောက်သော် ငြိမ်းအေးရသကဲ့သို့ ကြီးမားသော အရှိန်အလျှံရှိသော တောမီးသည် တစ်ဆယ့်ခြောက်ပယ်စာ အကွာအဝေးတိုင်အောင် ရှောင်ကွင်း ငြိမ်းအေးလေသည်။ ငါ၏ သစ္စာနှင့်တူသော တရားကား မရှိတော့ပေ။ ဤသစ္စာအမှုသည် ငါဘုရား၏ အထွတ်အထိပ်သို့ ရောက်ရသော သစ္စာပါရမီတော်ပင် ဖြစ်တော့သည်။

## ဓဇဂ္ဂသုတ္တပါဠိတော်

၇၈။ ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ’ မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။
၇၉။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၈၀။ ဧဝံ မေ သုတံ –
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
၈၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ “ဘိက္ခဝေါ”တိ။
“ဘဒန္တေ”တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။
ဘဂဝါ ဧတဒဝေါစ –
ဘူတပုဗ္ဗံ ဘိက္ခဝေ
ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ။
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော
ဒေဝေ တာဝတိံသေ အာမန္တေသိ
“သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ

ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၂။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကေယျာထ။
ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကယတံ၊
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၃။ နော စေ ပဇာပတိဿ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဝရုဏဿ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၄။ နော စေ ဝရုဏဿ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဤသာနဿ ဒေဝရာဇဿ

မဇ္ဈေ ဥလ္လောကေယျာထ။
ဤသာနသ ဟိ ဝေါ ဒေဝရာဇဿ
မဇ္ဈံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ”တိ။
၈၅။ တံ ခေါ ပန ဘိက္ခဝေ
သက္ကဿ ဝါ ဒေဝါနမိန္ဒဿ မဇ္ဈံ ဥလ္လောကယတံ,
ပဇာပတိဿ ဝါ ဒေဝရာဇဿ မဇ္ဈံ ဥလ္လောကယတံ,
ဝရုဏဿ ဝါ ဒေဝရာဇဿ မဇ္ဈံ ဥလ္လောကယတံ
ဤသာနဿ ဝါ ဒေဝရာဇဿ မဇ္ဈံ ဥလ္လောကယတံ,
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော
ဝါ၊ သော ပဟီယေထာပိ နောပိ ပဟီယေထ။
၈၆။ တံ ကိဿ ဟေတု?
သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော
အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော
ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။
၈၇။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ –
သစေ တုမှာကံ ဘိက္ခဝေ
အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ
သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ

ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ သမယေ အနုဿရေယျာထ
၈၈။ “ဣတိပိ သော ဘဂဝါ
အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရော ပုရိသဒမ္မသာရထိ,
သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ”တိ။
၈၉။ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။
၉၀။ နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ။
၉၁။ “သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ”တိ။
၉၂။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။
၉၃။ နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ။

၉၄။ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ
အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

၉၅။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၉၆။ တံ ကိဿဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော
အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၉၇။ ဣဒမဝေါစ ဘဂဝါ။ ဣဒံ ဝတွာန သုဂတော
အထာပရံ ဧတဒဝေါစ သတ္ထာ။

၉၈။ အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။

၉၉။ နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
၁၀၀။ နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။
၁၀၁။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဟေဿတိ။
**ဓဇဂ္ဂသုတ္တံ နိဋ္ဌိတံ။**

## ဓဇဂ္ဂသုတ် ဖြစ်ပေါ်မှုသမိုင်းစဉ်

"ဓဇဂ္ဂ ပရိတ်တော်ကို အောင့်မေ့ရုံမျှဖြင့်သော်လည်း သတ္တဝါတို့သည် ကောင်းကင်၌သော်ပင် မြေပြင်ပေါ်၌ကဲ့သို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဆောက်တည်ရာကို ရကြကုန်၏။ ဘီလူး၊ ခိုးသူ စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ဘေးရန်ခပင်း ပိုက်ကွန်တွင်းမှ လွတ်မြောက်ကြကုန်သော သူတို့၏ အရေအတွက် သည်ကား ရေတွက်၍ မရပါပေ"

ဤအချီစကားသည် သဂါထာဝဂ္ဂသက္ကသံယုတ် အဋ္ဌကထာ ဓဇဂ္ဂသုတ်အဖွင့်၌ ဆိုထားသော ဝတ္ထုအရ ဖြစ်ပါသည်။

သီဟိုဠ်ကျွန်း-ဒီဃဝါပိ စေတီထက်၌ အင်္ဂတေအချောကိုင် နေသော ရဟန်းတစ်ပါးသည် စေတီအထက်ဆင့် လက်ရမ်းမှ

ကျ၍ စေတီကို ဝမ်းပြင်ဖြင့် လျောကျလာသည်။ အောက်၌နေကြသော ရဟန်းတို့က–

"ငါ့ရှင် ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ"

ဟု လှမ်းအော်ပြောကြသည်။

လိမ့်ကျလာသော ရဟန်းသည် သေရမည့်ဘေးမှ ကြောက်လန့်သဖြင့် –

"ဓဇဂ္ဂပရိတ်သည် ငါ့ကို စောင့်ရှောက်ပါစေသတည်း"ဟု ဆိုလိုက်သည်။ ထိုခဏမှာပင် စေတီထဲမှ အုတ်နှစ်ချပ် ရုတ်တရက်ပေါ်ထွက်လာပြီး လှေကားထစ်ဖြစ်လျက် ခံပေးလေသည်။

အပေါ်ရှိ ရဟန်းများက နွယ်လှေကား ချပေးရာ ထိုလှေကားပေါ်သို့ ရဟန်း ရောက်လျှင် အုတ်နှစ်ချပ်မှာ တည်မြဲတိုင်းသော မူလနေရာသို့ ပြန်ဝင်၍ တည်သွားသည်။

"ဤ ဓဇဂ္ဂသုတ်ကို ဆင်ခြင်၍ ဘီလူးဘေး၊ ခိုးသူဘေး စသော ဘေးဒုက္ခတို့မှ လွတ်ကြရသူတို့ အဆုံးမရှိ"ဟု ဖွင့်ဆိုပြသော အဋ္ဌကထာစကားအရ ဤသုတ်တန်ခိုးသည် ခိုးသူဘေး၊ ဘီလူးဘေးတို့မှ ကင်းကြောင်းလည်း သိရပါမည်။

ဓဇဂ္ဂ = စစ်ချီသောအခါ ကိုင်ဆောင်လွှင့်ထူသော အလံများကို ပါဠိလို "ဓဇဂ္ဂ"ဟု ခေါ်သည်။ သူနိုင်ငါနိုင် အပြိုင်ကြဲ၍ သက်စွန့်ကြိုးပမ်း တိုက်ခိုက်ရသောအခါ ကြောက်လန့်စိတ်များ ဝင်လာတတ်ကြသဖြင့် ကြောက်စိတ်ပြေအောင် လေဟုန်ခပ်သဖြင့်

တဖျတ်ဖျတ် လှုပ်ရှားပွင့်မြူးနေသော အလံများကို မော့ကြည့်လိုက်သောအခါ ကြောက်စိတ်များ ပျောက်သွားတတ်ကြသည်။ စိတ်အားတက်ကြွလာကြသည်။

သိကြားမင်းသည် ရှေးအခါက အသူရာတို့နှင့် စစ်ဖြစ်ခဲ့သည်။ နတ်စစ်သည်တို့အား သိကြားမင်းက စိတ်အားထက်စေရန် ငါ၏ အလံတော်နှင့် နတ်စစ်သူကြီးများ အလံကို ကြည့်ကြပါ။ ကြောက်လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း ပျောက်လိမ့်မည်ဟု ပြောကြားခဲ့သည်။

ယင်းသိကြားမင်း၏ စကားတွင်ပါသော ဓဇဂ္ဂဟူသော စကားကို အစွဲပြုပြီး ဤသုတ်ကို "ဓဇဂ္ဂ"ဟူ၍ ခေါ်သည်။

## ကာကွယ်သည့်ဘေးအန္တရာယ်

ကြောက်လန့်ခြင်း၊ ကြောက်ဒူးတုန်ခြင်း၊ ကြက်သေသေခြင်း၊ ကြက်သီးမွေးညင်းထခြင်း၊ ဘီလူး၊ တစ္ဆေ၊ သရဲ သူခိုး၊ ဓားပြ စသည်တို့ကြောင့် ကြောက်ရွံ့ ထိတ်လန့်ခြင်း စသော ဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်ပေးသည်။

## ရွတ်ရန်အချိန်

ကြောက်လန့်စရာများနှင့် တွေ့ကြုံသောအခါ၊ တိုင်းပြည်မငြိမ်မသက် ဖြစ်သောအခါ၊ အားကိုးရာ ကင်းမဲ့သောအခါ၊

ကြောက်လန့်စရာ တစ္ဆေသရဲ စသည်တို့နှင့် တွေ့သော အခါတို့၌ ရွတ်ဆိုသင့်ပါသည်။

## ဓဇဂ္ဂသုတ် မြန်မာပြန်

၇၈။ အို...သူတော်ကောင်းတို့...အကြင် ဓဇဂ္ဂသုတ်ကို အောက်မေ့

၇၉။ ရုံမျှဖြင့်လည်း သတ္တဝါတို့သည် ကောင်းကင်၌သော်ပင် မြေပေါ်၌ကဲ့သို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဆောက်တည်ရာကို ရကြကုန်၏။ ဘီလူး၊ ခိုးသူ စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ဘေးရန်ခပင်း ပိုက်ကွန်တွင်းမှ လွတ်မြောက်ကြရသူတို့၏ အရေအတွက်သည် ရေတွက်၍ပင် မရနိုင်ပါပေ။ ထို ဓဇဂ္ဂပရိတ်ကို ငါတို့ ရွတ်ဖတ်ကြပါစို့...

၈၀။ အရှင်ဘုရား တပည့်တော်သည် ဤသို့ မှတ်သား ကြားနာခဲ့ရပါသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူပါသည်။

၈၁။ ထိုဇေတဝန်ကျောင်း၌ပင် ဘုရားရှင်သည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူပြီး အရှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် ဘုရားရှင်၏ မိန့်ခေါ်ခြင်းကို စကားတုံ့ပြန် ခံယူကုန်ပြီး၊ ဘုရားရှင်သည် ဤစကားကို မိန့်တော်မူပြီး-

ရဟန်းတို့ ရှေး၌ ဖြစ်ခဲ့ဖူးသည်ကား၊ တာဝတိံသာနတ်တို့နှင့် အသူရာတို့၏ စစ်သည်ပြင်ဆင်ခြင်းပြု စုရုံးမိကြသည်။ ရဟန်းတို့ ထိုအခါ နတ်တို့၏ အရှင်သခင်ဖြစ်သော သိကြားမင်းသည် တာဝတိံသာနတ်တို့ကို မိန့်ဆိုခဲ့ပါသည်။ အမောင်နတ်သား စစ်မြေပြင်၌ ရောက်နေကြကုန်သော အမောင်နတ်တို့အား ကြောက်လန့်ခြင်းသည်လည်းကောင်း၊ နှလုံးသားခုန် တုန်လှုပ်ခြင်းသည် လည်းကောင်း၊ မွေးညင်း ကြက်သီးထခြင်းသည် လည်းကောင်း အကယ်၍ ဖြစ်ငြားအံ့။ ထိုအခါ၌ ငါ၏ အလံထိပ်ဖျားကို မော်၍ကြည့်ကြကုန်လော့။ ငါ၏ အလံထိပ်ဖျားကို မော်၍ကြည့်ကြကုန်သော သင်တို့အား အကြင် ကြောက်လန့်ခြင်းသည် လည်းကောင်း၊ နှလုံးတုန်လှုပ်ခြင်းသည် လည်းကောင်း၊ ကြက်သီးမွေးညင်းထခြင်းသည် လည်းကောင်း ထိုအရာမှန်သမျှ ပယ်ဖျောက်ပေလတ္တံ့။

၈၂။ ငါ၏ အလံတော်ထိပ်ဖျားကို မော်မကြည့်မိခဲ့လျှင် ပဇာပတိနတ်မင်း၏ အလံတော် ထိပ်ဖျားကို မော်ကြည့်ကြကုန်လော့၊ အကြောင်းမှာ ပဇာပတိ နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြကုန်သောသင်တို့ အားဖြစ်လာမည့် ကြောက်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ပျောက်လိမ့်မည် ဖြစ်သောကြောင့်တည်း။

၈၃။ အကယ်၍ ပဋ္ဌာပတိနတ်မင်း အလံကို မကြည့်မိလျှင် ဝရုဏနတ်မင်း၏ အလံတော်ကိုကြည့်ပါ–

၈၄။ ဝရုဏနတ်မင်း၏ အလံတော်ထိပ်ဖျားကို မကြည့်မိလျှင် ဤသာန နတ်မင်း၏ တံခွန်ထိပ်ဖျား အလံကို ကြည့်ပါ။

၈၅။ ရဟန်းတို့ နတ်တို့၏ အရှင်သိကြားမင်း၏ အလံတော် ထိပ်ဖျားကို မော်ကြည့်ကြသော နတ်တို့အား လည်းကောင်း၊ ပဋ္ဌာပတိနတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြ သော နတ်တို့အားလည်းကောင်း၊ ဝရုဏနတ်မင်း၏ အလံ တော်ထိပ်ဖျားကို မော်ကြည့်ကြသော နတ်တို့အားလည်း ကောင်း၊ ဤသာန နတ်မင်း၏ အလံတော်ထိပ်ဖျားကို မော်ကြည့်ကြသော နတ်တို့အားလည်းကောင်း ကြောက် လန့်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းတို့ကို ပျောက်သော်လည်း ပျောက်မည်။ မပျောက်ဘဲလည်း နေချင် နေလိမ့်မည်။

၈၆။ ထိုကြောက်ခြင်း စသည် ပျောက်,မပျောက် နှစ်မျိုးဖြစ်ရ ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့၊ နတ်တို့သနင်း သိကြားမင်းသည် မကင်းသော ရာဂရှိသည်။ မကင်းသော ဒေါသရှိသည်။ မကင်းသော မောဟရှိသည်။ ကြောက်တတ် သည်။ ကိုယ်တုန်လှုပ်တတ်သည်။ ထိတ်လန့်တတ်သည်။ ထွက်ပြေးတတ်သည်။

၈၇။ ရဟန်းတို့ ဤသို့ ဟောတော်မူ၏။ ရဟန်းတို့ တောအရပ်သို့ ကပ်ရောက်ကြကုန်သော၊ သစ်ပင်သို့ ကပ်ရောက်ကြကုန်သော၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်ကြကုန်သော သင်တို့အား ကြောက်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း အကယ်၍ ဖြစ်ငြားအံ့။ ထိုအခါ၌ ငါဘုရားကိုသာလျှင် အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၈၈။ ထိုမြတ်စွာဘုရားသည် ဤသို့လျှင် သုံးလူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါ၏။ တရားတို့ကို ဆရာမပြ မိမိကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူ၏။

- ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏာတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပါ၏။
- ကောင်းသောစကားကိုဆိုရန် ကောင်းစွာ ကြွသွားတော်မူပါ၏။
- လောကသုံးပါးကို သိတော်မူပါ၏။
- အတုမရှိ နတ်လူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါ၏။
- နတ်လူတို့၏ ဆရာ ဖြစ်တော်မူပါ၏။
- သစ္စာလေးပါးကို သိတော်မူပါ၏။
- ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါ၏။

၈၉။ ငါဘုရားကို အဖန်တလဲလဲ အောက်မေ့ကြသော သင်တို့အား

ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း တို့သည် ပယ်ပျောက်ရာ၏။

၉၀။ ငါ့ကို အကယ်၍ မအောက်မေ့မိငြားအံ့။ တရားတော်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၉၁။ ဘုရားရှင်သည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူ၏။ တရားတော်သည် ကိုယ်တွေ့ သိမြင်အပ်သော တရားတော်ပေတည်း။ အခါမလင့် အကျိုးပေးတတ်ပါ၏။ လာလှည့်ရှုလှည့်ပါဟု ဖိတ်ခေါ်ထိုက်သော တရားတော် ဖြစ်၏။ စိတ်မှာ အမြဲဆောင်ထားအပ်သော တရားတော် ဖြစ်၏။ တရားသိမြင်ပညာရှင်တို့ အသီးသီး မြင်အပ်သော တရားတော်ဖြစ်ပါ၏။

၉၂။ ရဟန်းတို့ တရားတော်ကို အဖန်တလဲလဲ အောက်မေ့သော သူအား ကြောက်လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီး မွေးညင်းထခြင်းတို့သည် ပယ်ပျောက်ရာ၏။

၉၃။ ရဟန်းတို့ အကယ်၍ တရားကို မအောက်မေ့မိလျှင် သံဃာတော်ကို အောက်မေ့ရာ၏။

၉၄။ ဘုရားရှင်၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူတတ်၏။ ဖြောင့်မတ်စွာကျင့်တော်မူ၏။ နိဗ္ဗာန် ရရေး အလေးပေးကာ ကျင့်တော်မူ၏။ နတ်လူတို့ အရိ အသေခံထိုက်အောင် ကျင့်တော်မူ၏။ အစုံအားဖြင့် လေးစုံ

အသီးသီးအားဖြင့် အလှူကိုသော်ပင် ခံတော်မူထိုက်၏။ ညည့်သည်ကောင်းတို့အတွက် စီမံအပ်သော ပစ္စည်း ဝတ္ထုကို ပင် ခံယူထိုက်၏။ မြတ်သောအလှူကို ခံယူထိုက်၏။ လက်အုပ် ချီမိုးခြင်းကို ခံယူထိုက်၏။ တစ်လောကလုံး အတုမရှိသော ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ် ဖြစ်တော်မူ၏။

၉၅။ ရဟန်းတို့ သံဃာဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သော သင်တို့အား ကြောက်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းတို့ကို ပယ်ဖျောက်ရာ၏။

၉၆။ ရဟန်းတို့ ထိုအကြောင်းမှာ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ တရားအလုံးစုံကို ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားသည် ကင်းပြီးသောရာဂရှိ၏။ ကင်းပြီးသော ဒေါသရှိ၏။ ကင်းပြီးသော မောဟရှိ၏။ ကြောက်လန့်ခြင်း ရှိတော်မမူ။ ကိုယ်တုန်လှုပ်ခြင်း ရှိတော်မမူ။ ထိတ်လန့်ခြင်း ရှိတော်မမူ။ ပြေးလေ့ရှိတော်မမူ။

၉၇။ မြတ်စွာဘုရားသည် ဤတရားစကားကို မိန့်တော်မူပြီး ဘုရားရှင်သည် ဤစကားကို မိန့်တော်မူပြီးနောက် အခြားတစ်ပါးသော တရားဒေသနာကို မိန့်တော်မူပြန်သည်။

၉၈။ ရဟန်းတို့ တော၌သော် လည်းကောင်း၊ သစ်ပင်ရင်း၌သော် လည်းကောင်း၊ ဆိတ်ငြိမ်ရာတဲကျောင်း၌သော်လည်းကောင်း၊

ငါဘုရားကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။ထိုသို့ အောက်မေ့သော် သင်တို့အား ကြောက်လန့်ခြင်းသည် မဖြစ်ရာ။

၉၉။ လူနတ်တို့၏ အကြီးအမှူးဖြစ်သော၊ မနိုင်းယှဉ်အပ် ပုဂ္ဂိုလ်မြတ်ဖြစ်သော ဘုရားရှင်ကို အကယ်၍ မအောက်မေ့မိငြားအံ့။ သံသရာထွက်မြောက်ကြောင်း ကောင်းစွာ ဟောအပ်သော တရားတော်ကို အောက်မေ့ကြကုန်လော့။

၁၀၀။ သံသရာမှ လွတ်မြောက်ကြောင်း တရားမြတ်ကို မအောက်မေ့မိပါက အတုမရှိ ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေသဖွယ်ဖြစ်သော သံဃာတော်ကို အောက်မေ့ကြကုန်လော့။

၁၀၁။ ရဟန်းတို့ ငါဘုရား ညွှန်ကြားသည့်အတိုင်း ငါဘုရားကိုလည်းကောင်း၊ တရားကို လည်းကောင်း၊ သံဃာကိုလည်းကောင်း အစဉ်တစိုက် အောက်မေ့ကြသော သင်တို့အား ကြောက်လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းတို့သည် မဖြစ်ပေါ်ပေရာ။

## အာဋာနာဋိယသုတ္တပါဠိတော်

၁၀၂။ အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

၁၀၃။ ပရိသာနံ စတဿန္နံ၊ အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၁၀၄။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။
၁၀၅။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။
၁၀၆၊ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
၁၀၇။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။
၁၀၈။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အ ပိသုဏာထ၊ မဟန္တာ ဝီတသာရဒါ။
၁၀၉။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။
၁၁၀။ ဧတေ စညေ စ သမ္ဗုဒ္ဓါ၊ အနေကသတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊ သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။
၁၁၁။ သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟု’ ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာနမုတ္တမံ။
၁၁၂။ သီဟနာဒံ နဒန္တေ တေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။

၁၁၃။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဒွတ္တိံသလက္ခဏူပေတာ၊ သီတျာနုဗျဉ္ဇနာဓရာ။
၁၁၄။ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။
၁၁၅။ မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။
၁၁၆။ ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟဿာသာ၊ သရဏာ စ ဟိတေသိနော။
၁၁၇။ သဒေဝကဿ လောကဿ၊ သဗ္ဗေ ဧတေ ပရာယဏာ။
တေသာဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ။
၁၁၈။ ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။
၁၁၉။ သဒါ သုခေန ရက္ခန္တု၊ ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊ မုတ္တော သဗ္ဗဘယေဟိ စ။
၁၂၀။ သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။
၁၂၁။ တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာဗလေန စ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၂။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

၁၂၃။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ’ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၄။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ’ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၅။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ’ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၆။ ပုရိတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။
၁၂၇။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ’ နုရက္ခန္တု၊
အရောဂေန သုခေန စ။
၁၂၈။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ’ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၉။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ’ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၃၀။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊
သုခီ ဒီဃာယုကော ဘဝ။

၁၃၁။ အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဍာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။
အာယုဝဍ္ဎနကုမာရဝတ္ထု နိဋ္ဌိတံ။

## အာယုဝဍ္ဎနကုမာရဝတ္ထုသမိုင်း

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုတ်တောင်တွင် သီတင်းသုံးစဉ်အချိန် ဖြစ်ပါသည်။ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးသည် ညဉ့်သန်းခေါင်ယံအချိန် ဘုရားရှင်ထံ လာရောက် ဖူးမြော်ကြသည်။

ထိုအချိန်တွင် ဝေဿဝဏ်နတ်မင်းကြီးက ဘုရားရှင်အား-

"ရှင်တော်မြတ်ဘုရား- သာသနာကို ကြည်ညိုကြသော နတ်ဘီလူးများ၊ မကြည်ညိုကြသော နတ်ဘီလူးများ အမျိုးမျိုး ရှိကြပါသည်။ မကြည်ညိုသော နတ်ဘီလူးများက ပိုမိုများပါသည်။ အကြောင်းကား ဘုရားရှင်က သူ့အသက်ကို မသတ်ဖို့ မကောင်းမှု ဒုစရိုက်များကို ရှောင်ကြဉ်ဖို့ ဟောသောကြောင့် ဖြစ်ပါသည်။ သူတို့က မကောင်းမှု ဒုစရိုက်များကို မရှောင်လိုကြပါ။ မကောင်းမှု ရှောင်ရန် ဟောကြားသော စကားသံကို သူတို့ မကြိုက်၊ မနှစ် သက်ကြပါ။ ထိုအပြုအမူများသည် သူတို့စရိုက်နှင့် မကိုက်ညီသော ကြောင့် ဖြစ်ပါသည်။ လူသူဝေးသော တောထဲ၌ တောကျောင်း

များ၌ ရဟန်းတော်များ နေကြရာ တောထဲ၌ ကြမ်းတမ်းသော နတ်ဘီလူးများ ရှိနေကြပါသည်။ သူတို့ မကြည်ညိုပါက အနှောင့်အယှက် ပေးကြပါသည်။ သူတို့ အနှောင့်အယှက်မပေးရန်၊ မညှဉ်းဆဲရန်၊ သူတို့၏ဘေးမှ ကာကွယ်ပေးသော အာဋာနာဋိယ ခေါ်သော အကာအကွယ် အစောင့်အရှောက် အာဏာအမိန့်တော်ခေါ် ပရိတ်တော်ကို လက်ခံပေးတော်မူပါဘုရား”

ဟု လျှောက်ထားလေသည်။

ဘုရားရှင် လက်ခံတော်မူသည့်အတွက် ဝေဿဝဏ်နတ်မင်းကြီးက ဝိပဿိဿ စ နမတ္ထု စသော ဤအာဋာနာဋိယ ပရိတ်အာဏာတော်ကို လျှောက်ထားခဲ့သည်။

ထိုပရိတ်တော်ကို ဘုရားရှင်တော်များက သာသနာတော်မကြည်ညိုသော နတ်ဘီလူးများ သာသနာတော်ကြည်ညိုစေရန်နှင့် ပရိသတ်လေးပါးတို့ကို နတ်ဘီလူးများ မညှဉ်းဆဲဘဲ စောင့်ရှောက်ကာကွယ်ပေးရန် ဤပရိတ်တော်ကို ထပ်ဆင့် ဟောပေးတော်မူသည်။

ဤပရိတ်တော်သည် စတုမဟာရာဇ် နတ်မင်းကြီးတို့ တညီတညွတ်တည်း အတည်ပြု သတ်မှတ်ထားသော နတ်ဘီလူးတို့ လိုက်နာကျင့်သုံးရမည့် အာဏာတော် ဖြစ်ပါသည်။ မလိုက်နာသော နတ်ဘီလူးများ၊ ဒဏ်ခတ်ခံရမည် ဖြစ်ပါသည်။ ထို့အတွက် ဤပရိတ်တော်ကို နတ်ဘီလူးအပါအဝင် ဖုတ်, ပြိတ္တာ, တစ္ဆေတို့

အလွန်ကြောက်ရွံ့ကြပါသည်။ အာဏာစက်လည်း အလွန်ပြင်းပါသည်။

မှတ်ချက်။ ။ ကုဝေရ နတ်မင်းနှင့် ဝေဿဝဏ်အမည်မှာ အတူတူ ဖြစ်ပါသည်။ ထိုနတ်မင်းသည် ဘုရားမပွင့်မီက ကုဝေရပုဏ္ဏား ဖြစ်ခဲ့၍ ကြဲလှူခဲ့သော ဒါနကြောင့် နတ်ပြည်တွင် ကုဝေရနတ်မင်း ဖြစ်ခဲ့သည်။

နောင်ကာလကြာသော် နတ်ပြည်၌ ဝိသာဏခေါ် မြို့တော်မှာ နတ်မင်းကြီး ဖြစ်ခဲ့သည်။ မြို့တော်ကို အစွဲပြု၍ ဝေဿဝဏ်ဟု နတ်အများက ခေါ်ဆိုခဲ့ကြသည်။

**အာဋာနာဋိယသုတ်ဟူသည်**

ဝေဿဝဏ် နတ်မင်းကြီးက ဘုရားရှင်ကို လျှောက်ထားသော အကာအကွယ် အာဋာနာဋိယ ဟူသော စကားကို အစွဲပြု၍ အာဋာနာနိယသုတ်ဟု ခေါ်ပါသည်။

**ကာကွယ်သည့်ဘေးအန္တရာယ်**

နတ်ဘီလူးကြမ်းများ၊ တစ္ဆေသရဲ အစိမ်း၊ ပြိတ္တာများ နှောင့်ယှက်ခြင်း၊ နှိပ်စက်ခြင်း၊ ဖမ်းစားခြင်း၊ ဝင်ပူးခြင်း၊ နတ်ဖမ်းစား၍ ဂယောင်ချောက်ချားဖြစ်ခြင်း၊ ရောဂါဝေဒနာ တစ်မျိုးမျိုးဖြစ်နေခြင်း၊ နတ်လှည့်စားခြင်း စသော ပယောဂ အန္တရာယ်များမှ ကာကွယ်ပေးပါသည်။

## ရွတ်ရန်အချိန်

လူသားမဟုတ်သော နတ်ဘီလူးများ အနှောင့်အယှက်ပေးချိန်၊ ဝင်ပူးကပ်ပြီး နှောင့်ယှက်ချိန်၊ ပြုစားချိန်တို့၌ ထိုမကောင်းဆိုးဝါးများ ထွက်ခွာသွားစေလိုသောအခါ ရွတ်ရပါမည်။

## အာဋာနာဋိယသုတ် မြန်မာပြန်

၁၀၂– အို–သူတော်ကောင်းတို့ မြတ်စွာဘုရား၏ အကောင်းအမြတ်
၁၀၃ ဟု သမုတ်အပ်သော ဘုရားရှင် သာသနာတော်၌ မကြည်ညိုကြကုန်သော ကြမ်းတမ်းကုန်သော အခါခပ်သိမ်း မကောင်းမှုကို ပြုလေ့ရှိကြသော ဘီလူးတို့သည် လေးပါးသော ပရိသတ်တို့ကို မညှဉ်းဆဲခြင်းငှာ လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ ဝီရိယကြီးမား မြတ်စွာဘုရားသည် ဤအာဋာနာဋိယ ပရိတ်တော်ကို ဟောတော်မူပြီး ထိုပရိတ်တော်ကို ငါတို့သည် ရွတ်ဆိုကြပါကုန်စို့။

၁၀၄။ စက္ခုငါးတန် ဉာဏ်အမြင်ရှိတော်မူသော ဘုန်းကျက်သရေရှိတော်မူသော ဝိပဿီမည်သော ရှင်တော်မြတ်ဘုရားအားလည်း တပည့်တော် ရှိခိုးပါ၏။ အလုံးစုံသော သတ္တဝါတို့ကို အစဉ်သနား စောင့်ရှောက်တော်မူသော သိခီမည်သော ရှင်တော်မြတ်ဘုရားအား တပည့်တော် ရှိခိုးပါ၏။

၁၀၅။ မဂ်ဖြင့် ဆေးအပ်ပြီး ကိလေသာရှိသော၊ ချီးမွမ်းထိုက်သော၊ အကျင့်ရှိတော်မူသော ဝေဿဘူမည်သော ရှင်တော်မြတ်ဘုရားအား တပည့်တော် ရှိခိုးပါ၏။ မာန်စစ်သည် တစ်သင်းကို နှိမ်နင်းဖျက်ဆီးတော်မူတတ်သော ကကုသန်မည်သော ရှင်တော်မြတ်ဘုရားအား တပည့်တော် ရှိခိုးပါ၏။

၁၀၆။ ပယ်ရှားအပ်ပြီးသော မကောင်းမှု ရှိတော်မူသော၊ ကျင့်သုံးပြီးသည့် အရိယာမဂ် အကျင့်မြတ်ရှိသော ကောဏာဂမန မည်သော ရှင်တော်မြတ်ဘုရားအား တပည့်တော် ရှိခိုးပါ၏။ ကိလေသာခပ်သိမ်းမှ အရှင်းကင်းလွတ်ပြီးသော ကဿပမည်သော ရှင်တော်မြတ်ဘုရားအား တပည့်တော် ရှိခိုးပါ၏။

၁၀၇။ အကြင် သာကီဝင်မင်းသား ဂေါတမရှင်တော်မြတ်ဘုရားသည် ဒုက္ခခပ်သိမ်းကို ငြိမ်းစေတတ်သော ဤတရားမြတ်ဒေသနာကို ဟောတော်မူပြီး ကိုယ်အင်္ဂါမှ ဖြာဖြာရွှန်းထက်ထွက်သောရောင်ခြည် ရှိတော်မူသော၊ ကျက်သရေရှင်ဖြစ်တော်မူသော ထိုသာကီဝင် မင်းသား ဂေါတမရှင်တော်မြတ်ဘုရားအား တပည့်တော် ရှိခိုးပါ၏။

၁၀၈။ လောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ကိလေသာအပူငြိမ်းကုန်သည်ဖြစ်၍ အမှန်အတိုင်း ထူးသောဉာဏ်အရ

သိတော်မူကြကုန်ပြီ။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ချောပစ်ကုန်းတိုက်ခြင်း မရှိကုန်။ ထို့ပြင် သီလ စသော ဂုဏ်ရည်များနှင့် ပြည့်စုံကာ မြတ်တော်မူ၏။ ကြောက်ရွံ့ခြင်းလည်း ကင်းကြကုန်၏။

၁၀၉။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် နတ်,လူတို့၏ အစီးအပွားကို ပြုတော်မူတတ်သော ဝိဇ္ဇာ ဉာဏ် စရဏအကျင့်နှင့် ပြည့်ဝကုံလုံတော်မူသော ဂုဏ်ပေါင်းညွန့်လူ မြတ်တော်မူသော အရှင်ကင်းသော ကြောက်ရွံ့ခြင်း ရှိတော်မူသော ဂေါတမမည်သော ရှင်တော်မြတ်ဘုရားကို ရှိခိုးကြကုန်၏။ (ထိုရဟန္တာပုဂ္ဂိုလ်တို့အား ကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ)

၁၁၀။ ထိုဝိပဿီ စသော ဘုရားခုနစ်ဆူတို့သည်လည်းကောင်း၊ ဘုရားခုနစ်ဆူမှ တစ်ပါးကုန်သော ကုဋေပေါင်းများစွာကုန်သော ဘုရားမြတ်တို့သည်လည်းကောင်း၊ အလုံးစုံကုန်သော ဘုရားမြတ်တို့သည် ယှဉ်ပြိုင်နိုင်သူ ရည်တူမရရှေးဘုရားတို့နှင့်သာ တူတော်မူကြကုန်၏။ အလုံးစုံသော မြတ်စွာဘုရားတို့သည် ကြီးသောတန်ခိုး ရှိတော်မူကြကုန်၏။

၁၁၁။ အလုံးစုံသော ဘုရားရှင်တို့သည် ဉာဏ်တော်ဆယ်ပါး၊ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူ၏။ ဝေသာရဇ္ဇဉာဏ်တော်နှင့် ပြည့်စုံတော်မူကြကုန်၏။ အလုံးစုံသော ထို

မြတ်စွာဘုရားတို့သည် မြတ်သော ဘုရားရှင်တို့ အရိုက်အရာအစစ် သဗ္ဗညုတအဖြစ်ကို လက်ခံရရှိတော်မူကြကုန်၏။

၁၁၂။ ထိုဘုရားရှင်တို့သည် ပရိသတ်ရှစ်ပါးတို့၌ ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူကြကုန်သည်ဖြစ်၍ ခြင်္သေ့မင်း၏ အသံအလား တရားအသံကို ကျူးရင့်တော်မူကြကုန်၏။ လောက၌ ဗြဟ္မာနတ်လူ မည်သူတစ်ယောက်မျှ မကန့်ကွက် မမြစ်တားနိုင်သော မြတ်သောဓမ္မစက်ကို ဖြစ်စေတော်မူကြကုန်၏။

၁၁၃။ လောက၏ အကြီးအမှူး ဦးစီးပဲ့ပြင် ဘုရားရှင်တို့သည် တစ်ဆယ့်ရှစ်ရပ်ကုန်သော ဘုရားရှင်တို့၏ သာရရာပိုင်ရာ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြပါကုန်၏။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံတော်မူကြပါကုန်၏။ ရှစ်ဆယ်သော လက္ခဏာငယ်တို့ကို ဆောင်တော်မူကြပါကုန်၏။

၁၁၄။ အလုံးစုံကုန်သော ဘုရားရှင်တို့သည် လှံ့ဝါတင့်ရွှန်းရောင်ခြည်ပန်းဖြင့် တင့်တယ်သော ရောင်ခြည်တော် ရှိကြကုန်၏။ တရားအလုံးစုံ အကုန်သိမြင် သဗ္ဗညုတဉာဏ်ရှင်ဖြစ်ကြသော ထိုအလုံးစုံသော ဘုရားရှင်တို့သည် ကုန်ပြီးသော အာသဝေါရှိကြကုန်သော ငါးမာရ်အောင်ပြီး ဘုရားရှင်ချည်းသာ ဖြစ်တော်မူကြပါကုန်၏။

၁၁၅။ ထိုရှင်တော်မြတ်ဘုရားတို့သည် ကိုယ်ရောင်၊ ဉာဏ်ရောင် ပြောင်တဝင်းဝင်း ထွန်းမြတ်သော အရောင်အဆင်း ရှိကြကုန်၏။ အစွမ်းအမျိုးမျိုး ကြီးမြတ်သောတန်ခိုး ရှိတော်မူကြကုန်၏။ ကြီးမြတ်သော ပညာရှိကြကုန်၏။ ကာယဗလနှစ်ပါး ကြီးမားသော စွမ်းအားရှိကြကုန်၏။ သတ္တဝါများအပေါ် အလွန်သနားသော မဟာကရုဏာ ရှိတော်မူ၏။ မြဲမြံခိုင်ခန့်သော သမာဓိလည်း ရှိတော်မူ၏။ သတ္တဝါအားလုံး၏ ချမ်းသာကို ဆောင်ရွက်တော်မူ၏။

၁၁၆။ ထိုဘုရားရှင်တို့သည် သတ္တဝါတို့၏ ကျွန်းကြီးပမာ မှီခိုရာဖြစ်တော်မူ၏။ ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူပါ၏။ ဆောက်တည်ရာလည်း ဖြစ်တော်မူပါ၏။ ဝဋ်ဒုက္ခမှလည်း ကယ်တင်စောင့်ရှောက်တော်မူပါ၏။ ဘေးမရောက်အောင် ပုန်းအောင်းရာလည်း ဖြစ်တော်မူ၏။ နတ်လူအများ အားထားချဉ်းကပ်ရာလည်း ဖြစ်တော်မူပါ၏။ မိတ်ကောင်းဆွေကောင်းလည်း ဖြစ်တော်မူ၏။ ထူးမြတ်သော ဆောက်တည်ရာ၊ မှီခိုရာ ဖြစ်တော်မူပါ၏။ အကျိုးစီးပွားကိုသာ ရှာမှီးလေ့ ရှိတော်မူပါ၏။

၁၁၇။ အလုံးစုံကုန်သော ထိုဘုရားရှင်တို့သည် နတ်နှင့်တကွသော သတ္တဝါအပေါင်း၏ ထူးမြတ်သော မှီခိုဆည်းကပ်ရာ ဖြစ်တော်မူကြပါ၏။ ဂုဏ်တော်ကဲလွန် ယောကျ်ားမွန်မြတ် ဖြစ်ကြသော ထိုဘုရားရှင်တို့၏ ခြေတော်တို့ကို ကျွန်ုပ်

တို့သည် ဦးခေါင်းရတနာ မြဟ်အင်္ဂါဖြင့် ရှိခိုးကန်တော့ပါ၏။

၁၁၈။ အကျွန်ုပ်သည် ထိုဘုရားရှင်တို့ကို အိပ်သောအခါ၌လည်းကောင်း၊ ထိုင်သောအခါ၌လည်းကောင်း၊ ရပ်သောအခါ၌လည်းကောင်း၊ သွားသောအခါ၌လည်းကောင်း၊ အခါခပ်သိမ်း နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ရှိခိုးပါ၏။

၁၁၉။ ဒုက္ခခပ်သိမ်း ငြိမ်းအေးမှုကို ပြုတော်မူကြကုန်သော ဘုရား ရှင်တို့သည် သင်တို့ကို အခါခပ်သိမ်း ချမ်းသာရေးဖြင့် စောင့်ရှောက်တော်မူကြစေကုန်သတည်း။ ထိုမြတ်စွာဘုရားတို့ စောင့်ရှောက်ခံရသော သင်သည် ခပ်သိမ်းသောဘေးတို့မှ ကင်းလွတ်ပါစေ။

၁၂၀။ သင်သည် ရောဂါမှန်သမျှမှ အထူးလွတ်ကင်းပါစေ၊ ပူပန်ခပင်းမှ ကင်းပါစေ၊ ရန်ညှိုးမှန်သမျှ လွန်မြောက်သည်ဖြစ်ပါစေ။

၁၂၁။ ထိုဘုရားရှင်တို့၏ သစ္စာ, သီလ, ခန္တီ, မေတ္တာတို့၏ စွမ်းအားဖြင့် ကျွန်ုပ်အား အနာရောဂါကင်းခြင်း၊ ချမ်းသာခြင်းတို့ကို အစဉ်စောင့်ရှောက်ပေးတော်မူကြပါစေ။

၁၂၂။ အရှေ့အရပ်မျက်နှာ၌ကြီးသော တန်ခိုးရှိသော ဂန္ဓဗ္ဗနတ်တို့သည် ရှိကြကုန်၏။ ထိုနတ်တို့သည် ကျွန်ုပ်တို့ကို

ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၃။ တောင်ဘက်မျက်နှာအရပ်၌ ကြီးသော တန်ခိုးရှိသော ကုမ္ဘဏ်နတ်တို့သည် ရှိကြပါ၏။ ထိုနတ်တို့သည် ကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၄။ အနောက်ဘက် မျက်နှာအရပ်၌ တန်ခိုးကြီးမားကုန်သော နဂါးတို့သည် ရှိကြပါ၏။ ထိုနဂါးတို့သည် ကျွန်ုပ်တို့ကို အနာကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၅။ မြောက်ဘက်အရပ်၌ တန်ခိုးကြီးကုန်သော ဘီလူးတို့သည် ရှိကြပါ၏။ ထိုဘီလူးတို့သည် ကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၆။ အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်း၊ တောင်အရပ်၌ ဝိရူဠ္ဌကနတ်မင်း၊ အနောက်အရပ်၌ ဝိရူပက္ခနတ်မင်း၊ မြောက်အရပ်၌ ကုဝေရနတ်မင်း ရှိ၏။

၁၂၇။ လေးယောက်ကုန်သော ထိုနတ်မင်းတို့သည် လောကကို စောင့်ရှောက်ကုန်၏။ များသော အခြံအရံ ရှိကုန်၏။ ထိုနတ်မင်းကြီးလေးပါးတို့သည်လည်း ကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၈။ ကောင်းကင်၌ တည်ကုန်သော၊ ကြီးသော တန်ခိုးရှိသော နတ်တို့သည်လည်းကောင်း၊ နဂါးတို့သည်လည်းကောင်း ရှိကြကုန်၏။ ထိုနတ်,နဂါးတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၂၉။ ဤမြတ်စွာဘုရား သာသနာတော်၌ နေကြကုန်သော၊ ကြီးသောတန်ခိုး ရှိကြကုန်သော နတ်တို့သည် ရှိကြကုန်၏။ ထိုနတ်တို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းအောင်၊ ချမ်းသာလာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၁၃၀။ အလုံးစုံသော ဘေးရန်တို့သည် ဖယ်ရှားရှောင်ကြပါစေသတည်း။ စိုးရိမ်ပူပန်ခြင်းနှင့် အနာရောဂါတို့သည် မကပ်ရောက်နိုင်ပါစေသတည်း။ သင့်အား အန္တရာယ်တို့သည် မဖြစ်ပါစေသတည်း၊ သင်သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ အသက်ရှည်ပါစေသတည်း။

၁၃၁။ ရှိခိုးခြင်း အလေ့ရှိထသော အသက်ဂုဏ်သိက္ခာကြီးသူတို့ကို အစဉ်ရိုသေမှု ပြုလေ့ရှိသောသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော လေးပါးသော တရားတို့သည် တိုးပွားကြပါ၏။ ။

## အင်္ဂုလိမာလသုတ္တပါဠိတော်

၁၃၂။ ပရိတ္တံ ယံ ဘဏာနှ သ္သ၊ နိသိန္နဋ္ဌာနဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

၁၃၃။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿ အင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁၃၄။ ယတော ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ
တေန သစ္စေန သောတ္ထိ တေ ဟောတု
သောတ္ထိ ဂဗ္ဘဿ။

**အင်္ဂုလိမာလသုတ္တံ နိဋ္ဌိတံ။**

## အင်္ဂုလိမာလသုတ် ဖြစ်ပေါ်မှုသမိုင်း

အင်္ဂုလိမာလသည် ကောသလမင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားသား ဖြစ်သည်။ မွေးဖွားစဉ်က တစ်မြို့လုံး လက်နက်များ တပြောင်ပြောင်တောက်လောင်သည်။ မင်း၏ သံလျက်သည် အရောင်ထွက်သည်။

သို့တွက် နက္ခတ်ကို တွက်ကြည့်ရာ စောရနက္ခတ်နှင့်ယှဉ်သော သား မွေးသည်ဟု ပုရောဟိတ်က သိပြီး မင်းထံဝင်ကာ မစိုးရိမ်ရန် လျှောက်ထားသည်။

သားကိုလည်း အဟိံသက (သူတစ်ပါးကို မညှဉ်းဆဲသူ)ဟု အမည်ပေးထားခဲ့သည်။

အဟိံသက အရွယ်ရောက်သော် ဖခင် ပုံရောဟိတ်က တက္ကသိုလ်သို့ ပညာသင် စေလွှတ်သည်။ အဟိံသကသည် ဉာဏ်ကောင်း၍ ဆရာက ချစ်ခင်နှစ်သက်သည်။ ဆရာကတော်က လည်း ချစ်ခင်သည်။ ထိုသည်ကို မနာလိုကြသော ကျောင်းသား အချို့က ဆရာကို အဟိံသကနှင့် ဆရာကတော်နှင့် ဖောက်ပြန် သည်ဟု ကုန်းတိုက်ကြသည်။

ဆရာက ပထမတော့ မယုံ၊ နောက် ပြောပါများတော့ ယုံပြီး အထင်လွဲကာ အင်္ဂုလိမာလကို လက်ညှိုးတစ်ထောင် ဖြတ်ပေးပြီး ကန်တော့မှသာ ပညာဆက်သင်ပေးမည်ဟု မိန့်ကြား သည်။ ဆရာ၏ သဘောမှာ အင်္ဂုလိမာလကို သူတကာက ပြန်သတ်၍ သေစေရန် ဖြစ်သည်။

အင်္ဂုလိမာလသည် တောသို့ဝင်ကာ လာသမျှ လူကို သတ်သည်။ လက်ညှိုးများကို ဖြတ်ကာ လည်တွင်ဆွဲထားသည်။ သို့တွက် သူ့ကို အဟိံသက အမည်မှ အင်္ဂုလိမာလ အမည်သို့ ပြောင်းသွားခဲ့သည်။

လက်ညှိုးတစ်ထောင်ပြည့်ရန် တစ်ချောင်းလိုသောနေ့တွင် ကောသလမင်းသည် အင်္ဂုလိမာလကို ဖမ်းရန် တပ်နှင့်ထွက်ရန် စီစဉ်သည်။ မိခင်ပုဏ္ဏေးမ မန္တာဒနီသည် သားအတွက် စိုးရိမ်သောကဖြစ်ပြီး သားရှိရာ တောအုပ်သို့ လာခဲ့သည်။ မိခင်ကို မြင်သောအခါ အင်္ဂုလိမာလသည် မိခင်ကို သတ်ရန် လိုက်လေသည်။

ဘုရားရှင်သည် အင်္ဂုလိမာလ၏ ဉာဏ်ရင့်ကျက်သည်ကို သိတော်မူ၍လည်းကောင်း၊ အင်္ဂုလိမာလအပေါ် မဟာကရုဏာတော် ကြီးမားစွာ ထားတော်မူ၍လည်းကောင်း အင်္ဂုလိမာလနှင့် မိခင်ကြားသို့ ဝင်ခဲ့သည်။ အင်္ဂုလိမာလသည် မိခင်နောက်လိုက်မှုကို ရပ်ပြီး ဘုရားရှင်နောက်သို့ လိုက်သည်။ ဘုရားရှင်ကို လိုက်မမီ ဖြစ်နေသည်။

"ရဟန်းကြီး မပြေးနဲ့ ရပ်လော့၊ ရပ်လော့"ဟု အော်ဟစ်ပြီး လိုက်သည်။

"ငါမပြေး၊ သင်သာ သံသရာမှာ ပြေးနေသည်"

ဘုရားရှင်၏ ထိုစကားကို ကြားရသောအခါ အင်္ဂုလိမာလသည် ချက်ချင်း သတိရပြီး ဘုရားရှင်ကို ဝန်ချတောင်းပန်သည်။ ချက်ချင်း ရဟန်းပြုသည်။ ဘုရားရှင်သည် အင်္ဂုလိမာလကို ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်လာခဲ့သည်။ ကောသလမင်းသည် အင်္ဂုလိမာလကို ဖမ်းရန် တပ်နှင့်ထွက်လာစဉ် ဘုရားရှင်ကို ဝင်ဖူးဦးမည်ဆိုပြီး ဇေတဝန်ကျောင်းသို့ ဝင်သည်။ ဘုရားရှင်နှင့်

စကားပြောရင်း ဘုရားရှင်က အင်္ဂုလိမာလ ရဟန်းဖြစ်နေပြီဖြစ်ကြောင်း ပြောပြသည်။

အင်္ဂုလိမာလထေရ်သည် နောင်အခါ ကမ္မဋ္ဌာန်းအားထုတ်၍ ရဟန္တာဖြစ်သည်။ အင်္ဂုလိမာလထေရ်သည် ဆွမ်းခံကြွသောအခါ လူတို့သည် မူလက အရှိန်ကြောင့် ကြောက်လန့်ပြီး တွက်ပြေးကြသည်။ အချို့က အိမ်တံခါးပိတ်ကြသည်။ အချို့က ထွက်ပြေးပုန်းရှောင်ကြသည်။ အချို့က မပြေးနိုင်၍ မြေမှာဝပ်ကြပြီး အင်္ဂုလိမာလ မမြင်နိုင်အောင် မျက်နှာကွယ်ဝှက်ထားကြသည်။ အချို့က တုတ်၊ ခဲတို့ဖြင့် ပစ်ခတ်ကြသည်။ အင်္ဂုလိမာလ၏ ဦးခေါင်းကို မှန်သည်၊ သွေးသံရဲရဲဖြင့် ခံစားရသည်။

"သင်ပြုခဲ့သော မကောင်းမှုကံ အကျိုးသည် ယခုပင် အကျိုးပေးသည်"

"သည်းခံလော့"

ဟု ဘုရားရှင်က ဆုံးမသည်။

တစ်နေ့ အင်္ဂုလိမာလက ဆွမ်းခံကြွစဉ် မီးမဖွားနိုင်၍ ဆင်းရဲဒုက္ခပြင်းစွာ ခံစားနေရသော အမျိုးသမီးငယ်တစ်ဦးကို တွေ့ရသည်။ အင်္ဂုလိမာလထေရ်သည် ထိုအမျိုးသမီးငယ်ကို အလွန်သနားလှသဖြင့် ကျောင်းသို့ပြန်ကာ ဘုရားရှင်ကို လျှောက်ထားသည်။

ဘုရားရှင်က အင်္ဂုလိမာလကို ဤသို့ သစ္စာပြုလော့ဟု အမိန့်ရှိကာ သစ္စာစကား ဆိုခိုင်းသည်။

"အိုနှမ–ငါသည် အရိယာဖြစ်သည်မှစ၍ သူတစ်ပါး၏ အသက်ကို မသတ်ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် သင့်အား ချမ်းသာပါစေ။ သင်၏ကိုယ်ဝန်သည်လည်း ချမ်းသာစွာ မွေးဖွားပါစေ"

အင်္ဂုလိမာလထေရ်သည် ထိုသစ္စာစကားကို နှုတ်ငုံဆောင်ပြီး ထိုအမျိုးသမီးငယ်အိမ်သို့ သွားကာ သစ္စာဆိုသည်။

သစ္စာစကားအဆုံးဝယ် ရေစင်မှ ရေလျှောကျသကဲ့သို့ အမိဝမ်းတွင်းမှ ကလေးသည် ချမ်းသာစွာ မွေးဖွားလေသည်။

ထိုအချိန်မှစ၍ အင်္ဂုလိမာလထေရ်တွင် အန္တရာယ်ကင်းပြီး လာဘ်လာဘ ဆွမ်းတို့သည် ပေါများလာခဲ့သည်။

အင်္ဂုလိမာလသုတ်ဟူသည် = အင်္ဂုလိမာလမထေရ်ကို ဟောကြားသော ပရိတ်တော် ဖြစ်သောကြောင့် ဤသုတ်ကို အင်္ဂုလိမာလသုတ်ဟု ခေါ်သည်။

## ကာကွယ်သည့်ဘေးအန္တရာယ်

အမျိုးသမီးများ မီးမဖွားနိုင်သော ဆင်းရဲဒုက္ခမှ ကင်းဝေးစေပါသည်။ မီးဖွားမှုကို လွယ်ကူစေပါသည်။

## အင်္ဂုလိမာလသုတ် မြန်မာပြန်

၁၃၂။ အို-သူတော်ကောင်းတို့၊ အကြင်အင်္ဂုလိမာလ ပရိတ်ကို ရွတ်ဆိုသောပုဂ္ဂိုလ်၏ နေရာထိုင်ခုံကို ဆေးကြောင်ဖြစ်သော ရေးသော်မူလည်း အလုံးစုံသာလျှင်ဖြစ်သော ဘေးရန်ကို ကင်းပျောက်စေနိုင်၏။

၁၃၃။ အင်္ဂုလိမာလ ပရိတ်တော်သည် ပရိတ်ရွတ်စဉ်အခိုက်၌ပင် ချမ်းသာစွာ ကိုယ်ဝန်မှ မွေးဖွားခြင်းကို ဖြစ်စေနိုင်ပေ၏။ အင်္ဂုလိမာလမည်သော မထေရ်အား ဘုရားရှင်သည် ဟောကြားအပ်သော ကမ္ဘာဆုံးသည်အထိ တည်တတ်သော သဘောရှိသော ကြီးမြတ်သော အစွမ်းရှိသော ဤအင်္ဂုလိ မာလ ပရိတ်တော်ကို ငါတို့သည် ရွတ်ဆိုကြကုန်စို့။

၁၃၄။ ငါသည် အရိယာဇာတ်ဖြစ်သည့် အခါမှစ၍ သေစေလို သော စေတနာဖြင့် သတ္တဝါကို သတ်ခဲ့ဖူးသည်ကို မသိပါ။ ဤမှန်သော သစ္စာစကားကြောင့် သင်ရော ကလေးပါ ချမ်းသာပါစေ။

❀ ❀ ❀

## ဗောဇ္ဈင်္ဂသုတ္တပါဠိတော်

၁၃၅။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

၁၃၆။ ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ’ မဇရာဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

၁၃၇။ ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

၁၃၈။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာပရေ။

၁၃၉။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

၁၄၀။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၁။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၁၄၂။ တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၃။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

၁၄၄။ သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန ‘သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၅။ ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာ’ နုပ္ပတ္တိဓမ္မတံ။

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

## ဗောဇ္ဈင်္ဂသုတ်၏ ပရိတ်အကျိုး

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဝင်း၌ သီတင်းသုံးနေစဉ် ရာဇဂြိုဟ်ပြည်အနီး ဝိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသော အရှင်မဟာကဿပ မကျန်းမမာ ဖြစ်တော်မူသည်။ ဘုရားရှင်သည် ရှင်မဟာကဿပထံ ကြွသွားပြီး ဗောဇ္ဈင် ခုနစ်ပါး တရားကို ဟောတော်မူသည်။

ထိုတရားကို နာရသော အရှင်မြတ်အား ဤသို့သောအကြံ ဖြစ်သည်။

"ငါကား ရဟန်းပြု၍ ခုနစ်ရက်မြောက်၌ သစ္စာတရားတို့ကို သိရသောအခါ ဤဗောဇ္ဈင် တရားများ ထင်ရှားဖြစ်လာခဲ့ဖူး၏။ ဘုရားရှင်၏ သာသနာကား ဝဋ်ဒုက္ခမှ လွတ်မြောက်ရေး အစစ်တကယ် ဖြစ်ပါပေသည်"

ဤအကြံအစည်ဖြစ်ပြီး ကိုယ်မှ အသွေးများ ကြည်လင်ကာ ဥပါဒါရုပ်များ စင်ကြယ်လာမှုကြောင့် ကြာဖက်၌ကျသော ရေပေါက်ပမာ ရောဂါများ ကိုယ်မှ ပျောက်ကင်းသွားရသည်။

ထို့အတူ ဂိဇ္ဈကုတ်တောင်၌ သီတင်းသုံးနေတော်မူသော အရှင်မောဂ္ဂလာန်မထေရ်မြတ် မကျန်းမာစဉ် ဗောဇ္ဈင်္ဂသုတ်ကိုပင်

ဘုရားရှင် ဟောတော်မူရာ အရှင်၏ ရောဂါမှာ ချက်ချင်း ယူပစ်သလို ပျောက်ကင်းခဲ့သည်။

အလားတူ ဘုရားရှင်ကိုယ်တော်တိုင် ရောဂါဝေဒနာ နှိပ်စက်ခံရသောအခါ၌ စုန္ဒမထေရ်သည် ထိုဗောဇ္ဈင်ခုနစ်ပါး တရားကိုပင် ရှိသေစွာ ရွတ်ဆိုစေရာ ဘုရားရှင် ဝမ်းမြောက်တော်မူသောကြောင့် တစ်ခဏချင်းပင် ထိုရောဂါမှ ပျောက်ကင်းချမ်းသာခဲ့လေသည်။

အနာရောဂါ, ဖျားနာမှုရှိ၍ ရွတ်ဖတ်က ရောဂါအန္တရာယ် ကင်းသည်။

ဗောဇ္ဈင်

ဗောဇ္ဈင် (၇)ပါးကို ဟောကြားသည် ဖြစ်သောကြောင့် ဗောဇ္ဈင်သုတ်ဟူ၍ ခေါ်သည်။

ကာကွယ်သည့်ဘေးအန္တရာယ်

ရောဂါဝေဒနာ ခံစားရသည့်ဘေးမှ ကင်းဝေးစေပါသည်။

ရွတ်ရန်အချိန်

ရောဂါဝေဒနာ နှိပ်စက်နေသောအခါ၊ သွေးလေချောက်ချား ရောဂါမျိုး အစပျိုးသောအခါ၊ ဓာတ်ကြီးလေးပါး မညီမမျှ ဖြစ်နေသောအခါ ရွတ်ဆိုရန်သင့်သည်။

## ဗောဇ္ဈင်သုတ် မြန်မာပြန်

၁၃၅။ အို–သူတော်ကောင်းတို့ သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့၏ ဒုက္ခခပ်သိမ်းတို့ကို ပျောက်ငြိမ်းစေတတ်ကုန်သော မာရ်စစ်သည် အသင်းအပင်းတို့ကို နှိမ်နင်းဖျက်ဆီးကတတ်ကုန်သော ခုနစ်ပါးကုန်သော အကြင်တရားတို့ကို–

၁၃၆။ သိကြကုန်သောကြောင့် မြတ်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ဘဝသုံးပါမှ လွတ်မြောက်ကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်းမရှိသော၊ အိုခြင်းမရှိသော၊ နာခြင်းမရှိသော၊ သေခြင်းမရှိသော၊ ဘေးမရှိသော နိဗ္ဗာန်သို့ ရောက်ကြကုန်ပြီ။

၁၃၇။ ဤသို့ အစရှိသော ဂုဏ်နှင့် ပြည့်စုံသော၊ ဂုဏ်အပေါင်းများစွာ သိမ်းယူရာဖြစ်သော၊ ရောဂါပျောက်ရေးဝယ်ဆေးသဖွယ်ဖြစ်သော အန္တရာယ်ကင်းရာ မန္တန်သဖွယ်ဖြစ်သော ဤဗောဇ္ဈင်သုတ်ကို ငါတို့သည် ရွတ်ဆိုကြကုန်စို့။

၁၃၈။ သတိဟူသော ဗောဇ္ဈင်၊ ဓမ္မဝိစယဗောဇ္ဈင်၊ ဝီရိယဗောဇ္ဈင်၊ ပီတိဗောဇ္ဈင်၊ ပဿဒ္ဓိဗောဇ္ဈင်။

၁၃၉။ ထိုမှတစ်ပါး၊ သမာဓိဗောဇ္ဈင်၊ ဥပေက္ခာဗောဇ္ဈင် ဤသို့တရားအလုံးစုံ အကုန်သိတော်မူသော မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူအပ်သော ခုနစ်ပါးကုန်သော ထိုဗောဇ္ဈင်တရားတို့သည် ပွားများအပ်ကုန်သည်

ရှိသော် ကြိမ်ဖန်များစွာ အလေ့အထ ပြုအပ်ကုန်သည် ရှိသော်။

၁၄၀။ သစ္စာလေးပါးကို သိခြင်းငှာလည်းကောင်း၊ နိဗ္ဗာန်အလို့ငှာ လည်းကောင်း၊ မဂ်ဉာဏ်အလို့ငှာလည်းကောင်း ဖြစ်ကုန်၏။ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။

၁၄၁။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် မောဂ္ဂလာန် မထေရ်ကိုလည်းကောင်း၊ ကဿပ မထေရ်ကိုလည်းကောင်း၊ မကျန်းမာ၍ ဆင်းရဲခြင်း ရောက်နေသည်တို့ကို မြင်တော်မူ၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟောတော်မူပြီ။

၁၄၂။ မထေရ်မြတ်တို့သည်လည်း ထိုဗောဇ္ဈင်ခုနစ်ပါး တရားတို့ကို နှစ်သက်အားရ ခံယူကြကုန်၍ ထိုခဏ၌ ရောဂါမှ ပျောက်ကင်းကြရကုန်ပြီ။ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်း ဖြစ်ပါစေ။

၁၄၃။ အခါတစ်ပါး၌ ဘုရားရှင်သည် ရောဂါဝေဒနာသည် ပြင်းထန်စွာ နှိပ်စက်အပ်သည်ဖြစ်၍ စုန္ဒမထေရ်ကို ထိုဗောဇ္ဈင်တရားကိုပင်လျှင် ရိုသေလေးစားစွာ ရွတ်ဆို စေ၍။

၁၄၄။ ဝမ်းမြောက်တော်မူသောကြောင့် တစ်ခဏချင်း ထိုရောဂါမှ လွတ်ကင်းပျောက်ခဲ့ပူးပြီ။ ဤမှန်သော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာဖြစ်ပါစေ။

၁၄၅။ မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့သည် တစ်ဖန် ထပ်ကာ မပေါ်လာတော့သကဲ့သို့ မဟာသီသုံးပါး (ဘုရားရှင်မောဂ္ဂလာန် ရှင်မဟာကဿပ)တို့၏ ဗောဇ္ဈင် တရားဖြင့် ပယ်ရှားအပ်သော ဝေဒနာများလည်း နောင်ပေါ်ခြင်း အလျဉ်းမရှိတော့သည် အဖြစ်သို့ ရောက်ရသည်။ ဤသစ္စာစကားကြောင့် သင့်အား ထဝစဉ် ချမ်းသာခြင်း ဖြစ်ပါစေ။

## ပုဗ္ဗဏှသုတ္တပါဠိတော်

၁၄၆။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ။
ဗုဒ္ဓါနုဘာဝေန ဝိနာသ'မေန္တု။

၁၄၇။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ။
ဓမ္မာနုဘာဝေန ဝိနာသ'မေန္တု။

၁၄၈။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ။
သံဃာနုဘာဝေန ဝိနာသ'မေန္တု။

၁၄၉။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

၁၅၀။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၁၅၁။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

၁၅၂။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၁၅၃။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၄။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၅။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၆။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၇။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၈။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၉။ မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ' မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၆၀။ ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝ မေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

၁၆၁။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

၁၆၂။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၆၃။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏေ။
၁၆၄။ ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

**ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။**

**ပရိတ္တပါဠိ နိဋ္ဌိတာ။**

## ပုဗ္ဗဏှသုတ် ဖြစ်ပေါ်မှုသမိုင်း

ဘုရားဂုဏ်ကို အာရုံပြုရသော ကုသိုလ်စေတနာ အာနုဘော်ဖြင့် မကောင်းသောအတိတ်၊ နိမိတ်နှင့် ဂြိုဟ်ဆိုးတို့မှ ကင်းလွတ်စေသော သုတ်တော်ဖြစ်၏။ သုတ်တော်၏ အမည်အားလျော်စွာ နံနက်ချိန်ခါ၌သာ ရွတ်ဆိုကြရန် သတ်မှတ်ထားသော်လည်း မည်သည့်အချိန်တွင် ရွတ်ဆိုသည်ပင်ဖြစ်စေ အကျိုးများသည်သာ ဖြစ်၏။

ဤသုတ်တော်၏ ဆိုလိုရင်းမှာ သုစရိုက်တရားကျင့်သူ၊ မြတ်သောအကျင့်ကို ကျင့်သူတို့အား နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း၊ အားလုံးအကောင်းချည်းဖြစ်၍ မကောင်းသော နက္ခတ်မင်္ဂလာအခါ မရှိ။ နက္ခတ်၊

မင်္ဂလာအခါကောင်းကြံ့ရန် ဓာတ်ရိုက်ယတြာ စသည်တို့ ပြုပြင်ရန် မလို၊ သူတော်ကောင်းတရားများ ကျင့်ရန်သာ လိုအပ်သည်ဟု ဆိုလို၏။

ဤပုဗ္ဗဏှသုတ်၌ နောက်ဆုံးသုနက္ခတ္တံ စသော သုံးဂါထာ သည် အင်္ဂုတ္တိုရ် (ပ)ပုဗ္ဗဏှသုတ်၌ လာသော ဘုရားဟောဂါထာ များ ဖြစ်သည်။ "ယံကိဉ္စိ ဝိတ္တံ" စသော သုံးဂါထာသည် သုတ္တနိပါတ် ရတနသုတ်၌ ဘုရားဟောဂါထာများ ဖြစ်ကြပါ သည်။

ကျန်ဂါထာများကား ဘုရားဟောမဟုတ်။ ရှေးဆရာတော်တို့ စီစဉ်ထားခြင်း ဖြစ်သည်။ ပုဗ္ဗဏှသုတ် ဂါထာများကို အစွဲပြု၍ ပုဗ္ဗဏှသုတ်ဟူ၍ ခေါ်ဆိုခြင်း ဖြစ်သည်။

ပုဗ္ဗဏှသုတ်ဟူသော အမည်အားလျော်စွာ နံနက်အခါ ရွတ်ဆို ရန် သတ်မှတ်ထားကြောင်း ဆိုရိုးရှိသော်လည်း နံနက်အခါသာ ရွတ်ဆိုရန် မဟုတ်ပါ။ မည်သည့်အချိန် ရွတ်ရွတ် အကျိုးရှိ သည်သာ ဖြစ်ပါသည်။

ထင်းမီးကြောင့် ထမင်းချက်ရသည် ဆိုသကဲ့သို့ ဗုဒ္ဓါနုဘာဝေန ဘုရား၏ဂုဏ်ကို အာရုံပြု၍ဖြစ်သော ကုသိုလ်စေတနာ အစွမ်း ကြောင့်ဟု ဆိုထားသောကြောင့် ဘုရားရှင်ကို အာရုံပြုသော စေတနာအစွမ်းသည်ပင် ဘုရား၏ အာနုဘော် ဖြစ်ရကား အကျိုး သည် ကြီးပြီးသားအမှန်ပင် ဖြစ်ပါသည်။

## ပုဗ္ဗဏှသုတ် အဆုံးသတ်နည်း (၃)မျိုး

ပရိတ်မွှန်းမပါသော ဤပုဗ္ဗဏှသုတ်ကို ဆရာတော်များသည် အစထား၍ ရွတ်ဖတ်လေ့ မရှိကြပါ။ အခြားပရိတ်များ၏ နောက်ဆုံး၌သာ ရွတ်ဆိုပြီး နိဂုံးချုပ်လေ့ ရှိကြပါသည်။

ဤပရိတ်နိဂုံး အဆုံးသတ်ရာဝယ် ရှေးဆရာတော်ကြီးများ အစဉ်ဆက် သုံးစွဲခဲ့သော နည်း(၃)နည်း ရှိပါသည်။

(၁) နတ်ပင့်မှ မစ,ဘဲ မင်္ဂလသုတ် စ,သည်မှ စ၍ ရွတ်ဆိုလျှင် ယံဒုန္နိမိတ္တံ သုံးဂါထာ အဆုံးသတ်သည်။

(၂) နတ်ပင့်မှစလျှင် ဂစ္ဆန္တု ဒေဝတာဂါထာ အဆုံးသတ် ရွတ်ရမည်။

(၃) ပုဗ္ဗဏှသုတ်ကို အစမှ အဆုံး ရွတ်မည်ဆိုပါက ယံဒုန္နိမိတ္တံက မစ,ဘဲ သဗ္ဗေဗုဒ္ဓါဗလပ္ပတ္တာ (ပုဒ်ရေနံပါတ် ၁၅၂)မှ သဟာသဗ္ဗေဟိဉာတိဘိ။ (ပုဒ်ရေ ၁၆၄) အဆုံးထိ ရွတ်ပြီးမှ ယံဒုန္နိမိတ္တံ ပြန်ရွတ်ကာ ဂစ္ဆန္တု ဒေဝတာဂတာ နတ်ပို့ အဆုံးသတ်ရမည်။

အရှင်အာဒိစ္စဝံသ ရေးသားသော ပရိတ္တသင်္ဂဟ ခေါ် ပရိတ်ကြီး နိဿယ စာအုပ်တွင်လည်း ဤအစီအစဉ် (၃)မျိုး အတိုင်း ရွတ်ဆိုရန် ရေးသားထားသည်ကို တွေ့ရပါသည်။

## ပုဗ္ဗဏှသုတ် ရွတ်ဖတ်ချိန်

ပုဗ္ဗဏှသုတ်ဟု ဆိုသဖြင့် အချို့က ဤပရိတ်ကို နံနက်တွင်သာ ရွတ်ဖတ်သင့်သည်ဟု ဆိုကြသည်။

အင်္ဂုတ္တရပါဠိတော်လာ မူရင်းပုဗ္ဗဏှသုတ်၌–

- လူတစ်ယောက်သည် နံနက်ပိုင်း၌ ကုသိုလ်ကောင်းမှုပြု၏။ ထိုသူ့အဖို့ နံနက်ပိုင်းသည် မင်္ဂလာရှိသော ကောင်းသော နံနက်ပိုင်း ဖြစ်၏။
- လူတစ်ယောက်သည် နေ့လယ်ပိုင်း၌ ကုသိုလ်ကောင်းမှု ပြု၏။ ထိုသူ့အဖို့ နေ့လယ်ပိုင်းသည် ကောင်းသောမင်္ဂလာ ရှိသော နေ့လယ်ချိန် ဖြစ်သည်။
- လူတစ်ယောက်သည် ညနေချိန်၌ ကုသိုလ်ကောင်းမှုပြု၏။ ထိုသူ့အဖို့ ညနေပိုင်းသည် မင်္ဂလာရှိသော ကောင်းသောညနေ ချိန် ဖြစ်သည်။

ဟူ၍ ဟောထားပါသည်။

ထို့ကြောင့် နံနက်, နေ့ည မည်သည့်အချိန်၌ပင် ရွတ်သည် ဖြစ်စေ ရွတ်သမျှ ကောင်းသောအချိန်သာ ဖြစ်ပါသည်။

သုနက္ခတ္တံ သုမင်္ဂလံ စသော ဂါထာတော်အရ သုစရိုက်ကျင့်သူတို့အတွက် ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအခါ၊ ကောင်းသောခဏချည်းသာ ဖြစ်ကြပါသည်။

ယင်းအခါကောင်းများ ကြုံရန်အတွက် ဓာတ်ရိက် ဓာတ်ဆင် ဗေဒင်ယတြာ စသော ပြုလုပ်စရာများ မလို၊ သူတော်ကောင်းတရား ကျင့်ရန်သာ လိုပါသည်။

ဤပုဗ္ဗဏှသုတ်နှင့် ပတ်သက်၍ "ယံဒုန္နိမိတ္တံ"စသော ငါးဂါထာတို့ကို အဘယပရိတ်ဟူ၍လည်းကောင်း၊

မဟာကရုဏိကောနာထော စသော ခြောက်ဂါထာကို ဇယပရိတ်ဟူ၍လည်းကောင်း၊ ရှေးဆရာမြတ်တို့ ကင်ပွန်းတပ်သုံးစွဲခဲ့ကြပါသည်။

ဤအချက်ကိုထောက်၍ ပုဗ္ဗဏှပရိတ်တော်ကို ရွတ်ဖတ်နာကြားရခြင်းဖြင့် ဘေးအန္တရာယ် လွတ်ကင်း၍ အောင်မြင်မည်မှာ သေချာပါသည်။

## ပုဗ္ဗဏှသုတ် မြန်မာပြန်

၁၄၆။ မကောင်းသောနိမိတ်, အမင်္ဂလာ, နှစ်သက်ဖွယ်မရှိသော ငှက်ဆိုးသံပါပဂြိုဟ် နှစ်လိုဖွယ်မရှိသော အိပ်မက်ဆိုးအမျိုးမျိုးတို့သည် ဘုရားရှင်၏ အာနုဘော်ကြောင့် ကင်းပျောက်ကြပါစေ။

၁၄၇။ တရားတော်၏ အာနုဘော်ကြောင့် ကင်းပျောက်ကြပါစေ၊

၁၄၈။ သံဃာတော် အာနုဘော်ကြောင့် ကင်းပျောက်ကြပါစေ

ဆင်းရဲဒုက္ခ ကြုံတွေ့နေကြရသော သတ္တဝါမှန်သမျှ ဆင်းရဲဒုက္ခ ကင်းကြပါစေ၊ ဘေးအန္တရာယ် ဆိုက်ရောက်

နေသော သတ္တဝါမှန်သမျှ ဘေးအန္တရာယ်ကင်းကြပါစေ၊ စိတ်သောကရောက်နေကြသော သတ္တဝါမှန်သမျှ စိတ်သောက ကင်းကြပါစေ။

၁၅၀။ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ငါတို့ ကောင်းစွာဆည်းပူးအပ်သော ကောင်းမှု၏ ပြည့်စုံခြင်းကို အလုံးစုံသော နတ်တို့သည် စည်းစိမ်ချမ်းသာ အကုန်ပြည့်စုံဖို့ရာ အနုမောဒနာ ပြုကြပါကုန်လော့။

၁၅၁။ ရတနာသုံးတန် ကံ-ကံ၏အကျိုးကို ယုံကြည်ကြကုန်၍ အလှူဒါနကို ပေးလှူကြကုန်လော့။ အခါမလပ် သီလကို စောင့်ရှောက်ကြကုန်လော့။ သမထဝိပဿနာ ဘာဝနာ၌ ပျော်မွေ့ကြကုန်လော့။ တရားနာရောက်လာကြသော နတ်တို့သည် နေရပ်ဌာနေသို့ ပြန်ကြပါကုန်လော့။

၁၅၂။ ကိုယ်တော်အား၊ ဉာဏ်တော်အားကို ရပိုင်တော်မူကြသော ဘုရားရှင်တို့နှင့် ပစ္စေကဗုဒ္ဓါတို့၏ အစွမ်းအာနုဘော်ဖြင့်လည်းကောင်း၊ ရဟန္တာတို့၏ တန်ခိုးအာနုဘော်ဖြင့်လည်းကောင်း အခါခပ်သိမ်း အကာအကွယ် အစောင့်အရှောက်ကို ငါဖွဲ့၏။

၁၅၃-၁၅၄-၁၅၅၊ ရတနသုတ် (၂၁၉)၌ တူပြီး

၁၅၆။ မင်္ဂလာအပေါင်း အကောင်းမှန်သမျှ ဖြစ်ပါစေသတည်း။ အလုံးစုံသော နတ်တို့သည် စောင့်ရှောက်ပါစေကုန်သတည်း။ အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုး

အာနုဘော်ကြောင့် သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေ။

၁၅၇။ အလုံးစုံသော တရားတော်၏ အာနုဘော်ကြောင့်-

၁၅၈။ အလုံးစုံသော သံဃာတော်၏ အာနုဘော်ကြောင့်-

၁၅၉။ မဟာကရုဏာရှင် မြတ်စွာဘုရားသည် သတ္တဝါအလုံးစုံတို့၏ အကျိုးစီးပွားအတွက် ပါရမီတော်အလုံးစုံ အကုန်ဖြည့်ကျင့်တော်မူပြီးလျှင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရတော်မူခဲ့သည်။ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။

၁၆၀။ သာကီဝင် မင်းတို့၏ နှစ်သက်ခြင်းကို တိုးပွားစေတတ်သော ဘုရားသည် ဗောဓိပင်အနီး အပရာဇိတ ပလ္လင်ထက်၌ မာရ်ငါးပါးကို အောင်တော်မူသကဲ့သို့ ထို့အတူ သင်သည် ဘေးရန်ခပ်သိမ်းကို အောင်မြင်ပါစေ၊ အောင်ကြောင်းမင်္ဂလာတို့ကို သင်ပြီးမြောက်အောင်မြင်ပါစေ။

၁၆၁။ ဘုရားရှင်မှန်သမျှတို့၏ ဗုဒ္ဓါဘိသေက ခံယူရာ မြေတကာတို့ အထွတ်အထိပ် အလွန်တင့်တယ် ကောင်းမြတ်ရာ အရပ်ဖြစ်သော အပရာဇိတပလ္လင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားရှင်သည် အလွန်ဝမ်းမြောက်ရွှင်လန်းသကဲ့သို့ သင်သည်လည်း အထက်တန်းရောက်ကာ ဝမ်းမြောက်ရွှင်လန်းပါစေ။

၁၆၂။ သုစရိုက်ကျင့်ရာ နေ့အခါကား ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာချမ်းသာ၊ ကောင်းသော မိုးလင်းရခြင်း၊ ကောင်းသော အိပ်ရာမှထရခြင်း၊ ကောင်းသော့ခဏ၊ ကောင်းသောမုဟုတ်ချည်းသာ ဖြစ်သည်။ ထိုနေ့၌ အကျင့်ကောင်းရှိသူ ပုဂ္ဂိုလ်တို့၌ လှူရသော အလှူမှာ ကောင်းသော လှူဒါန်းပူဇော်ရခြင်း ဖြစ်သည်။

၁၆၃။ သုစရိုက်ကျင့်ရာ နေ့အခါ၌ ထိုသူ၏ ကာယကံ, ဝစီကံ, မနောကံ မှန်သမျှသည် တိုးတက် ကြီးပွားကြောင်း အကောင်းချည်းသာတည်း။ ထိုသုစရိုက် ကျင့်သူ၏ ကံသုံးပါးတို့ကား တိုးတက်ကြီးပွားကြောင်း ကောင်းမှု၌ ထားခြင်းမည်၏။

၁၆၄။ တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော ကံသုံးပါးတို့ကို ပြုကြကုန်၍ ကောင်းမြတ်သော အကျိုးတို့ကို ရရှိကြကုန်၏။ သင်တို့သည် ကောင်းကျိုးကို ရရှိကြကုန်သည်၊ ချမ်းသာခြင်း ရှိကြကုန်သည်၊ ဘုရားရှင် သာသနာ၌ တိုးတက်စည်ကား ကြီးပွားကြကုန်သည်ဖြစ်၍ ဆွေမျိုးအပေါင်းနှင့်အတူ အနာရောဂါကင်းရှင်း ချမ်းသာခြင်းသို့ ရောက်ကြကုန်သည် ဖြစ်စေကုန်သတည်း။

❀ ❀ ❀

# အခန်း (၃)

## လက်တွေ့ပရိတ်တန်ခိုး ပရိတ်အကျိုးများ
## မင်္ဂလာမိုးချစ်နှင့် သားသမီးများ

ကျွန်တော်တို့အဖေဟာ ရွှေဘိုညောင်ပင်သာ ရွာသားပါ။ ရိုးသားတယ်၊ ကြိုးစားတယ်၊ ဘာသာတရား အဆုံးအမကိုလည်း အလေးအနက် ယုံကြည်ပါတယ်။ ကံ, ဉာဏ်, ဝီရိယကိုလည်း လက်ခံယုံကြည်ပြီး ဆောင်ရွက်လေ့ရှိပါတယ်။

သူတို့အညာဒေသ စီးပွားရေး အခြေအနေမကောင်းတော့ အောက်ပြည်အောက်ရပ် ဆင်းလာပြီး အလုပ်လုပ်တယ်။

အဖေရဲ့ဆရာက ဦးဇာဂရတဲ့။ ဆရာတော်က တစ်ရွာလုံး မင်္ဂလာတရားကို လေးစားလိုက်နာစေတယ်။ မင်္ဂလာတရားတော်ကို အရှယ်သုံးပါးနှင့်အညီ ဟောပြောဆုံးမလေ့ ရှိပါသတဲ့။

ဘယ်လိုဆုံးမ,သလဲဆိုတော့ မိမိကျောင်းမှာ နေသူရော၊ မနေသူရော ယောကျ်ားကလေး၊ မိန်းကလေး အားလုံး အသက် (၁၅)နှစ်အောက်ကို ပထမအရွယ်လို့ ဆရာတော်က သတ်မှတ်တယ်။ အဲဒီအရွယ်ရှိ အားလုံးဟာ မင်္ဂလာတရားရဲ့ ပထမအရွယ် ကျင့်ရမယ့်–

- လူမိုက်ကို မမှီဝဲရ၊ မပေါင်းရ။
- ပညာရှိကို မှီဝဲရမည်၊ ကျောင်းနေ ပညာသင်ရမည်။
- ပညာရှိ၊ ဆရာသမား သက်ကြီးမိဘတို့ကို ရှိခိုးပူဇော်ရမည်။ သူတို့ထံမှ အတွေ့အကြုံ ပညာကို ဆည်းပူးရမည်။
- ပညာ, ဥစ္စာ ရှာတဲ့အခါမှာ မိမိရပ်ရွာ၊ မိမိကျောင်းနှင့် မပြည့်စုံလျှင် ပညာ, ဥစ္စာ ရနိုင်မယ့် သင့်တင့်သောဒေသ ပြောင်းရွှေ့သင်ရမည်။
- ဟိုဘက်ဘဝက ဒါန, သီလ ရှိခဲ့, မရှိခဲ့သည်မှာ ကိုယ်မသိရ။ ယခုသိတတ်ပြီး ဒါန, သီလ ပြုရမည်။ ပညာကို ကြိုးစား သင်ထားရမည်။ ကောင်းမှု အမှုပြုထားရမည်။ ယင်းသည် ပင် ကြီးလာတဲ့အခါမှာ ရှေးကပြုဖူးသော ကောင်းမှုမင်္ဂလာ ဖြစ်နေပေမည်။
- ငယ်ငယ်ကတည်းက မိမိကိုယ်ကို အကျင့်သီလကောင်းသူ, စည်းကမ်းလိုက်နာ သေဝပ်သူ, ဟောဟောရမ်းရမ်း မပြုသူ ဖြစ်အောင် နေထိုင်လုပ်ကိုင် ပြောဆိုနေရမည်။

- မိမိနှင့် သင့်တော်သော လက်မှုအတတ်၊ နှုတ်မှုအတတ် တတ်မြောက်ထားအောင် သင်ထားရမည်။
- နိုင်ငံရဲ့ စည်းကမ်းဥပဒေ၊ ရပ်ရွာ၏ စည်းကမ်းဥပဒေ၊ သားသမီးကျင့်ဝတ်ဥပဒေ၊ တပည့်ကျင့်ဝတ်ဥပဒေ စသည်တို့ကို သိထားရမည်။
- စကားအရာ ချိုသာသိမ်မွေ့ရမည်၊ ဆဲရေးခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ ကုန်းတိုက်ချောပစ်ခြင်း စသည်ကို မပြုလုပ်ရ။

ဆရာတော် ဦးဇာဂရသည် မင်္ဂလာတရားတော် ပထမအရွယ် ကျင့်ရမည့် တရားတို့ကို လိုက်နာစေသည်။ မလိုက်နာသောသူတို့ကို သူ့ပက်လက်ကုလားထိုင်ဘေးတွင် ထောင်ထားသော ထန်းပလပ်ပြားတုတ်က ရက်ရက်စက်စက် ဒဏ်ပေး၍ ဆုံးမခဲ့သည်။ဆရာတော် ဦးဇာဂရသည် လူငယ်လူရွယ်များကို မင်္ဂလာတရားတော်နှင့်အညီ ဤကဲ့သို့ ကျင့်သုံးစေခဲ့သလို ဒုတိယအရွယ် ကျင့်သုံးရမည့် မင်္ဂလာကိုလည်း ကျင့်သုံးစေ ပါသည်။

ဆရာတော်ဦးဇာဂရဆိုသော ဒုတိယအရွယ်မှာ အိမ်ထောင်ပြုသောအရွယ် သို့မဟုတ် အသက်(၂၀)မှ (၄၀)အရွယ်ဟု သတ်မှတ်ပါသည်။

ဆရာတော်သည် ရပ်ရွာရှိ သူကြီးမှအစ ဆယ်အိမ်ခေါင်း၊ ကာလသားခေါင်း၊ အပျိုခေါင်းတို့ကို စနစ်တကျ စီမံအုပ်ချုပ်စေသည်။ ခေါင်းဆောင်တို့၏ နာယကဂုဏ် ခြောက်ပါးဖြစ်သော

ထ, ကြွ, နိုး, ကြား, သနား, သည်းခံ ဝေဖန်ကြည့်ရှု ဤ ခြောက်ခု ကြီးမှူးနာယကဂုဏ်နှင့်အညီ ကျင့်စေပါသည်။

ဆရာတော်၏ ဒုတိယအရွယ် အိမ်ထောင်သည်ဘဝ ကျင့်ရမည့် မင်္ဂလာတရားမှာ

- ငယ်ငယ်က မိမိကို ကျွေးမွေးစောင့်ရှောက် ခဲ့သော မိဘတို့ကို ပြုစုလုပ်ကျွေးရမည်။
- ကျွေးသစ်ဖြစ်တဲ့ သားမယားတို့ကို ကောင်းစွာလုပ်ကျွေး ရမည်။
- ဆွေရှိ၊ မျိုးရှိမှ လူလေးစား ခံ့ညားသည်။ ကိုယ့်ဆွေမျိုး၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်လူမျိုး စည်းလုံးညီညွတ်မှ အခြားသူတို့က လေးစားခံ့ညားပြီး ကြောက်ရွံ့ရိုသေတတ်သည်။ သို့တွက် မိမိဆွေမျိုးများကို ဆင်းရဲချမ်းသာမဟူ ပြင်ပမဲ့ မထားပါ။ အတူတူ စည်းလုံးနေရမည်။ ရပ်ရွာရှိ လူအားလုံးသည် ရပ်ဆွေရပ်မျိုး ဖြစ်ကြသည်။ သို့အတွက် ရပ်ဆွေရပ်မျိုး အကျိုးကို သယ်ပိုးဆောင်ရွက်ပေးရမည်။
- သားမယားတို့ကို လုပ်ကျွေးရာတွင် ခိုးဆိုးတိုက်ခိုက်၊ လုယက်လိမ်ညာ၍ လုပ်မကျွေးရ။ သမ္မာအာဇီဝဖြင့် ကြိုးစား လုပ်ကျွေးရမည်။
- ဆွေမျိုးတို့ကို ထောက်ပံ့ကူညီရာတွင်လည်း အပြစ်မရှိသော အလုပ်မှရသော စင်ကြယ်သော ဝတ္ထုပစ္စည်းဖြင့် ထောက်ပံ့

ကူညီရမည်။

- အလှူပြုရာတွင်လည်း အကျိုးပေးကောင်းကောင်း စင်ကြယ်သော အလှူဝတ္ထုပစ္စည်း၊ တရားသဖြင့်ရသော ပစ္စည်းဖြင့် လှူရမည်။
- အချိန်ရခိုက် တရားနာရမည်၊ သီလ ဆောက်တည်ရမည်။
- မကောင်းမှု ဒုစရိုက်ကို ဝေးစွာရှောင်ကြဉ်ရမည်။ ရင်ဆိုင်တွေ့လာကလည်း ရှောင်ကြဉ်နိုင်သော စိတ်သမာဓိ တည်ဆောက်နိုင်ရမည်။
- အရက်သေစာ ထန်းရည် လုံးဝမသောက်ရ။
- ပုညတြိယဝတ္ထု ဆယ်ပါး၊ သုစရိုက်ဆယ်ပါးကို မည်သည့်အခါမျှ မမေ့ရ။
- အချင်းချင်း သည်းခံစိတ်ထားရမည်။
- လူကြီးသူမ ဆိုဆုံးမကို နာယူတတ်ရမည်။
- ရိုသေထိုက်သူကို ရိုသေရမည်။
- နှိမ့်ချထိုက်သူကို မိမိကိုယ်ကို နှိမ့်ချဆက်ဆံရမည်။
- ရတာနှင့် ရောင့်ရဲနိုင်ရမည်၊ လောဘ အလိုရမ္မက်မကြီးရ။
- မိမိအပေါ် ကျေးဇူးရှိသူကို ကျေးဇူးမကန်းရပါ။
- ရဟန်း၊ သံဃာ လူကြီးသူမတို့နှင့် ရပ်ရေး၊ ရွာရေး၊ တရားရေး ဆွေးနွေးရမည်။
- ရဟန်းသံဃာတို့ကို ဖူးမြော်ပြီး ကုသိုလ်ယူရမည်။

ဆရာတော်ဦးဇာဂရက ဒုတိယအရွယ် ကျင့်ရမည့် တရားကို လေးစားလိုက်နာစေပါသည်။ ဒုတိယအရွယ် ရောက်သူများကို လည်း စည်းကမ်းဖောက်က ထန်းပလပ်ပြားတုတ်က ခွင့်မလွှတ် ပါချေ။

အသက်ကြီးသောသူများကို လပြည့်, လကွယ်, ဝါတွင်း ဝါပ ဥပုသ်စောင့်စေပါသည်။ တတ်နိုင်သရွေ့ တရားထိုင်စေပါ သည်။ ဤသည်မှာ ခြိုးခြံခြင်း မင်္ဂလာ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းမင်္ဂလာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အလို့ငှာ ကျင့် သော မင်္ဂလာဟု ဆရာတော်က ဆုံးမပါသည်။

အရွယ်သုံးပါးလုံး၌ လောကဓံတရားရှစ်ပါး တွေ့ကြုံရမည်။ ထိုလောကဓံကို ကြံ့ကြံ့ခံနိုင်ရမည်။

အဖေသည် ဆရာတော်၏ ထိုဩဝါဒကို အလေးအနက် ထားပြီး လိုက်နာကျင့်သုံးခဲ့သည်။ ရွာသူရွာသားများကို ဆရာတော် က အားလုံး လိုက်နာစေခဲ့သည် မှန်သော်လည်း အဖေသည် အိမ်တွင် မင်္ဂလာတည်ဆောက်ရမည်ဟု ဆိုကာ မိသားစုရော၊ မိမိပါ စံပြလိုက်နာစေခဲ့သဖြင့် အဖေ့ကို တစ်ရွာလုံးက မင်္ဂလာ ဖိုးချစ်ဟု ခေါ်ခဲ့သည်။

ကျွန်တော်တို့တစ်တွေ ငယ်ရွယ်စဉ်ကပင် အဖေသည် ဤအရပ်သည် မိုး, လေမရှိ၊ ပတိရူပဒေသဝါသောစ မဖြစ်၊ ရေ ကြည်ရာ မြက်နုရာ ရှာသင့်သည်ဟု ဆိုကာ ဆွေမျိုးများ

အဆက်ရှိရာ အောက်ပြည်အောက်ရွာ ဖြူးဒေသသို့ ဆင်းလာခဲ့သည်။

ဖြူးဒေသ ညောင်ပင်သာဘူတာရွာတွင် အဖေသည် အခြေချပြီး ချစ်တီးကုလားတစ်ဦးထံတွင် လယ်ကူလီလုပ်သည်။ အဖေသည် ကြိုးစားသည်။ သစ္စာရှိသည်။ ကြိုးနွံစွာ လုပ်ကိုင်ခဲ့သည်။ အဖေ၏ သစ္စာရှိမှု၊ ရိုးသားမှု၊ ကြိုးစားမှုကြောင့် ဆရာစံအရေးတော်ပုံ ပေါ်သောအခါ လယ်ပိုင်ရှင်ချစ်တီးသည် သူပိုင်လယ်ထဲမှ ဧက(၃၀)ကို အဖေ့ကို ပေးခဲ့ပြီး ကျန်လယ်ယာများကို ရောင်းချကာ ကုလားပြည်သို့ ပြန်သွားခဲ့သည်။

အဖေသည် ထိုအခါမှစ၍ နောက်ပိုင်းက မိသားစုကို ခေါ်ကာ ညောင်ပင်သာရွာတွင်ပင် မိသားစု အခြေချ နေထိုင်စေပါသည်။ လယ်ယာအလုပ်ကို ကြိုးစားလုပ်ကိုင်ခဲ့ပါသည်။

အဖေသည် မိမိဆရာ၏ ဩဝါဒ မင်္ဂလာတရား၊ အရှယ်သုံးပါး ကျင့်စဉ်ကို မိမိကိုယ်တိုင် လေးစားလိုက်နာခဲ့သလို မိမိ၏ သားသမီးများကိုလည်း လေးစားစွာ လိုက်နာကျင့်သုံးစေခဲ့ပါသည်။

ကျွန်တော်တို့ မိသားစုသည် အဖေ၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးခဲ့သဖြင့် ၁၉၄၉–၅၀ ခု ပြည့်တွင် ရောင်စုံသောင်းကျန်းမှု ကာလဝယ် ကွန်မြူနစ်တို့၏ လယ်ယာသိမ်းပိုက်ခံရမှု၊ အကြမ်းဖက် ကရင်သောင်းကျန်းသူတို့၏ မီးရှို့ခံရမှုတို့ကြောင့်

စီးပွားရေး လုပ်ငန်းများ ပျက်စီးကာ ကုန်းကောက်စရာမရှိ ဖြစ်ခဲ့ရသည်။ ဤမျှအထိ ဆိုးဝါးစွာ ခံခဲ့ရသော်လည်း မင်္ဂလာတရားကို ယုံကြည်လက်ခံထားသော အားဖြင့် ကျွန်ုပ်တို့မိသားစုသည် လောကဓံကို ကြံ့ကြံ့ခံကာ မိသားစုဘဝ ရပ်တည်နိုင်ရေးအတွက် အလုပ်ကို ကြိုးစားလုပ်သည်။ လယ်ယာအလုပ်တွင်သာမက အခြား ရောင်းဝယ်ရေး လုပ်ငန်းများကိုပါ နိုင်သရွေ့ ဝီရိယထားပြီး ကြိုးစားလုပ်ကိုင်လာခဲ့ပါသည်။

မကြာခင် တစ်နှစ်အတောအတွင်းပင် ကျွန်ုပ်တို့ မိသားစုသည် စီးပွားရေး နာလန်ထူထောင်လာနိုင်ခဲ့ပါသည်။ စီးပွားရေးအတော်ကို ထောင်လာနိုင်သောအခါ မိခင်၊ ဖခင်တို့သည် ကျောင်းကန် ဇရပ်တွင် ဥပုသ်သီတင်းစောင့်ခြင်း၊ ဝိပဿနာရိပ်သာဝင်ခြင်းဖြင့် ဘဝနေဝင်ရေးကို နည်းလမ်းပြင်ဆင်ပြီး ဘဝနိဂုံးချုပ်သွားကြပါသည်။

ကျန်ရစ်ခဲ့သော ကျွန်တော်တို့ မိသားစုသည်လည်း ဖခင်ကြီး ချမှတ်ထားခဲ့သော မင်္ဂလာတရားနှင့်အညီ ကျင့်ကြံကြိုးစားအားထုတ်လာခဲ့ပါသည်။

ယခုအခါ ကျွန်တော်သည်ပင် ဤသြောင်ပင်သာရွာ၌ ဘာသာသာသနာ အကျိုးပြု ရပ်ရွာ ဘုရားလူကြီးအဖြစ်လည်းကောင်း၊ ပဋ္ဌာန်းပူဇော်ပွဲ ဥက္ကဋ္ဌလူကြီးအဖြစ်လည်းကောင်း ရပ်တည်နေနိုင်ခဲ့ပါသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသည် အရွယ်သုံးပါး ဘဝနေနည်းကို

ဆောင်ရွက်ရန်ထားသော တရားတော်ဖြစ်၍ လူတိုင်း လေးစား လိုက်နာပါက လောကသံသရာ နှစ်ဖြာသော ကောင်းကျိုးကို မုချ ခံစားရသည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

❀ ❀ ❀

## ရတနသုတ် ပရိတ်တန်ခိုးဖြင့် စီးပွားတိုးခဲ့သော ကျောင်းဒါယကာ

ဖြူးမြို့တောင်ဘက်အဝင်တွင် 'ဒက္ခိဏာရုံတိုက်သစ်'ဟူသော ထင်ရှားသည့် စာသင်တိုက်ကြီးတစ်တိုက် ရှိပါသည်။ ထိုစာသင် တိုက်ကြီးထဲတွင် ပဓာနနာယက ဆရာတော်ဘုရားကြီး သီတင်း သုံးတော်မူသော မူလဝိဟာရဟူသော ကျောင်းမကြီးတစ်ဆောင် ရှိပါသည်။ ထိုမူလဝိဟာရ ကျောင်းမကြီး၏ ဒါယကာသည်ကား ဖြူးမြို့၊ ပဲခူးလမ်း (တာခြားရပ်)နေ ဦးကျော်အေး + ဒေါ်စောနှင့် ဦးဘသိန်း + ဒေါ်ခလေးမတို့ ဖြစ်ပါသည်။

ထိုဒက္ခိဏာရုံစာသင်တိုက်ကြီးကို ဆရာတော် ဘဒ္ဒန္တစန္ဒိမာ (နိုင်ငံတော် သြဝါဒါစရိယ)က ဒုတိယကမ္ဘာစစ်အတွင်းဝယ် မူလသီတင်းသုံးရာ ညောင်ပင်သာရွာ၌ ဂျပန်စစ်တပ်က လေယာဉ် ကွင်းနှင့် မလွတ်၍ ကျောင်းဖျက်ပေးရမည်ဟု ဆိုသောကြောင့်

ဖျက်ပေးခဲ့ရသည်။ ထိုကျောင်းနေရာအစား ဆရာတော်က အခု ဒက္ခိဏာရုံတိုက်သစ် နေရာ၌ ဖြူးမြို့နေ ကျောင်းဒါယကာ ဦးဘိုးခိုင် + ဒေါ်မမလေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောင်းနေရာ သစ် တည်ထောင်နေခြင်း ဖြစ်သည်။

ထိုဒက္ခိဏာရုံကျောင်း ပတ်ဝန်းကျင်ဆားတွင် ဦးကျော်အေး+ ဒေါ်စောတို့၏ လုပ်ငန်းဆောင်တာ လယ်ယာမြေများ ရှိသည်။ ဦးကျော်အေးသည် ရတနာသုံးပါးကို ကြည်ညိုသည်။ အလုပ်ကို လည်း ကြိုးစားလုပ်ကိုင်သည်။ ကျောင်းတည်ခါစ ဆရာတော် ဦးစန္ဒိမာကိုလည်း မကြာခဏ ဝင်ရောက်ဖူးတွေ့သည်။

ဒုတိယကမ္ဘာစစ်ဒဏ် ပြည်တွင်းသောင်းကျန်းမှုဒဏ်တို့ကို ဆက်တိုက်ခံခဲ့ရသော ဖြူးမြို့လေးမှာ စီးပွားရေး၊ လူမှုရေး လုပ်ငန်းဆောင်တာများ မတည်မငြိမ် ကမောက်ကမ ဖြစ်နေသော အချိန်ကာလ ဖြစ်နေသည်။ ထိုအချိန်ကာလ လယ်လုပ်နေရသော ဦးကျော်အေးသည် ဆရာတော်လေးကို ဝင်ဖူးရင်း-

"တပည့်တော်တို့တစ်တွေကတော့ ဘုရား၊ စစ်ဘေး၊ ဓားပြ ဘေးတို့ကြောင့် ဒုက္ခရောက်၊ ယခုလည်း တိုင်းပြည်က ငြိမ်းအေး တာ မဟုတ်တော့ လုပ်ရေးကိုင်ရေးက မဟန်ပါဘူးဘုရား၊ လုပ်ရေးကိုင်ရေး မဟန်တော့ စီးပွားရေးတွေလည်း အဆင် မပြေပါဘူးဘုရား"

ဟု ညည်းညည်းညူညူ လျှောက်ထားလိုက်မိသည်။

"ဒကာကြီး၊ ဒါကတော့ သတ္တဝါတို့ရဲ့ ကံကြမ္မာအတိုင်းပဲပေါ့။ တစ်ခုတော့ရှိတယ်၊ ဒကာကြီး ရတနာသုံးပါးကို ယုံကြည်လေးစားသလား။ ပရိတ်တော်တွေကို ကျက်ခဲ့ဖူး၊ ရဖူးသလား"

"ဟာ–ဆရာတော်လေးကလည်း ရတနာသုံးပါး ယုံကြည်တာပေါ့ဘုရား။ ပရိတ်လည်း ဘုန်းကြီးကျောင်းသား ဘဝတုန်းက ကျက်ခဲ့ဖူးပြီး၊ ရခဲ့ဖူးပါတယ်ဘုရား"

"အင်း–ဟုတ်ပြီ၊ ယခုကော ပရိတ်ရသေးသလား"

"ယခုတော့ မေ့ကုန်ပြီဘုရား၊ ဘွတ်အုပ်(စာအုပ်)ကြည့်ရွတ်ရင်တော့ ရတာပေါ့ဘုရား"

"အင်း–ဟုတ်ပါပြီလေ။ အဲဒီပရိတ်ထဲမှာ ရတနသုတ်ဟာ ဘုရားရှင် လက်ထက်က ဝေသာလီပြည်ကြီးမှာ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်တွေ ဆိုက်ရောက်ပြီး လူတွေ သောက်သောက်လဲ သေကြသတဲ့။ ယခုလည်း ဦးပဥ္ဇင်းတို့ တိုင်းပြည် အပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ဒီကပ်တွေ ဆိုက်ရောက်ပြီး လူတွေ ဒုက္ခရောက်နေကြတာပေါ့။ အဲဒီလူတွေထဲမှာ လူတစ်ယောက်ဖြစ်နေတဲ့ ဒကာကြီးလည်း ပါတာပေါ့။ ဝေသာလီမှာ အဲဒီလို ကပ်ဆိုက်ရောက်တော့ ဘုရားရှင် ကိုယ်တိုင်ကြွပြီး ညီတော်အာနန္ဒာကို ပရိတ်ဂါထာ သင်ပေးပြီး ရွတ်ဖတ်စေတယ်။ အဲဒီလို ရွတ်ဖတ်လို့ ဝေသာလီပြည် ကပ်ဘေးကင်းပြီး ချမ်းသာခြင်းရောက်သလို ချမ်းသာရအောင် တစ်ညကို ရတနသုတ်ပရိတ်

အနည်းဆုံး ခုနစ်ခေါက် ရွတ်ကြည့်ပါလား။ ယုံယုံကြည်ကြည် သဒ္ဒါတရား ထက်ထက်နဲ့ ရွတ်မယ်ဆိုရင်တော့ အောင်မြင်လိမ့်မယ်လို့ ဘုန်းကြီးကတော့ ယုံကြည်တယ်။ ဘုန်းကြီး ညောင်ပင်သာမှာ ဂျပန်စစ်တပ်က ကျောင်းလာဖျက်ခိုင်းတော့ ရတနသုတ်ပရိတ်ပဲ ရွတ်တာပဲ။ ယခု ဤနေရာမှာ လာပြီး အသစ်တည်ဆောက်ခွင့် ရလာတယ်။ ရတနသုတ်ဆိုတာ တကယ်တော့ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်တော်တွေကို သစ္စာဆိုတာပဲ။ ဒကာကြီး ရွတ်ကြည့်ပေါ့"

"မှန်ပါ၊ ဒီလိုကာလပျက်ထဲမှာ စီးပွားအဆင်ပြေပြီး ချမ်းသာစွာ နေရမယ်ဆိုရင်တော့ ရွတ်တာပေါ့ဘုရား"

"အေးလေ၊ စမ်းကြည့်ပေါ့"

ဦးကျော်အေးသည် ထိုအချိန်မှစ၍ ရတနသုတ်ပရိတ်ကို စာအုပ်ကြည့်ပြီး (၇)ခေါက် အိပ်ရာဝင် ဘုရားရှိခိုးတိုင်း ရွတ်ဆိုသည်။ ထိုနှစ်တွင် မိမိလယ်ယာစပါးများအားလုံး ဖွံ့ဖွံ့ဖြိုးဖြိုး သီးပြီး အလေအလွင့် အဖျင်းမရှိ ရ,သည်။ စပါးဈေးကောင်းကောင်း၊ ဆန်ဈေးကောင်းနှင့် မိသည်။ စိုက်သောကြံကလည်း ဖြစ်ပြီး ဇေယျဝတီ သကြားစက်တွင်လည်းကောင်း၊ ကြံသကာချက်ရာတွင်လည်းကောင်း ဈေးကောင်းကောင်းရသည်။

ထိုနှစ် ငွေပိုငွေလျှံ တော်တော်များများ ရှိလာ၍ အားရဝမ်းသာဖြစ်ပြီး ဒက္ခိဏာရုံဆရာတော်ကို လှူတန်းသရွေ့ လှူပြီး လျှောက်

သည်။

"ဘုန်းကြီးရဲ့ ရတနသုတ်တန်ခိုးတော်ပဲဘုရား။ တပည့်တော် လယ်ယာလုပ်တာကြာပြီ။ တစ်နှစ်မှ ယခုလို အဆင်ပြေတာ မတွေ့ရဘူး။ ယခုနှစ်တော့ သီးနှံကလည်းဖြစ်၊ ဈေးကလည်း ကောင်းတော့ အကျိုးပေးတယ်ဘုရား။ အဲဒါ တပည့်တော်ကတော့ ဘုန်းကြီးရဲ့ ရတနသုတ် ပရိတ်တန်ခိုးလို့ ထင်တာပဲဘုရား"

"အင်း-ဖြစ်နိုင်တာပေါ့လေ။ လောကမှာ လူဆိုတာ ကံ၊ ဉာဏ်, ဝီရိယတဲ့။ သုံးခုညီမှ အကျိုးပေးကြတယ်။ ဒကာကြီးတို့ ကံမကောင်းတော့ ဗေဒင်မေး ယတြာချေကြတယ်။ ဧညောင် ထောက်ကြတယ်။ တကယ်တော့ ဒါတွေ မလိုပါဘူး။ ရတနာ သုံးပါး ကြည်ညိုပြီး ဒီလိုပရိတ်တွေကို အမြဲသရဇ္ဈာယ် ရွတ်ဖတ်ကာ ကာကွယ်ထားမယ်ဆိုရင် မကောင်းတဲ့ကံဆိုးတွေဟာ မဖြစ်ပေါ်နိုင်ပါဘူး။ ကံဆိုးတွေမရှိရင် ဉာဏ်, ဝီရိယ ယှဉ်လုပ်ရင် ဖြစ်ရမှာပေါ့။ ဘုရားရှင်က ပရိတ်တွေကို လူသားတွေရဲ့ လောကီလောကုတ္တရာ အကျိုးစီးပွားအတွက် စီစဉ်ပေးခဲ့တာပါ။ ဒါကို ကျုပ်တို့ ဗုဒ္ဓဘာသာတွေက ယုံယုံကြည်ကြည် လေးလေး နက်နက်နှင့် ဆောင်ရွက်ကြဖို့ပါပဲ"

ဦးကျော်အေးသည် နောက်တော့ ရတနသုတ်ကို သက်စေ့ ရွတ်သည်။ စီးပွားက တဖြည်းဖြည်း တိုးတက်လာသည်။ နောက် သင့်တင့်မျှသော အတိုးဖြင့် လယ်ယာပစ္စည်းများ

အပေါင်ခံသေးသည်။ စပါးပေး ပေးသည်။ ငွေတိုးချပေးသည်။ မေတ္တာနှင့်ယှဉ်သော ဆောင်ရွက်မှု သမဇီဝိတသမ္မဒါနှင့် ညီမျှသော အတိုးအခ ရယူမှုကို တွက်ချပေးသော ငွေတို့သည် ဆုံးရှုံးသည်မရှိ။ တိုးတက်သည်ထက် တိုးတက်လာခဲ့သည်။

မိမိနှင့် ပတ်သက်သော ပုဂ္ဂိုလ်ဟူသရွေ့ကိုလည်း မေတ္တာပို့သပေး ဆုတောင်းပေးသည်။ ဦးကျော်အေး၏ မူဝါဒမှာ–

'သူတို့တစ်တွေ စီးပွားရေး အဆင်ပြေမှ၊ အလုပ်အကိုင်ကောင်းမှ ကိုယ့်ရဲ့ ရင်းနှီးဥစ္စာ ပြန်ရနိုင်သည်။ သူတို့နှင့် ကိုယ်သည် တစ်ဦးနှင့်တစ်ဦး ကျေးဇူးထောက်ပံ့ပြုနေကြသော စီးပွားဖက် ဖြစ်သည်။ သူ့ဘက်က ပြေလည်မှ ပေးလိုစိတ်ပေါ်မည်။ မပြေလည်က ပေးလိုစိတ် တွန့်တိုတတ်သည်။ ကတိကဝတ် ပျက်တတ်သည်။ ကတိကဝတ်ပျက်က ထိုသူ၏ဘဝ တစ်သက်လုံး ယုံကြည်မှု ကင်းမဲ့ခံရပြီး လုပ်စားကိုင်စား မရတော့။ သူ့ဘဝ နစ်မွန်းသွားရသည်။ သို့အတွက် သူတို့ အဆင်ပြေအောင် မေတ္တာပို့ရသည်။ လိမ္မာအောင် သွန်သင်ဆုံးမပေးရသည်။ လူမှုရေး တတ်နိုင်သလောက် ကူညီစောင့်မရသည်။ တစ်ဦးကျေးဇူး တစ်ဦး သိလာတော့ နှစ်ဦးနှစ်ဖက် အကျိုးများ စိတ်ချမ်းသာရသည်' ဟူ၍ ဖြစ်သည်။

ဦးကျော်အေးသည် အထက်ပါ မူဝါဒအတိုင်း ရတနသုတ်ကို ရွတ်ဖတ်ပူဇော်ပြီးတိုင်း ထိုပရိတ်တော် ကုသိုလ်အဖို့ကို သူနှင့်

ပတ်သက်သော စီးပွားဖက် ပုဂ္ဂိုလ်များကို မေတ္တာပို့သမှု မှန်မှန် လုပ်ခဲ့သည်။

သို့အတွက် တစ်နေ့တခြား စီးပွားဖက် မိတ်ဆွေတွေ တိုးလာသည်။ လုပ်ငန်းဆောင်တာလည်း ကြီးပွားလာသည်။ ပိုးမွှားအန္တရာယ် ဖျက်ဆီးမှု ကင်းလာသည်။ ယုတ်စွအဆုံး အိမ်မှာ တရုန်းရုန်း တသောသောနှင့် ပြေးလွှားနေကြသော အိမ်ကြွက်များကပင် သူတို့၏ အသိုက်များအတွက် အဝတ်အစား များကို ကိုက်ဖြတ်ဖျက်ဆီးခြင်း မပြုကြပေ။

ရတနသုတ် ပရိတ်တော် တန်ခိုးကြောင့် စီးပွားဥစ္စာ မိတ်ဆွေသင်္ဂဟ တိုးလာသော ဦးကျော်အေး မိသားစုသည် ထိုစီးပွားဖြင့် ခမ်းနားကြီးကျယ်သော အိမ်ကြီးအိမ်ကောင်းကို မဆောက်လုပ်ကြ။ အခြားသူများက ဆောက်လုပ်ရန် တိုက်တွန်း သည်ကို လက်မခံ။ မိမိကို စီးပွားဥစ္စာရတနာ တိုးတက်ရန် ဩဝါဒပေးခဲ့သော ဆရာတော် ဦးစန္ဒိမာ၏ ဒက္ခိဏာရုံစာသင်တိုက် ကြီးရှိ သံဃာတော်များ ချမ်းချမ်းသာသာနှင့် ပရိယတ္တိ ပညာရေးကို သင်ကြား နိုင်ရေးအတွက် ရည်စူး၍လည်းကောင်း၊ ဆရာတော်၏ ကျေးဇူးကို ပေးဆပ်သောအားဖြင့်လည်းကောင်း ထိုခေတ်အခါက ပေါက်ဈေးနှုန်း ရှစ်သောင်းကျော်တန်သော ဉာဏ်မှုလဝိဟာရ ကျောင်းသစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ မိမိ၏ ကျောင်းအလှူတွင် မိမိနှမများပါ ပါဝင်စေလိုသဖြင့် မိမိ၏

ယောက်ဖနှင့် နှမဖြစ်သော ဦးဘသိန်း + ဒေါ်ခလေးမတို့ပါ ကျောင်းအလှူထဲသို့ ပါဝင်စေခဲ့သည်။

ဝေသာလီပြည် ကပ်သုံးပါး ဆိုက်ရောက်ခဲ့၍ ဘုရားရှင် ချီးမြှင့်ခဲ့သော ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သစ္စာဂါထာတော်များသည် တကယ်တမ်း ယုံကြည်စွာ လိုက်နာကျင့်သုံးပြီး ရွတ်ဖတ်သရဇ္ဈာယ် ကြမည်ဆိုလျှင် ဝေသာလီတွင် ကပ်ရောဂါကင်း၍ ချမ်းသာခဲ့သလို ယခုပစ္စက္ခ မျက်မှောက်ဘဝတွင်လည်း ကပ်ရောဂါကင်း၍ ချမ်းသာခြင်း ရောက်ကြသည်၊ ရရှိကြသည်ကို လက်တွေ့သာဓက အားဖြင့် တင်ပြပေသတည်း။

❀ ❀ ❀

## ရတနသုတ် ပရိတ်တန်ခိုး အကျိုးထူးပေသည်

ကျွန်တော်တို့ ရွာကလေးသည် ဖြူးမြို့နယ်တွင် ရထားလမ်း၊ ကားလမ်းနှင့် ကပ်သော ရွာကလေး ဖြစ်ပါသည်။

၁၉၄၉–ခုနှစ် ပြည်တွင်း ရောင်စုံသောင်းကျန်းမှုများ ထကြွ ပုန်ကန်သောအခါ ဖြူးမြို့သည် အကြမ်းဖက် သောင်းကျန်းသူတို့၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရပြီး ပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ မီးရထားလမ်း၊ ကားလမ်းဘေးရှိ ရွာများမှ ရွာသူရွာသားများသည် ရွာအသီးသီးကို စွန့်ခွာပြီး ထွက်ပြေးကြရပါသည်။ ကျွန်တော်

တို့တစ်တွေလည်း ရွာစွန့်၍ ပြေးရပါသည်။

ကျွန်တော်တို့ရွာမှ ထွက်ပြေးရစဉ်ကာလမှာ လယ်ယာများ စိုက်ပျိုးပြီးစအချိန် ဖြစ်ပါသည်။ တပ်မတော်မှ အကြမ်းဖက် သောင်းကျန်းသူများကို ထိုးစစ်ဆင်၍ ဖြူးမြို့ကို ပြန်လည် သိမ်းပိုက်သောအခါ တပေါင်းတန်ခူးလ စ,ချိန် ဖြစ်ပါသည်။ လယ်ယာများ မှည့်ကျွမ်းပြီး စပါးများကို လယ်ယာထဲက ကောက်သင်းကောက်သဘော လိုက်သိမ်းယူရပါသည်။

ထိုကာလဝယ် ကျွန်တော်တို့တစ်တွေအိမ်များမှာ မီးရှို့ခံရ၊ ပစ္စည်းများ, ကျွဲနွားများ အသိမ်းခံရနှင့် ရှိသမျှပစ္စည်း တက် တက်ပြောင် သဘောရှိပြီး ခါးဝတ်ပုဆိုးနှင့် လက်ချည်း ကျန်ခဲ့ရ သည့်ဘဝ ဖြစ်ပါသည်။

အစိုးရတပ်မတော်မှ မြို့များကို ပြန်လည် သိမ်းပိုက် ထိန်းချုပ်လာနိုင်ပြီး ဖြစ်၍ ကျွန်တော်တို့လည်း ရှိသမျှအားနှင့် လယ်ယာလုပ်ငန်းခွင်ကို ဖြစ်သလိုနည်းနဲ့ ပြန်ဝင်လုပ်ရပါသည်။

ကျွန်တော့်တွင် အသက်(၁၅)နှစ်အရွယ် သားတစ်ယောက်နှင့် ညီက မွေးထားခဲ့သော အသက် (၁၄)နှစ်အရွယ်ရှိ တူတစ်ယောက် နှင့် (၁၀)နှစ်ရွယ်ရှိ တူတစ်ယောက်လည်း ရှိပါသည်။ ထိုသားနှင့် တူများကို အရွယ်ရှိစဉ် ပညာသင်စေလိုသောဆန္ဒ ပြင်းပြစွာ ရှိပါသည်။ သို့အတွက် ကျွန်တော်သည် ထိုနှစ် လယ်ယာ စိုက်ပျိုးအပြီးတွင် လယ်ယာလုပ်ငန်းကို မိမိဘာသာ ဖြစ်သလို

လုပ်မည်၊ သားနှင့်တူကိုတော့ ကျောင်းထားမည်ဟု ဆုံးဖြတ်ပြီး သားနှင့်တူကို ဖြူးမြို့ ဒက္ခိဏာရုံကျောင်း ဆရာတော်ထံ အပ်နှံပြီး ပညာသင်စေခဲ့ရပါသည်။

သားနှင့်တူဖြစ်သူကို ရှင်ပြုရန်အတွက် နေ့ဦးပေါက်တွင် ပရိက္ခရာအစုံဝယ်၍ ကျောင်းရှိ သံဃာတော်များကို ဆွမ်းကပ်ပြီး သင်္ကန်းဝတ်ပေးရပါသည်။ ထိုအချိန်မှာပင် တူငယ်ကို ကျောင်းဆက်ထားရပါသည်။

ထိုသူငယ်မှာ ရှင်မပြုရသေး၍ အရွယ်ကလည်း ရှင်ပြုရမည့်အရွယ် ရောက်နေသဖြင့် ကျွန်တော့်မှာ ရှင်ပြုပေးလိုသောစိတ်ဆန္ဒ ပြင်းပြနေရပါသည်။ ကွယ်လွန်သွားရှာပြီးသော ညီဖြစ်သူ၏ ဆန္ဒကိုလည်း ဖြည့်ပေးလိုသောစိတ်ဓာတ အမြဲတမ်း စောနေမိပါသည်။

ထိုနှစ် လယ်ယာလုပ်ငန်းက အောင်မြင်သင့်သလောက် အောင်မြင်ပါသော်လည်း ပြည်တွင်း သောင်းကျန်းမှုက ဆုံးရှုံးခဲ့သော လယ်ယာပစ္စည်းများ နွားများကို ပြန်လည် ဖြည့်ဆည်းရသည့်အတွက် ငွေကြေးက မလုံလောက် ဖြစ်နေပါသည်။

ထိုနှစ် ဝါတွင်း ကျောင်းသို့ ဥပုသ်စောင့် သွားရင်း စာချဆရာတော် ဦးဥတ္တမဗုဒ္ဓိနှင့် တရားစကား ဆွေးနွေးရင်း တူကလေး ရှင်ပြုလိုကြောင်း၊ လယ်ယာအထွက်ကောင်း စေလိုကြောင်း၊ ယခု စီးပွားရေး အဆင်မပြေသေး၍ ရှင်ပြုရန် အရွယ်ရောက်နေ

သော တူလေးကို ရှင်မပြုနိုင်သေးကြောင်း အကြောင်းစုံ လျှောက်ထားရာ စာချဆရာတော် ဦးဥတ္တမဗုဒ္ဓိက–

“ဒါယကာကြီး–လွန်ခဲ့သောနှစ်က ဖြစ်ခဲ့တဲ့ သောင်းကျန်းသူနှင့် တိုက်တဲ့ တိုက်ပွဲက လူတွေ သတ္ထန္တရကပ် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်ကြတာပဲ။ ယခုလည်း အစိုးရတပ်က သိမ်းပိုက်တယ် ဆိုပေမယ့် သောင်းကျန်းသူနှင့်တိုက်တဲ့ တိုက်ပွဲက အေးသေးတာမဟုတ်ဘူး။ လူတွေက အေးအေးချမ်းချမ်း အလုပ်မလုပ်နိုင်သေးဘူး။ အထိတ်တလန့်·ကျိုးလန့်စာစား လုပ်ရကိုင်ရစားသောက်နေရတာ။ ဒုဗ္ဘိက္ခန္တရကပ် ရှိနေတုန်းပဲ။ ဒီကာလမှာတော့ အားကိုးစရာကတော့ ရတနာသုံးပါးပဲ။ ဒါယကာကြီး၊ ဒီကပ်ကာလအတွင်းမှာ လူတွေသေလိုက်တာ သံဝေဂရစရာပဲ။ အဲဒီတော့ ဒါယကာကြီးကို ဦးပဥ္စင်း အကြံပြုနိုင်တာကတော့ ဒီလို ကပ်ကာလကြားမှာ အန္တရာယ်က လွတ်ကင်းပြီး စီးပွားလည်း အဆင်ပြေနိုင်အောင် ဘုရားရှင် ဟောကြားခဲ့တဲ့ ရတနသုတ်ပရိတ်ကို နေ့စဉ် (၉)ခေါက် ရွတ်ပြီး ဘုရားရှိခိုးကြည့်ပါလား။ ဒီသုတ်ဟာ ဘုရားရှင်ကိုယ်တော်တိုင် ရှင်အာနန္ဒာကို သင်ပေးပြီး ဘုရားရှင် လက်ထက်က ဝေသာလီမှာ ကပ်ဘေးဆိုက်တော့ ဒီသုတ်ပရိတ်ကို ဘုရားရှင်က ရှင်အာနန္ဒာကို ရွတ်စေတယ်။ ပြီးတော့ ပရိတ်ရေဖျန်းစေတယ်။ အဲဒီသုတ်ပရိတ်ရဲ့ အနက်အဓိပ္ပာယ်ကို ကြည့်တော့လည်း ဘုရားဂုဏ်၊ တရားဂုဏ်၊

သံဃာဂုဏ်တွေကို သစ္စာဆိုပြထားတာပဲ။ ဒါယကာကြီး ရတနသုတ်ပရိတ်ကို အမိဋ္ဌာန်ထားပြီး ရွတ်ဖတ် ပူဇော်ကြည့် လား။ ဒါယကာကြီးဆန္ဒ ပြည့်ကောင်းပြည့်ပါလိမ့်မည်ထင်တ

စာချဆရာတော် ဦးဥတ္တမ ဗုဒ္ဓိသည် ကျွန်တော့်အား ဤ စိတ်ရှည် လက်ရှည် မိန့်ကြား ရှင်းပြပါသည်။

ကျွန်တော်လည်း စာချဆရာတော် ဩဝါဒကို အလေးအန ခံယူကာ ထိုအချိန်မှစ၍ ညစဉ် ဘုရားရှိခိုး၊ ငါးပါးသီ ဆောက်တည်ပြီး ရတနသုတ် ပရိတ်ကို (၉)ခေါက် ရွတ်ဆို သည်။ ရတနသုတ် ပရိတ်မရွတ်ခင် နတ်ပင့်နှင့် မေတ္တာသုတ် ရွတ်ရသည်။ ပြီးမှ ရတနသုတ်ကို (၉)ခေါက်ရွတ်ပါသည်။

ကျွန်တော်ရွတ်ဖတ် ပူဇော်သလိုပင် ကျွန်တော့်ဇနီးကလ ရတနသုတ် ပရိတ်ကို (၇)ခေါက် ရွတ်ဖတ် ပူဇော်ပါသည်၊

ပရိတ်ရွတ်တိုင်း ပရိတ်ရေထားပြီး ရွတ်ပါသည်။ ထိုပရိတ် ကို လယ်ကွင်းသို့သွားပြီး စပါးပင်များကို ပက်ဖျန်းပေးပါသည် လယ်စောင့်နတ်၊ ကွင်းပိုင်နတ် စသည်တို့ကိုလည်း မေတ္တာ အမျှပေးဝေပါသည်။

ထိုနှစ် တော်သလင်း၊ သီတင်းကျွတ်လတွင် စပါးပင်မျ သည် အခြားသူများ၏ စပါးပင်များထက် ဖွံ့ဖြိုးတိုးတက်လ ပါသည်။ အခြားသူများက ကျွန်တော့်ကို ခင်ဗျားစပါးတေ သိပ်ကောင်းတာပဲဗျာ၊ ဘာမြေဩဇာတွေ ကျွေးသလဲဟု တ

တသြ မေးကြပါသည်။

ကျွန်တော်က ဘာစာတ်မြေသြဇာမှ မကျွေးကြောင်း၊ မိုးဥတုကျက ရိုးရာနောက်ချေး မြေသြဇာသာချကြောင်း ပြောပြပါသည်။ ကျွန်တော့် အပြောကို ယုံသူလည်း ရှိပါသည်။ မယုံသူလည်း ရှိပါသည်။

ဇာချဆရာတော်၏ အကြံပြုချက်ကို ကျွန်တော်သည် ပထမတော့ သိပ်မယုံကြည် မလေးနက်ပါ။ တူကလေးကို ရှင်ပြုလိုသောဇောက အားကြီးသဖြင့် ဖြစ်လိုဖြစ်ငြား ရွတ်ဖတ်ပူဇော်ခြင်းဖြစ်ပါသည်။

တစ်ဖက်ကလည်း ဇနီးက ဖြူးမြို့ဈေးမှာ စားကုန်နှင့်အထည်များယူပြီး ရွာတွင် စပါးပေးနှင့် ရောင်းချ လုပ်ကိုင်ရာ စပါးပေါ်ချိန်တွင် အဆုံးအရှုံးမရှိ အားလုံးရပါသည်။

ထိုနှစ်တွင် ကျွန်တော့်လယ်သည် အထွက်ကောင်းပြီး မျှော်မှန်းထားသည်ထက် ပို၍ထွက်သဖြင့် တူကလေးကို ထိုက်ထိုက်တန်တန် ရှင်ပြုပေးနိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ စီးပွားရေးလည်း အဆင်ပြေလာခဲ့ပါသည်။

နောက်ပိုင်းတွင် ဒက္ခိဏာရုံ စာသင်တိုက်ကျောင်း၌ သာသနာ မူလကျောင်းဟူသော ကျောင်းဆောင်တစ်ဆောင်ကိုပင် ကမကထ ဦးစီးဦးဆောင်ပြု၍ ဆောက်လုပ် လှူဒါန်းနိုင်ခဲ့ပါသည်။

ခါးဝတ်ပုဆိုး လက်ချည်းဘဝမှ ဤသို့သောဘဝ ရောက်

အောင် ဖြစ်လာရသည်မှာ ရတနသုတ် ပရိတ်တော် ရွတ်ဖတ်ရသော ပစ္စုပ္ပန်ကံအကျိုးနှင့် ဉာဏ် ဝီရိယ ယှဉ်ပြီး ကြိုးစားအားထုတ်ခဲ့သော အကျိုးတို့ကြောင့် ဖြစ်သည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ရတနာ သုံးပါးကို မမေ့ကြဘဲ ဘုရားရှင် ဟောကြားခဲ့သော ပရိတ်တရားတော်များကို ယုံယုံကြည်ကြည် လေးလေးစားစား ရွတ်ဖတ် ပူဇော်ပြီး ဉာဏ်ဝီရိယယှဉ်ကာ ကြိုးစား အားထုတ်ကြလျှင် ကပ်ဘေး၊ အန္တရာယ်ဘေးက ကင်းလွတ်ပြီး စီးပွားဥစ္စာအဖြာဖြာ တိုးတက်ကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။

❀ ❀ ❀

## အဖိုးမဖြတ်နိုင်သော လူ့ဘဝတန်ဖိုး အရသာကို ခံစားရပါသည်

ကျွန်တော်ဟာ သာမန်စစ်သား တပ်မတော် အငြိမ်းစား တစ်ဦးပါ။ ကျွန်တော် တပ်က ထွက်သာထွက်လာရသည် ဘာလုပ်စားရမည်ကို မသိပါ။ မူလက တောသားဆိုတော့ တောပြန်ပြီး လယ်လုပ်ဖို့ စိတ်ကူးခဲ့မိသော်လည်း ကျွန်တော့်ဘဝ၊ ကျွန်တော့် အရွယ်၊ ကျွန်တော့်ငွေကြေး အခြေအနေနှင့် လယ်လုပ်ရန်ကလည်း

အခြေအနေ မပေးတော့ပါ။

သို့အတွက် ကျွန်တော် ဈေးပေါသော မြောက်ဥက္ကလာပ၌ နေရန် ဆုံးဖြတ်ပြီး ပထမ အိမ်ငှားနေပါသည်။ တပ်က ရလာသော ငွေကလေးဖြင့် ဆိုက္ကားဝယ်ကာ ကိုယ်တိုင် တစ်စီးနင်းပြီး အခြားတစ်စီးကို အငှားချထားခဲ့ပါသည်။

မိသားစု၏ အစားအသောက်၊ အနေအထိုင်၊ အဝတ်အစား၊ ငွေကြေး အသုံးအစွဲကိုလည်း တပ်ပုံစံအတိုင်း သုံးစွဲ နေထိုင်စားသောက်စေခဲ့ပါသည်။

မြောက်ဥက္ကလာပတွင် အိမ်ငှားနေ၍ (၁)နှစ်ကျော်ကျော်တွင် ငှားနေသော အိမ်က ရောင်းမည်ဆို၍ ထိုအိမ်ကို ဆိုက္ကားတစ်စီး ပြန်ရောင်းပြီး ရှိပြီးသော ရွှေတိုရွှေစကလေးတွေပါ ရောင်းပြီး ဝယ်လိုက်ရပါသည်။

မိတ်ဆွေတစ်ယောက်က ပစ္စည်းပေါင်လုပ်ငန်းနှင့် ငွေတိုးချေးလုပ်ငန်းလုပ်ရန် အကြံပေးသဖြင့် ထိုအလုပ်ကို စတင် လုပ်ကိုင်ခဲ့ပါသည်။ ထိုလုပ်ငန်းသည် ဆင်းရဲသားရပ်ကွက်ဖြစ်သော ကျွန်တော့်ရပ်ကွက်တွင် အလုပ်ဖြစ်ပါသည်။

ဤလုပ်ငန်းဖြင့် (၃)နှစ်အတွင်း ကျွန်တော်သည် စီးပွားရေးအခြေအနေ တောင့်တင်းလာခဲ့ပါသည်။ ကိုယ်ယုံကြည် စိတ်ချရသော ပုဂ္ဂိုလ်များကိုလည်း အပေါင်ခံပစ္စည်း မပါဘဲ ငွေတိုးချထားပေးနိုင်ခဲ့ ပါသည်။

တစ်နေ့တွင် ကျွန်တော်သည် ယုံကြည်စိတ်ချရသော ကား

လုပ်ငန်းရှင် မိတ်ဆွေတစ်ဦးကို အတိုး ၅ိ/-နှုန်းဖြင့် ငွေ ငါးထောင် ချေးလိုက်ပါသည်။ ထိုမိတ်ဆွေသည် သုံးလတော့ အတိုးပုံမှန်စွာ လာပေးနေပါသည်။ လေးလ၊ ခြောက်လကစပြီး လူလည်းမလာ ငွေတိုးလည်း မလာတော့ပါ။

ကျွန်တော်က သွားတွေ့သောအခါ လာပေးပါမည်ဟု ကတိ ပေးပါသည်။ လူရော ငွေရော ရောက်မလာပါ။ ကျွန်တော် သူ့ ပတ် ်းကျင် သူ့အခြေအနေကို လေ့လာစုံးစမ်းပါသည်။ သူ၏ ဘဝအခြေအနေကိုလည်း လေ့လာပါသည်။ လေ့လာပြီးနောက် သူတို့အိမ်သို့ အခြေအနေမေးရန် ထပ်မံ သွားပါသည်။ မိတ်ဆွေ အမျိုးသမီးနှင့် တွေ့ရပါသည်။ ကျွန်တော့်ကို မြင်သောအခါ အမျိုးသမီးက မကြည်မနှစ်သက်သော မျက်နှာဖြင့် အပေါက်ဝမှ ပင် ဆီးကြိုကာ "ဦးဘကျော် ကျွန်မတို့က ကျွန်မတို့အိမ်ရှေ့ ကြွေးရှင်လာရပ်တာကို မကြိုက်ဘူး၊ ရှင့်ငွေကို စိတ်ချ ကျွန်မတို့ ပြေလည်တဲ့နေ့ အတိုးရော အရင်းရော တစ်ပြားမကျန် လာဆပ် မယ်။ ကျွန်မတို့ မလိမ်ဘူး။ ဒါမှ ရှင်မကျေနပ်ရင် ရှင် ဆိုင်ရာက စကားပြော၊ ကျွန်မတို့ ရင်ဆိုင်မယ်"

ဟု ဒေါနှင့်မောနှင့် ပြောပါသည်။ အိမ်ထဲ ဝင်ခွင့်မပြုပါ။ ကျွန်တော် အနည်းငယ်တော့ ဒေါသထွက်သွားမိပါသည်။ သို့သော် စိတ်ကို တည်ငြိမ်အောင် ထိန်းပြီး-

"ဒေါ်မြမေ-ကျုပ်ထံက ခင်ဗျားယောကျ်ား ငွေလာယူတုန်းက

ဘယ်လိုပြောဆို၊ ဘယ်သို့မျက်နှာ၊ ဘယ်လိုစကားနှင့် လာရောက်ပြောပြီး ယူသွားတယ်ဆိုတာ ခင်ဗျားယောကျ်ား ပြန်မေးကြည့်ပါ။ ကျုပ်က မိတ်ဆွေတစ်ယောက်အနေနဲ့ ကူညီတဲ့သဘော ဘာမှ အာမခံမထောင်းဘဲနဲ့ ပေးခဲ့တာပါ။ ကျုပ်က ဒီလောက် ငွေအတွက် ဂရုစိုက်စရာ မလိုပါဘူး။ ခင်ဗျား ကျုပ်ကို ဒီလောက်လည်း ရိုင်းစိုင်းစွာ ဆက်ဆံစရာ မလိုပါဘူး။ ယခုလည်း ကျုပ်လာတာ ခင်ဗျားတို့ အခက်အခဲ အခြေအနေသိချင်လို့ မေးဖို့လာတာ။ ငွေလာတောင်းတာ မဟုတ်ဘူး။ ဒီမယ် ကျုပ် နောက်ဆုံး ပြောခဲ့မယ်။ ခင်ဗျားတို့ ဒီငွေကို မပေးရင်လည်း ရတယ်။ ခင်ဗျားတို့ မပေးနိုင်တော့ဘူး မပေးတော့ဘူးဆိုတဲ့နေ့ ကျုပ်က ရေစက်ချပြီး လှူလိုက်မယ်။ ကဲ–ဒါပဲ၊ သွားပါ့မယ်”

ကျွန်တော်သည် ဤသို့ ခပ်မာမာပြောကာ ပြန်လာခဲ့ပါသည်။ ကျွန်တော်သည် လမ်းတစ်လျှောက်လုံး စဉ်းစားလာခဲ့ပါသည်။ သူတို့တစ်တွေသည် လုပ်ငန်းဂုဏ်သိက္ခာနှင့် နေကြသူများ ဖြစ်ကြသည်။ ကျွန်တော်လာ၍ ကြွေးတောင်းသည်ဟုထင်ကာ မိန်းမက ဂုဏ်သိက္ခာ ထိခိုက်၍ ရက်သောကြောင့် ယခုကဲ့သို့ မဖွယ်မရာ ပြောဆိုလွှတ်ခြင်း ဖြစ်ပါသည်။

သူတို့အခြေအနေ စုံးစမ်း သိရသည်မှာလည်း အလိမ်ခံရပြီး တရားမဝင်ပစ္စည်းတင်မိ၍ အဖမ်းခံရ၍ အတိဒုက္ခ ရောက်နေသည်ဟု ကြားသိထားရပါသည်။

ကျွန်တော်သည် သူတို့အပေါ် ခွင့်လွှတ် မေတ္တာမွေးလိုက်ပါ

သည်။ ဇနီးမယားတို့ကိုလည်း ခွင့်လွှတ် မေတ္တာမွေးကြဖို့ ပြောပြရပါသည်။

"လူဆိုတာ မည်သူမျှ လိမ်ညာကောက်ကျစ်တဲ့ အကုသိုလ် ဒုစရိုက်ကို မပြုလုပ်လိုကြဘူး။ စားဝတ်နေရေး အခက်အခဲ မပြည့်စုံကြလို့သာ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် သားသမီး၊ သားမယား စားသောက်ရေး၊ ဝမ်းဝရေးအတွက် လိမ်ညာ ကောက်ကျစ်နေကြတာပဲ။ တို့ငွေ ဆုံးရင်လည်း တရားတော်အရ ပြန်ကြည့်ရင် တို့ဘက်က မစင်ကြယ်လို့ပဲ။ ဇောတိကသူဌေး လက်စွပ်ကို အဇာတသတ်မင်း ချွတ်မရတော့ ကျွန်ုပ်ရဲ့ စင်ကြယ် တဲ့ပစ္စည်းကို မည်သူမျှ လုယူလို့မရဘူး။ ကျွန်ုပ်ကိုယ်တိုင်ပေးမှ ရတယ်လို့ ဇောတိကသူဌေးကပြောပြီး အဇာတသတ်မင်းကို လက်ခံစေပြီး လက်စိုက်ပေးလိုက်တယ်၊ အဲဒီအခါကျမှ အဇာ တသတ်မင်း အတင်းချွတ်ယူတဲ့ လက်စွပ်က သူ့အလိုလို ကျွတ်လာသတဲ့။ အဲဒီလိုပဲ တို့ ဒီငွေ ဆုံးသွားရင်လည်း တို့တွက် မစင်ကြယ်တဲ့ ပစ္စည်းမို့ ဆုံးတယ်မှတ်ထားကြပေါ့ကွာ။ သူတို့ကိုလည်း မေတ္တာမပျက်ပါနဲ့ မေတ္တာပို့ကြပါ"ဟု တရားပြ ထားလိုက်ပါသည်။ မယား သားသမီးတို့ကလည်း ကျွန်တော်၏ တရားဓမ္မကို လက်ခံကြပြီး ထိုမိန်းမ ရန်တွေ့သောကိစ္စကို ခွင့်လွှတ်ကြပါသည်။

ကျွန်တော်သည်လည်းကောင်း၊ ကျွန်တော့်ဇနီးသည် လည်း

ကောင်း ညစဉ် ဘုရားဝတ်တက်တိုင်း နံနက်အာရုံတက် ဘုရားရှိခိုးတိုင်း မေတ္တာပို့သသောအခါ ထိုမိတ်ဆွေလင်မယားကို လုပ်ငန်းအဆင်ပြေစေရေး၊ စိတ်အေးချမ်းသာရေးအတွက် အထူး မေတ္တာထားပြီး မေတ္တာဓာတ်ကို စေလွှတ် ပို့သပါသည်။

ဤသို့ဖြင့် တစ်လ အချိန်ကြာသွားပါသည်။

တစ်နေ့ ကျွန်တော်တို့မိသားစု နံနက်အာရုံတက် ဆွမ်းထချက်ချိန်တွင် အပြင်ခြံဝ တံခါးဝမှ ကျွန်တော့်အမည်ကို ခေါ်သံကို ကြားရပါသည်။ စောစောစီးစီး တစ်ခါမျှ ဤသို့ ခေါ်သံ မကြားဖူးသဖြင့် အထူးအဆန်းဖြစ်နေ၍ ကျွန်တော် မီးဖွင့်ပြီး တံခါးဝမှ ခေါ်နေသူကို လှေလာအကဲခတ်ပါသည်။

ခြံတံခါးဝ မှောင်ရိပ်ထဲမှ လူ၏မျက်နှာကို သဲကွဲစွာ မမြင်ရပါ။ ကျွန်တော် အိမ်ပေါ်မှ ဆင်းပြီး ခြံတံခါးဝသို့ သွားပါသည်။

"ကျွန်တော် ထွန်းဝင်းပါ ကိုဘကျော်"

"ဩော်–ကိုထွန်းဝင်း ထူးထူးခြားခြား အစောကြီးပါလား"

ကျွန်တော်သည် အံ့အားသင့်စွာနှင့် ကိုထွန်းဝင်းကို ကြည့်ရင်း အထက်ပါအတိုင်း ပြောပြီး တံခါးဖွင့်ပေးလိုက်ပါသည်။

အိမ်ထဲသို့ ရောက်သောအခါ သူသည် ကျွန်တော်ပေးသော ထိုင်ခုံတွင် မထိုင်ဘဲ အောက်တွင် ထိုင်ချလိုက်ပြီး ကျွန်တော်၏ ခြေဖမိုးကို ဆုပ်ကိုင်ကာ–

"ဦးဘကျော် ကျွန်တော် ဦးဘကျော်ငွေကို ပြန်ဆပ်ခွင့်

ပြုပါ”ဟု နှုတ်ကပြောရင်း ရှိခိုးပါသည်။ ကျွန်တော်သည် ရုတ်တရက် ကြောင်သွားပါသည်။ ပြီးလျှင် ကိုယ့်ထက် အသက်အရွယ်ကြီးသော ပုဂ္ဂိုလ်တစ်ယောက်က ငါ့ကို ရှိခိုးနေတာ မသင့်တော်ပါလားဟု သတိရပြီး–

“ဟာ...ကိုထွန်းဝင်း မလုပ်ပါနဲ့ဗျာ၊ ထိုင်ခုံမှာထိုင်ပါ၊ စကားအေးအေးဆေးဆေး ပြောကြတာပေါ့”ဟု ပြောပြီး အတင်းဆွဲထူကာ ထိုင်စေပါသည်။

“ကျွန်တော့်ကို ငွေဆပ်ခွင့်ပြုပါဗျာ”

ဦးထွန်းဝင်းက နှုတ်က ငွေဆပ်ခွင့်သာ တဖွဖွ တောင်းဆိုနေပါသည်။

“ဘာလို့ ဆပ်ခွင့်မပြုရမှာလဲ၊ အဆင်ပြေရင် ဆပ်ပေါ့ဗျာ”

ကျွန်တော် ထိုသို့ပြောရင်း သူ့ကို အကဲခပ် ကြည့်မိပါသည်။

“ကျွန်တော်ဗျာ ခင်ဗျား လာသွားပြီလို့ ကျွန်တော့်မိန်းမက သူပြောလွှတ်လိုက်တဲ့ အကျိုးအကြောင်းကို သိပြီးကတည်းက စိတ်မကောင်း ဖြစ်မိလို့ လာတောင်းပန်မလို့ပါပဲ။ ငွေကလည်း မဆပ်နိုင်တော့ မလာရဲတော့ဘူးဗျာ။ အဲဒီနောက် ကျွန်တော့်မှာ ရင်ပူပြီး အိပ်မရ ဖြစ်နေရတယ်။ ကျွန်တော့်မိန်းမရော ထိုနည်းတူ ခံစားနေရတယ်။ ကျွန်တော်က မိန်းမကို ပြောပြတယ်။ နင် ကျေးဇူးရှင်ကို စော်ကားလွှတ်လို့ ကျေးဇူးစူးခံရပြီ။ သွားတောင်းပန်ဖို့ကလည်း ငွေမပါတော့ မလွယ်ဘူး။ တို့ တစ်နည်းတစ်လမ်း

ကြိုးစားကြဦးစို့။ သူမှ ခွင့်မလွှတ်လို့ ငွေကိုလည်း ရေစက်ချလှူလိုက်ရင်တော့ တရားတော်အရ တို့တစ်တွေတော့ ခွေးဖြစ်ကုန်ပြီလို့ ပြောမိပါတယ်။ ကျွန်တော်က ရင်ထဲပူလို့ အိပ်မရတိုင်း ဒီငွေရဖို့ အမြဲ စဉ်းစားမိပါတယ်။ ဘုရားထံမှာရော၊ အိမ်တွင်းမှာရှိတဲ့ နတ်တွေကိုရော တိုင်တည်ပြီး ဆုတောင်းပါတယ်။ ကံအားလျော်စွာပဲ ပြီးခဲ့တဲ့အပတ်က မမျှော်လင့်ဘဲ ကားအမှုကိစ္စကလည်း ပြီးပြီ၊ ဂဝံသယ် ကန်ထရိုက်လည်း ရလာပါတယ်။ ယခုတော့ အဆင်ပြေသွားပြီဆိုပါတော့။ ဒီငွေဆပ်ပြီးမှ ကျွန်တော့်ရင်ထဲ ပူလောင်မှု ပျောက်မှာပါ။ မနေ့က ငွေရတယ်။ ကျွန်တော် ငွေရလျှင်ရချင်း ဦးဘကျော်ထံ ဆပ်ဖို့ ချက်ချင်းဆုံးဖြတ်ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော့်ရင်မှာ အေးမြသွားပြီး စိတ်ချမ်းသာသွားပါတယ်။ အဲဒါကြောင့် ယခု အိပ်ရာထ ကြည်ကြည်လင်လင် နိုးပြီး ချက်ချင်းလာတာပါ”

“ကောင်းပါတယ် ဦးထွန်းဝင်း၊ ကျွန်တော်က အဲဒီက ပြန်လာကတည်းက ခင်ဗျားတို့ မိသားစုအပေါ်မှာရော တိုက်ရိုက် ကျွန်တော့်ကို ဒေါနှင့် မောနှင့် ပြောဆိုတဲ့ ခင်ဗျား မယားကိုရော၊ မိသားစုအားလုံးကို ပြောပြပြီး ခွင့်လွှတ်သည်းခံဖို့ တရားဟောပြီး ခင်ဗျားတို့ကို ညစဉ် မေတ္တာပို့သပါတယ်။ ပို့တာကလည်း ခင်ဗျားတို့ ဖြစ်သွားတဲ့ အခက်အခဲကို စုံစမ်း သိရှိလို့ပါ။ ကျွန်တော်လာတုန်းကလည်း စေတနာအမှန်က ငွေတောင်းရန် လာတာမဟုတ်ပါဘူး။ ခင်ဗျားတို့ အခက်အခဲ ကြားသိရလို့

ပေးနိုင်တဲ့ အချိန်ကျမှပေးဖို့နှင့် အရစ်ကျ ခွဲဆပ်ဖို့ ပြောဖို့ လာတာပါ။ ဒါပေမယ့်ခင်ဗျားဇနီးက ဝင်လျှင်ဝင်ချင်း ဒေါနှင့် မောနှင့် ပြောလွှတ်လိုက်တော့ ကျွန်တော်လည်း စိတ်ထွက်သွားပြီး ရေစက်ချ လှူမယ်လို့ ပြောသည်အထိ ရောက်သွားပါတယ်ဗျာ"

"ကျွန်တော့်မိန်းမလည်း ယခု မလိုက်ရဲတာသာ ကြည့်ပါတော့ဗျာ။ သူလည်း ပြုပြီး ပြောပြီးမှ သူမှားသွားကြောင်း သိသွားပြီး မျောက်မီးခဲကိုင်မိသလို ခံစားနေရတာပါ။ ကျွန်တော် ထပ်တောင်းပန်ပါတယ်။ သူ့အတွက်လည်း ခွင့်လွှတ်ပါဗျာ"

"ကျွန်တော် ပြောပါပကော ဦးထွန်းဝင်း၊ အစောကတည်းက ကျွန်တော် ခွင့်လွှတ်ပြီးသားလို့။ ယခုလည်း ခွင့်လွှတ်ပါတယ်ဗျာ"

ဦးထွန်းဝင်းသည် မျက်ရည်လည်သောမျက်နှာ၊ ဝမ်းသာသော ပီတိမျက်ရည်ဖြင့် ငွေထုပ်ကို ကျွန်တော့်ကို ပေးပါသည်။

ကျွန်တော်သည် သူပေးသော ငွေထုပ်ကို လက်ခံယူပြီး အတိုးတစ်ဝက်ကို လျှော့ပြီး ပြန်ပေးလိုက်ပါသည်။

ဦးထွန်းဝင်းသည် ကျေးဇူးတင်သော မျက်ရည်ရွှဲဖြင့် ဝမ်းသာဝမ်းနည်း ခံစားလျက် စကားပင် မပြောနိုင်ရှာဘဲ ထွက်သွားပါသည်။

ကျွန်တော်နှင့်တကွ ကျွန်တော့်မိသားစု၏ ခွင့်လွှတ်သော မေတ္တာ စေတနာသည် ချစ်စကို ရှည်စေခဲ့ပါသည်။

မုန်းစကို တိုစေခဲ့ပါသည်။

ယနေ့အထိ ဦးထွန်းဝင်း မိသားစုနှင့် ကျွန်တော့် မိသားစုသည်

ဆွေမျိုးသားချင်းပမာ ရှိနေကြပါသည်။

မပြစ်မှားကောင်းသော ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားသော ကိုထွန်းဝင်း၏ အသိအလိမ္မာရှိမှုနှင့် ကျွန်တော်၏ ခွင့်လွှတ်သော မေတ္တာနှင့် ပို့သသော မေတ္တာအကျိုးသည် အဖိုးမဖြတ်နိုင်သော လူ့ဘဝတန်ဖိုး အရသာကို ခံစားရတော့သည်။

❀ ❀ ❀

# မေတ္တာပို့ပါ ကူညီမှာ

ကျွန်တော်တို့ တောအရပ် တောဒေသတွင် သားတစ်ဦးဦးက သာသနာတော်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိပါက ရပ်ရွာ နယ်ပယ် အားလုံးက ထိုရဟန်း မိဘများကို ဘုန်းကြီး ဖေ၊ ဘုန်းကြီးမေ ရဟန်း ဒါယကာကြီး၊ ရဟန်း ဒါယိကာမကြီးဟု ဂုဏ်ယူလေ့ ရှိပါသည်။ ဘုန်းကြီးဖေ၊ ဘုန်းကြီးမေ သေလျှင် ရွှေထီးဆောင်းပေးရသည်ဟူသော အစဉ်အလာကြောင့်လည်း ရဟန်းမိဘရှင်တို့က ဂုဏ်ယူမဆုံး ရှိကြပါသည်။ ဘုန်းကြီးဖေ ဘုန်းကြီးမေဟူသော ဂုဏ်ဒြပ်သည် သူကြီး၊ သူဌေးဟူသော ဂုဏ်ဒြပ်ထက်ပင် မြင့်၍ ထိုဂုဏ်ကို များစွာ တန်ဖိုးထား လေးစားကြပါသည်။

ကျွန်တော်သည်လည်း ရဟန်းဘဝရောက်၍ မိဘတို့က

ဂုဏ်ယူမဆုံးရှိပြီး ပစ္စည်းလေးပါး လိုလေသေးမရှိ ထောက်ပံ့လှူဒါန်းကြပါသည်။ ထို့ပြင် ပရိယတ္တိစာပေ၊ ပညာတတ်ကလည်း ဓမ္မာစရိယဆိုသော အဆင့်မြင့်တန်း ရောက်ရှိလာ၍ မိဘဆရာသမားများအပြင် ရပ်ရွာဒေသ တစ်ခုလုံး လေးစားကြည်ညိုရာ ပုဂ္ဂိုလ်တစ်ပါး ဖြစ်ခဲ့ရပါသည်။

သို့သော် ဘဝကြမ္မာ ကံခေလာ၍လား ဒါမှမဟုတ် ပါရမီကုန်၍လားမသိ။ ကျွန်တော်သည် ရဟန်းဘဝတွင် မပျော်မွေ့တော့သဖြင့် လူထွက်ကာ အိမ်ရာထူထောင်သည်။

အားလုံးက နှမြောကြသည်။ စုပ်တသပ်သပ် ရှိကြသည်။ ကျွန်တော်၏ ဇနီးကိုလည်း သာသနာ့ဖျက်မ စိဥ္စမာန ဟူ၍ သမုတ် ပုတ်ခတ် ဝေဖန် အပြစ်ဆိုကြသည်။ ကျွန်တော့် မိဘဆွေမျိုးတွေကတော့ ကျွန်တော့်ကို အပြစ်တင်ရုံသာမက မခေါ်မပြော စွန့်ပယ်ကြသည်။

မိဘတို့က လုံးဝ မကျေနပ် မနှစ်သက်ကြ။ သို့သော် သားဖြစ်နေ၍ ပစ်ပယ်မရသောကြောင့် လက်ခံထားကြသည်။ ကျွန်တော့်မှာ လူလောက၌ လုပ်ကိုင်စားသောက်ရန် သားမယားကို လုပ်ကျွေးနိုင်ရန် လောကီအတတ်ပညာက ဘာမျှ ပါမလာ။ သို့အတွက် မိဘရိုးရာ လယ်ယာအလုပ်ပဲ လုပ်ရန် ဆုံးဖြတ်ပြီး မိဘထံ ပြန်လာခဲ့ဖြစ်ပါသည်။

အဖေသည် သူ့ဘဝ ရဟန်း ဒါယကာကြီး၊ ဘုန်းကြီးဖေ

ဟူသော ဂုဏ်ပုဒ် အဖြတ်ခံရ၍ ကျွန်တော့်အပေါ် လုံး၀ မကျေနပ်၊ မကြည်ဖြူ။ ကျွန်တော့်ဇနီးကို သာသနာဖျက်မဟု ဆိုကာ လုံး၀ကြည့်မရ။ မိခင်ကြီးကတော့ မကျေနပ်သော်လည်း သားဆိုသော သံယောဇဉ်မေတ္တာကြောင့် ဖခင်လောက် မတင်းမာ။ ကျွန်တော့်ဇနီးကိုလည်း မိန်းမချင်း ကိုယ်ချင်းစာပြီး သမီးကဲ့သို့ သဘောထားပါသည်။

"မင်း အခု လူ့ဘ၀ လူဖြစ်လာပြီ၊ အိမ်ထောင်သားမွေး မိန်းမလည်းယူလာပြီ။ အိမ်ထောင်သည်ဆိုတာ ကိုယ့်သားမယား ကိုယ်လုပ်ကျွေးနိုင်လို့ ထူထောင်တာ။ မိဘကို အားကိုးနေထိုင်ဖို့ အကြောင်းမရှိဘူး။ ငါ မိဘ၀တ္တရားအရ လယ်လုပ်ဖို့ နွား တစ်ရှင်းနှင့် ထွန်ထယ် မျိုးစပါးပေးမယ်။ ကိုယ့်ဘာသာကိုယ် ကွင်းချောင်းဘေးမှာ လယ်ယာ တီထွင်လုပ်ပါ"

ဖခင်ကြီးက မကျေနပ်ချက်ကို အရင်းခံပြုကာ မိဘ၀တ္တရား မပျက် နွား၊ မျိုးစပါး၊ ထွန်ထယ် အမွေပေးပြီး သယ်ယာလုပ်ခိုင်း ပါသည်။ ကျွန်တော်ကလည်း ကျွန်တော့်မာန်နှင့်ကျွန်တော် လုပ်ပြမည်ပေါ့။

သို့တွက် ကျွန်တော်သည် ကွင်းချောင်းဆားတွင် လူအများက ကွင်းပိုင်ရှိသည်၊ ကြပ်တီးကုန်း, ကြပ်သရဲရှိသည်၊ လယ်ယာ လုပ်မရ၊ လုပ်သူကို ကွင်းပိုင်က ဒုက္ခပေးသည်၊ ဂုတ်ချိုး သတ်ဖြတ်သည်၊ ဘယ်တုန်းက ဘယ်သူ လယ်သွားလုပ်၍

ဘယ်လိုခံပြီး သေသွားသည် စသည်ဖြင့် နာမည်ကြီးနေသော ကွင်းမြေကို လူစွမ်းကောင်းလုပ်ပြီး လယ်လုပ်ရန် စီမံကိန်းချ ပါတော့သည်။

ထိုလယ်ယာကို ကျွန်တော်လုပ်မည်ဟု ဆိုသောအခါ အမေက သားဇောကြောင့် အပြင်းအထန် ကန့်ကွက်ပါသည်။ ကျွန်တော့် အပေါ် မကျေနပ်သော ဖခင်ကြီးကပင် မနေနိုင်တော့။ "မင်း ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားချင်လို့လား။ ဒီနေရာမှာ မလုပ်နဲ့။ အခြားတောမြေကို စဉ်းစားပါ။ လယ်ယာခုတ်ထွင်ဖို့ လူလိုရင် ငှားပေးမယ်"ဟု ပြောလာရပါတော့သည်။

ကျွန်တော်က ဘုန်းကြီးလူထွက်ပီပီ ဖခင်ကြီးနှိမ်ခဲ့သည်ကို မခံချင်စိတ်ကလည်း ရှိ၊ ဩကဲ့သို့ ကြပ်သရဲ၊ ကွင်းပိုင်စသည်ကို ကြောက်စရာမလို။ သူတို့ကို မေတ္တာသုတ်ဖြင့် မေတ္တာပွားပြီး မိတ်ဆွေဖြစ်အောင်လုပ်လျှင် ရနိုင်သည်ဟု ယုံကြည်ထားမိသည်။

မေတ္တာသုတ်တော်တွင် တရားအားထုတ်သော ရဟန်းများကို သစ်ပင် တောတောင်စောင့်နတ်တို့က နှောင့်ယှက်၍ တရား အားမထုတ်နိုင်သည်ကို ဘုရားရှင်ထံလျှောက်ထား၍ ဘုရားရှင်က မေတ္တာသုတ်ကို ဟောပြီး မေတ္တာထားပါရန် မိန့်ကြားသည်။ မေတ္တာထားပြီး တရားအားထုတ်ရန် လမ်းညွှန်ခဲ့သည်။

သို့အတွက် ရဟန်းတော်များ တရားအားထုတ်ခွင့်ရပြီး ရဟန္တာ ဖြစ်ကြသည်။ ကျွန်တော်သည်လည်း အလားတူ ထို ကွင်းပိုင်၊ ကြပ်သရဲများကို မေတ္တာပွားပြီး လုပ်လျှင် ရမည်ဟု

ယုံကြည်ထားသည်။

တစ်ဖန် ထိုလယ်ယာမြေဟောင်းများသည် မြေဩဇာကောင်းသော အထွက်ကောင်းသောလယ်ယာမြေများ ဖြစ်သည်။ ကြပ်သရဲကြောင့် မည်သူမျှ မလုပ်ရဲ၍ ပယ်ထားရသော လယ်ယာမြေဖုံးဆိုးများ ဖြစ်နေသည်ဟု သိရှိထားသည်။

ကျွန်တော်သည် မိခင်၊ ဖခင်ကို ဘာမျှ ပြန်မပြောပါ။ ညနေ မိုးချုပ်လျှင် ထိုလယ်ယာမြေဖုန်းဆိုးသို့ သွားပြီး မိမိလယ်ယာလုပ်မည့် မြေဧက၏ ထောင့်လေးထောင့်တွင် ဆီမီးညှိထွန်းကာ–

“သင်တို့ ကုသိုလ်ပြုရန် ဆီမီးပေးပါသည်။ ကျွန်ုပ်သည် ဤလယ်ယာမြေတွင် စားဝတ်နေရေးအတွက် အလုပ်,လုပ်ပါမည်။ လယ်ယာထွက်ပါက သင်တို့ ကုသိုလ်ပြုနိုင်ရန် ပေးပါမည်။ သင်တို့ကိုလည်း ဗလိနတ်စာ ပြုပါမည်ဟု အမိန့်ပြန်ကာ မေတ္တာသုတ်ကို (၇)ခေါက် ရွတ်ဆိုပါသည်။ ထောင့်လေးထောင့်နှင့် လယ်ယာကွင်းအလယ်တို့၌ မေတ္တာသုတ်ကို ရွတ်ဖတ်ပါသည်။ ပြီးလျှင် ရတနသုတ်ကို ရွတ်ဖတ်ပူဇော်ပါသည်။

နံနက်စောစောထပြီး ထိုလယ်ယာသို့သွားကာ မေတ္တာသုတ် ရတနသုတ်ရွတ်ဖတ်ပြီး ကွင်းပိုင် အပါအဝင် ဆိုင်ရာပိုင်ရာများအားလုံးကို အမျှပေးဝေပါသည်။

ကျွန်တော် လယ်ယာလုပ်ငန်း စတင်မည့်နေ့တွင် ငှက်ပျောပွဲ

အစုံနှင့် ကွင်းပိုင်အပါအဝင် ဆိုင်ရာများကို ပူဇော်ပြီး မေတ္တာသုတ် (၇)ခေါက်ရွတ်ကာ လယ်ယာလုပ်ငန်း စတင် လုပ်ရန် ခွင့်ပြုရန် တောင်းပန်ပါသည်။

ထိုညတွင် ကျွန်တော့်အိပ်မက်ထဲ၌ အသားနီစပ်စပ်နှင့် ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး "မင်းကို ငါစောင့်ရှောက်မယ်၊ လယ်ကိုလာလုပ်ပါ"ဟု အိပ်မက်ပေးပြီး ပျောက်သွားပါသည်။

ကျွန်တော်သည် အိပ်မက်ရပြီး လန့်နိုးပါသည်။ အချိန်ကြည့် တော့ အရဏ်တက်တော့မည် ဖြစ်သဖြင့် မိန်းမကို နှိုးပြီး လယ်ယာသို့ ထမင်းကြမ်း စသည်ပို့ရန် မှာပြီး နွားနှင့်ထွန်ဆွဲကာ ထွက်ခဲ့ပါသည်။ လယ်မထွန်မီ ကွင်းကို အာရုံပြုပြီး မေတ္တာသုတ်၊ ရတနသုတ်ပရိတ်ရွတ်ကာ အားလုံးကို အမျှဝေပါသည်။

ထို့နောက် လယ်ယာကို စတင်ထွန်ယက်ပါသည်။ မိခင် ဖခင်တို့က အတင်းတားကြသည်။ ဘေးကလည်း ဝိုင်းဝန်းတားကြ သည်။ မကြာခင် သေလိမ့်မည်ဟု ပြောကြသည်။ ရပ်ရွာကလည်း အဖေ့ကို ဝေဖန်ကြသည်။ သူ့ရှေ့ထိး မဆောင်းရတာနဲ့ သားကို သေအောင်သတ်သည်ဟု သမုတ် စွပ်စွဲလာကြပါသည်။ ဖခင်ကြီး မှာ ထိုသမုတ်ဒဏ်နှင့် သားကို ဆုံးရှုံးရမည့်ဒဏ်ကို ကြောက်ရွံ့လာ ဟန်တူပါသည်။ သူပိုင်လယ်ထဲက ဆယ်ဧကပေးပါမည်၊ ထိုလယ် ကို မလုပ်ရန် တားပါသည်။

"အဖေ ကျွန်တော့်မှာ အဲဒီ ကွင်းပိုင် ကြပ်သရဲတွေကို

နိုင်တဲ့ဆေးနဲ့ သူတို့ကို ခိုင်းစားနိုင်တဲ့ မန္တန် တတ်ထားပါတယ်။ အဖေ သူတို့ ကျွန်တော့်ကို မပြုစားနိုင်ပါဘူး။ သူတို့ကသာ ကျွန်တော့်ကို ကူညီမှာပါ။ အဖေကြည့်ထား၊ ဒါပေမယ့် ကျွန်တော် ဒါတတ်ထားကြောင်းကို ဘယ်သူ့ကိုမှ မပြောနဲ့"

ကျွန်တော်က ဖခင်ကို ရယ်ရယ်မောမော ပြောပြီး ဖခင် ပေးသောလယ်ကို လက်မခံပါ။ ကျွန်တော် ကြပ်သရဲပိုင် လယ်ယာမြေကိုသာ ဆက်လုပ်ပါသည်။ လယ်ယာဆင်းတိုင်းလည်း မေတ္တာသုတ် ရွတ်ဖတ်ပါသည်။ ထွန်ယက်ပြီး၍ ကောက်စိုက်ဆင်းတိုင်းလည်း မေတ္တာသုတ်ရွတ်ပါသည်။ ထွန်ယက်ပြီး၍ ကောက်စိုက်သူများ ဆင်းခါနီးတွင်လည်း ကောက်စိုက်သမများ ပြောမှားဆိုမှား ရှိက ခွင့်လွှတ်ဖို့ ကြိုတင်တောင်းပန်ပါသည်။ လယ်ယာသိမ်းချိန်တွင်လည်း ထိုနည်းတူ မေတ္တာသုတ်, ရတနသုတ် ရွတ်ဖတ်ပြီး ဆောင်ရွက်ပါသည်။

ထိုနှစ်တွင် အံ့သြဖွယ် ကျွန်တော့်လယ်သည် တစ်ရွာလုံးတွင် စပါးအထွက် အကောင်းဆုံးလယ်ယာမြေ ဖြစ်ခဲ့ပါသည်။

တစ်ချိန်က မြေသြဇာကောင်း၍ ထွက်သည်ဟု ထင်ကြပါသည်။ ကျွန်တော်က မြေသြဇာကောင်းတာလည်း ပါမည်၊ ကျွန်တော်နှင့် မိတ်ဆွေ ဖြစ်ကြသော ကျွန်တော်က မေတ္တာပို့ပြီး ဗလိနတ်စာပေးခဲ့ရသော ကွင်းပိုင် စသည့် ပုဂ္ဂိုလ်များကလည်း ကူညီ၍ အောင်မြင်သည်ဟု ယူဆခဲ့ပါသည်။

တစ်ရွာလုံးက ကျွန်တော့်ကို အအံ့သြဆုံးမှာ မြွေစသော

အန္တရာယ်ဆိုး မတွေ့၊ ကျွန်တော်ဘာမျှ မဖြစ်ခြင်း ဖြစ်ပါသည်။ သူတို့တတွေက ကျွန်တော် တစ်နေ့နေ့ ဒုက္ခတွေ့မည်ဟု ယုံကြည်ထားကြသူများ ဖြစ်ကြသည်။ ယခု ကျွန်တော် ဘာမျှ မဖြစ် လယ်ယာသီးနှံပင် အထွက်ကောင်း၍ သူတို့ အံ့သြကြသည်။

ဖခင်ကြီးကဆိုလျှင် ကျွန်တော်ပြောထားသော သရဲနိုင်ဂါထာကို ယုံကြည်ပြီး ထိုမန္တန်ကိုပင် သူ့ကို သင်ပေးရန် တောင်းခံလာပါသည်။

ကျွန်တော်က "အဖေ အခြားမဟုတ်ဘူး၊ ကျွန်တော့်မန္တန်က ဘုရားပေးတဲ့ မေတ္တာသုတ်ပဲ။ သူတို့ကို မေတ္တာသုတ်ရွတ်ပြီး မေတ္တာပို့တာ မိတ်ဆွေဖွဲ့တာပဲ"ဟု ပြောပြရာ အဖေမှာ ဝမ်းသာပီတိဖုံးလျက် ပြုံးပြုံးကြီးနှင့် အေး–ဟုတ်သားပဲကွ။ ငယ်ငယ်က တို့ဆရာတော်ကလည်း တို့ကို သင်ပေးသားပဲ။ တို့က ယုံယုံကြည်ကြည်နဲ့ မရွတ်ဖတ် မေတ္တာမပို့လို့ပဲကွာ။ အခု ငါ့သားက ဒီမေတ္တာသုတ်ကို လက်တွေ့အသုံးချတော့ ကြပ်သရဲက သားကို မေတ္တာပြန်ထားပြီး ကူညီတာဖြစ်မယ်ကွ"ဟု ပြောရှာပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ကွင်းပိုင် ကြပ်သရဲပိုင်သော လယ်ယာမြေတွင် လုပ်ကိုင်စားသောက်ခဲ့ရာ အိမ်ပိုင် ယာပိုင် ဘဝနှင့် ရှိခဲ့ရပြီး နောက်ဆုံး သားနှင့်သမီးကိုပင် တက္ကသိုလ် သင်နိုင်သည်အထိ ပံ့ပိုးနိုင်ခဲ့ပါတော့သည်။

သို့အတွက် အားလုံးသော ဝေနေယျများကို မေတ္တာသုတ်

ရွတ်၍ မေတ္တာပို့ကြပါ။ အားလုံး အောင်မြင် စိတ်ချမ်းသာကြပါမည်။

❀ ❀ ❀

## ခန္ဓပရိတ်နှင့် မြွေဆိုးအန္တရာယ်

ကျောက်တိုင်ရွာတွင် ရွာဦးကျောင်း ဝေယျာဝစ္စအတွက် ကျောင်းပိုင် ဘုံလယ်မြေဆိုတာ ရှိပါသည်။ ထိုလယ်ကို ရွာရှိ လယ်သမားများက စုပေါင်းထွန်ယက်ကြရပြီး ရွာရှိ ကောက်စိုက်သမများက စုပေါင်း စိုက်ရပါသည်။ စပါးရိတ်ချိန် ရောက်သော အခါ၌လည်း ကောက်စိုက်သမများကပင် စုပေါင်းရိတ်ကြရပါသည်။

၁၉၄၈ ခုနှစ် နွေဦးပေါက်ရာသီချိန် ဖြစ်ပါသည်။ ကောက်စိုက်အဖွဲ့ခေါင်းဆောင် (သုတ်သူကြီးဟူ၍ လယ်သမား ဝေါဟာရအရ ခေါ်သည်) ဒေါ်မြတင် ခေါင်းဆောင်သော အဖွဲ့သည် ကျောင်းဘုံလယ်မြေ ရိတ်သိမ်းရန် တာဝန်ကျ၍ နံနက်စောစော လယ်ဆင်း ရိတ်ကြသည်။

ထိုအဖွဲ့တွင် ရပ်ရွာ၏ မျက်နှာဖုံး အပျိုချောလည်းဖြစ်၊ ရပ်ရွာ၏ ရပ်မိရပ်ဖ၏ သမီးလည်းဖြစ်၊ နှုတ်ချိုသဘောကောင်း၍ လူချစ်လူခင်လည်းပေါသော မမြသင်သည် စပါးရိတ်ရင်း ပိုးထိ

ခံရသည် (မြွေကိုက်ခံရသည်ကို လယ်သမားတို့ ဝေါဟာရအရ ပိုးထိသည်ဟု သုံးစွဲကြပါသည်)။

ထိုခေတ် ထိုအချိန်က ယခုခေတ်ကဲ့သို့ မြွေအဆိပ်ဖြေဆေးလည်း မရှိ၊ ဆေးရုံသွားရမည်ကလည်း မသိကြ၍ တောမှာပင် တောဆရာနှင့် ကုသကြသည်။ တောကျေးလက် သဘာဝအရ တောကျေးလက်ရှိ မြန်မာဆေးဆရာနှင့်ပင် ကုသရသည်။ သို့သော် ထိုဆရာအသီးသီးသည် မြွေဆိပ်ကို မချနိုင်ကြ၍ မမြသင်သည် (၃)ရက်သာခံပြီး ကွယ်လွန်ခဲ့ရလေသည်။

မမြသင်လေး အသုဘချပြီး ရက်လည်ဆွမ်းသွတ်သောနေ့တွင် အညာရွှေဘိုမှ မုံရွေးဆရာတော်ကြီး ကြွလာသည်နှင့် ကြုံ၍ ထိုရက်လည်ဆွမ်းသွတ်ပွဲတွင် ဆရာတော်က တရားချီးမြှင့်ပေးသည်။

"တို့ ဒါယကာ, ဒါယိကာမတွေ ဗုဒ္ဓဘာသာဖြစ်ပြီး ဗုဒ္ဓကို ကိုးကွယ်ကြပေမယ့် ဗုဒ္ဓစကားကို နားမထောင်၊ မလိုက်နာကြဘူးဗျာ။ ဒီလို မလိုက်နာ၊ နားမထောင်၊ မကျင့်ကြံလို့ ယခုကလေးမလေး မသေသင့်ဘဲ ဥပစ္ဆေဒကနှင့် သေရသဗျာ။ တို့ဘုရားက မင်းတို့, ငါတို့ လူသားတွေအတွက် လောကလွတ်မြောက်ရေးအတွက် သက်သက်ချည်း တရားဟောထားပေးခဲ့တာ မဟုတ်ဘူး။ လောကလူတွေမှာ စားဝတ်နေရေး၊ လူမှုရေးတွေ ရှိတယ်ဆိုတာ သိထားလို့ လောကီကောင်းကျိုး ကျင့်စဉ်တွေဖြစ်တဲ့

မင်္ဂလာတရားတွေ၊ သိင်္ဂါလတရားတွေ အစုံဟောထားခဲ့တယ်။ ပြီးတော့ ဘေးအန္တရာယ်တွေကင်းအောင် ကျန်းမာရေး၊ ဆေးဝါးတွေ ကျင့်ရမယ့် နည်းလမ်းတွေ၊ ယခုလို အစိမ်းသရဲ ဖုတ်ပြိတ္တာ အန္တရာယ်ဆိုးတွေကင်းအောင် ပရိတ်အရံအတားတွေ ပေးခဲ့တယ်။ ဟောခဲ့တယ်။ တို့ တောင်သူလယ်သမားတွေဟာ ဗွက်ထဲ ရွှံ့ထဲမှာ နွားတွေနှင့် ဖက်ပြီး ရုန်းရသလိုပဲ။ ဒီမြွေဆိုး စတဲ့ တောတိရစ္ဆာန် အန္တရာယ်တွေလည်း တွေ့ကြုံရမှာပဲ။ သူတို့နေရာကို တို့က သွားရောက်လုပ်ကိုင်နေရတော့ သူတို့က တို့ကို အန္တရာယ်ပြုမှာ သေချာတယ်။ အဲဒီတော့ သူတို့အန္တရာယ် မပြုနိုင်အောင် တို့က ကြိုတင်တားဆီး ကာကွယ်ရမယ်။ အဲဒီ တားဆီးနည်းကို ဘုရားရှင်က မင်းတို့တစ်တွေ ယုံကြည်တင်မြှောက်နေတဲ့ လယ်ပိုင် ကွင်းပိုင်ရှင် နတ်တွေအတွက် မေတ္တာသုတ်ပရိတ်တော်၊ မြွေဆိုး စသော အဆိပ်ရှိ သတ္တဝါများ အန္တရာယ် အတွက် ခန္ဓသုတ်ပရိတ်တော်များ ဟောကြားပေးခဲ့တယ်။ အဲဒါကို မင်းတို့တစ်တွေ မလေးစား မလိုက်နာ မကျင့်သုံးကြဘူး။ မိဘတွေကလည်း မကျင့်သုံးဘူး။ သားသမီးတွေကိုလည်း သင်မပေး၊ မကျင့်သုံးစေဘူး။ အခုလို ဒုက္ခရောက်တော့မှ အဖေကယ်ပါ၊ အမေကယ်ပါ၊ ဘုရားကယ်ပါ လုပ်ကြတယ်။ အဲဒါကြောင့် အခု သမီးလေး ဆုံးပါးသလို မဆုံးပါးရလေအောင် ပရိတ်အတားအဆီးတွေကို ရွတ်ပွားကြပါ။ အန္တရာယ်ကို တားဆီးကြပါ။

ရှာဦးကျောင်း ဆရာတော်များကလည်း ကိုယ့်ဒါယကာ၊ ဒါယိကာမတွေ ဘေးအန္တရာယ်မရောက်အောင် ဒီပရိတ်တွေကို အမြဲတမ်း ရွတ်ဖတ်နေကြဖို့ အထူးအာရုံထား ဆုံးမသွန်သင်ပေးကြပါဗျာ။ ကဲ–ငါ့တရားကတော့ ဒါပါပဲ၊ လေးလေးစားစား လိုက်နာဆောင်ရွက်ကြဗျား”

မမြသင်လေး ရက်လည်ဆွမ်းသွတ်ပွဲတွင် မုံရွေးဆရာတော်က အထက်ပါအတိုင်း ဟောကြားသွားခဲ့ရာ ကျွန်တော့်မှာ ထိုတရားကို အထူးနှစ်သက်မိပါသည်။

မှန်ပါသည်။ ကျွန်တော်တို့တစ်တွေမှာ တောကျေးလက်နေကြရ၍ ထင်း,ဝါး အတွက် တောင်တက်ရပါသည်။ မြွေဆိုးတို့ ကျက်စားခိုအောင်းသော မြက်တော၊ လယ်တောတွင် အလုပ်လုပ်ကြရပါသည်။ ပရိတ်ဆိုသည်ကို ကတိတစ်ခုအနေနှင့် နေ့စဉ် မရွတ်မိကြပါ။ ဘုရားရှိခိုးကိုသော်မှ ပုံမှန်ရှိခိုးကြသည် မဟုတ်ပါ။ ခန္ဓပရိတ်၊ မေတ္တာပရိတ်တို့ကိုလည်း ဆရာတော်များ ရွတ်ဖတ်သည်ကိုသာ နာရသည့်အဆင့် ရှိခဲ့ပါသည်။

ကျွန်တော်သည် မုံရွေးဆရာတော်၏ ဩဝါဒကို အလေးအနက်ထားပြီး နာယူကာ လယ်ထဲဆင်းတိုင်း မေတ္တာပရိတ်၊ ခန္ဓပရိတ်တို့ကို ရွတ်ဖတ်ပါသည်။ လယ်စောင့်နတ်၊ ကွင်းပိုင်စသည်တို့ကိုလည်း မေတ္တာပို့သပြီးမှ အလုပ်ခွင်ဆင်းခဲ့ပါသည်။

သို့အတွက် အခြား လယ်ကွင်းများထဲ၌ တစ်နှစ်တစ်ယောက်

နှစ်ယောက် ပိုးထိခဲ့သော်လည်း ကျွန်တော်၏ လယ်ကွင်းတွင် ပိုးထိသည် မရှိခဲ့ပါ။ နောက်နှစ်တွင် ဖေယျဝတီသကြားစက် ဖွင့်လှစ်ခဲ့၍ ပဲခူးရိုးမတောင်ခြေတွင် ကြံစိုက်ပျိုးခဲ့ရပါသည်။ ပဲခူးရိုးမတောင်ခြေ တောအနီး၌ ကြံခင်းများကို ကြွက်များက ဖျက်ဆီးကြပါသည်။

ကျွန်တော်သည် အခြားသူများ၏ ကြံခင်းကို ကြွက်များ စတင်ကိုက်ဖြတ်သည်ဟု သတင်းကြားကတည်းက ကြံခင်းသို့ သွားကာ ခန္ဓသုတ်၊ မေတ္တသုတ်ကို ရွတ်ဖတ်ပြီး ပရိတ်ရေကို ပက်ဖျန်းပါသည်။ ကွင်းပိုင်၊ တောပိုင်၊ တောင်ပိုင်များကိုလည်း မေတ္တာပို့ အမျှပေးဝေခဲ့ပါသည်။ ကျွန်တော့်ကြံခင်းတွင် ကြံခင်း အစသာ ကိုက်ဖြတ်ခံရပြီး နောက်ပိုင်း အကိုက်မခံရတော့ပါ။ ကျွန်တော့်ကြံခင်းသည် အောင်မြင်ခဲ့ပါသည်။

တချို့က အခြားကြံခင်းများ ကြွက်ကိုက်ခံရပြီး ကျွန်တော့် ကြံခင်း ကြွက်ကိုက်မခံရသည်ကို အံ့သြကြပါသည်။ ဘယ်လိုလုပ် သလဲ နည်းပေးပါဟု မေးကြပါသည်။

ကျွန်တော်က မုံရွေးဆရာတော်၏ ဩဝါဒအတိုင်း မေတ္တာ ပရိတ်၊ ခန္ဓပရိတ်ကြောင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လယ်စောင့်နတ်တို့ကို မေတ္တာပို့ အမျှဝေကြောင်း ပြောပြပါသည်။

ယခု ကျွန်တော် အသက် (၆၀)ရှိခဲ့ပါပြီ။ ကျွန်တော်သည် ပရိတ်ကို ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်ခဲ့ပါသည်။ ကျွန်တော့်

လယ်ယာများ၊ ပဲခင်းများ၊ ကြံခင်းများသည် အပျက်အစီး မရှိခဲ့ပါ။ အမြဲ အောင်မြင်ခဲ့ပါသည်။ အခြားသူများ လယ်ယာတွင် ပိုးမွှားဖျက်ခြင်း၊ တောဝက်၊ တောကြွက်များ ဖျက်ဆီးခြင်း ခံရသော်လည်း ကျွန်တော့်လယ်ယာ၊ ပဲခင်း၊ ကြံခင်းများတွင် ဖျက်ဆီးခြင်း မခံရဘဲ အောင်မြင်ခဲ့ပါသည်။ ထိုလယ်ယာများ အောင်မြင်ခဲ့၍ ကျွန်တော်သည် သံသရာရိက္ခာထုပ်အတွက် ကျောင်းဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ ရပ်ရွာသုံးအတွက် ရေတွင်းတူးပေးခြင်း၊ ချောင်းတံတားကူးများ ဆောက်လုပ်လှူဒါန်း ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ အထူးသဖြင့် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုသူများသည် လယ်ယာတောတောင်တွင် မွေ့ စသော အဆိပ်ရှိသော၊ လူကို သေစေတတ်သော ပိုးမွှားတိရစ္ဆာန်များနှင့် ဆက်ဆံလုပ်ကိုင်နေရ သဖြင့် မိမိတို့အတွက် ဘေးအန္တရာယ်ကင်းပြီး စီးပွားဉစ္စာ အဆင်ပြေစေသော ဘုရားရှင် လမ်းညွှန်ဟောကြားခဲ့သည့် ပရိတ်တရားတော်များကို ယုံယုံကြည်ကြည် လေးလေးစားစား လိုက်နာရွတ်ပွား ကျင့်သုံးကြရန် မေတ္တာထား၍ တင်ပြ ရေးသား ရပါသည်။

❀ ❀ ❀

## စပါးကြီးမြွေညို့ဘေးနှင့် ခန္ဓပရိတ်တော်

ကျွန်တော်တို့ ရပ်ရွာတွင် ရွာထိပ် ဆရာတော်ကျောင်း၏ ကျောင်းဝေယျာဝစ္စအတွက် ကျောင်းဘုံလယ်မြေဆိုတာ ရှိပါသည်။ ထိုကျောင်းလယ်မြေ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ နှုတ်သိမ်းခြင်း အစရှိသည်တို့ကို ရပ်မိရပ်ဖ သူကြီးများ၏ စီမံကွပ်ကဲမှုဖြင့် ရွာသူ ရွာသားများ၊ အပျိုခေါင်း၊ လူပျိုခေါင်းဆိုသော လူပျို၊ အပျိုအဖွဲ့များက စုပေါင်း၍ လုပ်ကိုင်ကြရပါသည်။

၁၉၄၉ ခုနှစ်၊ နွေဦးပေါက်တွင် ကျွန်တော်တို့ရွာ ဘုံလယ်မြေကို စပါးရိတ်သိမ်းရင်း ကျွန်တော့်အစ်မသည် မြွေပွေးကိုက်ခံရပါသည်။ ထိုစဉ်က မြွေအဆိပ်ဖြေဆေး ဆိုသည်မှာ မပေါ်သေး၍ လည်းကောင်း၊ မြွေကိုက်ခံရပါက အရေးပေါ် ကုသနည်းကို ယခုခေတ်လို ကျယ်ကျယ်ပြန့်ပြန့် မသိကြ၍လည်းကောင်း အစ်မခမျာ ရေတိမ်နစ်ခဲ့ရပါသည်။ ကျွန်တော့်မိခင်ကြီးမှာမူ သမီးအတွက် ရူးမတတ် ခံစားရပါသည်။

ထိုနှစ်မှာပင် တိုင်းပြည်အခြေအနေသည် ကွန်မြူနစ်ကတစ်ဖုံ၊ ကရင်သောင်းကျန်းသူတို့က တစ်မျိုး ဆူပူထကြွလာသဖြင့် ကျွန်တော်တို့တစ်တွေမှာ တောမှာ မနေရဲတော့၍ ဖြူးမြို့သို့ ရွှေ့ပြောင်းခဲ့ရပါသည်။ ဖြူးမြို့တွင် ကရင်သောင်းကျန်းသူများက သိမ်းပိုက်ထားသောကာလဖြစ်၍ ကျီးလန့်စာစားနှင့် နေရပြီး ဖြစ်သလို လုပ်ကိုင်စားသောက်နေရပါသည်။

၁၉၅၀ ခုနှစ် အစိုးရတပ်များက ဖြူးမြို့ကို ပြန်သိမ်းပြီး၍ မကြာခင် ဖေယျာဝတီမြို့ရှိ သကြားစက် ပြန်ဖွင့်ပါသည်။ သကြားစက်အတွက် ထင်းလိုပါသည်။ ထိုထင်းအတွက် ကျွန်တော်တို့ ဖြူးမြို့၊ ပဲခူးလမ်း တာကြားရပ်ရှိ ဆင်းရဲသား လက်လုပ်လက်စားများကို ကန်ထရိုက်များက တာဝန်ပေး အားကိုးလာရပါသည်။

သို့တွက် ကျွန်တော်တို့ တာကြားသားများသာ ဖြူးနှင့် ညောင်ပင်သာကြားရှိ ညောင်သုံးပင် သစ်တောကြိုးဝိုင်းကို အားကိုးအားထားပြုပြီး လုပ်စားရပါသည်။

ညောင်သုံးပင် ကြိုးဝိုင်းသည် ယခင်က ကားလမ်းမှသည် တောင်ခြေအထိ တောကြီးအတိ ဖြစ်ပါသည်။ ယခုတော့ စစ်တပ်မြို့ပြနှင့် အားမာန်စိုက်ပျိုးရေး လုပ်ငန်းများ ဝင်လာ၍ တောင်ခြေအထိ တောမရှိတော့ပါ။

ထိုညောင်သုံးပင်တောမှ ထင်းများကို ခုတ်ယူပြီး ထင်းများကို စုပုံရပါသည်။ ကန်ထရိုက်က ထင်းကို အလံပုံအလိုက် ဈေးဖြတ် ဝယ်ပါသည်။ ဖေယျာဝတီသကြားစက်နှင့် ကျွန်တော်တို့ တာကြား သားများ ပဏာစားလှသည်မှာ ပြောစမှတ်တောင် တွင်ခဲ့ပါသည်။

"တာကြားသားဆို ရက္ခစိုး အလွန်ကြောက်"ဟူ၍ ဖြစ်ပါ သည်။

တောတောင်ထဲတွင် ကျွန်တော်တို့ ထင်းခုတ်ပြီး လုပ်ကိုင်စား ရသည်မှာ သက်သောင့်သက်သာတော့ မဟုတ်ပါ။ မြွေဆိုး

အန္တရာယ်နှင့် ဝက်ဝံအန္တရာယ်ကလည်း အလွန်ကြောက်ရပါသည်။

ကျွန်တော်တို့ ထင်းခုတ်လုပ်ငန်း (၅)လအတွင်း မြွေကိုက်၍ နှစ်ယောက် သေဆုံးခဲ့ရပါသည်။ သမီး မြွေကိုက်၍ သေဆုံးခဲ့ရဖူးသော အမေသည် ထိုသတင်းကို ကြားရတိုင်း ထိတ်လန့်ကြောက်ရွံ့ပြီး ကျွန်တော့်အတွက် စိုးရိမ်သောက အမြဲဖြစ်နေရပါသည်။ ရတနာသုံးပါး မမေ့ဖို့ ပြောပါသည်။

တစ်နေ့ အမေက ရွာထိပ် ဓမ္မိကာရုံကျောင်းမှ ဥပုသ်စောင့်အပြန် ကျွန်တော့်ကို ခေါ်ပြောပါသည်။

"သား၊ ဆရာတော်က မိန့်ကြားလိုက်တယ်။ တောတောင်ထဲအလုပ်သွားလုပ်ရတာ မြွေဆိုးအန္တရာယ်ကင်းအောင် ခန္ဓပရိတ်ကို ရွတ်သွားရတယ်တဲ့။ အဲဒါ မေမေက ပြောပြလျှောက်ထားလို့ ဆရာတော်က ဆယ်စောင်တွဲ ဘုတ်အုပ်ပေးလိုက်တယ်။ သား အဲဒါ ရအောင်ကျက်ပြီး အမြဲရွတ်ပါကွယ်"

အမေက ပြောပြောဆိုဆို ပရိတ်ကြီးပါသော ဆယ်စောင်တွဲစာအုပ်ကောင်းတစ်အုပ်ကို ပေးပါသည်။

ကျွန်တော်သည် ဘုန်းကြီးကျောင်းထွက် ဖြစ်ပါသည်။ ပရိတ်ကြီး (၁၁)သုတ်လည်း ကျက်ခဲ့၊ မှတ်ခဲ့၊ ရွတ်ခဲ့ရဖူးပါသည်။ ငယ်ငယ်တုန်းက ဆရာဘုန်းကြီးကို ကြောက်၍သာ ကျက်ခဲ့ရွတ်ခဲ့ရပါသည်။ ပရိတ်အကျိုး ယုံကြည်မှုနှင့် လေးနက်မှု မရှိခဲ့ပါ။

ယခုထက်ထိလည်း တချို့ပရိတ်များ မမေ့သေးပါ။ သို့သော် ယုံကြည်မှု သဒ္ဒါတရား အားနည်းနေ၍ ရွတ်လေ့ရွတ်ထ မရှိတော့ပါ။

ကျွန်တော်သည် အမေပေးသော စာအုပ်ကို ယူပြီး အမေ့စကားကို နားထောင်သောအားဖြင့်လည်းကောင်း၊ အမေ စိတ်ချမ်းသာစေလိုသော သဘောဖြင့်လည်းကောင်း ခန္ဓပရိတ်၊ မေတ္တပရိတ်တို့ကို ကျက်မှတ်ပြီး ရွတ်ဖတ်ပါသည်။ တောသို့ နံနက်ဝေလီဝေလင်း သစ်ခုတ်သွားခါနီးတိုင်းလည်း အိမ်တွင် ဘုရားရှိခိုးပြီး တစ်ခေါက်ရွတ်ပါသည်။ လှည်းပေါ်တွင်လည်း မေတ္တသုတ်၊ ခန္ဓသုတ်ကို ရွတ်ဖတ်ပါသည်။

အမေ့စကားကို လေးစားနားထောင်သောအားဖြင့် ရွတ်ဖတ်လာခဲ့သော မေတ္တာ၊ ခန္ဓပရိတ်သည် ကျွန်တော့်တွင် အထုံဖြစ်လာသည်။

ဇေယျဝတီသကြားစက်က ကြံပေါ်ချိန် ဆောင်းရာသီ တစ်ရာသီလုံး စက်လည်သဖြင့် ကျွန်တော်တို့တစ်တွေမှာလည်း တစ်ဆောင်းလုံး အလုပ်ဖြစ်ကြပါသည်။ စာရေးစာ[illegible]က်ရေးလည်း အဆင်ပြေလှပါသည်။

တစ်နေ့ ကျွန်တော်နှင့် အိမ်နီးချင်းလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်သော ကိုမောင်မောင်က လာပြောပါသည်။

"ဟေ့-ဖိုးမြဝင်း၊ ကန်ထရိုက် ကိုတင်မောင်က ပြောတယ်ကွ။

တို့ညှောင်သုံးပင်တောက ထင်းလေးတွေက သေးတယ်။ ထင်းအလုံးကြီးကြီး လိုချင်တယ်၊ ဈေးလည်း ပိုပေးမယ်တဲ့။ အဲဒါ ဒီတစ်ခေါက် တို့ စိန်ကြီးဘုရားနားက တောအထိ သွားပြီး ထင်းခုတ်ရအောင်ကွာ။ မင်း ဘယ်လိုသဘောရလဲ"

"ကောင်းတာပေါ့ဗျ ကိုမောင်မောင်ရ။ ပိုက်ဆံပိုရမယ်ဆိုရင်တော့ သွားရတာပေါ့"

ထိုနေ့နံနက်က ကျွန်တော်နှင့် ကိုမောင်မောင် အပါအဝင် ငါးယောက်တို့သည် နံနက် (၃)နာရီကတည်းက ထွက်လာခဲ့ပါသည်။ စိန်ကြီးဘုရားတောသို့ နံနက် (၆)နာရီကျော်လောက်ရောက်ကြပါသည်။ အနောက်ရိုးမတောင်ခြေ စိန်ကြီးဘုရားပတ်ဝန်းကျင်ရှိ တောသည် သစ်ကြီးများဖြင့် ပြည့်နေ၍ လိုအပ်သော ထင်းလုံးပတ်ဆိုက်များ အလွယ်တကူ ရပါသည်။

နံနက်ပိုင်းတွင် ကျွန်တော်တို့ လိုအပ်သမျှ ထင်းတွေရ၍ ကျွန်တော်တို့တစ်တွေ ကွင်းချောင်းတွင် ရေဆင်းချိုးပြီး ထမင်းစားပြီး အနားယူကြပါသည်။ ပြန်ရန်အချိန်စောနေသေး၍ နောက်နေ့အတွက် ထင်းခုတ်ထားခဲ့ရန် သဘောတူ ညှိနှိုင်းပြီး တောသို့ ပြန်ဝင်ကြပါသည်။

ကျွန်တော်တို့သည် ထင်းခုတ်ရာတွင် တစ်ဦးနှင့်တစ်ဦး အလှမ်းသိပ်မကွာကြပါ။ တစ်ဦးနှင့်တစ်ဦး မြင်တွေ့နေရသော အကွာ၊ စကားအော်ပြော၍ ရနိုင်သောအကွာတွင် ရှိပါသည်။

သိပ်မကြာပါ။ ကိုမောင်မောင်ကို စပါးကြီးမြွေ အညှို့ခံရပါသည်။ ထင်းမားမကိုင်ပြီး ချာလပတ်လည်နေပါသည်။

"ဟော့–မောင်မောင်ကို စပါးကြီးမြွေ အညှို့ခံနေရပြီ။ အဲဒါ စက်ကွင်းက လွတ်အောင်ပြေးဟော့"

အတွေ့အကြုံရှိသော ကိုကြီးကျော်တင့်က ပြောပြောဆိုဆို အော်ဟစ်ပြောပြီး ထွက်ပြေးပါသည်။

ကျွန်တော်သည် စပါးကြီးမြွေ ညှို့သည်ကို ကြားလည်း မကြာဖူး၊ တွေ့လည်း မတွေ့ဖူးပါ။ ယခုမှ တွေ့ဖူးပါသည်။ ကျွန်တော်သည် ကိုမောင်မောင်ထံ ပြေးသွားပါသည်။ ညှို့သည် ဆိုသော မြွေကို ရှာပါသည်။ ကိုမောင်မောင်ထံသို့ အနီးကပ် မသွားရဲပါ။ ကျန်သူများ ထွက်ပြေး၍ ကျွန်တော်တစ်ယောက်သာ ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော်လည်း ကြောက်ပါသည်။ သို့သော် သူငယ်ချင်း ကိုမောင်မောင်ကို ပစ်မထားရက်ပါ။

မြွေကို တွေ့ပါသည်။ မြွေကြီးမှာ ကွမ်းသီးပင်လုံးပတ်လောက် ရှိပါသည်။ ကြောက်စရာလည်း အလွန်ကောင်းပါသည်။ သူက ကိုမောင်မောင်အထက် သစ်ပင်ကြီးပေါ်ကနေပြီး ကိုမောင်မောင်ကို ညှို့ယူနေခြင်း ဖြစ်ပါသည်။ ကျွန်တော် ဘာလုပ်ရမှန်း မသိပါ။ ကိုမောင်မောင်ကို ခေါ်ကြည့်သည်။ ခေါ်၍မရပါ။ သူကတော့ တဆတ်ဆတ်တုန်ပြီး ကြောက်လန့်နေပါသည်။ သူ့ကိုလည်း အလွန်သနားနေမိပါသည်။

"မြွေကို မေတ္တာပို့ပြီး ခန္ဓသုတ် ရွတ်ပါလား"

တစ်စုံတစ်ဦးက လာပြောလိုက်သလို ကျွန်တော် ကြားလိုက်ပြီး သတိထားမိလိုက်ပါသည်။ ကျွန်တော်သည် ချက်ချင်းပင် သတိရလာပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ သရဏဂုံဆောက်တည်ပြီး မြွေကြီးကိုကြည့်ကာ ဦးစွာ မေတ္တသုတ်ကို ရွတ်ပါသည်။ ပြီးတော့ ခန္ဓသုတ်ကို ရွတ်ပါတော့သည်။

ကျွန်တော်သည် မြွေအပေါ်တွင် ခွင့်လွှတ်စေရန် မေတ္တာကိုလည်းကောင်း၊ ကိုမောင်မောင်အပေါ်တွင် သနားခြင်း မေတ္တာကိုလည်းကောင်း ထားပြီး မြွေကြီးကို အာရုံစူးစိုက်ထားကြည့်ပြီး ခန္ဓသုတ်ကို ရွတ်ဆိုပါသည်။

ခန္ဓပရိတ် (၃)ခေါက် ရွတ်ဆိုအပြီးတွင် ကိုမောင်မောင် လည်ပတ်နေခြင်း ရပ်သွားပါသည်။ မြွေကြီးသည် ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး သစ်ပင်ပေါ်မှ တစ်ဖက်သို့ ဝေါခနဲ အသံမြည်ကာ ထိုးဆင်းသွားပါသည်။

ကိုမောင်မောင်သည် ထိုခါကျမှ သတိရလာပြီး ကျွန်တော့်ထံ ပြေးလာပါသည်။ ကျွန်တော့်ကို တအားဖက်ကာ–

"ငါတော့ သေပြီမှတ်တာ၊ သေပြီမှတ်တာ။ ဘာမှလည်း လုပ်မရတော့ဘူး။ ပြေးလည်း မရတော့ဘူး။ မင်း မြွေကြီးကို ဘယ်လိုလုပ်လိုက်တာလဲ"

ဝမ်းနည်းဝမ်းသာ ငိုလျက် ပြောပါသည်။

ကျွန်တော်က သူ့ကို အားရပါးရ ပြန်ဖက်ရင်း–

"ကျွန်တော့်အမေပေးတဲ့ မန္တန်ဆေးနဲ့ ခင်ဗျားကို ကယ်တာ ပေါ့ဗျ"

ဟု အားရဝမ်းသာ ပြောဆိုမိလိုက်ပါသည်။

ကျွန်တော့်တွင် ကျွန်တော်ကိုယ်တိုင် မခံရသော်လည်း ခံလိုက်ရသော ကိုမောင်မောင် အသက်ကို ကယ်တင်နိုင်ခဲ့သည့် အတွက် ကျွန်တော် ဝမ်းသာပီတိ တသိမ့်သိမ့် ခံစားရပါသည်။

ကျွန်တော်သည် ယခင်က ဤကဲ့သို့ ခန္ဓသုတ်ပရိတ်တန်ခိုးကို သိလျှင် ကျွန်တော့်အစ်မ အသက်ကို ကျွန်တော် ကယ်တင် နိုင်လိမ့်မည်ဟု စဉ်းစားမိလာခဲ့ပါသည်။

တောတောင်၊ လယ်ယာကိုင်းကျွန်းနှင့် အသက်မွေးဝမ်း ကျောင်း ပြုကြရသော သူတို့သည် အဆိပ်ရှိသော အန္တရာယ်ရှိသော တောသတ္တဝါတို့နှင့် အမြဲ ရင်ဆိုင်ကြုံတွေ့ပြီး လုပ်နေရသဖြင့် ဤမည်သော ခန္ဓသုတ်၊ မေတ္တာသုတ်တို့ကို အမြဲတစေ ရွတ်ဖတ် သရဇ္ဈာယ်ပြီး လုပ်သင့်ကြောင်းကိုလည်း အသိပေးလိုသောစိတ် ဖြစ်မိပါသည်။

(ကျွန်တော်သည် ဖျူးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဌာနတွင် တာဝန်ထမ်းဆောင်စဉ်က ကျွန်တော့်အား စာရေး ဆရာမှန်းသိပြီး ဆရာ–ကျွန်တော့်အဖြစ်အပျက်ကို ကျွန်တော်

တို့လို တောတောင် လယ်ယာကိုင်းကျွန်းမှာ မှီခိုလုပ်ကိုင်သူတွေ အန္တရာယ်ကင်းအောင် ခန္ဓသုတ် ရွတ်ဖတ် လုပ်ကိုင်ကြစေရန် တိုက်တွန်းရေးပေးပါဆရာဟု လာရောက်ပြောပြသော ဦးမြဝင်း၊ ပဲခူးလမ်း၊ ဖြူးမြို့ အသက်(၇၀)နှစ်၏ အဖြစ်အပျက်ကို တင်ပြလိုက်ရပါတော့သည်။)

(စပါးကြီးမြွေ။ ။ ညှို့သဘောသည် မိမိ၏ ညှို့ကြိုးအတိုင်း အထွာလိုက် ညှို့စည်းဝိုင်းချထားပြီး မိမိက အမြင့်တစ်နေရာက စောင့်နေတတ်သည်။ ထို စည်းဝိုင်းတွင် ဝင်မိသူသည် အညှို့ခံရပြီး ဂယောင်ချောက်ချား ဖြစ်သွားရသည်ဟု ဆိုပါသည်။ တိရစ္ဆာန်များ၊ ကလေးငယ်များ၊ စိတ်အားပျော့သူများ အများဆုံး အညှို့ခံရပြီး သတ်ဖြတ်အစားခံရသည်။ စိတ်ဓာတ်ကြံ့ခိုင်သူများကို ညှို့၍မရဟု သိရပါသည်။)

❀ ❀ ❀

## နေဝင် နေထွက်ရွတ် မောရပရိတ်နှင့် ကျွန်တော်

ကျွန်တော်သည် ဆရာဖြစ်သူ သခင်ဒေါင်း ၁၉၄၉–ခုနှစ်၊ အကြမ်းဖက် သောင်းကျန်းသူတို့ဘက်သို့ လိုက်ပါ တောခိုသော အခါ ဆရာစွဲ၊ ပုဂ္ဂိုလ်စွဲကြောင့် အကြမ်းဖက်သောင်းကျန်းသူထဲ သို့ လိုက်ပါဖို့ စိစဉ်ရသည်။

ဖခင်ကြီးက တောမခိုရန် အတန်တန်တောင်းပန်ရှာသည်။

မျက်ရည်စက်လက်နှင့် တားရှာပါသည်။ ဆရာ၏ အတွေးအခေါ် ဝါဒစွဲမှိုင်းမိနေသော ကျွန်တော်သည် ဖခင်တားမြစ်သည်ကို လက်မခံတော့။ ဆရာကို ဘုရားထင်ပြီး ဆရာနှင့် ဆရာတို့၏ ဝါဒသည်သာ ဆင်းရဲသား အလုပ်သမား လယ်သမားတို့၏ လောကနိဗ္ဗာန်ဟု ယုံကြည်ခဲ့ပါသည်။ ထိုအလုပ်သမား လယ်သမားတို့၏ လွတ်မြောက်ရေး လောကနိဗ္ဗာန် လမ်းစဉ်တွင် ဆရာဖြစ်သူ သခင်ဒေါင်းနှင့်အတူ မိမိလည်း ကယ်တင်ရှင်တစ်ဦး အဖြစ် ပါဝင်လိုသော စိတ်ဆန္ဒကလည်း ထက်သန်နေသဖြင့် ကျွန်တော်သည် ဖခင်ကြီးတားသည်ကို နားမဝင်တော့။ ဖခင်ကြီးကို ရှေးရိုး ဗုဒ္ဓဘာသာတစ်ဦး၊ အရာရာကို ကံကို ယုံကြည်ပြီး ကံကိုပုံချ၊ ကံကိုအားကိုးနေသူတစ်ဦး၊ ခေတ်မမီ၊ လောကခေတ် သိပ္ပံပညာ တိုးတက်မှုကို မသိသူအဖြစ် သနားစဖွယ် လူသား ဖခင်ကြီးအဖြစ်သာ သဘောထားပြီး ကျွန်တော်၏ ဆုံးဖြတ်ချက်ကို မပြင်တော့ပါ။

ထွက်ခွာတော့မည့် ညဦးပိုင်းတွင် ဖခင်ကြီးသည် သားကို တားမရမှန်း သိလာပြီဖြစ်၍ သားအပေါ်၌ ထားအပ်သော မိဘတို့၏ ချစ်ခြင်းမေတ္တာ ပြည့်ဝစွာဖြင့်–

"သားလေး…သား ယုံကြည်ရာလုပ်ဖို့အတွက် တားမရရင်တော့ ဖေဖေမှာလိုက်တာ၊ သင်ပေးလိုက်တာ တစ်ခုကိုတော့ မွေးသဖခင်ကို ကျေးဇူးဆပ်သည့်အနေဖြင့် လုပ်ဖို့ ကတိပေးပါ"

ဟု သနားစဖွယ်မျက်နှာဖြင့် လာပြောပါသည်။

ထိုအခါမှ ကျွန်တော်သည် ဖခင်ကြီးမျက်နှာကို ကြည့်ပြီး ဖခင်ကြီးကို သနားကရုဏာသက်မိပါသည်။ ဖခင်ကြီး စိတ်ချမ်းသာအောင် သူလိုသော ကတိဝတ်ကိုလည်း ပေးမည်ဟု ဆုံးဖြတ်မိပါသည်။

"ပြောပါဖေဖေ၊ သားတတ်နိုင်တာဆိုရင် ဖေဖေ့ကို ကတိပေးပါတယ်"

"ငါ့သားလေး ရောက်လေရာမှာ နေထွက်တာနဲ့ တစ်ပြိုင်နက် မောရသုတ်ရွတ်ပါ။ နေဝင်တာနဲ့ မောရသုတ်ရွတ်ပါ။ အဲဒီဝတ်ကို သား ရောက်လေရာမှာ ကတိဝတ်မပျက် ရွတ်ဖို့ ကတိပေးပါ။ ကတိကိုလည်း မဖောက်ဖျက်ပါနဲ့"

မောရသုတ်ဆိုသည်မှာ ကျွန်တော်တို့ ဘုန်းကြီးကျောင်းမှာ နေစဉ် ကိုရင်ဝတ်ဘဝက ကျက်လာခဲ့ရသော ပရိတ်ကြီး (၁၁) သုတ်မှ တစ်သုတ် ဖြစ်ပါသည်။ ထိုသုတ်ကိုလည်း ရပါသည်။ တန်းကျောင်းပြောင်းနေခဲ့သော်လည်း ပရိတ်ရွတ်မှုက ရှိနေ၍ မမေ့ပါ။ သို့အတွက် ပင်ပန်းသောအလုပ် မဟုတ်၍-

"ဟုတ်ကဲ့၊ ဖေဖေ့ကို ကျွန်တော် ကတိပေးပါတယ်။ ရွတ်ပါမယ်"ဟု ကတိပေးလိုက်မိပါသည်။

၁၉၄၉-၁၉၅၀-၅၁ ပတ်ဝန်းကျင်သည် ကျွန်တော်တို့ဘက်က အခြေအနေအားလုံး ကောင်းနေ၍ တစ်နေ့နေ့ တစ်ချိန်ချိန်

မြို့ကို သိမ်းပြီး မြို့ကိုရောက်မည်ဟူ၍လည်း မျှော်လင့်ချက်များ အပြည့်အဝ ထားခဲ့ကြပါသည်။

ကျွန်တော်သည် ဖခင်ကြီးအား ကတိထားခဲ့သည့်အတိုင်း ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ဖခင်ကြီးကိုပေးခဲ့သော ကတိကဝတ်ကို မပျက်လိုသည့်အတွက် နံနက် နေထွက်နှင့် ညနေ နေဝင်ကိုတော့ ဝတ်မပျက် မောရသုတ်ကို ရွတ်မိပါသည်။

ကျွန်တော် ဘဝတိုက်ပွဲ အတွေ့အကြုံ မရှိခဲ့ပါ။ ပြီးတော့ ကျွန်တော်သည် တိုက်ပွဲဝင်ရသော ပုဂ္ဂိုလ်လည်း မဟုတ်ပါ။ ရုံးအဖွဲ့သားအနေနှင့် ပါဝင်လုပ်ကိုင်ရပါသည်။

တစ်နေ့ ကျွန်တော်တို့ စစ်တောင်းမြစ်ဘေးရှိ အုတ်ဖြတ်ရွာကြား၌ အစိုးရတပ်နှင့် တိုက်ပွဲဖြစ်ပွားပါသည်။ ပထမတော့ ကျွန်တော့်တို့ဘက်က နိုင်ပါသည်။ အစိုးရတပ် ဆုတ်ခွာသွားပါသည်။ ကျွန်တော်တို့ အုတ်ဖြတ်ရွာထဲ၌ အောင်ပွဲခံ ပျော်ပွဲဆင်နေကြပါသည်။

မကြာပါ။ အစိုးရတပ်က ထိုးစစ်ပြန်ဆင်ပြီး တိုက်လေရာ ကျွန်တော်တို့မှာ ဝရန်းသုန်းကားနှင့် ထွက်ပြေးခဲ့ရပါသည်။ အဖြစ်ဆိုးသည်မှာ အုတ်ဖြတ်ရွာသည် မြောက်ဘက် စစ်တောင်းမြစ်၊ အနောက်ဘက်က ဖြူးချောင်း၊ အရှေ့ဘက်က စစ်တောင်းမြစ်နှင့် ဆက်သွယ်ထားသော အင်းကျိုးကြီး၊ တောင်ဘက် တစ်ခုတည်းက ထွက်ပေါက်ရှိပါသည်။ အစိုးရတပ်က တောင်

ဘက်ပေါက်က ထိုးစစ်ဝင်လာရာ ကျွန်တော်တို့တစ်တွေမှာ မခုခံနိုင်တော့ဘဲ စစ်တောင်းမြစ်ဘက်သို့ ဆုတ်ခွာပြေးရပါသည်။

ကျွန်တော်တို့ အုတ်ဖြုတ်ရွာ ဝင်စီးစဉ်က စစ်တောင်းမြစ်၊ ဖြူးချောင်းတို့သည် ရေအတိမ်ကလေး ဖြစ်ပါသည်။ ယခု ကျွန်တော်တို့ ဆုတ်ပြေးတော့ စစ်တောင်းမြစ်ရော၊ ဖြူးချောင်းပါ ထူးဆန်းစွာ ရေပြည့်နေပါသည်။

(အုတ်ဖြုတ်ရွာ နတ်ကြီးစင်သည် တန်ခိုးကြီးသည်၊ အမှားပြုလုပ်က ချက်ချင်းတုံ့ပြန်သည်ဟု အဆိုရှိပါသည်။ ယခု ကျွန်တော်တို့ အောင်ပွဲတွင် သောက်စားမူးယစ်ကြပြီး ထင်ရာလုပ်ကြ၍ နတ်ကြီးက ဒဏ်ခတ်သည်ဟု ဆိုပါသည်။ စစ်တောင်းမြစ်၊ ဖြူးချောင်း ရေပြည့်နေခြင်း၊ အစိုးရစစ်တပ်က တပ်စိတ်နှစ်စိတ်ဖြင့် ပြန်လည် ထိုးစစ်ဆင်ခံရသည်ကို ကျွန်တော်တို့တပ်ရင်းတစ်ခုလုံး မခုခံနိုင်ဘဲ ဇရတ်သုတ်ခ ထွက်ပြေးရခြင်းသည် ထိုနတ်လှည့်စားမှုကြောင့် ဖြစ်သည်ဟု ပြောဆိုကြပါသည်။)

ထိုတိုက်ပွဲတွင် ကျွန်တော်တို့ဘက်က တော်တော်ပင် သေပါသည်။ ကျွန်တော့်သူငယ်ချင်း ကိုလှသောင်းဆိုလျှင် ဘရင်းသေနတ် ကိုင်ရပါသည်။ သူနှင့် ရင်ဆိုင်တွေ့နေရသော သူကို သူက ဘရင်းနှင့် ဆွဲပစ်ပါသည်။ ကျည်ဆန် လုံးဝမထွက်ပါ။ သူသည် မလွတ်သာသောအခါ ဘရင်းပြောင်းဝကို သူ့ပါးစပ်ထဲ ထည့်ပြီး ဆွဲလိုက်ရာ ကျည်ဆန်ထွက်ပြီး တစ်ခါတည်း ဦးနှောက်ပွင့်ပြီး သေပါသည်။

ကျွန်တော်သည် သေဘေးနှင့် ကြုံလာသောအခါ အလွန်ပင် တုန်လှုပ်မိပါသည်။ အိမ်ခန်းထဲတွင် ပုန်းနေရာ မလှုပ်ရဲအောင်ပင် ဖြစ်နေရပါသည်။ မိမိ မျက်စိမြင်ကွင်းမှာပင် သူငယ်ချင်း သေသည်ကို တွေ့ရသောအခါ အလွန်ပင် ကြောက်ရွံ့မိပြီး အားကိုးရာကို ရှာမိပါသည်။

ဖခင်မှာသော မိမိနေ့ဝင် နေ့ထွက်ရွတ်သော မောရသုတ်ကို အမှတ်ရပြီး မျက်စိမှိတ်ကာ ရွတ်မိပါသည်။ အစိုးရတပ်သည် တစ်အိမ်တက်ဆင်း လိုက်လံ ရှင်းလင်းပါသည်။ ကံအားလျော်စွာ ကျွန်တော်ပုန်းနေသော အိမ်ကို တက်မရှာကြပါ။ အောက်ကပဲ စစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားပါသည်။

ထိုနေ့ အုတ်ဖြုတ် တိုက်ပွဲတွင် ကျွန်တော်တို့ဘက်က ဗိုလ် လေးယောက် အပါအဝင် တပ်သားအတော်များများ ကျဆုံးပါ သည်။ ကျွန်တော့်ဆရာ သခင်ဒေါင်းတို့ကတော့ လွတ်ထွက်သွားခဲ့ ပါသည်။ အတော်များများလည်း အဖမ်းခံရပါသည်။ အစိုးရတပ် ဝဲကြီးရှာဘက် ဆုတ်သွားမှ ကျွန်တော် ထွက်ရဲခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်သည် မောရသုတ်ကြောင့် လွတ်ရသည်ဟု အလေးအနက် မယုံကြည်သေးပါ။

ဒုတိယအကြိမ် သေဘေးလွတ်ခဲ့သည်မှာ ကျွန်တော်တို့ တစ်တွေ အရှေ့စစ်တောင်းမြစ်မှ အနောက်ရိုးမတောင်ခြေ ပဲခူး ရိုးမရှိ ဌာနချုပ်ရုံး၌ တာဝန်ယူရန် ပြောင်းရွှေ့စဉ်က ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဇဟားချောင်းရိုးအတိုင်း ချီတက်ခဲ့ကြပါသည်။

ချောင်းကမ်းပါး တက်ခါနီးတွင် ကျွန်တော့်ခါးတွင် ချိတ်ထားသော ခြောက်လုံးပြူးသည် အလိုလို ကျည်ဆန်ထွက်သွားပါသည်။ ကျွန်တော့်ကျည်ဆန်ထွက်ပြီး မကြာမီပင် ကမ်းပေါ်မှ အစိုးရတပ်၏ ကျည်ဆန်များသည် ပလူပျံသလို ဝဲလာပါသည်။ ကျွန်တော်တို့ ကင်းတပ်မှာ အလူးအလဲ ခံရပြီး အပြေးအလွှား ချောင်းရိုးအတိုင်း ဆုတ်ခွာခဲ့ရပါသည်။

အမှန်မှာ အစိုးရတပ်သည် ကျွန်တော်တို့ ဖြတ်ကူးမည်ကို မည်သို့ သတင်းရထားပြီး ကျွန်တော်တို့ကို အပိုင်ဆော်ထည့်ရန် စောင့်နေခြင်း ဖြစ်ပါသည်။ ကျွန်တော့် သေနတ်ကကျည်ဆန် အလိုလိုထွက်သွား၍သာ ကျွန်တော်တို့ဘက်က သိသွားပြီထင်ပြီး အစိုးရတပ်က တရစပ် ပစ်ခတ်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ တစ်တွေ ကံကောင်းထောက်မ၍ တစ်ယောက်မျှ မထိဘဲ လွတ်မြောက်ခဲ့ရပါသည်။

ပထမတော့ အားလုံးက ကျွန်တော့်ကို သေနတ် ရိုသေစွာ မကိုင်၍ အပြစ်တင်သလို ရှိသော်လည်း ကျွန်တော့်သေနတ် ကျည်ဆန်ထွက်မှုကြောင့် ခွေးသေဝက်သေ မသေရသည်ကို ကျေးဇူးတင်ကြပါသည်။

ကျွန်တော်တို့သည် ပဲခူးရိုးမရောက်ပြီး မြသိန်းတန်ဘုရား အနီးတွင် စခန်းချနေရပါသည်။ ဖခင်ကြီးမှာသည့် မောရသုတ်ပရိတ်ရွတ်မှုကို မြသိန်းတန်ဘုရားပေါ်တက်ပြီး ရွတ်ဖတ်ပါသည်။

တတိယအကြိမ် လွတ်ပြန်သည်မှာ လေးအိမ်စုရွာ ထမင်းစားပွဲဖြစ်ပါသည်။ ကျွန်တော်တို့ကို လေးအိမ်စုရွာမှ ကျွန်တော်တို့အမာခံ တစ်ဦးက ထမင်းဖိတ်ကျွေးပါသည်။ တောရွာများတွင် ကျွန်တော်တို့ဘက်က အမာခံ ကျေးရွာရှိသလို အစိုးရဘက်က ကျေးရွာအမာခံများလည်း ရှိပါသည်။

ကျွန်တော်တို့ ထမင်းစားမည်ကို ဖြူးတွင်ရှိသော တပ်ရင်း(၁၅)သို့ သတင်းရောက်သွားပါသည်။ တပ်မတော်သည် ကျွန်တော်တို့ကို အလွယ်တကူ ဖမ်းမိနိုင်ရန် စီမံပါတော့သည်။

လေးအိမ်စုရွာတွင် ကျွန်တော် သံယောဇဉ်ရှိသော၊ သူမနေမကောင်း၍ အသည်းအသန်ဖြစ်စဉ်က ကျွန်တော် ကူညီစောင့်ရှောက်ထားခဲ့သော မိန်းကလေးတစ်ဦး ရှိပါသည်။ သူမအမည်မှာ မခင်နွဲ့ ဖြစ်ပါသည်။ အမှန်မှာ မခင်နွဲ့၏မောင်တစ်ယောက်သည် တပ်မတော်ထဲတွင် ရှိပြီး သူ့ဖခင်သည် အစိုးရသတင်းပေး အမာခံတစ်ဦးဖြစ်မှန်း နောက်ကျမှ သိရပါသည်။

ကျွန်တော်တို့ ရွာရောက်၍ မကြာခင်ပင် မခင်နွဲ့က ကျွန်တော့်ကို သီးသန့် လာခေါ်ပါသည်။ ကျွန်တော်တို့ တောတွင်းမှာ အလွန်ငတ်ပါသည်။ ဖြစ်သလို ကြုံသလို စားရပါသည်။ ယခုလို ဖိတ်ကျွေးသူရှိမှ ကောင်းကောင်းမွန်မွန် စားရသောကြောင့် ထိုဖိတ်ကျွေးမှုကို အလွန်မက်မောလှပါသည်။ သူမက လာခေါ်တော့ ကျွန်တော် မလိုက်လိုပါ။ စားသောက်ပြီးမှသာ လိုက်လိုပါ

သည်။ သူမက ပြီးမှစားရန် အတင်းအဓမ္မ လာခေါ်နေသဖြင့် အားနာပါးနာ ခဏလိုက်မိပါသည်။

"ညီမလေး...ကိစ္စအထွေအထူး ရှိလို့လား"

ကျွန်တော်က မလိုက်ချင် လိုက်ချင် ထလိုက်လာပြီး အောက်ကျမှ မေးရပါသည်။

"ဆရာ့ကို အရေးကြီးပစ္စည်း ပြစရာ ရှိလို့ပါဆရာရဲ့။ သူတကာတွေလည်း မသိစေချင်လို့ပါ။ ခဏလေးပါ၊ ပြီးတော့ ဆရာပြန်စားပေါ့။ မစားရလည်း ညီမတို့အိမ်က ကျွေးပါ့မယ်"

သူမက ပြောပြောဆိုဆို ရှေ့ဆောင် ခေါ်သွားပါသည်။ ရွာထဲရှိ သူမအိမ် မသွား၊ တောစပ်ဘက်သို့ ခေါ်သွားပါသည်။ လမ်းတွင် ကျွန်တော်က သိလိုသည်များကို မေးပြီး လိုက်လာခဲ့ပါသည်။

ကျွန်တော်တို့ တောထဲရောက်၍ ၁၅ မိနစ်လောက်ပဲ ရှိဦးမည်ထင်ပါသည်။ သေနတ်ပစ်သံတွေ ကြားရပါတော့သည်။ ကျွန်တော်လည်း ထိတ်လန့် တုန်လှုပ်သွားမိပါသည်။

"အစိုးရတပ်တွေ ဝင်လာတာနဲ့တူတယ်ဆရာ။ ဆရာ လွတ်အောင်ပြေးတော့"

ကျွန်တော်တို့ ထမင်းသွားစားသော တစ်ဖွဲ့လုံး ဒဏ်ရာရသူ၊ ကျသူ၊ အဖမ်းခံရသူတွေ ဖြစ်ခဲ့ပြီး ကျွန်တော်တစ်ယောက်သာ ဘေးကင်းချမ်းသာစွာနှင့် လွတ်ခဲ့ရပါသည်။

ထို့နောက် ၁၉၅၉–ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်တွင် ကျွန်တော် လက်နက်ချ အလင်းဝင်ခဲ့ပါသည်။ ကျွန်တော်၏ တောခိုဘဝတစ်လျှောက် သေဘေးအမျိုးမျိုး ကြုံတွေ့ခဲ့ရပါသော်လည်း ကျွန်တော်သည် ပွတ်ကာသီကာ လွတ်ခဲ့ရပါသည်။ သည်းထိတ်ရင်ဖိုမှုများနှင့် လက်တစ်လုံးခြား လွတ်ခဲ့ရသည်က များပါသည်။

နောက်တော့ ကျွန်တော် လေ့လာသိရသည်မှာ ကျွန်တော်၏ ဖခင် ကတိကဝတ်အရ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော နေဝင်–နေထွက်ရွတ် မောရသုတ်တန်ခိုးတော်ပင် ဖြစ်ကြောင်း သိရပါသည်။

(မြန်မာဆေးဆရာကြီး ဦးအုန်းဖေ၏ ကိုယ်တွေ့ဘဝ ပြောပြ ချက်များကို အခြေပြု ရေးသားတင်ပြခြင်း ဖြစ်ပါသည်။)

❀ ❀ ❀

## မောရပရိတ်တန်ခိုးတော်

ကျွန်တော်သည် ဓမ္မိကာရုံကျောင်းမှာ ငယ်စဉ်က နေခဲ့ပြီးသဒ္ဒါ၊ သင်္ဂြိုဟ် အခြေခံမျှသင်ကာ ကျောင်းထွက်ခဲ့ရပါသည်။ ဗုဒ္ဓဘာသာအနေဖြင့်လည်း မိရိုးဖလာ အဆင့်မျှသာ ရှိခဲ့ပါသည်။

၁၉၄၉–ခုနှစ် ပြည်တွင်း သောင်းကျန်းမှုတွေ တစ်တိုင်းပြည်လုံး ဖြစ်လာသောအခါ ကျွန်တော်တို့ ဖြူးမြို့ကလေးသည်လည်း အကြမ်းဖက် သောင်းကျန်းသူ ကရင်တို့၏ သိမ်းပိုက်ခြင်းကို ခံရပါသည်။ အစိုးရတပ်များက ဒိုက်ဦး၊ ပဲခူးအထိ ဆုတ်ခွာသွား၍ မြို့ပတ်ဝန်းကျင်တွင် မြန်မာတပ်ဆို၍ ထိုစဉ်က ကွန်မြူနစ် (အလံဖြူ)တပ်များသာ ရှိပါသည်။

ကျွန်တော်သည် လူလားမြောက်စအရွယ် ထိုအရေးအခင်းကြီးနှင့် ကြုံလိုက်ရသည့်ပြင် အကြမ်းဖက် ကရင်သောင်းကျန်းသူတို့၏ နှိပ်စက် သတ်ဖြတ်မှုများကိုပါ မြင်တွေ့လာရပြီး စိတ်ထဲမှာ ခံပြင်းစိတ်များ နာကြည်းစိတ်များ တဖွားဖွား ပေါ်လာခဲ့ရပါသည်။ သောင်းကျန်းသူများကို တော်လှန် တိုက်ခိုက်ရန်လည်း စိတ်ဆုံးဖြတ်မိပါသည်။

ထိုဆုံးဖြတ်ချက်နှင့်အညီ နီးစပ်ရာ မြန်မာတပ်ထဲ ဝင်ရန် စီစဉ်ရာ ပတ်ဝန်းကျင်တွင် ကွန်မြူနစ်တပ်များသာ ရှိ၍ (ထိုစဉ်က တောခိုသည်ကို နားမလည်မိပါ)အရှေ့ ကျော်လှရွာတွင် တပ်စခန်းချထားသော ကွန်မြူနစ် တပ်ထဲသို့ဝင်ရန် စီစဉ်ရပါသည်။

ကျွန်တော် တပ်ထဲဝင်မည်ဆိုသောအခါ မိခင်ကြီးက အသက်ရန်မကင်းသော ဤအလုပ်ကို မလုပ်ရန် အတန်တန် တားမြစ်ပါသည်။ မည်သို့မျှ တားမရသောအခါ မိခင်ကြီးက–

"သား–ကျောင်းနေစဉ်က ကျက်ခဲ့တဲ့ ပရိတ်တွေရသေးလား"

ဟု မေးပါသည်။

"ရပါသေးတယ်အမေ၊ သားလည်း ယခုထက်ထိ ဘုရားရှိခိုးတိုင်း တစ်နေ့တစ်နေ့ သုတ်ကျနေ့လိုက် ရွတ်နေတာပဲ"

"ဒါဆို မေမေ သားဆန္ဒပြင်းပြနေတာကို မတားလိုတော့ပါဘူး။ ရောက်လေရာရာမှ ညစဉ် ပရိတ်ရွတ်ပါ။ အထူးသဖြင့် မောရသုတ်ကို အိပ်ရာဝင် အိပ်ရာထ ရွတ်ပါ။ ရွတ်မယ် ဆိုတာကိုလည်း သား မေမေ့ကို ကတိပေးပါသား"

ကျွန်တော်က မိခင်ကြီး၏ မေတ္တာနှင့် စေတနာကို နက်ရှိုင်းမှုကို အလေးအနက် ခံယူလိုသောစိတ်များ တဖွားဖွား ပေါ်လာပြီး–

"မေမေ–မေမေ စိတ်ချမ်းသာမယ်ဆိုရင် သားအိပ်ရာဝင် အိပ်ရာထ အမြဲ (၇)ခေါက်စီ ရွတ်ပါ့မယ်"ဟု ကတိပေးလိုက်မိပါသည်။

ထိုနောက် ကျွန်တော်သည် ခေတ်ကာလ အခြေအနေရ ကွန်မြူနစ် စစ်တပ်ထဲသို့ ဝင်မိသွားပါသည်။ ကျော်လှရွာတွင် အခြေခံစစ်ပညာ သင်ကြားပြီးနောက် အနောက်ရိုးမတောင်ပေါ်ရှိ မြသိန်းတန်ဘုရားစခန်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ ထိုဘုရားစခန်းတွင် တာဝန်ထမ်းဆောင်ရသဖြင့် ကျွန်တော့်အတွက် အဆင်ပြေလှပါသည်။ ဘုရားကုန်းပေါ်တက်ပြီး နေဝင် နေထွက် မောရပရိတ်ရွတ်ရသည်မှာလည်း စိတ်ကြည်နူးမှု အပြည့်အဝ ခံစားရပါသည်။ တောင်ပေါ် ဘုရားခြေရင်းဝယ် ပရိတ်ရွတ်ရသည်မှာလည်း သမာဓိရလွန်းလှပါသည်။

ကျွန်တော်သည် ထိုအချိန်က ရဲဘော်မြနှင့် သခင်ဒေါင်း၏ ကိုယ်ရံတော် လုံခြုံရေး လုပ်ရသဖြင့် စစ်မတိုက်ရပါ။ ထို့နောက် မကြာခင် နွေဦးရာသီအရောက်တွင် မြန်မာတပ်မတော်မှ ထိုးစစ်ဆင်ပြီး တိုက်လာရာ ဖြူးမြို့အနီး ကညွတ်ကွင်းကို သိမ်းပိုက်ပြီး အချိန် ဖြစ်ပါသည်။

ထိုကာလတွင် အကြမ်းဖက် ကရင်သောင်းကျန်းသူများက ဖြူးမြို့ တစ်မြို့လုံးနီးပါး သတ်ဖြတ်ပြီး စတင် ထွက်ခွာကာ ဖြူးချောင်းမှနေ၍ ခံစစ်လုပ်နေပါသည်။

ကျွန်တော်တို့ ကွန်မြူနစ်တပ်များသည် ကရင်သောင်းကျန်းသူများ ဆုတ်ခွာသွားပြီအထင်နှင့် အစိုးရတပ်မရောက်ခင် ဖြူးမြို့သို့ ဝင်ကြပါသည်။ ကရင်သောင်းကျန်းသူတို့က ကျွန်တော်တို့ကို အလစ်ချောင်း၍ ပြန်လှန် တိုက်ခိုက်ရန် စိမ်သည်။ ကျွန်တော်သည် ဆေးရုံ ရပ်ကွက်ရှိ ကျွန်တော့်မိဘအိမ် အခြေအနေကို သိလိုသောဆန္ဒပြင်းပြလာ၍ ကျွန်တော့်အထက်ဗိုလ်ထံ ခွင့်ပန်၍ ထွက်လာခဲ့မိသည်။

ကျွန်တော်ထွက်လာ၍ တစ်လမ်းကျော်ကာရှိသေးသည်၊ ကျွန်တော်တို့တပ်စိပ်ကို ကရင်သူပုန်တို့က ဝိုင်းဝန်း တိုက်ခိုက်ရာ တပ်စိပ်တစ်ခုလုံး ကျဆုံးခဲ့ရပါသည်။ ကျွန်တော့်မှာ အသက်လု၍ ထွက်ပြေး လွတ်မြောက်ခဲ့ရပါသည်။ ဤသည်မှာ မောရပရိတ်တန်ခိုးကြောင့် ကျွန်တော် လွတ်ခဲ့သည်ဟု မထင်ခဲ့မိခဲ့ပါ။

မြန်မာတပ်မတော်မှ မြို့များကို သိမ်းပိုက်ပြီးနောက် တောရွာ အနှံ့ ထိုးစစ်ဆင် တိုက်ခိုက်လာပါသည်။ ကျွန်တော်တို့၏ ခေါင်းဆောင်များသည် စစ်တောင်းမြစ်ဝှမ်းလွင်ပြင်တွင် မနေရ တော့၍ ပဲခူးရိုးမတောင်သို့ ခိုလှုံရပါသည်။

တစ်ညတွင် ကျွန်တော်တို့ခေါင်းဆောင်များ ဖြူးမြို့ တောင် ဘက် ညောင်ကားယားရွာမှ နေပြီး ကားလမ်းကို ဖြတ်ကာ ချင်းခင်ရွာမှတစ်ဆင့် ရိုးမသို့တက်ရန် စီစဉ်ကြပါသည်။ ထိုစဉ်က ဖြူးမြို့တွင် တပ်ရင်း (၃၁)တပ်စွဲထားပါသည်။ ထိုတပ်မှ ကျွန်တော်တို့ ကားလမ်းဖြတ်မည်ကို သတင်းရထား၍လားမသိ၊ ကျွန်တော်တို့ ညအချိန် ဖြတ်အကူးကို တိုက်ခိုက်ရန် စီမံထား ပါသည်။

ညဉ့်(၁၂)နာရီတွင် ညောင်ကားယားရွာမှ ရှေ့ပြေးကင်း တပ်စိပ် ထွက်ပါသည်။ ကားလမ်းကျော်သွားပါသည်။ ဘာသံမျှ မကြားရပါ။ ကင်းတပ် ကျော်သွား၍ ကျွန်တော်တို့ (၁၅)မိနစ်ခြား ပြီး လိုက်ပါသည်။ ခေါင်းဆောင်များကမူ ဆင်စီးပြီး ဆင်နှင့် လိုက်ပါသည်။

ရထားလမ်းအလွန်တွင် ဆင်ဘေးမှ လုံခြုံရေးအဖြစ် လိုက်ပါ လာခဲ့သော ကျွန်တော်၏ သေနတ်သည် ရုတ်တရက် ခလုတ်ပြုတ် ကာ ဒိုင်းခနဲ အသံထွက်သွားပါသည်။ ကျွန်တော်၏ သေနတ်သံ ကြောင့် အစိုးရတပ်က ကျွန်တော်တို့ကို ဝိုင်းဝန်း ပစ်ခတ်တော့ရာ ကျွန်တော်တို့မှာ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခံရပြီး အတော်ပင်

ထိခိုက် ကျဆုံးခဲ့ရပါသည်။ ပါလာသော ခေါင်းဆောင်(၅)ဦး အနက် (၂)ဦး ကျဆုံးပြီး (၁)ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့ပါသည်။ (၂)ဦး လွတ်မြောက်ခဲ့ပါသည်။ ဆင်(၁)ကောင်လည်း သေဆုံး ကျန်ရစ်ခဲ့ရပါသည်။

ကျွန်တော့်မှာမူ အနီးရှိ ရေအိုင်ထဲသို့ အတင်းခုန်ဆင်းပြီး သံလမ်းတစ်ဖက်သို့ ကူးပြေးရပါသည်။ အသက်ဘေးမှ သီသီ ကလေး လွတ်ခဲ့ရပြန်ပါသည်။ ထိုည အဖြစ်အပျက်တွင် ကျွန် တော့် သေနတ်သာ အလိုလို ကျည်ဆံမထွက်ပါက ကျွန်တော်တို့ တစ်တွေ အစိုးရတပ် သတ်ကွင်းတွင် လည်စင်းခံရမည့် အခြေ အနေ ဖြစ်ပါသည်။ ကျည်ဆံထွက်သွားမိ၍ တစ်ဖက်ကလည်း သူတို့စီစဉ်ထားသည့်အကွက် ဒီဘက် သိသွားပြီထင်ကာ ပြန်လှန် ပစ်ခတ်ကြခြင်း ဖြစ်ပါသည်။

ထိုစဉ်က သော့ပိတ်ထားသော မောင်းခလုတ် အလိုလိုပြုတ်ပြီး ကျည်ဆံထွက်သွားသည်ကို ကျွန်တော် စဉ်းစား၍ မရပါ။ နောက်ကျမှ ကျွန်တော် သေဘေးတွင်းသို့ ရောက်တော့မည်ကို ကျွန်တော့် ကိုယ်စောင့်နတ်တွေက သိ၍သော်လည်းကောင်း၊ မောရပရိတ်တန်ခိုးတော်ကြောင့် လည်းကောင်း၊ နတ်မြတ်များက နှိုးဆော် ကယ်မ၍သော်လည်းကောင်း အန္တရာယ်ကြိုတင် အသိ ပေးခြင်း ဖြစ်သည်ဟု ကျွန်တော် သဘောပေါက်မိပါသည်။

ကျွန်တော်သည် ၁၉၅၃–ခုနှစ်တွင် တောတွင်း လက်နက် ကိုင်ဘဝကို စိတ်ကုန်လာ၍ လက်နက်ချ အလင်းဝင်ခဲ့ပါသည်။

ကျွန်တော်သည် တစ်ချိန်က လူကြီးများ၏ သက်တော်စောင့် ဖြစ်ခဲ့၍ ကျွန်တော် လက်နက်ချ အလင်းဝင်သည်ကို မကျေနပ်ကြပါ။ သို့အတွက် ကျွန်တော့်ကို လုပ်ကြံသတ်ဖြတ်ရန် အမျိုးမျိုးကြိုးစားခဲ့ကြပါသည်။ ကျွန်တော့်မှာလည်း သေဘေးက သီသီကလေး ကပ်၍ ကပ်၍ လွဲခဲ့ရပါသည်။

နောက်ပိုင်းတွင် ကံယုံ၍ ဆူးပုံမနင်းရာ၊ အသက်ဉာဏ်စောင့် ဥစ္စာကံစောင့် ဆိုသကဲ့သို့ ကျွန်တော်သည် ဤဖြူးပတ်ဝန်းကျင်တွင်နေရန် မသင့်တော့ပါ။ မောရပရိတ်ကိုတော့ ယုံပါသည်။ သေဘေးမှလည်း အကြိမ်ကြိမ် လွတ်ခဲ့ရပါသည်။ သို့သော် ထိုကံကို ယုံ၍ ဆက်လက်မိုက်ရန် မသင့်ပါ။ သို့အတွက် ကျွန်တော်သည် ရန်ကုန်သို့ ရွှေ့ပြောင်းပြီး ရွှေတိဂုံ သံပုံချိုင့်တွင် အများနည်းတူ ဖြစ်သလိုနေ ကြုံသလိုလုပ်စားပြီး နေခဲ့ရပါသည်။

၁၉၅၈–ခု အိမ်စောင့်အစိုးရလက်ထက် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတ မြို့သစ်များဖွင့်ပြီး နေရာချပေးသောအခါ ကျွန်တော်တို့¯မိသားစုမှာ မြောက်ဥက္ကလာပတွင် နေရာရခဲ့ပါသည်။

မောရပရိတ်တန်ခိုးတော်ကြောင့် ကျွန်တော့်ဘဝ အသက်ဘေးအန္တရာယ် ဘေးကင်းလွတ်ခဲ့သလို ရန်ကုန်မြို့တော် ကားသမားဘဝတွင်လည်း ဤပရိတ်တော်တန်ခိုးကြောင့် သေဘေးမှ အကြိမ်ကြိမ် လွတ်ခဲ့ရပါသည်။

သို့အတွက် ဗုဒ္ဓဘာသာဝင် အများတို့သည် ဘေးအန္တရာယ်နှင့် ရင်ဆိုင် လုပ်ရသောအလုပ်များတွင် အန္တရာယ်ကင်း ဘေးရှင်းပြီး ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနှင့် လုပ်ကိုင် ဆောင်ရွက်နိုင်ကြရန် ပရိတ်တော်များကို ယုံယုံကြည်ကြည် ရွတ်ဖတ် ပွားများကြနိုင်ကြပါရန် ကျွန်တော့်ကိုယ်တွေ့ အဖြစ်အပျက်များကို သက်သေထားပြီး တိုက်တွန်းအပ်ပါသည်။

[ကားဆရာကြီး ဦးစံ(မြောက်ဥက္ကလာပ)၏ ပြောပြချက်ကို ပြန်လည်ရေးသားတင်ပြပါသည်။]

❀ ❀ ❀

## သစ္စာတန်ခိုး သစ္စာစွမ်းအား ကြီးမားလှသော ဝဋ္ဋသုတ်ပရိတ်တော်၏အကျိုး

တပ်မတော် အိမ်ဆောင့်အစိုးရလက်ထက်တွင် မြို့သစ်များ တည်ကာ အိမ်နေရာမရှိ၊ ဖြစ်သလို ကျူးကျော် အိမ်ဆောက်နေကြသော ကျွန်တော်တို့တစ်တွေကို အခမဲ့ မြေနေရာ ချပေးခဲ့ပါသည်။

ကျွန်တော်တို့ မိသားစုသည် မြောက်ဥက္ကလာပမြို့ ည–ရပ်ကွက်တွင် နေရာရခဲ့ပါသည်။ ကျွန်တော်တို့ရပ်ကွက်သည် မှောင်မိုက်သောညဟူသော သင်္ကေတကြောင့်လားမသိ။ အမိုက်မှောင်ညကို အလင်းရောင်ရအောင် မီးခဏခဏ လောင်သည့်

ဟူသော ရှတ်နောက်နောက်စကားအရ စကားနောက် တရားပါ ဆိုသလို မြောက်ဥက္ကလာပ သမိုင်းတွင် မိုးအကြီးအကျယ်ဆုံး လောင်ကျွမ်းခံရသည်မှာ နှစ်ကြိမ်ရှိခဲ့ပြီဖြစ်ပါသည်။ ကြားပေါက် မီးခဏခဏ လန့်ပြီး တစ်အိမ်စ နှစ်အိမ်စ လောင်သည့်ကတော့ နှစ်စဉ်နှစ်တိုင်းလိုပင် ဖြစ်နေရပါသည်။

မြောက်ဥက္ကလာပမြို့သည် အများအားဖြင့် ထရံကာ၊ ဓနိမိုး အိမ်တွေ များပါသည်။ နွေရာသီတွင် ခြစ်ခြစ်တောက်ပူသော နေရောင်ခြည်အောက်ဝယ် ဓနိတို့သည် ကြွပ်ရှပြီး မီးပွားကျ မခံ သဘောရှိပါသည်။

ကျွန်တော့်အမေသည် ကျွန်တော်တို့ မြောက်ဥက္ကလာရောက် အိမ်ဆောက်နေကတည်းကပင် ထိုနွေရာသီ အတွေ့အကြုံကို တွေ့ရသောအခါ–

"သားရေ...ဒီမြို့သစ်မှာ အဓိက ကြောက်စရာကောင်းတာ ကတော့ မီးဘေးပဲကွဲ့။ အိမ်တွေကလည်းနီး၊ မိုးထားတာကလည်း ဓနိ၊ ပြီးတော့ လူတွေက မီးကို ပေါ့ပေါ့ဆဆနဲ့သုံးနေကြတယ်။ အန္တရာယ်ရှိနိုင်တယ်ကွဲ့။ အဲဒီတော့ သူခိုးခိုးတာက ကျန်ဦးမယ်၊ မီးလောင်ရင် ဘာမှ ကျန်မှာ မဟုတ်ဘူး။ မီးအရံအတား သဲပုံး၊ ရေပုံးထားသလိုပဲ ဘုရားရဲ့ သစ္စတရားတော်နဲ့လည်း မေမေတို့က အရံအကား ကြိုတင်လုပ်ထားရမယ်ကွဲ့"ဟု ပြောပါသည်။

"မေမေကလည်း မီးလောင်မှတော့ အမေ့ဘုရားတရားတော် က ဘယ်လိုလုပ်ပြီး လာတားနိုင်မှာလဲ အမေရဲ့"

ကျွန်တော်က ခေတ်ပညာတတ်ကျောင်းဆရာပီပီ၊ အရာရာကို သိပ္ပံနည်းကျ၊ လက်တွေ့နည်းကျ ပီပီ တွေးမျှော် ခံယူရမည်ဟု ယုံကြည်ထားသည့်အတိုင်း အထက်ပါအတိုင်း အမေ့ကို ပြန်လည် မေးမိလိုက်ပါသည်။

အမေသည် မိရိုးဖလာ ဗုဒ္ဓဘာသာ၊ ပြီးတော့ ဘာသာတရား အပေါ်၌ လေးနက်စွာ ယုံကြည်ထားသူ၊ ပညာစာပေဗဟုသုတ မရှိ။ တောသူစစ်စစ် ဖြစ်သည်။ သူယုံကြည်ထားသော ဘုရားနှင့် တရားတော်အပေါ် ကျွန်တော် သာမန်ကာလျှံကာ ပေါ့ပေါ့တန်တန် ပြောလိုက်သည်ကို မနှစ်သက်သော အမူအရာဖြင့် ကျွန်တော့်ကို စိုက်ကြည့်ပြီး–

"ကိုသိပ္ပံကြီးရဲ့၊ အရာရာကို မင်း သိပ္ပံပညာကြီးနဲ့ပဲ တိုင်းရမယ်လို့ ထင်နေသလား။ လောကမှာ တို့ဘုရားရှင်က ဟောထားတယ်။ မြင်မကောင်းတဲ့ ရွှံ့ညွှန် အညစ်အကြေးတွေကို မြင်ကောင်းတဲ့ရေနဲ့ ဆေးပြီး သန့်စင်,စင်ကြယ်အောင် လုပ်ရသတဲ့။ မမြင်အပ်တဲ့ အကုသိုလ်အညစ်အကြေးကိုလည်း ဆေးကြောပြီး စိတ်ကို စင်ကြယ်အောင် ပြုလုပ်ထားရသတဲ့။ လောကမှာ အရံအတား အကာအကွယ်ဆိုတာကလည်း မြင်အပ်တာနဲ့ တားဆီးကာကွယ်သလို မမြင်အပ်သော တရားအစွမ်းအစနဲ့လည်း တားဆီး ကာကွယ်ရသကွဲ့"ဟု ရှင်းပြပါသည်။

ကျွန်တော်သည် အမေ့ကို ဘာမျှ ပြန်မပြောတော့ပါ။

အမေယုံကြည်ရာကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေလိုတော့ပါ။

အမေသည် ထိုအချိန်မှစ၍ အိပ်ရာဝင် အိပ်ရာထ ဘုရားရှိခိုးတိုင်း ဝဋ္ဋသုတ်ပရိတ်တော်ကို (၇)ခေါက်တိတိ ရွတ်သောနိစ္စဝတ်ကို ကျင့်ပါတော့သည်။

အမေက တစ်ခါတစ်ရံ ကျွန်တော်နှင့် ညီမကို ရွတ်ဆိုရန်တိုက်တွန်းပါသည်။ ညီမကတော့ အမှတ်ရ၍ မီးလန့်သည့်အခါမျိုး၌ တစ်ပတ်ဆယ်ရက်လောက် ရွတ်ဖတ်သရဇ္ဈာယ်သည်ကိုတွေ့ရပါသည်။ ကျွန်တော်ကတော့ အလေးအနက် ယုံကြည်မှုမရှိ၍ ရွတ်လည်းမရွတ်၊ ရအောင်လည်း ကျက်မထားပါ။

ဤသို့နှင့် နေလာခဲ့ရာ ၁၉၈၀ ပြည့်နှစ်တွင် ည-ရပ်ကွက်ကျောင်းလမ်းမှ စတင်မီးလောင်ခဲ့ပါသည်။ မီးမှာ ညနေ၊ နေဝင်ရီတရောအချိန် လောင်ကျွမ်းရာ အချိန်မီ ငြိမ်းသတ်ရန်အခြေအနေ မပေးသဖြင့် မီးအားကြီးပြီး ကျောင်းလမ်း တစ်လမ်းလုံးနှင့် ပတ်ဝန်းကျင် လမ်းများအားလုံး မီးလောင်ခံခဲ့ရပါသည်။ ကျွန်တော်တို့အိမ်သည် ခေမာသီလမ်းမကြီးကို မျက်နှာမူ ဆောက်ထားသောအိမ် ဖြစ်ပါသည်။ မီးကား ကျွန်တော်တို့အိမ်နောက်တန်း ရောက်လာပါသည်။

ကျွန်တော်သည် ညီမအား အမေ့ကို စောင့်ရှောက် ခေါ်သွားရန်တာဝန်ပေးပြီး ကိုယ်ကတော့ ရတန်သရွေ့ အဖိုးတန်ပစ္စည်းများကို

သယ်ယူပြီး အိမ်ကို စွန့်ခွာရန် ကြိုးစားနေရပါသည်။

မီးအား၊ လေအားကြောင့် ကျွန်တော်တို့အိမ်သည် လွတ်ဖို့ အခြေအနေ မရှိတော့ပါ။ အမေကတော့ နှုတ်မှ တတွတ်တွတ် ရွတ်ရင်း ညီမခေါ်ရာနောက် ပါသွားသည်။

"သမီး- မေမေ အဝေးမသွားဘူး၊ မေမေ့အိမ်ကို မေမေ ပရိတ်**သစ္စာတ**န်ခိုးနဲ့ မေမေတားကြည့်မယ်"ဟုဆိုကာ ခေမာသီ လမ်း**မတန်းဘ**က်ရှိ ကွင်းထဲ၌သာ နေပြီး **အိမ်ကို** အာရုံပြုကာ ပရိတ်ရွ**တ်နေ**ပါသည်။ ကျွန်တော်ကတော့ **မီးအား**ကိုကြည့်ပြီး မလွတ်နိုင်၊ ငွေ-ရပ်ကွက်ဘက်သို့ကူးနိုင်သည်ဟု ယူဆထားပါ သည်။

"အမေ နောက်မှ အမေ့ပရိတ်ဟား၊ အခုတော့ ဒီမီးဘေးက လွတ်အောင် ပြေးဦး၊ ဒီနေရာက မီးမလွတ်နိုင်ဘူး၊ ညီမလေး အမေ့ကို အဝေးရောက်အောင်သာ ခေါ်သွား"

ကျွန်တော်က အမေ့ကိုအော်ပြောရင်း ညီမကိုလည်း အမေ့ကို ခေါ်သွားရန် ပြောပါသည်။ အမေက မလိုက်ပါ။ သူ့ပရိတ်ကိုပဲသူ ရွတ်ဖတ်နေပါသည်။ မီးကြီးက လေအဟုန်တွင် တဟဲဟဲမြည်ကာ တစ်အိမ်ပြီးတစ်အိမ် လောင်ကျွမ်းလိုက်လာပါသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် မိနစ်စက္ကန့်ပိုင်း အတွင်းမှာပင် အိမ်ကြီးအိမ်ကောင်း၊ အိမ်ငယ်တို့သည် ပြာပုံဘဝသို့ ကြွေကျကုန် ပါတော့သည်။ ကျွန်တော်တို့အိမ်နောက်ကအိမ် မီးစွဲလောင်နေ

ပါပြီ၊ တစ်ခြမ်းပင် ကုန်လုနီးပါး ဖြစ်နေပါပြီ။ ထိုအချိန်မှာပင် ရုတ်တရက် လေကြောင်းပြောင်းပြီး မီးညွန့်သည် အရှေ့မြောက် ဘက်ဆီသို့ ဦးတည်သွားပါတော့သည်။

ထိုအချိန်က မီးသတ်ကားကလည်း အားနည်း၊ ရေကလည်း ရှားပါး၍ မီးဘေးဒဏ်ကို ဤမျှ အကြီးအကျယ် ခံလိုက်ရခြင်း ဖြစ်ပါသည်။

ဆိုကြပါသော် ထိုမီးဘေးတွင် ကျွန်တော်တို့အိမ်အပါအဝင် ခေမာသီလမ်းက အိမ်အတော်များများ မီးဘေးမှ လွတ်ခဲ့ရပါသည်။ ထိုစဉ်က မီးဘေးလွတ်သည်မှာ အမေဝဋ္ဋသုတ်ပရိတ်ကြောင့်ဟု မထင်ခဲ့ပါ။ သိပ္ပံသဘောအရ လေကြောင်း ပြောင်းသွား၍ လွတ်သည်ဟု ယူဆခဲ့ပါသည်။ အမေကတော့ သူ၏ ဝဋ္ဋသုတ် ပရိတ်တော် တန်ခိုးကြောင့် လွတ်ခဲ့သည်ဟု ယုံကြည်ပါသည်။

အမေကွယ်လွန်ခါနီးတွင် အမေသည် ကျွန်တော်တို့မောင်နှမ ကို တလေးတစား မှာသွားခဲ့သည်။

“သားတို့ တို့ဥက္ကလာဟာ မြို့သက်ကြာပေမယ့် ဝါးခနိဘဝက မတက်သေးဘူး။ မီးဘေးအန္တရာယ်က အမြဲရှိနေတယ်။ တို့က လည်း မီးဘေးလုံခြုံအောင် တိုက်တာအဆောက်အဦ မဆောက် နိုင်ဘူး။ အဲဒီတော့ ကိုယ့်အဖေ ဆောက်လုပ်သွားတဲ့ အရိပ်အာဝါသ လေး ရန်သူမျိုးငါးပါး ဖျက်ဆီးမခံရအောင်သားတို့ သမီးတို့ ဘုရားရှင်ဟောကြားထားတဲ့ ပရိတ်အတားအဆီး တရားတော်ကို

လေးလေးစားစား ယုံကြည်ကိုးစားပြီး ရွတ်ဖတ် ကာကွယ်ထားကြပါကွယ်”

ကွယ်လွန်သော အမေ့စကားကို နားထောင် လိုက်နာသောအားဖြင့် ကျွန်တော်တို့ မယုံကြည်သော်လည်း ရွတ်ဖတ်မိကြပါသည်။ မိခင်ကွယ်လွန်ပြီး ခြောက်လအကြာ ညီမက အိမ်ထောင်ပြုပြီး သူ့မခင်ပွန်းနောက် ပါသွား၍ အိမ်တွင် ကျွန်တော်၏မိသားစုသာ ကျန်ရစ်ခဲ့ပါတော့သည်။

ကျွန်တော်သည် အရွယ်ကလည်းရလာပြီ၊ ဘာသာတရားကိုလည်း ညွတ်လာသောသဘောရှိ၍ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို တတ်အားသရွေ့ အားထုတ် လုပ်ကိုင်ခဲ့ပါသည်။

၁၉၉၂-ခုနှစ်၊ မတ်လတွင် မြောက်ဥက္ကလာပ ည-ရပ်ကွက်မီးဘေးကြီးကို ကျွန်တော်တို့တစ်တွေ ကြုံတွေ့ခဲ့ရပြန်ပါသည်။ ပထမနေ့ ည-ရပ်ကွက် ဈေး(၇)လမ်းမှ စတင် လောင်ကျွမ်းခဲ့ရာ ဈေး(၁၅)လမ်းအထိနှင့် (၄)ရပ်ကွက် တစ်ရပ်ကွက်လုံးနီးပါးမျှ လောင်ကျွမ်းခံခဲ့ရပါသည်။ ထိုမီးဘေးသည် ထိုတစ်နေ့နှင့် မပြီးပါ။ နောက်နေ့ ဘုမ္မာလမ်းက စတင်လောင်ကျွမ်းပြန်ရာ ည-ရပ်ကွက် တောင်ဘက်တစ်ခြမ်းလုံး ကုန်သလောက် နီးပါး လောင်ကျွမ်းခံခဲ့ရပြန်ပါသည်။

ထိုနှစ်ရက် မီးဘေးတွင် ဒုတိယနေ့ မီးဘေးသည် ကျွန်တော်တို့ ကျောင်းလမ်းအဖို့ ဒုတိယအကြိမ် ခံရခြင်း ဖြစ်ပါသည်။

မိုးဘေးသည် ပထမအကြိမ်တုန်းကလိုပင် ကျွန်တော်တို့အိမ်နား ရောက်လာပြန်သည်။ မိုးအား၊ လေအားကြီး၍ မီးသတ်စက်တွေ မနိုင် ဖြစ်နေရပါသည်။

ကျွန်တော်သည် မိသားစုကို သင့်ရာပစ္စည်းယူစေပြီး ၄-ကွင်းဘက်သို့ လွတ်အောင်ပြေးစေရပါသည်။ ကျွန်တော်ကတော့ မိခင်ထုံးကို နှလုံးမူကာ အိမ်ကို အာရုံပြုပြီး အိမ်စောင့်နတ်များကို အမျှပေးဝေကာ ဝဋ္ဋသုတ်ပရိတ်တော်ကို ရွတ်၍ သစ္စာဆိုနေမိပါ သည်။

ထိုအချိန်တွင် (၄)ရပ်ကွက် ဥဒ္ဒေနာဓမ္မာရုံကလည်း အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်နေပါသည်။ မီးသည် (၄)ဘက်သို့ ကူးလာနိုင်သော အခြေအနေဖြစ်၍ (၄)ရပ်ကွက်ဘက်မှ လူများမှာလည်း ပြေးကာ လွှားကာနှင့် တသောသော ဖြစ်နေကြပါသည်။

ကျွန်တော်သည် မျက်စိကိုမှိတ်ကာ အိမ်ကို အာရုံပြုပြီး ပရိတ်သာရွတ်နေပါသည်။ တစ်ခဏအကြာတွင် ကျွန်တော်၏ မိတ်ဆွေ အိမ်နီးချင်း ကိုတင်မြင့်က-

"ဟော့လူ-ကြောက်ပြီး မေ့နေတာလား၊ မီးညွှန့်လေကြောင်း ပြောင်းသွားပြန်ပြီဗျ၊ ခင်ဗျားတို့ ကျွန်တော်တို့အိမ်တော့ ယာယီ မီးလွတ်သွားပြီဗျို့"

ဟု အားပါးတရ ပခုံးပုတ်ပြောလိုက်သဖြင့် ကျွန်တော်သည် မျက်စိဖွင့်ပြီး ကြည့်လိုက်မိသည်။

မှန်ပါသည်။ မီးညွန့်သည် ကျွန်တော့်အိမ်၏ နောက်ဖေးအိမ်သို့ အရောက်တွင် လေကြောင်းပြောင်းကာ အရှေ့မြောက်ဘက်ဆီသို့ ဦးတည်၍ လောင်ကျွမ်းသွားပြန်ပါသည်။ အရင် ဆယ်နှစ်ကျော် မီးဘေးက ကျွန်တော်၏ အိမ်အနောက်ဘက်အိမ်သည် တစ်ခြမ်းလုံး လောင်ခံခဲ့ရပါသည်။ ယခု မီးဘေးတွင် တစ်အိမ်လုံး လောင်ခံရပြီးမှ လေကြောင်း ပြောင်းသွားခဲ့ပါသည်။

(၄)ရပ်ကွက်လူတို့က ဆိုပါသည်။

တို့ဘက်က ပဋ္ဌာန်းရွတ်နေလို့ ပဋ္ဌာန်းတန်ခိုးနဲ့ မီးညွန့်လမ်းကြောင်း ပြောင်းသွားတာကွ။

တချို့က ဆိုပါသည်။

"မီးသတ်စက်တွေက ဒီဘက်က တအားခုခံ ကာကွယ်လို့ ရေအားကြောင့် လေအားပြောင်းပြီး မီးညွန့်လမ်းကြောင်း ပြောင်းသွားတာကွ"

ကျွန်တော်ကတော့ တစ်ကိုယ်တည်း ဆိုမိပါသည်။

"အမေ့စကား နားထောင်ပြီး ငါ ဒိဝင္ကသုတ် ပရိတ်တော်ကို နေ့စဉ်ရွတ်ဆို စရဏကျင့်ပြီး သစ္စာဆိုခဲ့သည့်အတွက်ကြောင့် ငါ့အဖေရဲ့ အမွေ ဤအိမ်ကလေးကို ရန်သူ မီးဘေးမှ ကင်းဝေးပြီး ငါ့မိသားစု ဒုက္ခသည်စခန်း ထမင်းထုပ်ဘေးမှ ကင်းဝေးခဲ့ရသည်။"

❀ ❀ ❀

## ဓေဂ္ဂပရိတ်နှင့် အသက်ဘေးလွှတ်ခဲ့မှု

'လူကိုဖျက် အရက်
ရှင်ကိုဖျက် ဓေဂ်'

ပရိတ်ကြီး (၁၁)သုတ်တွင် ဓေဂ္ဂပရိတ်သည် ကျက်မှတ်ရ ခက်ခဲသည့်အတွက် ကျက်မှတ်ရ ခက်ခဲ၍ ရှင်ကိုရင်များ စိတ်ပျက်ပြီး လူထွက် ကျောင်းထွက်များသဖြင့် အထက်ပါအတိုင်း စာချိုးပေါ်ခဲ့ပါသည်။

ကျွန်တော်သည်လည်း ရွာဦးကျောင်းတွင် နေစဉ်က ထိုဓေဂ္ဂသုတ်ကြောင့် ဒဏ်နှစ်ကြိမ် ထမ်းခဲ့ရပြီး ဆရာတော်၏ ကြိမ်စာ(၄)ကြိမ် မိခဲ့ပါသည်။

သို့အတွက် ထိုဓေဂ္ဂပရိတ်သည် ကျွန်တော့်ဘဝ တစ်သက်တွင် မမေ့နိုင်၊ အစွဲကြီး၊ အညှိုးကြီးသောပရိတ် ဖြစ်ခဲ့ပါသည်။

ကျွန်တော် ဘုန်းတော်ကြီးကျောင်းကထွက်၍ မိဘလုပ်ငန်းများသို့ ဝင်သောအခါ ဆရာတော်က–

"အေး–မင်း ငါ့ကျောင်းမှာ ဓေဂ္ဂပရိတ်နှင့် ခဏခဏ ဒဏ်ပေးခံရသည့်အတွက် ဒဏ်ခံရမှ ပြင်သလို လူ့ဘဝရောက်လျှင်လည်း အဲဒီပရိတ်ကို စွဲစွဲမြဲမြဲ ရွတ်ပါ။ ဖွဲကြီးစွာပဲ မမေ့မလျော့ ရွတ်ပါ။ အန္တရာယ်ကင်းမည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်သုတ်ဖြစ်၍ အလွန် အကျိုးကြီးသည်။ လောကီလာဘ်လာဘလည်း အကျိုးရှိမည်"ဟု ဟောပြောလိုက်ပါသည်။

ကျွန်တော်သည် ခဏခဏ ဒဏ်ပေးခံရသော သုတ်ဖြစ်၍ မမေ့နိုင်သောသုတ် ဖြစ်သလို ဆရာတော်က ထိုကဲ့သို့ ဟောပြောလိုက်သောအခါ ထိုသုတ်ကို အိပ်ရာဝင်၊ အိပ်ရာထ အလုပ်သွားခရီးသွား အမြဲရွတ်ဆိုမိပါသည်။

ရွတ်ဆိုသောအခါ စိတ်ထဲက သဒ္ဓါတရားပေါက်၍ ရွတ်သည့်အခါရှိသလို ဝတ္တရားအရ စိတ်ကို ဟိုရောက် ဒီရောက်နှင့် ရွတ်သည်လည်း ရှိပါသည်။

၁၉၄၉–၅၀ ခုနှစ်၊ မြန်မာပြည်တွင် ရောင်စုံသောင်းကျန်းမှုထသော သောင်းကျန်းသူနှင့် တိုက်သည့် တိုက်ပွဲကာလတွင် ကျွန်တော်တို့ ပြည်သူများမှာ မြေ ဇာပင်ဘဝ ကျရောက်ခဲ့ရကြပြီး၊ အသက်ကို ဖက်နှင့်ထုပ်ပြီး လုပ်ကိုင် စားသောက်နေရသော အချိန်ကာလ ဖြစ်ပါသည်။

တောင်ငူခရိုင် တောင်ပိုင်းတစ်ခုလုံး မြို့များတွင် ကရင်သောင်းကျန်းသူများ သိမ်းပိုက်ထားပြီး ကျွန်တော်တို့ ကျေးလက်တောရွာများတွင်မူ ကွန်မြူနစ်များက သိမ်းပိုက်ထားသောကာလ ဖြစ်ပါသည်။

ကျွန်တော်တို့ ဖြူးကညွတ်ကွင်း ဒေသရှိ တောရွာများတွင် ဆားမရှိ၊ ဆီမရှိတော့၍ ကျွန်တော်သည် အဖော်ကောင်း၍ ပဲခူးရိုးမလမ်းမှ ဝန်တင်နွားများနှင့်အတူ ပဲခူးသို့ ဆားတက်ဝယ်ရန် ထွက်ခဲ့ကြပါသည်။ လမ်းခရီးတွင် (၁၅)ည အိပ်ရပါသည်။

ကျွန်တော်သည် လမ်းတစ်လျှောက်လုံး စကားမပြောမိက ဓဂ္ဂုဏ်သုတ်သာ ရွတ်လိုက်ခဲ့ပါသည်။ အိပ်ရာဝင် အိပ်ရာထကတော့ ပုံမှန်ရွတ်ရပါသည်။ ကျွန်တော်သည် ပဲခူးအရှေ့ဈေးထွက်တွင် ပါလာသော နွားသုံးကောင်အနက် တစ်ကောင်ကို ရောင်းချပြီး ဆားနှင့် အခြားအသုံးအဆောင်များ ဝယ်ပါသည်။ ပဲခူးမြို့မှာ အစိုးရအုပ်ချုပ်ရေး ရှိနေ၍ ကျွန်တော်တို့နယ်လို ကျီးလန့်စာစားမရှိပါ။

ကျွန်တော်တို့တစ်တွေ လိုရာပစ္စည်း ဝယ်ယူပြီး ပဲခူးရိုးမ ခရီးစဉ်အတိုင်း ပြန်ခဲ့ကြပါသည်။ တောင်ကြောတောစခန်းတစ်ခု အနားတွင် ကျွန်တော်တို့မှာ အန္တရာယ် ပေါ်လာပါတော့သည်။

ကျွန်တော်တို့စခန်းချ၍ ညစာ ချက်ပြုတ်စားပြီး မီးပုံဘေးတွင် စကားဝိုင်းဖွဲ့ ပြောဆိုနေခဲ့ပါသည်။ စကားပြောရင်း ကျွန်တော်သည် ဝမ်းထဲမှာ ဆီးသွားချင်သလိုလို၊ ဝမ်းသွားချင်သလိုလို ဖြစ်လာ၍ အပြင်အမှောင်ရိပ်သို့ ခဏထသွားပါသည်။ ထိုအချိန်မှာပင် မမျှော်လင့်ဘဲ လူဆိုးငါးယောက်သည် မှောင်ထဲက ဘွားခနဲ ပေါ်လာပြီး မီးလှုံနေသူအားလုံးကို သေနတ်နှင့် ပစ်သတ်ပါတော့သည်။ ကျွန်တော့်အဖော်တွေမှာ ဘာမျှ မလှုပ်နိုင်တော့ဘဲ သေဆုံးကြပါသည်။

“ဟော့–တို့ အစောကတွေ့တာ လေးယောက်ကွ။ ယခု သုံးယောက်တည်းရယ်။ တစ်ယောက် ဘယ်ပျောက်သွားလဲ”

လူဆိုးတစ်ယောက်က အရက်မူးသော အာလေး လျှာလေးသံနှင့် ပြောပါသည်။ ကျွန်တော့်မှာ အလွန်ပင် တုန်လှုပ်ချောက်ချားမိပါသည်။ ထိုင်နေရာ ချုံထဲက လုံးဝ မလှုပ်ရဲပါ။

သေနတ်သံကြောင့် နွားများလည်း လန့်ပြီး ကြိုးရုန်းကာ ပြေးကြသည်။ ကြိုးရုန်းမရသော နွားသာ ကျန်ရစ်ခဲ့ပါသည်။

"ဟေ့–မီးတုတ်ယူပြီး ကျန်တစ်ယောက် ရှာစမ်းကွာ"

ခေါင်းဆောင်လုပ်သူက ပြောပါသည်။ ကျွန်တော်သည် ထိုအသံကို ကြားရသောအခါ ပိုမို တုန်လှုပ်မိပါသည်။ စိတ်ထဲဝယ် ဓဇဂ္ဂသုတ်ကို ရွတ်မိရာ 'လောမဟံသောဝါသော ပဟိယိဿတိ' သာ ရွတ်ဆိုနေမိပါသည်။

"ဟာ–ဆရာကလည်း ရှာလို့ ဘယ်လွယ်မလဲ။ မှောင်ကြီးမည်းကြီးထဲမှာ။ ကျွန်တော်တို့ သေနတ်သံ ကြားကတည်းက ဒီကောင်လည်း ပြေးရောပေါ့"တစ်ယောက်က ပြောသည်။

"ဒီကောင်တစ်ယောက်တည်း ကျုပ်တို့ကို အန္တရာယ် ပြန်မပြုရဲတော့ပါဘူးဗျ"

တစ်ယောက်ကပြောပြီး ကျွန်တော်တို့ပစ္စည်းများနှင့် နွားများကို ဖြုတ်ယူ သယ်ဆောင်သွားကြပါသည်။

ကျွန်တော့်ဗိုက်သည် တကယ်သွားတော့ မသွားပါ။ ကျွန်တော့်ကို သေဘေးက လွတ်အောင်များ တမင်နာပေးသလို ဖြစ်သွားပါသည်။ ကျွန်တော်က ထိုကဲ့သို့ပင် ယုံကြည်မိပါသည်။

ဓားပြများ ပြန်ထွက်သွား၍ အချိန်အတော်ကြာသောအခါ ကျွန်တော် အခြေအနေ အကဲခတ်ပြီး မီးပုံနားသို့ ပြန်လာပါသည်။ အပေါင်းအသင်းများ၏ အခြေအနေကို ကြည့်ပါသည်။ တစ်ယောက်မျှ အသက်မရှင်ပါ။

ကျွန်တော်သည် ပစ္စည်းအကျန်ကို ကြည့်ရာ ကျွန်တော်၏ ဆားအိတ်နှင့် ပစ္စည်းအချို့ ယူမသွားဘဲ ကျန်နေခဲ့သည်ကို အံ့သြစွာ တွေ့ရပါသည်။ ကျွန်တော် ထိုပစ္စည်းများကိုယူပြီး မှောင်မည်းထဲတွင် ခရီးဆက်ထွက်ခဲ့ပါသည်။ ခရီးအတော်အပေါက်မှ ခဏနားပြီး အိပ်ပါသည်။

ကျွန်တော့်ကို တစ်စုံတစ်ယောက်က နှိုးသလို နိုးလာသောအခါ နေသည်ပင် အတော်မြင့်နေပါပြီ။

အလန့်တကြား ကြည့်မိသောအခါ ကျွန်တော်၏ နွားနီသည် ကျွန်တော့် ခြေသလုံးကို သူ၏လျှာနှင့် လာလျက်ပေးနေသည်ကို တွေ့ရပါသည်။ ကျွန်တော် အတော်ပင် အံ့သြ ဝမ်းမြောက်သွားမိပါသည်။ ခပ်လှမ်းလှမ်းတွင်လည်း ကျွန်တော့် ဂျင်းအိတ်အသေးကျောပေါ် တင်ထားခဲ့သော အောင်တိုးဟု အမည်ပေးထားသော နွားပြာညိုသည် သစ်ချုံနွယ်ကို စားလျက် တွေ့ရပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် သေဘေးမှလည်းကောင်း၊ ပစ္စည်းဆုံးရှုံးမှုဘေးမှလည်းကောင်း လွတ်ခဲ့ရပါသည်။

တစ်ဖန် ကျွန်တော်သည် တောမှ မြို့မပြောင်းခင် ကွန်မြူနစ်များက သတ်ရန် ကြိုးစားသည့် သေဘေးမှ လွတ်ခဲ့ရပြန်ပါသည်။

ကျွန်တော်တို့ရွာများသည် ကွန်မြူနစ်များကို ဆက်ကြေးနှစ်စဉ် ပေးရပါသည်။ ကျွန်တော်တို့ကလည်း ကြောက်၍ နှစ်စဉ် ကောက်ပေးကြပါသည်။ ထိုနှစ်က ၁၉၅၅ ခု အစိုးရ အမတ်များ ရွေးကောက်ပွဲကာလ ဖြစ်ပါသည်။ ကျွန်တော်သည် ရွာတွင် တာဝန်ရှိသော သူကြီးတစ်ယောက် ဖြစ်၍ ဆက်ကြေးများကို ကောက်ယူပြီး ဆယ်အိမ်ခေါင်း အုန်းမောင်ကို ပို့ခိုင်းပါသည်။ ဆယ်အိမ်ခေါင်း အုန်းမောင်ကလည်း ပို့ပါသည်။

သို့သော် ကံဆိုးချင်တော့ အုန်းမောင်ပို့သည်ကို လက်ခံသော ကွန်မြူနစ်စစ်တပ် ခေါင်းဆောင်လေးက ထိုငွေကို ယူထားပြီး ကျွန်တော်တို့က ဆက်ကြေးမပေးဟု အထက်ကို စာတင်သည်။ သူလည်း မကြာခင် ထိုမှ ထွက်ပြေးပြီး အလင်းဝင်ခဲ့သည်။

သူ၏ စာတင်မှုကြောင့် ပါတီကော်မတီက ကျွန်တော့်အား သေဒဏ်ပေးရမည်ဟု အမိန့်ချမှတ်ကာ လာရောက် သတ်ဖြတ်ရန် စီမံပါတော့သည်။

ထိုညနေတွင် ကညွတ်ကွင်းမြို့ပေါ်မှ ကျွန်တော့်မိတ်ဆွေ ငှက်ပျောသီးပွဲစားက သူ့အိမ်တွင် ဘုရားကိုးဆူပူဇော်ပွဲ ပြုလုပ်မည်၊ မိသားစုတစ်စုလုံး လာပါဆို၍ လှည်းလွှတ်ပြီး ခေါ်သဖြင့် ကျွန်တော်တို့အိမ်ကို လူငှားကလေးသာ အိမ်စောင့်ထားပြီး မိသားစုအားလုံး လိုက်ခဲ့ပါသည်။

ကွန်မြူနစ်များ အိမ်သို့ လာဝိုင်းချိန်တွင် ကံအားလျော်စွာ လူငှားကလည်း အိမ်လည်နေ၍ အိမ်တွင်မရှိပါ။ သတ်မည့်သူများ

လည်း ကျွန်တော်တို့ကို ရှာမတွေ့သောအခါ အိမ်ရှိ ပစ္စည်းများကို ဖွေလှန်ပြီး ယူသွားကြပါသည်။ သတ်မည်ဆိုသည်ကိုလည်း စာချပေးသွားပါသည်။

ဓဇဂ္ဂသုတ်ပါ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ဤသို့ အသက်ဘေးမှ လွတ်ခဲ့သည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

အလားတူပင် စီးပွားဥစ္စာနှင့် ပတ်သက်၍ ပျက်ကိန်းကြုံမှု၊ လိမ်ညာခံရဘေးမှ လွတ်မြောက်မှုများလည်း ကျွန်တော့်ဘဝတွင် များစွာ ကြုံဆုံတွေ့ခဲ့ရပါသည်။

ကျွန်တော်ငယ်ငယ်က အစွဲသန် မခံချင်ခဲ့သော ဓဇဂ္ဂပရိတ်သည် အသက်ကြီးသော ကျွန်တော့်ဘဝ,ဝယ် ကျွန်တော်၏ အသက်၊ စီးပွား၊ ဥစ္စာကို မှန်ပင် အကာကွယ် ပေးခဲ့သည်ကို ကျွန်တော်၏ ကိုယ်တွေ့ ဖြစ်ရပ်မှန်ကို ပြောပြရခြင်း ဖြစ်ပါသည်။

(ယခု မြောက်ဥက္ကလာပ၊ ဝေဘာဂီမြို့နေ ဦးကံမောင်၏ ပြောပြချက်ကို တင်ပြခြင်း ဖြစ်ပါသည်။)

❀ ❀ ❀

## အဋ္ဌာနခဋ္ဌိယပရိတ်တန်ခိုးဖြင့် မုတ်သရဲ ထွက်ပြေးရခြင်း

ဒေါ်ဖွားတင်သည် ခမောသိလမ်းမ မြောက်ဥက္ကလာပတွင် နေထိုင်ခဲ့သူဖြစ်သည်။ သူမသည် အသက်(၇၀)ကျော် (၈၀)နီးပါး ရှိသည်။ သွေးတိုး နှလုံးရောဂါသည် ဖြစ်သည်။

အသက်ကလည်းကြီး၊ ဗျာဓိအနာကလည်း ဖိစီးလာသည်။ နာတာရှည်ရောဂါ တစ်လလောက် ရှိသောအခါ ဆရာဝန်က လက်လျှော့တော့သည်။ စားချင်တာသာ ကျွေးပါ၊ စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးပါဟု ဆရာဝန်က မှာကြားသည်။

သားသမီး၊ မြေးမြစ်တို့ကလည်းမျှော်လင့်ချက်မထားကြတော့။ မီးစာကုန်ဆီခန်းဘဝဟု သတ်မှတ်ထားကြသည်။ အမေ၊ အဘွားဖြစ်သူ၏ ဘဝကူးပြောင်းမည့်အချိန်နာရီ နေ့ရက်ကိုသာ စောင့်မျှော်နေကြသည်။

ထိုအတောအတွင်း တစ်ညနေတွင် ဒေါ်ဖွားတင် မေ့မြောသွားသည်။ သားသမီးမြေးတို့က သေပြီဟုဆိုကာ ရှိုက်ကြီးတငင်ငိုကြွေးကြသည်။ ခရီးလွန် သားသမီးမြေးမြစ်တို့ကို မှာကြားရသည်။

သို့သော် နာရီဝက်လောက်အကြာတွင် ဒေါ်ဖွားတင် သတိရလေသည်။ ရေတောင်းသည်။ အမေ အဘွား သတိရလာ၍ အားလုံး ဝမ်းသာကြပြန်သည်။ အရိပ်တကြည့်ကြည့်နဲ့ ကြည့်နေကြရပြန်သည်။

ညလယ်လောက်တွင် လူမမာက အစာတောင်းသည်။ မိသားစုအားလုံး ဝမ်းသာကြပြန်သည်။ ဒေါ်ဖွားတင် စားနိုင်လောက်မည်ထင်သော အစာနုနု ကိတ်မုန့်ကို ကော်ဖီနှင့် တိုက်ကြသည်။

မြေးအကြီးမ မငွေးသည် အဘွားဝေယျာဝစ္စကို ဆောင်ရွက်ပေးခဲ့သည်။ အဘွားနှင့်လည်း အတူတူအိပ်သည်။ ယခုလည်း

အဘွား သတိရလာ၍ အစာတောင်းလာသောအခါ အဘွားဆောမှာပင် ကပ်အိပ်သည်။ အဘွားသည် ဒွေးဒွေးကိုဖက်၍ အိပ်ရလျှင် အားအင် ပြည့်ဖြိုးသလိုဖြစ်ကာ စကားကို မာမာတောင်တောင် ပြောလာနိုင်သည်။

နေ့လယ်ဘက် ဒွေးဒွေးမရှိလျှင် ပကတိ လူမမာအသွင် တစ်နေ့ရွှေ တစ်နေ့ငွေ သဘောမျိုး ဖြစ်နေသည်။ ညနေစောင်းလာပြီဆိုလျှင် မျက်နှာကြည်လင်လာသည်။ အားအင်ပြည့်သလို စိတ်ကြည်လင်ပြီး ရောဂါသက်သာသလို အပြုအမူမျိုးနှင့် စကားပြောသည်၊ အစာတောင်းသည်။

သားသမီးမြေးတို့ကလည်း ဝမ်းသာကြသည်။ စားနိုင်လျှင် ကျန်းမာလာလိမ့်မည်။ အစာတောင်းလာလျှင် ကောင်းသည်။ တဖြည်းဖြည်း ကျန်းမာလာမည်ဟု မျှော်လင့်ချက် ထားလာကြသည်။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာဆိုသည့်အတိုင်း အစာဝင်လာရင်တော့ ကျန်းမာလာတော့မည်ဟု အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြရသည်။

ဆရာဝန်တွေကလည်း အစာပြန်စားလာ၍ ကောင်းလာမည်ဟု မျှော်လင့်ချက်ပေးထားသည်။

လူမမာသည် အစပိုင်းတော့ မုန့်၊ နောက်ပိုင်းတွင် ထမင်းနှင့် အသားဟင်းကို တောင်းလာသည်။ မိသားစု ပိုမို ဝမ်းမြောက်ပြီး ကျွေးကြသည်။

တစ်ခုထူးခြားသည်မှာ လူမမာသည် နေ့လယ် နေ့ခင်းတွင်မူ ရောဂါခံစားရသည့်သဘော မှိန်းနေပြီး စကားမပြော။ ညနေဘက် စောင်းလာလျှင် ရောဂါသက်သာလာသော သဘောဖြင့် စကား ပြောသည်။ ထထိုင်လာသည်။ အစာတောင်းလာသည်။

တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ် လွန်လာသည်။ လူမမာ ပြုစု ရသော ဒွေးဒွေးသည် တဖြည်းဖြည်း အအိပ်ပျက် အစားပျက် သဘောဖြစ်ကာ တဖြည်းဖြည်း မျက်တွင်းဟောက်ပက်နှင့် ပိန် လိုက်လာသည်။

ဖခင် ဦးတင်ဝင်းက သမီးအတွက် စိုးရိမ် ပူပန်လာသည်။ ဒွေးဒွေးသည် ဘွဲ့ရရှိပြီး ဖြစ်သည်။ ကျောင်းဆရာမ လျှောက် ထားသည်။ အင်တာဗျူးလည်း ထိုင်ပြီးပြီ။ အလုပ်ခန့်စာကို စောင့်နေရသည့်ကာလ ဖြစ်သည်။

ဦးတင်ဝင်းသည် နေ့လယ်တွင် လူမမာ၊ ညတွင် လူကောင်း ဖြစ်နေသော မိမိယောက္ခမ မိခင်ကို အမြဲ လေ့လာနေသည်။ အစာတောင်းရာတွင် ဟင်းသီး ဟင်းရွက်ကို မစား၊ အသားမှ တောင်းသည်။

တစ်ခါတစ်ရံ မိမိက အသီးအရွက်ကို ရောဂါနှင့် သင့်တင့် မျှတအောင်စားဖို့ အကြံပေး ပြောပြသည်။ သမက်မှာ မျက် ထောင့်နီနှင့် ကြည့်ခံရသည်။

သမီးငယ် ကျန်းမာရေးအတွက် လူချင်းလဲပြီးစောင့်ရန်

မိခင်ရော၊ ဖခင်ပါ ပြောသည်။ လှမမာက မကျေမနပ်။ တဟင်းဟင်းမြည်ကာ မျက်ထောင့်နီနှင့် ကြည့်ပြန်သည်။

ဦးတင်ဝင်းသည် တစ်နေ့တခြား သမီးကိုလည်း သနားရသည်။ ရောဂါသည်ကိုလည်း မကျေနပ် ခံစားလာမိသည်။

လှမမာသည် အစားသာစားနေသည်၊ ထူထူထောင်ထောင် မရှိ။ သမီးမှာလည်း တစ်နေ့တခြား ပိန်လာသည်။ ရုပ်ကျလာသည်။

'ငါ့ယောက္ခမ အမေ ဖုတ်သရဲများ ဝင်နေသလား'

စိတ်ထဲဝယ် ကြံစည်မိသည်။ တွေးတောမိသည်။ ဖွင့်တော့မပြောရဲ။ ဖုတ်ဝင်လျှင် လှမမာဖျာအောက်၌ မသိမသာလာ ဖိနပ်ထိုးပေးထားရသည်။ ဩဇာရွက် ထိုးပေးထားရသည်။ ဖုတ်ဝင်သရဲပြေးသည်။

ဒါကို ဦးတင်ဝင်း ကြားဖူးသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ဦးတင်ဝင်း မသိမသာ စမ်းကြည့်သည်။ ဘာမျှမထူး။

လှမမာသည် နေ့လယ် လှမမာ၊ ညနေ အစာတောင်းသည်။ ဒွေးဒွေး သူ့ဘေး အိပ်နေလျှင် ကျေနပ်သည်။

တစ်နေ့ ဦးတင်ဝင်းသည် မိမိမိတ်ဆွေ ဘာသာရေးကို လေးလေးနက်နက်လိုက်စား ကျင့်ကြံအားထုတ်နေသော ဆရာဦးဘမြိုင်နှင့် တွေ့လာသည်။ စကားစပ်မိ၍ မိမိယောက္ခမ အကြောင်းနှင့် အခြေအနေကို ပြောပြသည်။

"ခင်ဗျားအိမ် ပရိတ်ရွတ်ကြည့်ပါလားဗျ"

ဆရာဦးဘမြိုင်က အကြံပြုသည်။ ဦးတင်ဝင်းက စမ်းကြည့်လိုသည်။ ဒါပေမယ့် ဖြောင်မလုပ်ရဲ။ လူမမာအတွက် အန္တရာယ်ကင်း ပရိတ်ရွတ်ပေးရန်သဘော ပြုလုပ်ရန် ဦးဘမြိုင်က အကြံပေးသည်။

နောက်ဆုံး ဦးတင်ဝင်းနှင့် ဦးဘမြိုင်တို့ အချေအတင်ဆွေးနွေးလာရာမှ ဆရာဦးဘမြိုင်ကိုယ်တိုင် ဘုန်းကြီးတွေမပင့်မိ ရွတ်ပေးရန် သဘောတူခဲ့ကြသည်။

ဦးတင်ဝင်းသည် နောက်တစ်နေ့ညတွင် ဆရာဦးဘမြိုင်ကို အလည်သဘော လူမမာလာမေးသည့်သဘောနှင့် လာစေပြီး ပရိတ်ရွတ်ရန် စီစဉ်သည်။

ထိုညတွင် ဦးဘမြိုင် ဒေါ်ဖွားတင်သားကြီး ကိုကံမြင့်နှင့် ကိုတင်ဝင်းတို့သည် လူမမာကို အန္တရာယ်ကင်းသဘောဖြင့် ပရိတ်ရေပေးရန်ဟုဆိုပြီး ပရိတ်ရွတ်ရန် စီစဉ်ပြီး ဦးဘမြိုင်က ဦးဆောင်ကာ ရွတ်ဖတ်သည်။ ပထမ ငါးပါးသီလယူ ဆောက်တည်ပြီး နတ်များကိုပင့်ဖိတ်ကာ မေတ္တသုတ်ကို ရွတ်သည်။ ရတနသုတ်၊ အာဋာနာဋိယသုတ်ကို ရွတ်သည်။

အာဋာနာဋိယသုတ်ကို ရွတ်၍ တစ်ဝက်လောက်အရောက်တွင် လူမမာသည် အိပ်ရာထက်မှ ငေါက်ခနဲ အကူအညီမပါဘဲ ထထိုင်ပြီး ဦးဘမြိုင်တို့ ပရိတ်ရွတ်သည့်ဘက်သို့ ဇက်လှည့်ကာ–

"တော်ပါတော့–တော်ပါတော့ သွားပါတော့မယ်"ဟု တအား အော်တော့သည်။

ပရိတ်ရွတ်အဖွဲ့က ဆက်ရွတ်သည်။ မိသားစုတွေကတော့ ပြုံးတူးပြံတဲ ဖြစ်ကုန်ကြသည်။

ဦးဘမြိုင်တို့ ပဋ္ဌာန်း(၂၄)ပစ္စည်းနှင့် သမ္ဗုဒ္ဓေဂါထာကို ဆက်တိုက်ရွတ်လိုက်သောအခါ–

"အမလေး–ကြောက်ပါပြီ၊ ကျွန်မ သွားပါတော့မယ်"ဟု အသံနက်နက်ဖြင့် အော်သည်။

ထိုခဏမှာပင် ထထိုင်နေသော လှမမာသည် အရုပ်ကြိုး ပြတ်သကဲ့သို့ ခေါက်ခနဲ လဲကျသွားသည်။ အသက်ဝိညာဉ် မရှိတော့။

မိသားစုတွေ အံ့အားသင့်ကြသည်။ ငိုသူက ငိုကြပြန်သည်။ ဦးတင်ဝင်းကတော့ ဝမ်းသာပီတိ ဖြစ်မိရသည်။ သမီးလေး အသက်ကို ကယ်နိုင်သည်ဟု အားရဝမ်းသာ ဖြစ်မိသည်။ ဆရာဦးဘမြိုင်ကိုလည်း ကျေးဇူး အထူးတင်မိတော့သည်။

ဆရာဦးဘမြိုင်ကတော့ နဂိုက စကားပြောနေသော အမေ၊ အစာတောင်းနေသော အမေ ယခု ခေါက်ခနဲ သေသွား၍ မိသားစု ဝမ်းနည်းပက်လက် ခံစားရသည်ကို စိတ်မကောင်း ဖြစ်မိသည်။

သို့သော် အိမ်ကို ထပ်မံလုံခြုံစေရန် ပဋ္ဌာန်း(၂၄)ပစ္စည်းဖြင့် စည်းချ တားဆီးပေးပြီးမှ မိသားစုကို နှုတ်ဆက်ကာ ပြန်ခဲ့သည်။

မိသားစုမှာတော့ ငိုသူကငို၊ အလောင်းကိုစွ ဆောင်ရွက်သူက ဆောင်ရွက်နှင့် အလုပ်ရှုပ်နေတော့သည်။

တကယ်တော့ ဒေါ်ဖွားတင် မေ့မြောကတည်းက အသက်ပါ သွားပြီး ဖြစ်သည်။ ဖုတ်သရဲက အချောင်ဝင်ပူးကပ်ပြီး ဟန်ဆောင် ကာ မှုရာမာယာနှင့် လာစားနေခြင်း ဖြစ်သည်။ ငွေးငွေးကို ထိထားပြီး သွေးစုပ်နေခြင်း ဖြစ်သည်။

နောက်တော့ မိသားစုအားလုံး သဘောပေါက်သွားကြသည်။ မယုံကြည်သူတွေရော လက်တွေ့ဖြစ်လာ၍ ယုံကြည်လာရ တော့သည်။

ဤ ဖုတ်သရဲ ဝင်ပူးကပ်ပြီး စားသောက်မှုသည် တောရွာဒေသ များတွင် ခဏခဏ ကြုံတွေ့ဖူးကြသည်။

ဤသည်မှာ လူကို အပမှီ၍ စားနိုင်သော ပြိတ္တာသရဲက ပူးကပ် ဝင်မှီခို စားသောက်နေခြင်း ဖြစ်သည်။ ထိုဖုတ်သရဲကို နိုင်သည်မှာ အာဋာနာဋိယသုတ်ဖြစ်ကြောင်း သိထားသင့်ကြ ပါသည်။

❀ ❀ ❀

## ဦးဇနိတနှင့် အင်္ဂုလိမာလပရိတ်

"ဒကာကြီးက တက္ကသိုလ်သျှင်သီရိဆိုတာလား"

စာရေးသူ ကရင်ပြည်နယ် ဖားအံမြို့ လူသာသနာပြု

သင်တန်းတွင် သင်တန်းနည်းပြဆရာအဖြစ် သင်တန်းပို့ချစဉ်က ဖားအံမြို့၊ မဲခေါင်ကျောင်းတိုက်တွင် တည်းခိုရပါသည်။ သင်တန်း အားချိန်တစ်ရက်တွင် သက်တော်အားဖြင့် (၆၀)နီးပါးရှိ ရဟန်း တော်တစ်ပါးသည် စာရေးသူထံ ရောက်လာပြီး အထက်ပါအတိုင်း မေးပါသည်။

စာရေးသူက ဟုတ်ပါကြောင်း၊ အထွေအထူးကိစ္စများ ရှိပါ သလားဘုရားဟု လျှောက်ထားပြီး စာရေးသူအိပ်သော ခုတင် ပေါ်တွင် နေရာထိုင်ခင်း စီစဉ်ပေးပါသည်။

"ဦးပဥ္စင်းက သီလဝမဂ္ဂဇင်းလစဉ် ဖတ်ပါတယ်။ ဒကာကြီးရဲ့ ပရိယ်အစွမ်း တန်းခိုးရေးထားတဲ့ ဆောင်းပါးတွေ ဖတ်ရပါတယ်။ ဦးပဥ္စင်းမှာလည်း ကိုယ်တွေ့လေးတစ်ခု ရှိနေတော့ ရေးပြ ပြောပြချင်တယ်။ ဒါပေမယ့် ဒကာကြီးတို့လို ကျွမ်းကျွမ်းကျင်ကျင် စာမရေးတတ်တော့ ရေးမပြတတ်ဘူး။ ယခုတော့ မနေ့က သင်တန်းသားတစ်ယောက် လာလျှောက်တယ်။ သင်တန်းမှာ ဆရာကြီး တက္ကသိုလ်သျှင်သီရိလည်း ပါတယ်၊ စာလာပြတယ် တဲ့။ အဲဒါကြောင့် ဦးပဥ္စင်းရဲ့ပရိတ် ကိုယ်တွေ့အကျိုးပေး ပြောပြချင်လို့ ဒကာကြီးကို လာတွေ့တာပါ"

"အရှင်ဘုရားလို သံဃာတော်က ကိုယ်တွေ့ဆိုတော့ သိပ် ကောင်းတာပေါ့ဘုရား။ ပြောပြပါ ဘုရားတပည့်တော် ရေးပေး ပါမယ်"

"ဒကာကြီး တစ်ခုတော့ မေတ္တာရပ်ခံပါရစေ၊ ဦးပဍင်းက ယခု တောရဆောက်တည်နေပါတယ်။ ဦးပဍင်း ဘွဲ့အမည် လောက်ပဲ ဖော်ပြပါ။ နေရပ် အတိအကျကိုတော့ ထည့်မရေးပါနဲ့"

"တင်ပါ့၊ ရပါတယ်ဘုရား-တပည့်တော် သင့်သလို ရေးပြသွားပါမယ်"

"ကောင်းပါပြီ ဒကာကြီး။ ဦးပဍင်း ပြောပြလိုတဲ့ ပရိတ်ကတော့ အင်္ဂုလိမာလပရိတ်ပါ"ဟု အစချီကာ အောက်ပါအတိုင်း အမိန့်ရှိပါတော့သည်။

ဦးပဍင်းရဲ့ ယခု ဘွဲ့အမည်က ဦးဇနိတပါ။ ဦးပဍင်းတို့ငယ်စဉ်က ရွာမှာ ယခုလို အစိုးရမူလတန်းကျောင်းတွေ ဘာတွေ မရှိတော့ ရွာဦးကျောင်းမှာပဲ နေကြရပါတယ်။ ဘုန်းကြီးကျောင်း ပညာရေးကတော့ သိတဲ့အတိုင်း သင်ပုန်းကြီး သင်ပြီး မင်္ဂလသုတ်စသည် သင်ကြရတာပါပဲ။

ဦးပဍင်းတို့ရွာမှာ ငယ်ငယ်ကတည်းက ဦးပဍင်းနှင့် ခင်မင်သံယောဇဉ်တွယ်ခဲ့တဲ့ မညွန့်စိန်ဆိုတာ ရှိပါတယ်။ သူ့မှာ ဖခင်မရှိ၊ မိခင် မုဆိုးမကြီး၊ အဒေါ်အပျိုကြီးတစ်ယောက်တို့နှင့် နေထိုင်တယ်။ အလုပ်ကတော့ တောရွာအလုပ်ပေါ့လေ။

ဦးပဍင်းမှာကလည်း ဖခင်မရှိပါဘူး။ ဒါပေမယ့် လယ်ပိုင်ယာပိုင်ရှိတော့ မိခင် မုဆိုးမက ဦးပဍင်းကို ပြည့်ပြည့်စုံစုံနှင့် ထားခဲ့ပါတယ်။

မညွန့်စိန်နှင့် ဦးပဥ္ဇင်းဟာ ဘယ်လို ဘဝရေစက်ရယ်လို့ မသိပါဘူး။ ငယ်ငယ်ကလေးတည်းက အလွန်ချစ်ခင်ကြပြီး အလွန် သံယောဇဉ်ကြီးကြတယ်။ ကစားအတူတူ စားအတူတူ ရှိကြပါတယ်။ တစ်ယောက်အစား တစ်ယောက် ခွဲဝေစားကြပါတယ်။

လူကြီးတွေကတောင် နောက်ပြောင်ပါတယ်။ နင်တို့ နှစ်ယောက်တော့ ကြီးလာရင် လင်မယားအဖြစ် ပေးစားရမယ်တဲ့။

ကျောင်းနေချိန်ရောက်တော့ ရွာဦးကျောင်းမှာ သွားနေရပါတယ်။ ရင်ပြည့်တော့ ကိုရင်ဝတ်ရပါတယ်။ အဲဒီအချိန်အထိ ဦးပဥ္ဇင်းတို့ရဲ့ သံယောဇဉ်ကလည်း အစ်ကိုနှင့်နှမ (၅၂၈) မေတ္တာပါ။

နောက်တော့ ဦးပဥ္ဇင်းက သာသနာ့ဘောင်မြဲပြီး စာပေပရိယတ်ကို ဆက်လက်သင်ပါတယ်။ ရွာဦးဆရာတော်က ပညာဆက်သင်ဖို့ ဖားအံ့ရှိ ယခု ဒီမဲခေါင်ကျောင်းပို့တယ်။ ရွာကထွက်တော့မယ်လုပ်တော့ မညွန့်စိန်က ကိုရင် သာသနာ့ဘောင်အမြဲနေတော့မှာလားလို့ မျက်နှာငယ်နှင့် မေးရှာပါတယ်။

အရွယ်ကလည်း ရောက်စဆိုတော့ သူမက အဲဒီလိုလာမေးတော့ စိတ်တောင် အတော်လှုပ်ရှားမိပါတယ်။ သနားစဖွယ် သူမမျက်နှာကို ကြည့်ပြီး အတော်ပဲ စိတ်မကောင်း ဖြစ်မိပါတယ်။

အသက်(၂၀)ပြည့်လို့ ရဟန်းခံတော့လည်း လာရှာပါတယ်။

အဲဒီတုန်းကလည်း သူမက ကိုရင် ကျွန်မကို ခွဲခွာသွားတော့မှာလား မေးတယ်။ ဦးပဍင်းကတော့ သူ့ကို နှမလေးလိုပဲ ချစ်တော့ ဘာလို့ ခွဲသွားရမှာတုန်း။ ငါ ဒီကျောင်းမှာပဲ ရဟန်းဘဝနဲ့ စာသင်နေမှာပဲလို့ ပြန်ဖြေလိုက်ပါတယ်။

နောက် သူလက်ထပ်တော့မယ်ဆိုတော့လည်း လာလျှောက်ပါတယ်။ သူလက်ထပ်မယ့်သူက ဦးပဍင်းရဲ့ အစ်ကိုဝမ်းကွဲတော်စပ်သူပါ။ ဦးပဍင်းက ကောင်းပါတယ်၊ မိန်းကလေးဆိုတာ လင်ရှိမှ တင့်တယ်တယ်လို့ လောကနီတိမှာ ဆိုထားတယ်။ ဘုရားရှင်ကလည်း မိဘကျင့်ဝတ်ထဲမှာ အရွယ်ရောက်တဲ့ မိန်းကလေး လက်ထပ်ပေးရမယ်လို့ ဟောထားတာပဲလို့ တရားတွေတောင် ဟောပြောပြလိုက်ပါတယ်။

အစ်ကိုနဲ့ မညွန့်စိန်တို့ လက်ထပ်ပြီးလို့ ခုနစ်လ၊ ရှစ်လကြာတော့ ရွာက ရွာဦးကျောင်းဆရာတော်က ရန်ကုန်ကို ဆေးကုကြွရန် အကြောင်းကိစ္စ ပေါ်လာတဲ့အတွက် ဦးပဍင်း ရွာကျောင်းပြန်ပြီး စောင့်ပေးရပါတယ်။

ဦးပဍင်းတို့ မဲခေါင်စာသင်တိုက်က နေ့စဉ် ဘုရားရှိခိုးမှု၊ ပရိတ်ရွတ်မှုက ရှိနေလေတော့ ရွာရောက်တော့လည်း ဦးပဍင်းက ဒီအကျင့် ဒီစနစ်အတိုင်း ဘုရားရှိခိုး၊ ပရိတ်ရွတ် မေတ္တာဘာဝနာပွားမှုများ နေ့စဉ်လုပ်ပါတယ်။

ပြီးတော့ ဦးပဍင်း အယူအဆက ဦးပဍင်းကို ယုံကြည်ပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကို မိမိတို့ မစားရက်၊

မသောက်ရက်နှင့် စွန့်လွှတ်လှူဒါန်းကြတဲ့ ဒကာ, ဒကာမတွေ အတွက် အကျင့်သီလရှိတဲ့ ပုဂ္ဂိုလ်ကို လှူရခြင်းအတွက် အကျိုး ကြီးမားတယ်။ ဘုရားဟောတော်မူချက်အတိုင်း လှူသူတွေ အကျိုးရှိစေလိုပါတယ်။ ကိုယ့်ဘက်က ကျင့်ကြံအားထုတ်ရမယ့် အကျင့်သီလတွေ စင်ကြယ်အောင် ကြိုးစားပါတယ်။ ဒကာ, ဒကာမတွေကို မေတ္တာပို့ပါတယ်။

ရွာဦးကျောင်းမှာ ဦးပဥ္စင်း သီတင်းသုံးလို့ သုံးလလောက်ရှိ တော့ ဦးပဥ္စင်းမယ်တော်ကြီးနှင့် မိန်းမတစ်ယောက် ရောက်လာပါ တယ်။ မိန်းမတစ်ယောက်ကတော့ လက်သည်လို့ နောက်မှ သိရပါတယ်။

"မညွန့်စိန်တစ်ယောက် မီးမဖွားနိုင်လို့၊ သေမလို ရှင်မလို ဒုက္ခဆင်းရဲ ခံစားနေရပါတယ်။ အရှင်ဘုရား ကူညီနိုင်လျှင် ကူညီပါဦးဘုရားတဲ့"

အဲဒီအချိန်ကာလက တောရွာတွေမှာ ယခုခေတ်လို သားဖွား ဆရာမက မရှိ၊ ဆေးရုံပို့ရမယ် ဆိုတာကလည်း နားမလည်ကြ ဘူးလေ။ အဲဒီတော့ ဦးပဥ္စင်းကလည်း ဘာမျှ နားမလည်တော့–

"ဦးပဥ္စင်းမှာတော့ ဘာဆေးမှ မရှိဘူး။ ဆေးဆရာပင့် ပြ ကြည့်ပါလား"လို့ ရိုးရိုးသားသားပဲ မိန့်ကြားလိုက်မိပါတယ်။

"ပရိတ်ကလေး ဘာလေး ရွတ်ပေးဖို့ပါဘုရား"

မယ်တော်ကြီးက အဲဒီလို တိုက်ရိုက် လျှောက်လိုက်တော့မှ ဦးပဥ္စင်း မီးမဖွားနိုင်လို့ ရွတ်ရတဲ့ အင်္ဂုလိမာလသုတ်ကို သတိရ

လိုက်မိတယ်။ ဒါနဲ့ သက်န်းရုံပြီး လိုက်ကြွသွားပါတယ်။ လမ်းမှာလည်း မေတ္တာပရိတ်ကို ရွတ်ပြီး မညွန့်စိန်ဆီ ပို့လွှတ်ပါတယ်။

ဦးပဥ္ဇင်းတို့ အိမ်ရောက်တော့ ငယ်ငယ်ကလည်း သံယောဇဉ်ရှိသူ ဖြစ်နေတော့ သနားခြင်း ကရုဏာမေတ္တာကို အပြည့်အဝထားမေတ္တာပို့ပြီး ရေကို ရေမန်းသဘောထားကာ အင်္ဂုလိမာလသုတ်ကို ခုနစ်ကြိမ်ရွတ်ဆိုပြီး တိုက်စေပါတယ်။

ရေမန်းတိုက်နေတဲ့ အချိန်ကာလမှာလည်း ဦးပဥ္ဇင်းက မေတ္တာသုတ်နှင့် အင်္ဂုလိမာလသုတ်ကို တွဲပြီး ရွတ်ဖတ်ပေးနေပါတယ်။

မကြာပါဘူး၊ ရေမန်းတိုက်ပြီး မိနစ်(၂၀)လောက်ကြာတော့ ခက်ခက်ခဲခဲ မွေးရခက်နေတဲ့ ကလေး၊ မိခင်အသက်ကိုသတ်ရန် ကြိုးစားနေတဲ့ ကလေးဟာ ချောချောမောမောနှင့် မွေးဖွားလာပါတော့တယ်။

ကလေး ချောချောမောမော မွေးဖွားလာတော့ မိသားစုအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သလို ဦးပဥ္ဇင်းလည်း ဝမ်းသာမှု ပီတိတသိမ့်သိမ့် ခံစားရပါတယ်။ ပရိတ်တော်ရဲ့ အကျိုး၊ ဦးပဥ္ဇင်းရဲ့ သီလသိက္ခာနဲ့ မေတ္တာတော်အကျိုးကိုလည်း အလွန်ပဲ အားရကျေနပ်မိပါတယ်။

အဲဒါဟာ ဦးပဥ္ဇင်းရဲ့ကိုယ်တွေ့ အင်္ဂုလိမာလ ပရိတ်အကျိုးပါ။ ယခုတော့ အဲဒီ ခဲရာခဲဆစ် မွေးခဲ့တဲ့ သားဟာ ယခုတော့

သာမညဆရာတော်ဘုရားကြီးဆီမှာ ဝေယျာဝစ္စ အကျိုးဆောင်အဖြစ် သာသနာပြုလုပ်ငန်း လုပ်နေပါတယ်။ ဦးပဉ္ဇင်းလည်း ယခုတော့ တောရဆောက်တည်ပြီး သံသရာလွတ်မြောက်ရေးကို ကြိုးစားနေပါတယ် ဒကာကြီး။ ဒကာကြီးလည်း သာသနာ့အကျိုး ဒီထက် သယ်ပိုးနိုင်ပြီး သံသရာဝဋ်လွတ်ကင်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

ဆရာတော် ဦးဇနိတသည် စာရေးသူအား ဤအဖြစ်အပျက်ကို မိန့်ကြားပြီး မဲခေါင်ကျောင်းမှ သူတရားအားထုတ်ရာ ဖွဲ့ကပင်တောင် တောရကျောင်းသို့ ကြွသွားတော်မူပါတော့သတည်း။

❀ ❀ ❀

## ပရိတ်သစ္စာအစိဋ္ဌာန်တန်ခိုး(မောဇွန်သုတ်)

တစ်နေ့တွင် လုပ်ငန်းဌာနကြီးတွင် ဆရာဖြစ်ခဲ့သူ တစ်ဦးက ကျွန်တော့်ထံ ရောက်လာပြီး–

"တို့တစ်တွေ ဒီမှာ အလုပ်မဖြစ်တဲ့အတူတူ မိုးကုတ်သွားပြီး ပန်းစိုက်ရောင်းစားရအောင်ကွာ။ ကျောက်တူးလို့ကတော့ သိပ်လွယ်မှာ မဟုတ်ဘူး။ မိုးကုတ်မှာ ငါ့မိတ်ဆွေ လူဝင်မှုကြီးကြပ်ရေးရုံးက မိုးကုတ်သားတစ်ယောက် ရှိတယ်။ သူကပြောတယ် မိုးကုတ်သားတွေက ကံတရား ယုံတယ်၊ ဘုရား, တရား-သိပ်ပြီး ယုံကြည်လေးစားတယ်။ ကျောက်မတူးနဲ့။ ပန်းစိုက်ပြီး

ရောင်းစား၊ သူဌေးဖြစ်နိုင်တယ်တဲ့။ အဲဒီတော့ မင်းနဲ့ငါတို့က ဘဝ အကုသိုလ်ကံအားကြီးလွန်းလို့ ကျောက်တူးလည်း ရမှာ မဟုတ်ဘူး။ အဲဒီတော့ သူတစ်ထူးတွေ ကုသိုလ်ပြုဖို့အတွက် တို့က သွားပြီး ပါရမီဖြည့်တဲ့အနေနှင့် ပန်းသွားစိုက်ရောင်းရ အောင်ကွာ။ အဲဒါ မင်းလိုက်မလား”ဟု လာရောက် ခေါ်ပါသည်။

ကျွန်တော်သည် အလုပ်အကိုင်ကလည်း မရှိ၊ စိတ်ကလည်း ထွေထွေ ဒီပြင် အခြားအလုပ်လည်း မလုပ်တတ်၍ ဆရာသမား ပြောသည်ကို လွယ်လွယ်ကူကူပင် လိုက်မည်ဟု ဝန်ခံ ပြောလိုက် မိပါသည်။ စိတ်ထဲမှာတော့ ဟိုကျရင် အခြေအနေရ ကျောက် လေးဘာလေး ခိုးတူးရလျှင်လည်း ခိုးတူးမည်။ အရောင်းအဝယ် လုပ်ဖြစ်ကလည်း လုပ်မည်။ နောက်ဆုံး ကျောက်တူး၊ အလုပ်ကြမ်း သမားအဖြစ် လုပ်ကိုင်မည်”ဟု စိတ်ထဲမှာ စိတ်ကူးထားမိပြီး လိုက်ရန် ဆုံးဖြတ်မိခြင်း ဖြစ်သည်။

ဆရာက မိုးကုတ်ရောက်လျှင် သူ၏အစီအစဉ်တိုင်း ကျပ်ပြင်၌ ပန်းခြံစိုက်ပျိုးရန် စီမံဆောင်ရွက်သည်။ ကျွန်တော်ကတော့ တစ်ဖက်က ဆရာနှင့် ပန်းခြံစိုက်ရင်း တစ်ဖက်က ကျောက် ရောင်းဝယ်ရေး၊ ကျောက်တူးရေးကို လေ့လာစုံစမ်း စူးစမ်းရှာဖွေ နေမိသည်။

တစ်လ, နှစ်လ, သုံးလလွန်လာခဲ့သည်။ ကျွန်တော်သည် မိုးကုတ်တွင် အဆက်ရလာသည်။ ပန်းပင်စိုက်သည်ထက် ကျောက်တူးသမားဘဝကို ပိုမိုနှစ်သက် စိတ်ဝင်စားလာမိသည်။

ကျောက်ဖြူး ကျောက်စကလေးများက ငွေစ ငွေနလေးတွေ ဖြစ်ပေါ်လာသည့်အတွက် ကျောက်ကောင်းကောင်းတစ်လုံး ရလိုက်မိသော် တစ်ဘဝပြောင်းသွားနိုင်သည်ဟူသော လောဘဇော က တိုက်လာသည်။

သို့အတွက် ဆရာ၏ ပန်းလုပ်ငန်းကို စိတ်ဝင်စားမှု နည်းလာသည်။ ဝတ်ကျေတန်းကျေ သဘောမျှသာ လုပ်တော့သည်။ ဆရာကလည်း ရိပ်မိသည်။ သို့သော် သားပစ်၊ မယားပစ် ဘဝတိုးတက်ရေး လာရှာသည်မို့ မေတ္တာတရား ကြီးမားစွာထားပြီး ခွင့်လွှတ်ရှာပါသည်။

မိုးကုတ်သည် အအေးရာသီ အလွန်များပါသည်။ ထိုအအေး ရာသီကို ကျွန်တော်သည် အလူးအလိမ့်ခံရပါသည်။ အအေးကို ဂေါ်ရခါးအရက်နှင့် ခုခံကာကွယ်ခဲ့ပါသည်။ ပထမတော့ ဟုတ် သလိုလိုပင်။ နေ့တစ်ဒူဝ ရေထဲ အအေးထဲတွင် အချိန်ကုန်ခဲ့ရသော ကျွန်တော့်အဖို့ ဒဏ်ဖြစ်လာသည့်။

တစ်ဆယ့်လေးနှစ်လုံးလုံး စားပွဲပေါ်မှာ စာဖတ် စာရေးသာ လုပ်ခဲ့ရသော ကျွန်တော်သည် ယခုကဲ့သို့သော နေပူမရှောင် မိုးရွာမရှောင် အအေးအပူ လုပ်ငန်းထဲတွင် လုပ်ရန် ကိုယ်ခန္ဓာ လေ့ကျင့်မှု မရှိ၍ ခံနိုင်ရည် မရှိပါချေ။ ပထမ ခြေထောက်များ ထုံကျဉ်မှုတွေ ဖြစ်လာသည်။ တစ်ဘက်က လောဘဇောတိုက်နေ၍ သာမန်ဖြစ်တာဟု ထင်သည်။ ဆေးတွေလိမ်းသည်။ ဂေါ်ရခါး အရက်တွေ သောက်သည်။

သို့သော် နောက်ပိုင်းတွင် ကျွန်တော့်ခန္ဓာကိုယ်အောက်ပိုင်းက မခံနိုင်ပါ။ ခြေတွေ ဒရွတ်တိုက် ဆွဲလာသည်။ နောက်ခြေတွေ သေသလို ဖြစ်လာသည်။ ဆရာဝန်ပြသည်။ ဆေးထိုးပေးသည်။ လိမ်းဆေးများလည်း သုံးကြည့်သည်။ ရောဂါက သက်သာ မလာပါ။ ဆိုးသည်ထက် ဆိုးလာပါသည်။ နောက်ဆုံး လုံးဝ လမ်းမလျှောက်နိုင်တော့ပါ။

ဆရာကပင် ကျွန်တော့်ကို မိုးကုတ်မှ ရန်ကုန်အထိ ကားစီစဉ် ပေးပြီး သားမယားထံ ပြန်ပို့ပေးသည်။

ကျွန်တော် ထင်မြင်ယူဆလာခဲ့သည်က ရန်ကုန်တွင် ဆရာဝန် ပါရဂူတွေ ရှိသည်။ ဆေးကောင်း၊ ဝါးကောင်းတွေ ရှိသည်။ ကုသလျှင် ပျောက်မည်ဟု စိတ်ကူးလာမိခဲ့ပါသည်။

ရန်ကုန်ရောက်တော့ စီးပွားသွားရာသူ စီးပွားပါမလာ၊ ရောဂါသာ ပါလာတော့ ဇနီးခမျာမှာ မျက်ရည်စက်လက် ဖြစ် ရှာသည်။ ကျွန်တော်က ထိုအချိန်ထိတော့ စိတ်ဓာတ်လုံးဝ မကျသေးပါ။ ယောကျ်ားပဲ၊ လူမသေ ငွေမရှား ရောဂါပျောက်က ငွေရှာလို့ရမည်ဟု စိတ်ဆုံးဖြတ်ပြီး စိတ်ကို တင်းထား မြှင့်ထား မိပါသည်။

ပါလာသော ငွေကလေးဖြင့် ပါရဂူ သမားတော်ကြီးတွေကို ပြသည်၊ ကုသသည်။ ထူးမခြားနားပင်၊ ငွေတွေသာ ဒလဟော ကုန်နေသည်။ မိသားစု စားဝတ်နေရေးက ကြပ်လာသည်။ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ဓာတ်ကျလာသည်။

တစ်နေ့ ကျွန်တော့်ကို ဆေးလာထိုးပေးနေသော ဆရာဝန်က ပုဂ္ဂိုလ်ရေးကလည်း ခင်မင်လာပြီ ဖြစ်သည့် အားလျော်စွာ–

“ကိုနေဝင်းရေ–စိတ်တော့ မပျက်နဲ့ပေါ့ဗျာ။ ယောကျ်ားပဲ၊ စိတ်တော့ တင်းထားပေါ့။ ခင်ဗျား ခြေထောက်က အကြောတွေက လုံးဝ မလှုပ်ရှားတော့ဘူး။ အကြောတွေ သေသလို ဖြစ်နေတယ်။ စိတ်ရှည်ရှည်တော့ ကုရမှာပဲဗျာ။ ဘယ်လောက်ကြာမယ်၊ ပျောက်မယ် မပျောက်ဘူးဆိုတာကိုလည်း ကျွန်တော်လည်း အတတ်မပြောနိုင်သေးဘူးဗျာ”ဟု ဝမ်းနည်းစကား ပြောလာပါသည်။

“ကံတရားပဲပေါ့ဗျာ”

မိတ်ဆွေ ဆရာဝန်ကို ထိုမျှသာ ပြောဆိုခဲ့ပါသည်။ ဆရာဝန် ပြန်သွားသောအခါ ကျွန်တော် ချုံးပွဲချ ငိုကြွေးမိပါတော့သည်။ ကိုယ့်ကိုလည်း သတ်သေလိုစိတ် ပေါ်လာမိပါသည်။ ကျွန်တော် ချုံးပွဲချ ရှိုက်ကြီး ငင်ကြီး ငိုကြွေးသည်။ သားသမီးတို့က ကြောက်လန့်တကြား စိုးရိမ်တကြီးနှင့် ကြည့်သလို ဇနီးမယားခမျာလည်း လက်မကိုင်မိ၊ ခြေမကိုင်မိ ဖြစ်ရှာသည်။ အားမငယ်ဖို့ အားပေးရှာသည်။ အင်္ဂလိပ်နည်းနဲ့ ကုမရလျှင် မြန်မာနည်းနဲ့ ကုပေးမည်၊ သူမ ငွေစုငွေချေး သမဝါယမအသင်းက ငွေချေးထားသည်၊ ငွေရေးကြေးရေးလည်း ပူရန်မလိုပါဟု အားပေးစကား ပြောကြားသည်။

သူမက အားပေးလေလေ ကျွန်တော့်မှာ ဝမ်းနည်းလေလေ ဖြစ်ပြီး မျက်ရည်တတွေတွေကျနေမိသည်။

ထိုညတွင် ကံအားလျော်စွာ အိမ်နီးချင်းအိမ်မှ တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ တိတ်ခွေဖွင့်သံကို ကြားမိသည်။ ကျွန်တော်သည် အိပ်ရာထဲက ထိုတရားသံကို အာရုံစူးစိုက်ပြီး နားထောင်မိသည်။

ဆရာတော်က မန္တလေးက ဆရာဝန်ကြီး ဒေါက်တာဘရှူးဝါး အရိုးတွေ ကြေကျနေတာတောင် သူ့မေတ္တာနှင့် တောင်ဇေးကို ပေးလိုက်တာ ပျောက်သွားကြောင်း ဟောပြောသံကို ကြားရပါသည်။ ပရိတ်မေတ္တာရေ တန်ခိုးထက်သည်ကိုလည်း ဟောသံကြားရပါသည်။

ကျွန်တော့်အခြေအနေသည် ဆရာဝန်ကြီး ဒေါက်တာဘရှူးဝါးလို မေတ္တာတောင်ဇေး အထိုးခံဖို့ လွယ်ကူသော အခြေအနေမဟုတ်ပါ။ အာရုံထဲပေါ်လာပါသည်။ ကိုယ်တတ်နိုင်သော ပရိတ်မေတ္တာရေဖြင့် ဘုရားကု ကုရသော် မကောင်းပါလော။ ပရိတ်မေတ္တာရေဖြင့် ကု၍ မပျောက်သော်မှ ပရိတ်ရွတ်ရသည့်အတွက် ဗုဒ္ဓါနုဿတိပွားသည်ဖြစ်၍ ကုသိုလ်ရမည်။ ကုသိုလ်ရက သေရသော်မှ ဘဝစိတ်ချမ်းသာရမည်။

ကျွန်တော်သည် ထိုအတွေးဖြင့် တွေးမိသောအခါ စိတ်ခံစားမှုသက်သာရာ ရလာမိပါသည်။ သစ္စာအဓိဋ္ဌာန်လည်း ဆောက်တည်မိပါသည်။

"ငါသည် နောက်နေ့မှစ၍ ရှစ်ပါးသီလ ဆောက်တည်မည် ညစဉ်·တစ်နေ့ ပရိတ်တစ်သုတ်ရွတ်၍ ရေမန်းမန်းမည်။ ပရိတ်

ရေမန်းရေကို သောက်မည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ငါ၏ အနာရောဂါသည် ကံနာဝဋ်နာ မဟုတ်ပါက ဤပရိတ်ရေဖြင့်ကင်းပျောက်ရသည် ဖြစ်ပါစေသား"

ကျွန်တော်သည် ဤသို့ သစ္စာအဓိဋ္ဌာန်ပြုပြီး သီလဆောက် တည်ပါသည်။ ညစဉ် ဘုရားရှိခိုးပြီး ရေတစ်ခွက်ကို သောက်ဆေး ထည့်ကာ ပရိတ်တစ်သုတ်ရွတ်ပါသည်။ ထိုပရိတ်ရေကို သောက် ပါသည်။ နတ်များအားလုံးကိုလည်း မေတ္တာပို့သပေးပါသည်။

စိတ်လည်း တဖြည်းဖြည်း ကြည်လင်လာပါသည်။ ဗောဇ္ဈင် သုတ်ရောက်သည့်နေ့ညတွင် အိပ်ရာထဲ၌ အိပ်မက် မက်သလို ဖြစ်ပြီး တစ်စုံတစ်ရာကို ခြေထောက်ဖြင့် ကန်လိုက်မိပါသည်။ ထိုသို့ ကန်ကျောက်မိပြီး လန့်နိုးလာပါသည်။ အိပ်မက်ကို ဇဝေဇဝါ ဖြစ်နေမိပါသည်။ စိတ်ထဲက ထပ်၍ ကန်ကျောက်လို သောစိတ် ဖြစ်လာပါသည်။ သို့အတွက် ထပ်ကန်လိုက်မိပါသည်။

အံ့ဩစရာ၊ ဝမ်းမြောက်စရာ၊ မယုံကြည်နိုင်စရာပင် ဖြစ်ပါ တော့သည်။ ယခင်က လှုပ်ရှား၍ မရတော့သော ခြေထောက်တို့ သည် ယခုသော် ကန်ကျောက်၍ ရနေပါသည်။ ကျွန်တော်သည် အားရဝမ်းသာစွာပင် ထပ်၍ထပ်၍ ကန်နေမိပါသည်။ နှုတ်မှလည်း "အေးရေ–သားရေ၊ သမီးရေ"နှင့် တအား ကျုံးအော်ပြီး ခေါ်နေ မိပါသည်။

"ဖေဖေ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ၊ ကိုနေဝင်း ဘာဖြစ်လို့လဲ"

ဇနီးရော သားသမီးတွေပါ စိုးရိမ်တကြီးနှင့် ပြေးလာကြပြီး နှုတ်မှလည်း ပြိုင်တူ မေးကြပါသည်။

"ဟေး–ငါ့ခြေထောက်တွေ လှုပ်ရှားရပြီကွ၊ ပရိတ်ရေတန်ခိုးကွ"

ကျွန်တော် အားရပါးရ ပြောရင်း သူတို့ရှေ့မှာပင် ခြေကို ကန်ပြနေမိပါသည်။

ကျွန်တော့်ဖြစ်အင်ကို မြင်ကြသော ဇနီးနှင့် သားသမီးတို့သည် ထိုအခါကျမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး ကျွန်တော့်ကို အိပ်ရာထက်မှ ပွေ့ချီထူပေးကြပါသည်။ ကျွန်တော် စမ်း၍ လမ်းလျှောက်ကြည့်မိပါသည်။ ကိုယ့်ဘာသာကိုယ်တော့ လျှောက်မရပါ။ တွဲကူပေးမှ၍ လျှောက်၍ရပါသည်။

ကျွန်တော်သည် တွဲကူပေးမရင်း ဘုရားရှင်ရှေ့သို့ သွားမိပြီး ဘုရားရှင်ကို ဝမ်းမြောက်ဝမ်းသာ ကြည်ညိုသောစိတ်ဖြင့် အာရုံပြု လက်အုပ်ချီမိပါသည်။

ထိုညတွင် မိသားစု အမိဋ္ဌာန်အတိုင်း ပရိတ်(၁၁)သုတ်ကို (၁၁)ရက်စေ့ပြည့်အောင် ရွတ်ဖတ်၊ ရေမန်း မန်းပြီး သောက်ခဲ့ပါသည်။ ကျွန်တော့်ရောဂါ တဖြည်းဖြည်း သက်သာလာခဲ့ပါသည်။

ကုသပေးနေသော ဆရာဝန်ကပါ အံ့အားသင့်ပြီး "ခင်ဗျား ပရိတ်သစ္စာ အမိဋ္ဌာန်တန်ခိုးကတော့ တကယ်စွမ်းတာပါပဲဗျာ။ အတုမရှိသော ဗုဒ္ဓရဲ့ ဂုဏ်တော်တွေဟာလည်း မယုံကြည်နိုင်အောင် အစွမ်းသတ္တိတွေ ရှိနေတာ ယခု ခင်ဗျားကို လက်တွေ့မြင်ရ

ပြီး ယုံကြည်မိတော့တယ်ဗျာ”ဟု ဝမ်းသာအံ့သြသောစကားဖြင့် ဆိုလာသည်။

“တကယ်သာ ဆရာတော် ဦးဥတ္တမ ပရိတ်တရားတော်တွေ မနာခဲ့မိရင် ဒီလိုလည်း ပရိတ်သစ္စာအဓိဋ္ဌာန်မပြုမိရင် ကျွန်တော် ဟာ မိသားစု စိတ်ဆင်းရဲဒဏ်၊ စီးပွားရေး စိတ်ဆင်းရဲဒဏ်ကို ဒုက္ခမပေးလို့၍ ကိုယ့်ကိုယ်ကို သတ်သေဖို့ ဆုံးဖြတ်ထားပြီးသား ဆရာရဲ့။ ယခုတော့ ပရိတ်သစ္စာတန်ခိုးကြောင့် ကျွန်တော့်ရောဂါ လည်း ပျောက်ပြီ။ ယခု ဆရာမြင်တဲ့အတိုင်းပဲ။ အိမ်မှုကိစ္စလေး တွေပါ ဝိုင်းလုပ်နိုင်တဲ့အဆင့် ရောက်နေပါပြီဆရာ။ ကျွန်တော် တော့ ယခုလည်း ပရိတ်ကို တစ်ညတစ်သုတ်ကျ ရွတ်ဖတ်ပြီး ရေမန်းရေ သောက်တုန်းပဲဆရာ”

ကိုနေဝင်းခများ ဝမ်းသာကြည်နူးသောစိတ်၊ ဝမ်းသာကြည်နူး နေသော အပြုံးမျက်ရည်တို့ဖြင့် သူ့ဘဝ၊ သူ့ရောဂါ၊ သူ့ပရိတ် သစ္စာအဓိဋ္ဌာန်အကြောင်းကို စာရေးသူအား ပြောပြသဖြင့် စာရေးသူက မှတ်တမ်းတင်ပြီး ဤစာတမ်းကို ဗုဒ္ဓဘာသာဝင်တို့ ကြည်ညိုလေးစား မြတ်ပရိတ်တရားတို့ကို ကြိုးစား ရွတ်ပွားနိုင်ကြ ရန် တင်ပြလိုက်ရပါသည်။

ယခု စာရေးနေချိန်ဝယ် ကိုနေဝင်းတစ်ယောက် မူလတန်း ဆရာဘဝဖြင့် ဇနီး၊ သားသမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လျက် ရှိပါသည်။

❀ ❀ ❀

## သေတွင်းမှ လွတ်ကင်းသည့် ဗောဇ္ဈင်္ဂသုတ်

ကျွန်ုပ်တော့်ဘဝဇာတ်လမ်း စရမည်ဆိုလျှင်တော့ ၁၉၈၈–ခုနှစ် အရေးအခင်းကာလက စရမည်ဟု ဆိုရပါမည်။

ကျွန်တော်သည် အရေးအခင်း မဖြစ်ခင်က မြန်မာပြည်တွင် နိုင်ငံကို ဦးဆောင်နေသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ပါတီဌာနချုပ် သုတေသနဌာနကြီးတွင် အရာရှိအဖြစ် တာဝန်ယူပြီး နိုင်ငံတာဝန်ကို ထမ်းဆောင်နေရပါသည်။

ကျွန်တော်၏ဇနီးကမူ ကျွန်တော်နေထိုင်ရာ မြောက်ဥက္ကလာပမြို့တွင် မူလတန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ပါသည်။ ကျွန်တော်တို့တွင် သမီးကြီး (၇)တန်းကျောင်းသူနှင့် သားငယ် (၅)တန်းကျောင်းသားတစ်ယောက် ရှိခဲ့ပြီး လင်မယားနှစ်ယောက်လစာဖြင့် အိမ်ထောင်ဘဝနှင့် အေးချမ်းစွာ နေထိုင်ခဲ့ကြပါသည်။

၁၉၈၈–ခုနှစ် အရေးအခင်းကြီး ဖြစ်ပြီးနောက် စက်တင်ဘာလ (၁၈)ရက်နေ့တွင် တိုင်းပြည်တာဝန်ကို တပ်မတော်က ထိန်းသိမ်းလိုက်သောအခါ ကျွန်တော်တို့ တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံ၏ ဦးဆောင်ပါတီကြီး ဘုံးဘုံးလဲကျသကဲ့သို့ ကျွန်တော် ဝန်ထမ်းဘဝသည်လည်း ခြေလွတ် လက်လွတ် အားကိုးရာမဲ့ ခိုကိုးရာမဲ့ဘဝသို့ ဆိုက်ရောက်သွားခဲ့ပါသည်။

အောက်တိုဘာလကုန်တွင် နောက်ဆုံးလစာ ထုတ်ယူခဲ့ရပြီး နောက် (၆)လအကြာတွင် ဝန်ထမ်းနစ်နာကြေး ပါတီကပေး၍ တစ်သောင်းကျော် လက်ခံရရှိခဲ့ပါသည်။

ကျွန်တော်သည် မူလက ဘွဲ့ရပြီး ကျောင်းဆရာ လုပ်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ပါတီသို့ ရောက်ခဲ့ပါသည်။ ယခု အလုပ်ပြုတ်တော့ ဘာလုပ်ရမှန်း မသိပါ။ အလုပ်ကြမ်းကလည်း မလုပ်နိုင်၊ ဟိုဟာလုပ်ရ ကောင်းနိုး၊ ဒီဟာလုပ်ရ ကောင်းနိုးနှင့် ယောင်ခြောက်ဆယ်ဘဝနှင့် ဖြစ်နေပါသည်။

တစ်နေ့တွင် ကျွန်တော်ကဲ့သို့ပင် ပါတီမှ အလုပ်ပြုတ်ခဲ့သော အမျိုးသမီး မိတ်ဆွေတစ်ဦးနှင့် တွေ့ပြီး စကားစပ်မိကြရင်း သူ့ဖခင်နှင့် ဥက္ကံဘက် ကြိမ်လုပ်ငန်းလုပ်ရန် ပြောပြပါသည်။

သူမ ဖခင်နှင့် ကျွန်တော် သွားတွေ့အခါ လှည်းတန်းက ရတနာပုံကုမ္ပဏီက နိုင်ငံခြားပို့ရန် ကြိမ်များ ဝယ်ယူမည်ဟု သိရကြောင်း၊ ဥက္ကံဘက်တွင် ကြိမ်လုပ်ငန်း ပေါများကြောင်း၊ တွက်ချက်ကြည့်တော့ ကိုက်သောအခြေအနေရှိကြောင်း ပြောပြ၍ ကျွန်တော် သဘောတူကာ ပါတီမှ လျော်ကြေးရသောငွေလေးကို သြထည့်ကာ လုပ်ငန်း လုပ်ကြည့်ပါသည်။

ကိုယ်တိုင်လည်း မလုပ်နိုင်၊ အလုပ်သမားကိုအားကိုးရသော လုပ်ငန်းဖြစ်၍ အလုပ်သမားကို ကြိုတင်ငွေ ထုတ်ပေးထားရသည်။ အလုပ်သမားက ကြိမ်လာသွင်းရန် တောင်ပေါ်တက်ပြီး ကြိမ်ခုတ်မည် ဖြစ်ပါသည်။

ငှားထားသော အလုပ်သမားတို့၏ အလုပ်သမားခေါင်းဆောင်သည် လူလည်းလူရှုပ် ဖြစ်သည်။ ကျွန်တော်တို့ကို ပါတီက အလုပ်ပြုတ်သော မအူမလည် လူဖျင်းမှန်း သိသွားပြီး အလုပ်သမားများနှင့်ပေါင်းကာ ငွေများကို လိမ်ပါတော့သည်။ ကြိမ်ခုတ်ပေးမည်ဟု ဆိုပြီး ခုတ်မပေးတော့ပါ။ ငွေပြန်တောင်းတော့ သုံးပစ်လိုက်ပြီ၊ တရားစွဲပါ၊ ထောင်ကျခံမည်ဟု ဗြောင်ပင် ပြောဆိုပါတော့သည်။

ကိုယ့်နယ် ကိုယ့်ပယ် မဟုတ်သောအရပ်တွင် သူတို့ကို တုဍ် မလုပ်ရဲပါ။ အခြေအနေကလည်း မငြိမ်သက်သေး၍ ကိုယ့်ကို ဥပါယ်တမည်ဖြင့် လုပ်ကြံသတ်ပစ်မှာကိုပင် ကြောက်ရွံ့နေရ၍ ကျွန်တော်တို့သည် ဖွတ်မရ ဓားမ,ဆုံး လူလုံးမလှဘဝဖြင့် ပြန်ခဲ့ရပါသည်။

ရရှိထားသော ငွေကလေး ကုန်သွား၍ ပိုမို၍ စိုးရိမ်သောက ဖြစ်ရပါသည်။ အလုပ်ကလည်း မရှိ၊ ငွေကလည်း အလိမ်ခံရပြီး ဖွတ်ကျောပြာစုဘဝသို့ ရောက်ရသော ကျွန်တော့်ဘဝ,ဝယ် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းမှတစ်ပါး အခြားဘာမျှ မတတ်နိုင်ပါ။ သားမယား၊ သားသမီးတို့မှာလည်း မျက်ရည်နှင့် မျက်ခွက် ဖြစ်ရပါသည်။

ကျွန်တော်သည် ကျွန်တော်ပြုလုပ်ခဲ့သော လုပ်ငန်း မအောင်မြင်မှုကြောင့် မိသားစု ဆင်းရဲ ရောက်ရသည်ကို အလွန်ပင်

မခံမရပ်နိုင်အောင် တမြေ့မြေ့ ခံစားရပါသည်။ အိပ်မဝင်၊ စားမရ သောကတွေ ဗရပွနှင့် အချိန်ကုန်နေရပါသည်။

ပါရမီဖြည့်ဖက် မယားကတော့ ကျောင်းဆရာမပီပီ တရားနှင့် ဖြေရန်၊ အခြားအလုပ် ကြိုးစားပြီးလုပ်ရန် နှစ်သိမ့်ပါသည်။

ကျွန်တော်သည် မိသားစုဘဝ ဆင်းရဲရောက်ရသည့် ဝဋ်ကြွေးကို ဆပ်ရမည်ဟု သန္နိဋ္ဌာန်ချထားမိပါသည်။ ငွေရင်းမရှိ၊ မြေမဲ့လက်မဲ့ဘဝတွင် ပညာတစ်ခုသာ အားကိုးရာ ရှိနေပါသည်။ ရန်ကုန်တွင် သူလိုကိုယ်လို ပညာတတ်တွေပေါပြီး လုပ်ငန်းရှားပါးသော ကာလအချိန်ဝယ် ပညာအတတ်ဖြင့် အလုပ်ရဖို့ဆိုသည်မှာလည်း မလွယ်ကူပါ။

တစ်နေ့ မြို့ထဲသို့ အလုပ်ရလိုရငြား သွားမိရာ ယခင်က မိမိ ကျောင်းဆရာလုပ်ခဲ့ဖူးသော ရွှေဘုံသာလမ်းရှိ ပန်းဘဲတန်း၊ အထက(၂)သို့ ရောက်သွားပါသည်။ ကျောင်းရှေ့အရောက်တွင် တက္ကသိုလ်၌ အတူတူ ပညာသင်ခဲ့သော သူငယ်ချင်း တစ်ယောက်ကို တွေ့ရပါသည်။ သူက လက်ရှိ ကျောက်ပွဲစား၊ ရွှေပွဲစား အလုပ်သင်လုပ်နေသည်ဟု သိရသည်။ သူ့အလုပ်က သိပ်မတွင်ကျယ်၊ မိသားစု စားလောက်အောင် ဝင်ငွေကမရ။ သူက ကျောက်စိမ်းထွက်ရာ ဖားကန့်သို့သွားရန် စီစဉ်နေကြောင်း ပြောပြသည်။ လိုက်လိုက အတူတူသွားရန် ပြောပြသည်။

'ယောက်ျားတို့မည်သည့် အခက်အခဲနှင့် ကြုံတွေ့သော် စွန့်စားရမည်သာ'

ကျွန်တော်သည် ထိုသို့ စဉ်းစားဆုံးဖြတ်ပြီး လိုက်ရန် ပြင်ဆင်သည်။ အမျိုးသမီးကိုတော့ အခစားရ မန္တလေး- ရန်ကုန် ကုန်ပစ္စည်းသယ် ကယ်ရီလုပ်မည်ဟု ပြောကာ ငွေ ၂၀၀ဝိ/-ကို မိတ်ဆွေတစ်ဦးထံမှ ၅ိ/-တိုးနှင့် ချေးပြီး ဖားကန့်သို့ ခရီးထွက်ခဲ့ပါသည်။ ခရီးလမ်းပန်း အခက်အခဲကြား သူပုန်တို့ ဂိတ်ကြေး အမျိုးမျိုးကို ပေးပြီး ဖားကန့်သို့ ရောက်ခဲ့ပါသည်။

ဖားကန့်တွင် ကျောက်တူးရသည်။ ကိုယ်တိုင်က ငွေရင်း မရှိ၍ အရောင်းအဝယ်အလုပ် မလုပ်နိုင်။ အတူး လက်ခစား အလုပ်ကို လုပ်ရသည်။ စားစရိတ်ကလည်း အလွန်ကြီးလှ**သည်။**

တစ်ပတ်မျှအကြာတွင် ကျွန်တော်သည် ပင်ပန်းဒဏ်၊ အစား အသောက် ဆင်းရဲဒဏ်တို့ကြောင့် အိပ်ရာထဲ လဲပါတော့သည်။ ဒီကြားထဲ ငှက်ဖျားက ထပ်မိတော့ ပိုဆိုးပါတော့သည်။

အတူတူပါလာသော သူငယ်ချင်းသည် သူ့မှာလည်း အလုပ် တစ်ဖက်နဲ့ ကျွန်တော့်ကို တတ်နိုင်သရွေ့ စောင့်ရှောက်ပါသည်။ ရက်မှလ ကူးလာသော် သူ့ကို ကျွန်တော် အားနာလာပါသည်။ သူ့မှာလည်း အခက်အခဲ ကြုံလာပါသည်။ ကျွန်တော့်ရောဂါ အခြေအနေက **ဆိုး**လာပါသည်။ လူတစ်ကိုယ်လုံးသည်လည်း အရိုးစု ကမ္ဘဋ္ဌာန်းသာသာ ဖြစ်လာပါတော့သည်။

ကိုယ့်ဘဝကိုယ် သတ်သေလိုသည်အထိ စိတ်ထဲတွင် ဖြစ်ပေါ် လာခဲ့ပါသည်။ ကျွန်တော့်အခြေအနေသည် တဖြည်းဖြည်း

ဆိုးဝါးလာပါသည်။ ကျွန်တော့်သူငယ်ချင်းက မိသားစုထံ ပြန်ရန် ပြောပါသည်။

ကျွန်တော့်မှာ ချေးယူလာသော ငွေ ၂၀၀၀/-တာဝန်နှင့် မိသားစုကို ပြန်လည် ဒုက္ခပေးရမည့်တာဝန်ကို အလွန် စိတ်သောကဖြစ်ပြီး ခံစားနေရပါသည်။ သေလိုကသေ ဒီမှာပဲ ဘဝပျက် အသေခံတော့မည်ဟု စိတ်ဆုံးဖြတ်ထားပါသည်။

နောက်ဆုံး သူငယ်ချင်းက အမျိုးမျိုး ဖျောင်းဖျပြီး သူကိုယ်တိုင် လိုက်ပို့ပေးပါသည်။ မိသားစုကိုတော့ ပြန်လည်တွေ့သင့်သည်ဟု ပြောပြ၍ ကျွန်တော်သည် သူငယ်ချင်း၏ ကျေးဇူးနှင့် ဆန္ဒကို မလွန်ဆန်နိုင်ဘဲ ဒုက္ခအမျိုးမျိုး အခက်အခဲ အမျိုးမျိုးကြားမှ အိမ်သို့ ပြန်ရောက်ခဲ့ပါသည်။

မိသားစုအားလုံးသည်လည်း ကျွန်တော့်အတွက် ဒုက္ခမျိုးစုံ ကြုံရပြီး ခါးစည်း ရင်ဆိုင်ရပြန်တော့သည်။

ကျွန်တော့်ဇနီးသည် ကျောင်းဆရာမအလုပ် မအားမလပ် သည့်ကြားထဲက ကျွန်တော့်ကို တတ်နိုင်သရွေ့ ဆေးကုသပေး ပါသည်။

စားဝတ်နေရေးအတွက် ခက်ခဲလာ၍ သမီးကြီးသည် ကျောင်း တစ်ဖက်နှင့် ဖိနပ်သဲကြိုးကျစ်သော အလုပ်ကို လုပ်ရပါတော့ သည်။

ကျွန်တော့်ကို ဆေးအမျိုးမျိုးဖြင့် ကုသခဲ့သော်လည်း ရောဂါက မသက်သာပါ။ ငွေကုန် သံပြာဘဝသို့သာ ရောက်ခဲ့ပါသည်။

ကျွန်တော်သည် မိသားစုကို အလွန်သနားလာပါသည်။ ဇနီးကို ဆက်မကုသဖို့ ပြောရပါသည်။ သေလျှင်သေပါစေတော့ သေပျော်ပါပြီဟု မေတ္တာရပ်ခံ ပြောရပါသည်။

ထိုသို့ပြောပြီး မကြာခင်ပင် ဘာသာရေး မိတ်ဆွေတစ်ဦး ရောက်လာပြီး ရောဂါအခြေအနေကို မေးပါသည်။ သူကပင် ဘုရားကု,ကုဖို့ ပြောပါသည်။ ငှက်ဖျားဆေးနည်းကို သတင်းစာထဲတွင် တွေ့ရ၍ ထိုဆေးနည်းကို ဗောဇ္ဈင်သုတ်(၇)အုပ်မန်းပြီး စားရန် အကြံပေးပါသည်။

သူပေးသောဆေးနည်းမှာ ငွေကြေး သိပ်မကုန်ပါ။ လက်ဖက် ၅ိ သားကို ငရုပ်ကောင်းစေ့(၇)စေ့နှင့် ရောထောင်း၊ နေပူလှန်းပြီး တစ်နေ့ မနက်၊ ည(၇)လုံးစီစားရန် ဖြစ်ပါသည်။ ဆေးကို စားတိုင်း စားတိုင်း၊ ဗောဇ္ဈင်ပရိတ်(၇)အုပ် ရွတ်ဆိုစားရန်နှင့် အိပ်ရာဝင်၊ အိပ်ရာထ ဗောဇ္ဈင်သုတ်ကို သက်စေ့ ရွတ်အိပ်ရန် ပြောပါသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာ စင်ကြယ်သူတစ်ဦးဖြစ်သော်လည်း ပရိတ်ရွတ်ဆိုမှုကို အလေ့အကျင့် မရှိခဲ့ပါ။ ပရိတ်ရွတ်မှုကြောင့် ဘာညာဖြစ်မည်ကိုလည်း ယုံကြည်မှု မရှိခဲ့ပါ။

ယခုတော့ ရေနစ်သူသည် မြက်တစ်ပင်၊ ကောက်ရိုးတစ်မျှင်သည်ပင်ကား ကိုးကွယ်ရာဖြစ်ရဘိသကဲ့သို့ ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည်တို့ မိတ်ဆွေထံမှ ဗောဇ္ဈင်သုတ် ရွတ်ဖတ်နည်း

ကို သင်ယူပြီး ရွတ်ဖတ်ပါသည်။ ဆေးကိုလည်း အားချင်း ဖော်ပါသည်။

ပရိတ်ကို ကျွန်တော်ကိုယ်တိုင် မရွတ်နိုင်၍ ဇနီးက ကိုယ်စား ရွတ်ဖတ်ပေးပြီး ကျွန်တော်က နာပါသည်။ ဆေးကိုလည်း ဇနီးက ဗောဇ္ဈင်သုတ် ပရိတ်(၇)အုပ်မန်းပြီး တိုက်ကျွေးပါသည်။

ရက်သတ္တပတ်ကြာသော် ကျွန်တော့်အခြေအနေ ပြောင်းလဲ တိုးတက်လာပါသည်။ မူလက အစားမဝင်သော ကျွန်တော်သည် အစာဝင်လာပါသည်။ ခဏခဏ အဖျားတက်နေမှုသည် ကျဲလာ ပါသည်။ ဆေးကိုလည်း မပြတ် ဖော်စားပါသည်။

တစ်လမျှ ကြာသောအခါ ကျွန်တော့်ရောဂါ ဝေဒနာသည် အံ့သြဖွယ်ကောင်းလောက်အောင်ပင် သက်သာလာပြီး လမ်း လျှောက်လာနိုင်ခဲ့ပြီး ကျွန်တော်ကိုယ်တိုင်ပင် ဗောဇ္ဈင်သုတ်ကို ရွတ်ဆိုလာနိုင်ခဲ့ပါသည်။

ထိုမိတ်ဆွေကပင် မေတ္တာသုတ်နှင့် ရတနသုတ်ကိုပါ ထည့်ရွတ် ပါ၊ ခင်ဗျားယုံလျှင် ကံအကျိုးဆက်ကောင်းလျှင် အလုပ်အကိုင် လေး ဘာလေး အဆင်ပြေနိုင်တာပေါ့ဟု ပြောဆို အကြံပေး ပါသည်။

သို့အတွက် ကျွန်တော်သည် အိပ်ရာဝင်၊ အိပ်ရာထ ဘုရားရှိခိုး မေတ္တာပို့၊ ရတနသုတ်တို့ကို ရွတ်ဖတ် ပူဇော်ပြီး ဗောဇ္ဈင်သုတ်ကိုမူ သက်စေ့ရွတ်ပါသည်။ နောက် နှစ်လလောက်

ကြာသောအခါ ကျွန်တော့်အခြေအနေမှာ အားအနည်းငယ် နည်းသည်မှတစ်ပါး ကျန်းမာရေး အခြေအနေက အတော် ကောင်းလာပါသည်။ သေတွင်းက ထွက်လာပြီဟု ဆိုရပါမည်။ မိသားစုလည်း စိတ်ချမ်းသာလာရပါသည်။

ထိုကာလအတွင်းမှာပင် နိုင်ငံတော်အစိုးရက ကျွန်တော်တို့ ပါတီဝန်းထမ်း အလုပ်ပြုတ်များ အချို့ကို ပညာရေးဌာန၊ လူမှုဝန်ထမ်းဌာနသို့ အလုပ်သွင်းပေးခဲ့ရာ ကျွန်တော်သည် ပညာရေးဌာနတွင် မူလတန်းပြ ကျောင်းဆရာအဖြစ် ရရှိခဲ့ပါ သည်။

ဤသည်မှာ ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက် ဒုက္ခ အန္တရာယ် အသွယ်သွယ်နှင့် သေတွင်းသို့ ရောက်ခဲ့ရပြီးနောက် ဗောဇ္ဈင်သုတ် ပရိတ်တန်ခိုး၊ မေတ္တသုတ်၊ ရတနသုတ် ပရိတ် တန်ခိုးတော်တို့ကြောင့် ဒုက္ခဘေး သေတွင်းဘေးမှ လွတ်ခဲ့ရပုံ ဘဝဇာတ်လမ်းစုံ ဖြစ်ပါသည်။

ကျွန်တော့် ဘဝဇာတ်လမ်းထက် ပရိတ်တော်အစွမ်းဟာ မည်မျှ အကျိုးကြီးမားတယ်ဆိုတာကို သိစေလို၍ ကျွန်တော့် အဖြစ်အပျက်ကို ဆရာတို့ကို ပြောပြခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် စာရေးသူသည် တစ်နေ့ မြစ်မခ ဓမ္မစာစောင် သဝဏ်မဂ္ဂဇင်းတွင် စာမူဖတ်နေရင်း ကဗျာဆရာ မောင်ပြည့်လှိုင်း (သံတွဲ)နှင့် လိုက်လာသော ကျောင်းဆရာတစ်ဦးက သူ့ဘဝ

သူ့ဇာတ်လမ်းကို ရင်နင့်ဖွယ်၊ သနားဖွယ်၊ ဝမ်းမြောက်ဖွယ် အစုံကို ပြောပြ၍ စာရေးသူက မှတ်တမ်းတင်ထားလိုက်ရပါတော့သည်။

❀ ❀ ❀

## ပုဗ္ဗဏှ ပရိတ်နှင့် ကျွန်မဘဝကြွေမှာ

ကျွန်မတို့ဟာ မိရိုးဖလာ ကုန်သည်မျိုးရိုးတွေပါ။ ကျွန်မ အိမ်ထောင်ကျတော့လည်း ကုန်သည်မျိုးရိုးက ဆင်းသက်လာခဲ့တဲ့ ကိုကိုမောင်နှင့် အိမ်ထောင်ကျခဲ့ပါသည်။

ကျွန်မဟာ ရတနာသုံးပါးကို ယုံကြည်သလို မိဘဆရာသမားများကိုလည်း အလေးထားပြီး ပူဇော်ကန်တော့ခြင်း၊ ပြုစုလုပ်ကျွေးခြင်းကို မပြတ် ပြုခဲ့ပါသည်။

ကျွန်မ အိမ်ထောင်ကျစ ကျွန်မတို့မြို့ကနေပြီး ခင်ပွန်းသည်နှင့်အတူ ရန်ကုန်သို့ ကုန်ဝယ်ထွက်ခဲ့ပါသည်။ ရထားပေါ်မှာ အမှတ်မထင် ဘုန်းကြီးအိုကြီး တစ်ပါးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဆုံတွေ့ခဲ့ပါသည်။

ဘုန်းတော်ကြီးက အသက်ကလည်းကြီးကြီး သက်န်းကလည်း ညစ်ညစ်ပတ်ပတ် ပေပေရေရေနှင့်မို့ မည်သူကမျှ ရိုသေလေးစားခြင်း မရှိပါ။ ကျွန်မခင်ပွန်းကလည်း ထုံ့နည်းတူပါပင်။

ကျွန်မကတော့ ပထမတော့ စိတ်ထဲက စိတ်မကောင်းတဲ့ ဘုန်းကြီး ထင်မိပါသော်လည်း ဘာပဲဖြစ်ဖြစ် ကိုယ့်ထက်လည်း အသက်ကြီးတယ်၊ မွန်မြတ်တဲ့သင်္ကန်းလည်း ဝတ်ဆင်ထားတယ် ဆိုတော့ ရိုသေလေးစားရမယ့် ပုဂ္ဂိုလ်လို့ပဲ သတ်မှတ်ပြီး လေးစား ကြည်ညိုစိတ် မွေးထားမိပါသည်။

ပြန်တန်ဆာဘူတာရောက်တော့ ဆွမ်းစားချိန် ရောက်လာပါ တယ်။ ကျွန်မနှင့် ကျွန်မခင်ပွန်းကလည်း နံနက်စာစားဖို့ ဒံပေါက်ထမင်းထုပ် အသီးသီးဝယ်ပါသည်။

"အရှင်ဘုရား ဆွမ်းစားကိစ္စ ပြီးပါပြီလားဘုရား"

ကျွန်မ ထိုဘုန်းကြီးအိုကြီးကို လျှောက်ထားလိုက်ပါသည်။ ကျွန်မယောကျ်ားကတော့ ဒီလိုဘုန်းကြီးအိုကြီးနှင့် ဆက်ဆံ လျှောက်ထားတာကို သိပ်သဘောမကျသော အမူအရာ ပြပါ သည်။

"ဒကာမလေး- ဆွမ်းကိစ္စ မပြီးသေးပါဘူး"

"ဒါဆို တပည့်တော်ဆွမ်းကို အလှူခံတော်မူပါဘုရား"

ကျွန်မက ကျွန်မတို့အတွက် ဝယ်ထားတဲ့ ဒံပေါက်ထုပ် ၂-ထုပ်ထဲက ၁-ထုပ်ကိုလှူရန် ဘုန်းကြီးထံ ကပ်ဖို့ လုပ်ပါသည်။

"ဒကာမလေး-ဘုန်းကြီးက လှျာသင်္ချိုင်းစာ မဘုဉ်းပေး ပါဘူး"

ဘုန်းကြီးက လှျာသင်္ချိုင်းစာ မဘုဉ်းပေးဘူးဆိုတော့ ကျွန်မ ကြောင်သွားပါသည်။

"လျှာသချိုင်းစာဆိုတာ ဘယ်လိုပါလဲ ဘုရား"

"အသားပါတဲ့ ဆွမ်းကို ပြောတာပါ"

ထိုအခါ ကျွန်မသဘောပေါက်ပြီး ဘုန်းကြီးအတွက် သက်သတ်လွတ် သစ်သီးဒံပေါက် ရ,မရ မေးကြည့်ရပါသည်။ ရသည့်အတွက် အဆင်သင့်ပဲ ကပ်လှူလိုက်ရပါသည်။

သက်သတ်လွတ် ဘုဉ်းပေးတဲ့ ဆရာတော်ဘုန်းကြီးဖြစ်လို့ ကျွန်မယောကျ်ားကလည်း ထိုအခါကျမှ စိတ်ဝင်စားလာပြီး ဝိုင်းဝန်းကူညီပြီး ရေကပ် ဘာကပ် လုပ်လာပါသည်။

ဘုန်းကြီး ဆွမ်းစားပြီးတော့ ကျွန်မတို့ စားပါသည်။ ဘုန်းကြီးက စကားတစ်ခွန်းမှ မပြောတော့ပါ။

ပဲခူးဘူတာရောက်ခါနီးတော့မှ ဘုန်းကြီးက သူ့သပိတ်ကို ပြင်ဆင်ပြီး-

"ဒကာမလေး- ည အိပ်ရာဝင်ရင် ပုဗ္ဗဏှသုတ်က ယံဒုန္နိမိတ္တံဂါထာကို ရွတ်အိပ်၊ ဈေးဆိုင်ထွက်ရင် ယံကိဉ္စိဝိတ္တံက စပြီး ပုဗ္ဗဏှသုတ် အဆုံးရွတ်ပြီးမှ ဆိုင်ဖွင့်ရောင်းပါ။ အိပ်ရာထတိုင်းလည်း ရွတ်ပါ၊ လိုရာဆန္ဒ ပြည့်ဝကြပါလိမ့်မယ်"

ဘုန်းတော်ကြီးက ဤမျှ အမိန့်ရှိပြီး ရထားပေါ်က ဆင်းသွားပါသည်။ ကျွန်မသည် ဘုန်းကြီးက ထူးထူးဆန်းဆန်း မိန့်ကြားသွားသည်ဟု သတိပြုမိလိုက်ပါသည်။

ဘုန်းကြီး မိန့်ကြားသွားသော ပုဗ္ဗဏှသုတ်ကို ကျွန်မ သိပါသည်။ အလွတ်တော့ မရပါ။ မကောင်းသောဂြိုလ်ဆိုး၊ မကောင်း

သောအိပ်မက်၊ မကောင်းသော ငှက်ဆိုးတို့ ဘေးအန္တရာယ်မှ ကင်းရန် ရွတ်ဆိုသော ပရိတ်ဟု ကျွန်မ နားလည်ထားပါသည်။

ဆရာတော် သံဃာတော်များကလည်း အိမ်မှာ ဆွမ်းကျွေးတိုင်း ထို ယံဒုန္နိမိတ္တံ ဂါထာကို အမြဲရွတ်ပေးသည်ကို ကျွန်မ သတိထား မိပါသည်။

"ဒီဘုန်းကြီးက ထူးထူးဆန်းဆန်းပဲကွ၊ ဘိုးတော်လား၊ ထွက်ရပ်ပေါက်ဘုန်းကြီးလား မသိဘူး"

ကျွန်မခင်ပွန်းက ဘုန်းကြီးအိုကြီး တစ်လှမ်းချင်း ကြွသွားသည်ကို ကြည့်ရင်း ပြောပါသည်။

ကျွန်မသည် ထိုရထားပေါ်တွင် တွေ့ရသော ဘုန်းကြီးအိုကြီး မိန့်ကြားသွားကတည်းက အိပ်ရာဝင် ယံဒုန္နိမိတ္တံ ဂါထာကို ရွတ်ဖတ်ပြီးမှ အိပ်လေ့ရှိပါသည်။

နံနက်ပိုင်း ဆိုင်ဖွင့်သွားရင်လည်း ယံကိဉ္စိဝိတ္တံဂါထာမှ ပဒက္ခိဏံ ကာယကမ္မံဂါထာ အဆုံးအထိ ရွတ်ဖတ်သွားလေ့ ရှိပါသည်။ ကျွန်မတို့တတွေ တိုက်ဆိုင်၍လားမသိ၊ စီးပွားဥစ္စာသည် ဒီရေအလား တိုးပွားခဲ့ပါသည်။ စတိုးဆိုင်ကြီး ဖြစ်လာခဲ့ပါသည်။

၁၉၆၃–ခု၊ တော်လှန်ရေးအစိုးရက ဆိုင်များ ပြည်သူပိုင်သိမ်းပါသည်။ ပြည်သူပိုင်သိမ်းရန် ခုနစ်ရက်အလိုကတည်းက ကျွန်မ အိပ်ရာဝင် အိပ်ရာထဲ၌ ပုဂ္ဂိုလ်တစ်ပါးက ကြွလာပြီး–

"ဆိုင်မှာ ငွေတွေမထားနဲ့-အဖိုးတန်ပစ္စည်းတွေ အိမ်မှာ ခွဲဝေသိမ်းထား"ဟု ပြောသလို အိပ်မက် မက်နေပါသည်။

အိပ်မက်မှာ တစ်ရက်မဟုတ်၊ (၃)ရက်ဆက်တိုက် ဖြစ်လာရာ ကျွန်မက ကျွန်မယောက်ျားကို ပြောပြပါသည်။ သူလည်း ပထမတော့ မယုံပါ။ နောက်တော့ သူက ဘယ်လိုစိတ်ကူးပေါက်လာသည်မသိပါ။

"အသန်း-မင်း လွန်ခဲ့တဲ့ သုံးလေးနှစ်က ရထားပေါ်မှာ တွေ့ခဲ့တဲ့ ဘုန်းကြီး ပြောပြထားတဲ့ ပုဗ္ဗဏှသုတ်ကို ရွတ်သလား" ဟု ကောက်မေးပါသည်။

"ရွတ်တာပေါ့၊ ကျွန်မ အိပ်ရာဝင်တိုင်း ယံဒိုနိမိတ္တံဂါထာ ရွတ်တယ်၊ ဆိုင်ဖွင့်တိုင်း ကျွန်မ ပုဗ္ဗဏှသုတ်ကို ရွတ်တယ်လေ"

"အေးကွ၊ မင်းအိပ်မက်ကတော့ ထူးခြားနေတယ်။ ဒီတော့ လိုလိုမယ်မယ် ငွေသေတ္တာကို အိမ်မှာ အမြဲယူထားကြစို့။ ဆိုင်မှာ အရေးကြီးတဲ့ အဖိုးတန်ပစ္စည်းတွေလည်း တစ်နေ့စာ ရောင်းလောက်ရုံပဲ ထားကြပြီး ကျန်တာတွေ အိမ်ကဂိုဒေါင်မှာပဲ ထားကြစို့"

ကျွန်မတို့ ဇနီးမောင်နှံသည် ထိုသို့ သဘောတူပြီး ထိုနေ့မှစ၍ ပစ္စည်းများကို ရွှေ့ပြောင်းသင့်တာကို ရွှေ့ပြောင်းထားပါသည်။ ကျွန်မတို့ ပြောင်းရွှေ့ပြီး ထိုညတွင်ပင် အစိုးရက ပုဂ္ဂလိက စက်ရုံ စတိုးနှင့် ပွဲရုံများကို ပြည်သူပိုင်သိမ်းကြောင်း ကြေညာပြီး

ဆိုင်ရာပုဂ္ဂိုလ်များ လာရောက်ပြီး ကျွန်မတို့ဆိုင်ကို ချိတ်ပိတ်ပါတော့သည်။ နောက်ပစ္စည်းစာရင်းလက်ကျန် ကောက်ယူသွားပါတော့သည်။

ကျွန်မသည် ဘုန်းကြီးအိုကြီး၏ ပြောပြသော ပုဗ္ဗဏှသုတ်၏ အစွမ်းဟု ယုံကြည်မိပါသည်။

အလားတူပင် ကျွန်မ အဖြစ်အပျက်တစ်ခု ကြုံခဲ့ရပြန်ပါသည်။ ကျွန်မတို့တစ်တွေ ပြည်သူပိုင်သိမ်းခံရ၍ ရှေ့ဆက်ပြီးဘာလုပ်ရမှန်း မသိတော့ပါ။ ရှိတာလေးနဲ့ လတ်တလော ထိုင်စားနေရပါသည်။

မကြာခင် မှောင်ခိုလောက ပေါ်လာပါသည်။ ကျွန်မတို့သည် ကားတစ်စီးဝယ်ပြီး ကုန်ကူးပါသည်။ ကုန်ပစ္စည်းများ သယ်ယူပေးပါသည်။

တစ်နေ့ မန္တလေးမှ အပြန်တွင် ဖြစ်ပါသည်။ ကျွန်မတို့နှင့် အတူတူထွက်လာသော ကုန်တင်ကား(၃)စီးသည် ပျဉ်းမနားတွင် ညစာစားပြီး ညပိုင်း ဆက်ထွက်ရေး၊ မထွက်ရေး ညှိနှိုင်းကြပါသည်။

"ကား ညပိုင်းမထွက်နဲ့၊ အန္တရာယ်တွေ့လိမ့်မယ်"

ပုဂ္ဂိုလ်တစ်ယောက်က ပြောလိုက်သလိုလို အသံကြားလိုက်ရပါသည်။ ကျွန်မက ကျွန်မခင်ပွန်းနားကပ်ပြီး–

"အစ်ကိုရေ ကားမထွက်နဲ့၊ ထွက်ရင် အန္တရာယ်တွေ့လိမ့်မယ်လို့ အမှတ်တမဲ့ ကြားလိုက်တယ်"ဟု ပြောပါသည်။

"မင်းကို ဘယ်သူကပြောလို့ ဘယ်ကကြားတာလဲ၊ တို့တော့ ဘာမှ မကြားပါဘူး"

"ကျွန်မတော့ အမှတ်တမဲ့ ကြားလိုက်တာပဲ။ အစ်ကို မထွက်ရင် ပိုကောင်းတာပဲ"

ကျွန်မတို့က ကားမထွက်ဖို့ ဆုံးဖြတ်ပါသည်။ ကားဒရိုင်ဘာက မကျေနပ်ပါ။ ကျန်ကားနှစ်စီးကတော့ ထွက်မည်ဟုဆိုကာ ထွက်သွားပါသည်။ ကျွန်မတို့ကတော့ ပျဉ်းမနားမှာပဲ ညအိပ်နေခဲ့ပါသည်။

မနက် ကျွန်မတို့ ကားထွက်တော့ အဖြေမှန် သိရပါတော့သည်။ ညကထွက်သွားသော ကား(၂)စီးသည် လောအလွန်တွင် ဓားပြအတိုက်ခံရပါသည်။ ကားသမားတို့က ခုခံ၍ စပယ်ယာတစ်ယောက်သေပြီး ဒရိုင်ဘာတစ်ယောက် ပြင်းထန်စွာ ဒဏ်ရာရခဲ့ပါသည်။

ကျွန်မတို့ မထွက်သည်မှာ အလွန်ကံကောင်းပါသည်။ ကျွန်မ အထင်မှာမူ ဘုန်းကြီးအိုကြီး ပြောပြသွားသော ပုဗ္ဗဏှသုတ်ကို ယုံယုံကြည်ကြည် လေးလေးစားစား ရွတ်ဖတ်နေသည့်အတွက် နတ်ကောင်းနတ်မြတ်တို့က စောင့်ရှောက်ပြီး ကြိုတင် သတိပေးနေသည်ဟု ထင်မိပါသည်။

အခြား အလားတူ အန္တရာယ်များ တွေ့သော်လည်း ကျွန်မတို့မှာ အလိုလို ကြိုတင်သိသလို ဖြစ်နေပါသည်။

ကျွန်မတို့ ဆိုရှယ်လစ်အစိုးရလက်ထက်တစ်လျှောက်လုံး ပြည်သူပိုင်သိမ်းခံရသော်လည်း စီးပွားဥစ္စာများမှ ထိုက်တန် သလောက် ရှာဖွေရပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေခဲ့ရ ပါသည်။

ဤသည်မှာ ပုဗ္ဗဏှသုတ်ပရိတ်၏ ဂုဏ်ကျေးဇူးဟု ကျွန်မ အလေးအနက် ယုံကြည်မိပါသည်။

ဗုဒ္ဓ၏ တရားဂုဏ်တော်တွင် လာလှည့်၊ ရှုလှည့် လက်တွေ့ အကျိုး ခံစားရမည်။ ကျင့်သူတို့သာ၊ ပညာရှိသူတို့သာ သိအပ် ရအပ်သည်ဟု ဟောထားခဲ့ရာ တရားဓမ္မအကျိုးကို လက်တွေ့ ခံစားလိုသူတို့သည် ကျွန်မတို့ကဲ့သို့ လက်တွေ့ ကျင့်ကြည့်ကြပါ ဟု တိုက်တွန်းလိုက်အပ်ပါသည်။

❀ ❀ ❀

## နောက်ဆုံးဆည်းဆာ ပရိတ်နာသွားသူ မမကြည်

"မမကြည် အသည်းအသန်ဖြစ်နေ၍ အမြန်လာပါ"

တစ်နေ့တွင် မမျှော်လင့်သော သံကြိုးစာတစ်စောင်သည် ကျွန်မတို့သားအဖ လက်ထဲ ရောက်လာသည်။ ကျွန်မသည် အလုပ်မှ ခွင့်ယူပြီး မိုးကုတ်ဝိပဿနာတိုက်၌ တရားဝင်နေသော ဖခင်ကို အကျိုးအကြောင်း ပြောပြရသည်။

သားအဖနှစ်ယောက် မမကြည်နေထိုင်ရာ ဖြူးမြို့သို့ ထွက်ခွာလာခဲ့ရပါသည်။ ကျွန်မတို့ မိသားစုတွင် ဖခင်သည် တစ်ချိန်က ကျောင်းဆရာအလုပ်,လုပ်ခဲ့သည်။ (ကျွန်မ ၁၀ နှစ်သမီးအရွယ်တွင် မိခင် ကွယ်လွန်ခဲ့သည်။)

မိခင်ကွယ်လွန်စဉ်က မေမေသည် သားသမီး သံယောဇဉ်၊ လင်သံယောဇဉ် စွဲငြိတွယ်တာခဲ့၍ ဘဝကူး မကောင်းခဲ့ချေ။ မကျွတ်မလွတ် ပြိတ္တာဘဝ၌ အတန်ကြာ နေခဲ့ရသည်။ ကျွန်မတို့ မိသားစု အကြိမ်ကြိမ် ဆွမ်းသွတ် အမျှဝေမှ ကျွတ်လွတ်သွားခဲ့သည်။

မေမေကွယ်လွန်ပြီးနောက် ဖေဖေသည် နောက်အိမ်ထောင် မပြုဘဲ ကျွန်မတို့ညီမနှစ်ယောက်ကို မအေလိုတစ်မျိုး၊ အဖေလိုတစ်မျိုးဖြင့် ပြုစုစောင့်ရှောက်ပြီး လူလားမြောက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

မိခင်ကြီး ဘဝကူးမကောင်းခဲ့သည့်ကိစ္စနှင့် ပတ်သက်၍လည်း ဖေဖေသည် စိတ်မကောင်း ခံစားခဲ့ရသည်။

နင်တို့အမေဟာ ငါ့ဝေယျာဝစ္စ နင်တို့ ဝေယျာဝစ္စတွေကြားထဲမှာ နစ်မြုပ်နေရသည့်အတွက် ဘဝအတွက် ဘာမျှ မပြင်ဆင်နိုင်ခဲ့ဘူး။ ဘာမျှ မပြင်ဆင်ရသည့်အတွက် ဘဝကူး အခြေမလှဖြစ်ရတယ်။ တော်သေးတယ်၊ ငရဲဘက် ရောက်မသွားလို့။ သာဓုခေါ်နိုင်တဲ့ ပြိတ္တာ ပာရဒတ္တူပဇီဝိကဘဝရောက်လို့ တို့ကယ်နိုင်သေးခဲ့

တယ်။ တို့တစ်တွေကျရင် အဲဒီလို အခြေမလှ မဖြစ်ရလေအောင် ရတဲ့အချိန် အားတဲ့အချိန်မှာ ဒါန သီလ ဘာဝနာတရားတွေ လုပ်ကြရမယ်။

ဖေဖေသည် ဤစကားကို ခဏခဏ သတိပေးစကား ပြောသည်။ ကျွန်မတို့တစ်တွေကို ဥပုသ်နေ့တိုင်း ဥပုသ်သီလ စောင့်ခိုင်းသည်။ တတ်နိုင်သရွေ့ ရဟန်းသံဃာတော်များကို ဆွမ်းလောင်းခိုင်းသည်။ ဘုရားပန်း၊ ဆီမီး မပြတ်ပူဇော်ခိုင်းပြီး ဘုရားဝတ်တက်စေသည်။

"ဖေဖေတို့က လခစားလုပ်သူဆိုတော့ အထုပ်အထည်ကြီး မရှိဟော့ အလှူကြီး အတန်းကြီး အကြီးအကျယ် မလုပ်နိုင်ဘူး။ ဒါကို သမီးတို့ အားမငယ်ကြနဲ့။ သဒ္ဓါစေတနာထားမှုသာ အဓိကပဲ။ သဒ္ဓါစေတနာ စိတ်ထားဖြူစင် ကြည်လင်လျှင် ညောင်စေ့လောက်ပင် လှူပေမယ့် ညောင်ပင်ကြီးလောက် ကုသိုလ်ရတယ်လို့ ဘုရားရှင်ဟောကြားတယ် သမီး"

ဤသို့ မကြာခဏ ဆုံးမပြီး နိစ္စပတ်ဆွမ်းကို မပြတ် လောင်းလှူစေသည်။ ဖေဖေသည် မူလတန်းမှ အလယ်တန်းပြ ဆရာဘဝ၊ အလယ်တန်းမှ အထက်တန်းပြဆရာဘဝ၊ အလယ်တန်းကျောင်းအုပ်ဘဝ၊ အထက်တန်း ကျောင်းအုပ်ဘဝ စသည်ဖြင့် အမြို့မြို့ အနယ်နယ်သို့ ပြောင်းရွှေ့ အမှုထမ်းခဲ့ရသည်။

ရောက်လေရာ အရပ်တွင် ဘာသာရေးကို အလေးပေး

ဆောင်ရွက်စေခဲ့သည်။ ကိုယ်တိုင်လည်း သမထ၊ ဝိပဿနာ တရားကို ကြိုးစားပြီး ရသရွေ့အချိန်များ၌ အားထုတ်ခဲ့သည်။

ဖေဖေသည် အထက်တန်းပြဆရာဘဝနှင့် ဖြူးမြို့၌ တာဝန်ကျစဉ် တက္ကသိုလ်အောင်ပြီးသော မမကြည်သည် ဖေဖေ့ကို ငဲ့ညှာပြီး တက္ကသိုလ် ဆက်မတက်တော့ဘဲ အလုပ်ဝင်လုပ်တော့သည်။ ဇေယျာဝတီ သကြားစက်တွင် စာရေးမအဖြစ် အလုပ်ဝင်လုပ်ရသည်။

ဖေဖေ အလယ်တန်း ကျောင်းအုပ်အဖြစ် ပဲခူးသို့ ပြောင်းရွှေ့ရသောအခါ မမကြည်သည် ဇေယျာဝတီသကြားစက် ငွေစာရင်းဌာနမှ သူ၏ချစ်သူ ကိုတင်အေးနှင့် လက်ထပ်ပြီး ဖြူးမှာပင် နေခဲ့သည်။ ကိုတင်အေးကလည်း ဖြူးသားဖြစ်သည်။ သူတို့ ဇနီးမောင်နှံ လက်ထပ်ပြီး ဖြူးမြို့၊ မြို့မရပ်ကွက်တွင် နေခဲ့သည်။

ဖေဖေသည် ဆယ်တန်းဖြေဆဲဖြစ်သော ကျွန်မနှင့် ဖေဖေ့ညီမ (မုဆိုးမ)ကြီးကြီးငွေကို အဖော်ခေါ်ကာ ပဲခူးသို့ ပြောင်းရွှေ့ခဲ့ရသည်။ ကျွန်မသည် အတူတကွ နေခဲ့ရသော မမကို ခွဲထားရသည့်အတွက် ဝမ်းနည်းပက်လက် ငိုကြွေးမိခဲ့သည်။

"သမီး–ဒါ ဓမ္မတာပဲ၊ အတောင်စုံလျှင် သိုက်အုံက ခွဲထွက်စမြဲပဲ။ အဲဒီလို ခွဲထွက်သွားပြီးလို့ အချိန်ပြောင်းတော့လည်း သေရာညောင်စောင်း လဲလျောင်းပြီး အပြီးအပိုင် ခွဲခွာသွားရတာပဲ မဟုတ်လားသမီး။ မမြဲတဲ့ သင်္ခါရသဘောကို သမီးလေး

အလေးအနက်ထား စဉ်းစားပြီး စိတ်ကို ဖြေပေါ့သမီး။ တစ်နေ့ သမီးကြီးကို ဒီလိုထားခဲ့ရမယ်ဆိုတာ ဖေဖေ ကြိုတင် မျှော်မှန်းတွက်ဆထားသလို သမီးငယ်တွက်လည်း တစ်နေ့နေ့ တစ်ချိန်ချိန် ထွက်သွားမယ်ဆိုတာ ဖေဖေ မျှော်လင့်ထားပြီးသားပါ သမီးလေးရယ်။ ဖေဖေက ကျွန်မကို တရားချပြီး ကျွန်မကိုလည်း တစ်နေ့ ခွဲထွက်မည်ဟု ပြောလာသောအခါ ကျွန်မစိတ်ထဲဝယ် ဖေဖေ့အတွက် ရင်နင့်ပြီး သနားစိတ်ဝင်လာမိပါသည်။

"ဖေဖေ- သမီးကတော့ ဖေဖေ့တစ်သက် သမီးလေ၊ ဖေဖေ့အနားက ဘယ်မှ ခွဲထွက်မသွားပါဘူး၊ သမီးကတိပေးပါတယ်"

ဖေဖေ့ကို ဖက်ငိုပြီး ကျွန်မ ရှိုက်ကြီးတငင် ပြောမိပါသည်။ ဖေဖေသည် ကျွန်မကို စူးစိုက်စွာကြည့်ပြီး တည်ငြိမ်အေးဆေးသော အသံဖြင့်-

"သမီးလေးဘဝအတွက် ချစ်ရခင်ရမင်ရသူ မတွေ့သေးရင်တော့ သမီး ဖေဖေ့အနားမှာ ရှိနေဦးမှာပေါ့ သမီးရယ်။ တစ်နေ့ တွေ့လာတော့လည်း သမီး သွားမှာပေါ့။ ဒါကလည်း ဓမ္မတာပဲဟာ။ ဖေဖေ အပြစ်မပြောလိုပါဘူး။ အဲဒီတော့ ငါ့သမီးလေး စကားလွန်ပြီး ကတိမပေးနဲ့ ကြားလား"

"ဟင့်အင်း-ဟင့်အင်း-သမီး ဖေဖေ့ကို ဘယ်တော့မှ မထားခဲ့ဘူး။ ဖေဖေ့ကိုထားပြီး ဘယ်ချစ်သူနောက်မှလည်း

မလိုက်ဘူး ဖေဖေ။ ဖေဖေကသာ သမီးကို လင်အတင်းမပေးစားနဲ့နော် ဖေဖေ၊ ဖေဖေ အဲဒါ ကတိပေးပါ”

“ကျွန်မက ဖေဖေ့ကို တအားဖက်ရင်း လှုပ်ခါပြီး ပြောမိပါသည်။ ထိုအခါကျမှ ဖေဖေသည် ပြုံးပြုံးရွှင်ရွှင်ဖြင့် ကောင်းပါပြီတဲ့ဗျာ၊ သမီးလေး စိတ်ချမ်းသာသလို နေပါတဲ့”

ကျွန်မ ဆယ်တန်းအောင်သောနှစ်တွင် ဖေဖေသည် အထက်တန်းကျောင်းအုပ်အဖြစ် ရန်ကုန်၊ မြောက်ဥက္ကလာပသို့ ပြောင်းရွှေ့ရသည်။ ကျွန်မ တက္ကသိုလ် ဆက်မတက်ပါ။ လူဝင်မှုကြီးကြပ်ရေးရုံးတွင် စာရေးဝင်လုပ်ပါသည်။

မမကြည်သည် **နှစ်စဉ်** နှစ်တိုင်း ဖေဖေ့ကို လာရောက်ကန်တော့ပါသည်။ ဖေဖေကလည်း မမကြည်ထံ မကြာခဏဆိုသလို သွားပါသည်။ မမကြည်တွင် သားတစ်ဦး၊ သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။

ကျွန်မကတော့ ကျွန်မကတိအတိုင်း ချစ်သူလည်း မရှာပါ။ လာ၍ ချစ်မယ့်သူပေါ်သော်လည်း လက်မခံပါ။ ဖေဖေ့ထံ လာရောက် တောင်းခံသူများ ရှိသော်လည်း ဖေဖေက ကျွန်မသဘောဖြစ်၍ ကျွန်မဆန္ဒမပါဘဲ လက်မခံပါ။ သို့အတွက် ကျွန်မသည် ဖေဖေနှင့်အတူ အေးချမ်းစွာနေပြီး တစ်ဖက်ကလုပ်သားကောလိပ်တက်ပြီး ပညာသင်နေခဲ့ရပါသည်။

အားလပ်ချိန်တွင် ဖေဖေနဲ့အတူတူ ဘုရားသွား ကျောင်းတက် ဥပုသ်သီတင်းစောင့်ဖြင့် ဘဝအချိန်တာကို ကုန်ဆုံးစေခဲ့ရပါသည်။

ကျွန်မ ဘွဲ့ယူသောနှစ်တွင် ဖေဖေသည် အသက်ပြည့်၍ အလုပ်မှ ပင်စင်ယူရပါသည်။ ပင်စင်ယူပြီးကတည်းက ဖေဖေသည် တရားလိုက်ဝင်နေပြီး သူ့ဘဝ၏ နေဝင်ချိန်ကို ကြိုတင်ပြင်ဆင်ခဲ့ပါသည်။

ယခုတော့ ဖေဖေ နေမဝင်ခင် မမကြည် နေဝင်ဖို့ အခြေအနေဖြစ်လာသည့်အတွက် ကျွန်မတို့ မမကြည်ထံ ရောက်သောအခါ မမကြည် အခြေအနေသည် မျှော်လင့်ချက် ကုန်ဆုံးသောအချိန်ဖြစ်ပါသည်။

ဖေဖေက သမီးဟု ကြင်နာစွာ ခေါ်သံကို ကြားလိုက်ရသော မမကြည်သည် အသာ မျက်လုံးဖွင့်ကြည့်သည်

"သမီး ပရိတ်တရား နာပါရစေ ဖေဖေ"

မမကြည်က တိုးညှင်းသောအသံဖြင့် ပြောသည်။ ဖေဖေသည် ခဏမျှ စဉ်းစားသည်။

"မောင်တင်အေး–သွား–ငါကိုးကွယ်ခဲ့တဲ့ ဒက္ခိဏာရုံဆရာတော်နဲ့ သံဃာငါးပါး သွားပင့်ကွာ။ ငါပင့်ခိုင်းတယ်လို့လျှောက်၊ မြန်မြန်သွား၊ ဆိုက္ကားပါ တစ်ခါတည်းငှားသွား"

"ဟုတ်ကဲ့ ကျွန်တော် ခုသွားပါမယ်"

အစ်ကိုတင်အေး ချက်ချင်း ထွက်သွားပါသည်။ ကျွန်မသည် မမကြည်ကိုကြည့်ပြီး ဝမ်းနည်းကြေကွဲသောစိတ်ဖြစ်ကာ ငိုချင်သောစိတ်က လိပ်လိပ်တက်နေမိပါသည်။ မမ စိတ်မကောင်းဖြစ်မှာစိုး၍ အတင်းမျိုသိပ်နေပါသည်။

"မမကြည် အားတင်းထားနော်၊ အစ်မကို ရန်ကုန်ခေါ်ပြီး ဆေးကုပေးမယ်၊ မမကြည် အားမလျှော့နဲ့နော်"

ကျွန်မက စိတ်တင်းပြီး အားပေးရပါသည်။ မမကြည်သည် မျက်စိမဖွင့်ဘဲ ကျွန်မလက်ကို ဆုပ်ကိုင်ထားပါသည်။ စကားလည်း မပြောပါ။ မမကြည် မျက်ဝန်းအိမ်မှ မျက်ရည်စများ ကျလာ၍ ကျွန်မ မမျိုသိပ်နိုင်တော့ဘဲ ရှိုက်မိပါသည်။

မကြာခင် ဆရာတော်နှင့် သံဃာတော်များ ကြွလာပါသည်။

"သမီး ပရိတ်နာမယ်ဆို ဆရာတော် ကြွလာပြီ"

ဖေဖေက မမကြည်လက်ကို ကိုင်ပြီး ပြောပြသည်။ ဆရာတော်နှင့် သံဃာတော်များက မမကြည်ဘေးတွင် ဝိုင်းထိုင် သီတင်းသုံးပြီး ပရိတ်ရွတ်ဖတ်ကြပါသည်။ မမကြည်သည် ပရိတ်ကို အာရုံစိုက် နားထောင်နေဟန် တူပါသည်။ လှုပ်ရှားခြင်း မရှိ ပကတိ ငြိမ်သက်နေပါသည်။

ဆရာတော် သံဃာတော်များ မေတ္တာသုတ် ရွတ်ဖတ်နေချိန်တွင် မမကြည်သည် ရင်ဘတ်ပေါ်တွင် လက်အုပ်ချီလိုက်သည်။ မကြာခင်ပင် မျက်နှာ ကြည်လင်တောက်ပလာပြီး အပြုံးမျက်နှာဆောင်လာပါသည်။

ဆရာတော်များ ဗောဇ္ဈင်သုတ် ရွတ်ဖတ်ဆဲတွင် လက်အုပ်ပြေကျသွားပါသည်။ ဖေဖေက မမကြည် နှလုံးခုန်သံကို စမ်းကြည့်သည်။ နှာပေါက်ဝကို ဂွမ်းစ တင်ကြည့်လိုက်သည်။

မမကြည် ဝိညာဉ် ချုပ်သွားလေပြီ၊ အပြုံးမျက်နှာမပျက်ပါ။

ဆရာတော်ဘုရား–သမီး ဝိညာဉ် ချုပ်သွားပါပြီဘုရား။

ဖေဖေက ဆရာတော်ကို လျှောက်ထားလိုက်သည်။ သံဃာတော်များ ပရိတ်သံ ရပ်စဲပြီး ဖယ်ခွာကြွပေးကြသည်။

ကျွန်မ မမကြည်ကိုယ်ပေါ်ကို မှောက်ပြီး တအားဖက်ငိုမိသည်။ မမကြည်၏ သားသမီးတို့ကလည်း သူတို့မိခင်ကို တမ်းတကာ ငိုကြသည်။

"သမီးကြီး ဘဝက စိတ်ချရပါတယ်သမီး။ သူ့အမေလို မဟုတ်ပါဘူး"

ဖေဖေက ထိုမျှသာပြောပြီး ဆရာတော် သံဃာတော်များ ပြန်ကြွရေးကို စီစဉ်ဆောင်ရွက်ပေးနေသည်။

"မမကြည် မျက်နှာသည် သေပန်းပွင့်သည့်နှယ် ပြုံးမျက်နှာနှင့်"

ဒါကိုပင် ဖေဖေက စိတ်ချသည်ဟု ဆိုခြင်း ဖြစ်ပါမည်။

ပရိတ်နာပြီး သေရတာ မမကြည်ဘဝသည် တကယ်တော့ ကောင်းရာသုဂတိ ရောက်မည်သာ မုချ ဖြစ်ပါမည်ဟု ကျွန်မ ယုံကြည်မိပါသည်။

ဘဝနေဝင်နည်းလမ်းဖြင့် ကောင်းသော မမကြည်သည် ပရိတ်တန်ခိုးတော်ကြောင့် နတ်ပြည်ရောက်သလော ဆိုသည်ကား ဘုရား ရဟန္တာမှ သိလေမည်တကား။

❀ ❀ ❀

## စီးပွားရေးတက္ကသိုလ် မခင်နီလာတိုး၏ ပရိတ်တန်ခိုး

ကျွန်မသည် ငယ်စဉ်ကတည်းကပင် ဘာသာတရားကို သက်ဝင်ယုံကြည်သူ ဖြစ်ပါသည်။ ပရိတ်တော်နှင့် ဂါထာတို့၏ ထူးခြားသော အစွမ်းနှင့် အကျိုးအာနိသင်တို့ကို သိသော်လည်း မအားလပ်သည့်အချိန်များ ရှိနေတတ်၍ မှန်အောင် ရွတ်ဖတ်ပူဇော်ခြင်း မပြုမိပါ။ ကျွန်မ၏ အသက်မွေးဝမ်းကြောင်းအလုပ်မှာလည်း စာသင်ကြားရသည့်အလုပ်ဖြစ်၍ မအားသည်က များနေတတ်ပေရာ ညအိပ်ရာဝင် ဘုရားဝတ်ပြုသည်မှ လွဲ၍ စွဲစွဲမြဲမြဲ ရွတ်ပွားနိုင်မှု မရှိခဲ့ပါ။

ကျွန်မ ယူဆထားသည်မှာ ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်စိတ် ရှိနေရိုး မှန်ပါလျှင် မည်သည့်အရာမဆို ပြီးပြည့်စုံနိုင်လိမ့်မည်ဟူသောသဘော ဖြစ်ပါသည်။

ကျွန်မသည် ၁၉၈၇-ခုနှစ်မှစ၍ ယခုထက်တိုင် စာသင်သည့် အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်း ပြုခဲ့သည်မှာ ယခုဆိုလျှင် ၆ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ စာသင်သည့် နှစ်မှစ၍ ၁၉၉၀-ခုနှစ် လေးနှစ်ကာလအတွင်း၊ စာသင်သည့် ကျောင်းသားဦးရေမှာ များလာသည့်အလျောက် တန်းခွဲတစ်ခုလျှင် ၂ နာရီနှုန်းဖြင့် နေ့စဉ် တန်းခွဲငါးခုကို မနက်ပိုင်းနှင့် ညနေပိုင်းခွဲ၍ စာသင်ရပါသည်။ စာသင်ပြီးသောအချိန်မှာ ည ၉ နာရီဖြစ်ရာ စာသင်ပြီးသည်နှင့် တန်း၍ အိပ်ရာဝင်ပါသည်။ အိပ်ရာဝင်သောအချိန်

ရောက်မှသာ ဘုရားဝတ်ပြုရပါသည်။ သို့သော် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို နေ့စဉ်မပြတ် ကပ်လှူပူဇော်၍ ကောင်းမှုကုသိုလ် ပြုပါသည်။ ဤမျှလောက်နှင့်ပင် ကျွန်မမှာ ဘုရား၊ တရား၊ သံဃာ ဂုဏ်ကျေးဇူးကို အစဉ်အမြဲ အောက်မေ့၍ ကျေနပ်ခဲ့ရပါသည်။

ကျောင်းသားဦးရေ တစ်စထက်တစ်စ ပိုများလာသည့်အတွက် ဝင်ငွေမှာလည်း ပို၍ ကောင်းလာသောကြောင့် မိခင်ကြီးကို လုပ်ကျွေးပြုစုရသော ကျွန်မသည် အတိုင်းမသိ ပျော်မိပါသည်။ ဤသို့ ကျောင်းသားဦးရေ တိုးလာပြီး တရားသဖြင့်ရသော ဝင်ငွေဖြင့် ကျွန်မ၏မေမေ လိုရာဆန္ဒမှန်သမျှကို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးနိုင်ခြင်းမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ သမားတည်းဟူသော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကြောင့်ပင် ဖြစ်သည်ဟု တစ်ထစ်ချ ယုံကြည်မိပါသည်။

ပို၍ အံ့ဩဖွယ်ကောင်းသည်မှာ ၁၉၉၁–ခုနှစ်၏ စာသင်နှစ်ပင် ဖြစ်ပါသည်။ နေ့စဉ် နေ့တိုင်း မရပ်မနား စာသင်ခဲ့ရသော ကျွန်မ၏အသံသည် ထိုနှစ်တွင် သိသိသာသာ ချွတ်ယွင်းလာပါသည်။ တန်းခွဲတစ်ခု စာသင်ပြီးသည်နှင့် အသံမှာ ဝင်သွားပါတော့သည်။ နောက်တန်းခွဲတစ်ခု သင်ချိန်တွင် ရသမျှအသံကို အားယူ၍ အော်ရပါသည်။ ကလေးများအား သင်ခန်းစာ နာ... ...ည်မည်စိုး၍ ကြိုးစားပြီးအော်လေ၊ အသံက မထွက်လေ

ဖြစ်ပါသည်။ အဆိုးဆုံးမှာ ညအိပ်ရာဝင်ချိန်နှင့် အိပ်ရာမှ ထချိန်တို့တွင် ကျွန်မ၏ လည်ပင်းမှာ မခံနိုင်လောက်အောင် ရှုး၍ အောင့်နေခြင်းပင် ဖြစ်ပါသည်။ ကောင်းနိုးရာရာ ဆေးများ စား၍ ကြိုးစားပြီး စာသင်သော်လည်း လည်ပင်းမှ ဝေဒနာမှာ ပို၍ ဆိုးလာပါသည်။ နောက်ဆုံးတွင် နား၊ နှာခေါင်း၊ လည် ချောင်း ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး၏ ကုသမှုကို ခံရ ပါသည်။

ကျွန်မအား ပေးသော ဆေးများမှာ ပယ်နီစလုံး၊ ဆပ်ထရင်၊ စသော ဆေးပြင်းများဖြစ်၍ အအိပ်ပျက်၊ အစားပျက် ဖြစ်ရပါ သည်။ ဆေးသောက်စဉ် ရက်အနည်းငယ်မျှသာ လည်ပင်းနာ သက်သာသော်လည်း ဆေးဒဏ်ကို ကြာရှည်မခံနိုင်သော ကျွန်မမှာ ဆေးမသောက်ဘဲ ဖြတ်လိုက်သည်နှင့် ရှုး၍ အောင့်သော ဝေဒနာမှာ ပို၍ပင် ဆိုးလာပါသည်။ ဆရာဝန်ကြီးက ကျွန်မအား စာသင်သည့်အလုပ်ကို လုံးဝ ရပ်နားပြီး တခြားအလုပ် လုပ်ကိုင် စေရန် တိုက်တွန်းပါသည်။ စာသင်သည့်အလုပ်မှလွဲ၍ တခြား မည်သည့်အလုပ်မှ မလုပ်ကိုင်တတ်သော ကျွန်မမှာ စိတ်ဆင်းရဲ ကြီးစွာ ဖြစ်ခဲ့ရပါသည်။ အဆိုးဆုံးမှာ ငွေဝင်ငွေ မရှိတော့လျှင် မေမေ့အား မည်သို့ လုပ်ကျွေးရတော့မည်နည်းဟု တွေး၍ တစ်ရက်မှ စိတ်ချမ်းသာမှု မရှိခဲ့ပါ။ ဗမာဆေး လှည့်စား၍ အနည်းငယ် သက်သာလာသော်လည်း နေ့စဉ် အော်နေရသည့်

အတွက် အသံမှာ လုံးဝပျောက်သွားပြီး ပြောချင်သည့် အကြောင်းအရာကို စာနှင့်ရေး၍ ပြောရသည့်အဆင့်ထိ ရောက်ခဲ့ပါသည်။

တစ်နေ့၌ မေမေသည် မိုးကုတ်ဝိပဿနာတရားကျောင်းမှ ရလာသော တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ၏ ပရိတ်ရေကို ယူလာခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ပရိတ်ရေသည် ရောဂါသေးသေးမွှားမွှား မဆိုထားနှင့်၊ ကင်ဆာကဲ့သို့သော ရောဂါကြီးမျိုးပင် ပျောက်သည်ဟု မေမေက ကျွန်မအား ပြောပြပါသည်။ ထိုစကားသည် ကျွန်မအတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသော အားဆေးတစ်ခွက် ဖြစ်ခဲ့ပါသည်။

ပရိတ်ရေ ရလာသည့်နေ့မှစ၍ ကျွန်မသည် နေ့စဉ် ဘုရားစင်ရှေ့၌ ရေတစ်ခွက်ခပ်ပြီး ပရိတ်ရေနှင့်ပွားပြီးလျှင် ဓာရဏပရိတ်တော်ကို သုံးခေါက် ရွတ်ဖတ်၍ အဓိဋ္ဌာန်ပြုပါသည်။ နှုတ်မှလည်း မိဘကို လုပ်ကျွေးပြုစုရသော အကျိုးကြောင့် ဆရာတော်ဘုရားကြီး၏ ပရိတ်ရေနှင့် ဓာရဏပရိတ်တော်တို့၏ ထူးမြတ်သော ဂုဏ်ကျေးဇူးတော်တို့ဖြင့် ကျွန်မ ခံစားနေရသော လည်ပင်းမှ ရောဂါဝေဒနာသည် ကင်းစင်ပျောက်၍ နဂိုမူလ အသံသို့ ပြန်ရောက်ပါစေသတည်းဟု ဆုတောင်း အဓိဋ္ဌာန်ပြုပါသည်။

ဤသို့ဖြင့် နေ့စဉ်မပြတ် ပြုလုပ်ခဲ့ရာ မည်သည့်ဆေးမျှ မစားတော့ပါဘဲနှင့် အသံသည် ပြန်လည် ကြည်လင်လာပါသည်။

ဝမ်းသာပီတိ ဖြစ်ရသည်မှာ ပြောမပြတတ်အောင်ပင် ဖြစ်ရပါသည်။ ဝမ်းသာစိတ်နှင့်အတူ ဘာသာဘာရားအပေါ်၌ ပို၍ သက်ဝင်ယုံကြည်မိပါတော့သည်။

သို့ဖြစ်၍ ဗြဟ်စွာဘုရား၏ တန်ခိုးအာနိသင်စွမ်းရည် စသည့် အထူးထူးသော ဂုဏ်တော်တို့ဖြင့် ပြည့်စုံသော ပရိတ်တော်၊ ဂါထာတော်တို့နှင့်တကွ ဘုရား၏ တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်၍ သီလ၊ သမာဓိနှင့် ပြည့်စုံတော်မူကြသော ဆရာတော်ဘုရားကြီးတို့၏ ပရိတ်ရေသည် အစွမ်းထက်လှသည် ဖြစ်သောကြောင့် ရောဂါဒုက္ခများကို ပျောက်ကင်းရုံသာမက မည်သည့်အခက်အခဲမဆို ပပျောက်နိုင်ကြောင်းကို ဤမေ့မွသဝဏ်လွှာစာဖက်ပရိတ်သတ်များနှင့်အတူ ဗုဒ္ဓဘာသာဝင် မိသားစုတိုင်း ယုံကြည်မှုရှိကြစေရန် တင်ပြလိုက်ရပါသည်။

(ကျေးဇူးတော်ရှင် တောင်ကုန်းသာသနာ့ပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရနှင့် ကျေးဇူးရှင်မိခင်ကြီးအား ဤစာတမ်းငယ်ဖြင့် ပူဇော်ပါသည်။)

❀ ❀ ❀

## ဓရေဏာပရိတ်နှင့် အသက်အန္တရာယ်

၁၉၄၉-၅၀ ပြည့်နှစ် အချိန်က ဖြစ်ပါသည်။ ကျွန်တော်တို့ ဖြူးမြို့ကို မိုးဦးကျလောက်ကပင် အကြမ်းဖက် သောင်းကျန်းသူ

များက သိမ်းပိုက်အုပ်ချုပ်ကြပါသည်။ မြို့ပတ်ဝန်းကျင် တောရွာများ၌ကား ကွန်မြူနစ်များက စိုးမိုးထားချိန် ဖြစ်ပါသည်။

အကြမ်းဖက် သောင်းကျန်းသူတို့သည် မသင်္ကာသူမှန်သမျှ ဖမ်းဆီးသတ်ဖြတ်နေသောအချိန်ကာလ ဖြစ်ပါသည်။

ကျွန်တော်တို့ မိသားစုတွင် အစ်ကိုသည် နိုင်ငံရေးကို ဝါသနာပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲနှင့် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲတို့၌ အစ်ကိုသည် သခင်ဒေါင်း၊ ရဲဘော်မြတို့၏ တပည့်ခံကာ လုပ်ကိုင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ကွန်မြူနစ်တို့ တောခိုသောအခါ သခင်ဒေါင်း၊ ရဲဘော်မြတို့သာ တောထဲပါသွားသည်။ အစ်ကိုက တောခိုမှုကို မနှစ်သက်၍ လိုက်မသွားပါချေ။ မိဘတို့နှင့် အရောင်းအဝယ် လုပ်နေပါသည်။

ကံဆိုးချင်တော့ အကြမ်းဖက် သောင်းကျန်းသူများ သိမ်းပိုက်ပြီးသောအခါ မလိုသူတစ်ဦးက သတင်းပေးမှုကြောင့် အစိုးရသူလျှိုဟု စွပ်စွဲကာ အသတ်ခံရတော့သည်။ သို့အတွက် ကျွန်တော်တို့ မိသားစု တောသို့ ပြောင်းရွှေ့ တိမ်းရှောင်နေရပါသည်။ ကျွန်တော်သည် အစ်ကို အသတ်ခံရမှုအတွက် စိတ်ထဲဝယ် မကျေနပ် အကျိတ်အခဲတွေ အမြဲဖြစ်ဆိုင်နေရပါသည်။

သို့အတွက် အကြမ်းဖက် သော[illegible]ကျန်းသူတို့ကို လက်စားချေဖို့ စစ်ထဲဝင်ရန် ဆုံးဖြတ်ချက် ချမိပါသည်။ ထိုအချိန်တွင် ကျွန်တော့်ပတ်ဝန်းကျင်တွင် ကွန်မြူနစ်တပ်နှင့် ရဲဘော်ဖြူတပ်သာ

ရှိပါသည်။ သို့အတွက် ကျွန်တော် ရဲဘော်ဖြူ တပ်ထဲဝင်ရန် ဆုံးဖြတ်ပြီး ဖခင်၊ မိခင်တို့ကို အကျိုးအကြောင်း ပြောပြသည်။ မိဘနှစ်ပါးစလုံးက လက်မခံကြပေ။

ကျွန်တော်က ဇွတ်တရွတ်လုပ်ပြီး ဝင်ရန် ဆုံးဖြတ်မိသည်။ ထိုအခြေအနေကို ရိပ်မိသော ဖခင်ကြီးက ကျွန်တော်မသွားမီ နှစ်ရက်အလိုတွင် စိတ်မချမ်းသာသော မျက်နှာနှင့် ကျွန်တော့်အား ခေါ်ပြီး ဆုံးမစကား ပြောပါသည်။

"သား၊ သားလည်း ငယ်တော့တာမဟုတ်တော့ သားဆန္ဒနှင့် သားခံယူချက်အရ လုပ်တာကိုတော့ ဖေဖေက အထွေအထူး မတားလိုတော့ပါဘူး။ သားနှစ်ယောက်မှာ တစ်ယောက် အသေဆိုးနှင့် သေထားရတော့ ဒီသားလည်း ဒီလို လက်နက်ဘေး၊ ဥပဒ္ဒဝေါကဲဘေးနှင့်တွေ့မှာ, သေမှာ ဖေဖေ မြင်လည်း မမြင်လို၊ ကြားလည်း မကြားလိုပါဘူး။ သား ဒီအတွက် သားကို စစ်ထဲ မဝင်ဖို့ တားတာပါ။ ဒါပေမယ့် တားမရတော့လည်း သွားပါ။ ဖေဖေ တစ်ခုတော့ မှာလိုက်ပါရစေ။ ဒါကိုလည်း သားဖေဖေ့ စကားကို နားထောင်သောအားဖြင့် အမြဲ ဆောင်စေလိုပါတယ်။ အဲဒါကတော့ ဖေဖေတို့ဆရာ အစဉ်အဆက်က သင်ကြားပေး ထားတဲ့ အန္တရာယ်ကင်း ဘုရားရှင်ရဲ့ အာဝေဏိကဂုဏ်တွေ ပါပဲသား။ အဲဒါကို ဓာရဏပရိတ်လို့ ခေါ်ပါတယ်။

"အဲဒီ ဓာရဏပရိတ်တော်ဟာ ဘုရားရှင်ရဲ့ အာဝေဏိကဂုဏ်

(၁၈)ပါးကို ဖော်ပြထားပါတယ်။ ဒီဂုဏ်တွေကလည်း ဘုရားရှင်ရဲ့ သီးခြား ဂုဏ်တွေ ဖြစ်ပါတယ်။ ရဟန္တာနှင့် ပစ္စေကဗုဒ္ဓါတို့သော်မှ ဒီဂုဏ်တွေ မရှိပါဘူး။

"ကောင်းမြတ်တဲ့စေတနာနဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်သူအားလုံးဟာ အဲဒီ ခံရဏပရိတ်ကို ရွတ်ဖတ်လို့ရှိရင် အကာလမရဏဆိုတဲ့ သေခြင်းမှ လွတ်မြောက်နိုင်တယ်လို့ ဆိုပါတယ်။

"အကာလမရဏ ဆိုတာကလည်း သူတစ်ပါးလက်နက်နှင့် သေခြင်း၊ သူတစ်ပါးပယောဂဖြင့် သေရခြင်း၊ ကျည်ထိသေခြင်း၊ လှည်းမှောက်, လှေမှောက်သေခြင်း စတဲ့ ဥပစ္ဆေဒကံကြောင့် သေရခြင်းမျိုးများပေါ့ကွယ်။ ဒီ ခံရဏပရိတ် ရွတ်ဖတ်သူဟာ အဲဒီသေဘေးတွေက လွတ်မြောက်နိုင်ပါတယ်။

"သတ္တဝါမှန်သမျှ လူမှန်သမျှကတော့ တစ်နေ့သေကြရမှာပေါ့ကွယ်။ ဘုရားရှင်ဟောကြားခဲ့တဲ့ သေခြင်းတရားလေးပါးထဲမှာ-

(၁) အသက်တမ်းကုန်၍ သေရခြင်း၊

(၂) ကံကုန်၍ သေရခြင်း၊

(၃) သက်တမ်းကံ နှစ်ပါးလုံးကုန်၍ သေရခြင်း၊

(၄) သူတစ်ပါး ပယောဂကြောင့် သေရခြင်း၊

ဆိုတဲ့ သေခြင်းလေးမျိုးထဲမှာ ပထမသေခြင်းမျိုးကတော့

ဘုရား၊ ရဟန္တာသော်မှ မလွှတ်မြောက်နိုင်ဘူးပေါ့။ သူတစ်ပါး ပယောဂဖြင့် သေရခြင်းဆိုတဲ့ ဥပစ္ဆေဒကံ မရဏခေါ် အကာလ မရဏကိုတော့ ဒီဓာရဏပရိတ်က တားမြစ်နိုင်တယ်လို့ ဆရာ တော် အစဉ်အဆက်က သင်ကြား ပြသခဲ့ကြတယ်။ ဒါကြောင့် သား တကယ်သွားမယ်ဆိုရင်တော့ သားလေး ဒီလက်နက်ဘေးက ကင်းဝေးအောင် အိပ်ရာဝင်၊ အိပ်ရာထ ဒီဓာရဏပရိတ်တော်ကို ရွတ်ဖတ်ပြီး အိပ်ပါ။ မိဘတွေကို ရှိခိုးပြီး အိပ်ပါ။ ဖေဖေတို့ ကလည်း သားကလေး ဘေးမသီ ရန်မခအောင် မေတ္တာပို့သပါ့ မယ်။ သား ဒီဓာရဏပရိတ်ကို မမေ့မလျော့ ရွတ်မယ်ဆိုတာ ကိုတော့ ကတိပေးသွားပါကွယ်။ ဖေဖေကတော့ သားထံက ဒါကိုပဲ လိုချင်ပါတယ်။

"ဖေဖေ့စကားကို သား နားထောင်ပြီး ဒီပရိတ်ကို ရွတ်ဖို့ ကတိပေးပါတယ် ဖေဖေ"

ဖေဖေ့ကို ကျွန်တော် ကတိပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဖေဖေက ခဲတံနှင့် မထင်မရှား ရေးထားသော ဓာရဏပရိတ် စာရွက်ကိုပေးပါသည်။ ရွတ်ပုံရွတ်နည်းကိုလည်း သင်ပေးလိုက်ပါ သည်။

များမကြာမီ ကျွန်တော်တစ်ယောက် ရဲဘော်ဖြူတပ်ထဲတွင် စစ်သားတစ်ယောက် ဖြစ်ခဲ့သည်။ ပညာအရည်အချင်းလေးက ခုနစ်တန်းမျှရှိ၍ မကြာခင် ဗိုလ်လေး ဖြစ်ရပါသည်။ ဗိုလ်လေးဘဝ

ရောက်သည်အထိ တိုက်ပွဲငါးကြိမ်လောက် တိုက်ခဲ့ရပါသည်။ တခြားသူတွေ အထိအခိုက် အကျအဆုံး ရှိသော်လည်း ကျွန်တော့်မှာ ဘာမျှ မထိရခဲ့ပါ။ သို့အတွက်လည်း ဗိုလ်လေးရာထူး ရခဲ့ပါသည်။

သို့သော် ထိုအချိန်ကတော့ ဓာရဏပရိတ်တန်ခိုးဟု မထင်မှတ်ခဲ့ပါ။ ဖခင်စကားကို နားထောင်ပြီး ကတိမပျက်လို၍ ဓာရဏပရိတ်ကိုတော့ ပုံမှန် ရွတ်ခဲ့ပါသည်။ ညအိပ်ခါနီး မိဘတို့ကိုလည်း ရှိခိုးပြီး အိပ်ခဲ့ပါသည်။ တစ်ဖက်က ဤသို့သော အဆုံးအမကို လေးစား လိုက်နာခဲ့သော်လည်း အကြမ်းဖက် သောင်းကျန်းသူ ကရင်သောင်းကျန်းသူတို့နှင့် တိုက်ပွဲ ဆင်နွှဲရလျှင်သော်ကား ကျွန်တော်သည် သဲကြီးမဲကြီးတိုက်တတ်၍ တပ်ထဲတွင် ကျွန်တော့်ကို သူရဲကောင်းဗိုလ်လေးဟု ကင်ပွန်းတပ်ခဲ့ပါသည်။

ကျွန်တော်တို့ ရဲဘော်ဖြူများ အလင်းမဝင်မီ စစ်ထဲဝင်သည့်ကာလမှ ၁၉၅၆–ခုနှစ် အလင်းဝင်သည့် ကာလအထိ တိုက်ပွဲပေါင်း အကြိမ်သုံးဆယ်လောက် တိုက်ခဲ့ရပါသည်။ မိမိတို့က နိုင်တာရှိခဲ့သလို မိမိတို့ ရှုံးနိမ့်ပြီး ခွေးပြေး ဝက်ပြေး အသက်လုပြေးရသည့် တိုက်ပွဲများလည်း ကြုံတွေ့ခဲ့ရပါသည်။

ထိုတိုက်ပွဲတွင် ကျွန်တော် အသက်အန္တရာယ် ကြုံခဲ့ရသည့် ဇဟားချောင်းတိုက်ပွဲ၊ ဝဲဒေါင့်ရွာတိုက်ပွဲ၊ ကြက်တက်သျှောင်ပင်တိုက်ပွဲ၊ ရှမ်းစုရွာတိုက်ပွဲတို့သည် ကျွန်တော်တို့ဘက်က အလစ်ခံရ

သောတိုက်ပွဲများဖြစ်ပြီး ဖရိုဖရဲထွက်ပြေးရပြီး အကျအဆုံးများခဲ့ရသော တိုက်ပွဲများ ဖြစ်ကြပါသည်။ ကျွန်တော်သည် သေနတ်တစ်ကမ်း ကျည်ဆန်ထိပ်ဖူး နဖူးတည့်တည့်မှန်နိုင်သော သေဘေးများ ကြုံတွေ့ခဲ့ရသော်လည်း ရှေ့မှ အကာအကွယ်တစ်ခုသည် အမြဲပေါ်ခဲ့ပြီး အသက်ချမ်းသာရာ ရခဲ့ပါသည်။

ဖဟားချောင်းတိုက်ပွဲတွင် ရန်သူက ကျွန်တော့်ကို အနီးကပ်စတင်းဂန်းသေနတ်နှင့် အပြုလိုက် ပစ်သွင်းရာ သေနတ်ပစ်သူရန်သူ့လက်ကို ကျည်ဆန်လာမှန်၍ ချိန်ဆချက်လွဲပြီး ကျည်ဆန်များ အပေါ်ထောင်တက်၍ အသက်ဘေးမှ လွတ်ခဲ့ရပါသည်။ ရန်သူ လည်း ထိုနေရာတွင် ခွေလဲပြီး ပြန်မထနိုင်ပါ။

ဝဲဒေါင့်ရွာ တိုက်ပွဲတွင် ရန်သူက လက်ပစ်ဗုံးနှင့် ကျွန်တော်တို့အုပ်စုတွင်း ပစ်သွင်းရာ လက်ပစ်ဗုံးက ချက်ချင်း မပေါက်ခဲ့ပေ။ ကျွန်တော်တို့ ဝပ်ချပြီးမှ ပေါက်သွား၍ အသက်ဘေးမှ လွတ်ခဲ့ရသည်။

ကြက်တက်ညောင်ပင် တိုက်ပွဲတွင် နွားစားကျက်ကွင်းတွင် ရန်သူက သုံးဘက်က ဝိုင်းပြီး အပိုင်ဆော်ထည့်ကြရာ ကျွန်တော်အပါအဝင် သုံးယောက်သာ လွတ်မြောက်ခဲ့သည်။ တပ်စိပ်တစ်စိပ်လုံး ကျဆုံးခဲ့ရသည်။

ရှမ်းစုရွာတိုက်ပွဲတွင် ရန်သူက ချောင်းအကူးကို အပိုင်ဖြတ်တိုက်ရာ ရဲဘော်တစ်ယောက် သေနတ်မှ ကျည်ဆန် အလိုလို

ထွက်သွား၍ ရန်သူက အတင်း ပစ်ခတ်တိုက်ခိုက်ရာ ရေငုပ်ပြီး ထွက်ပြေးခဲ့ရ၍ အသက်ဘေးမှ လွတ်ခဲ့ရသည်။

ဤအသက်ဘေး လွတ်ကင်းရသော ဖြစ်စဉ်များသည် ယခင်ကတော့ အလေးအနက်ထား မစဉ်းစားခဲ့မိပါ။ နောက် အလင်းဝင်လာပြီး မိဘလက်ငုတ်လက်ရင်း ရတနာသုံးပါးဘက် လေးလေးနက်နက် ဆည်းကပ် ကိုးကွယ်လာတော့မှ ဟိုယခင် တိုက်ပွဲတွေတုန်းက သူများတွေသေပြီး ငါမသေခြင်းသည် ဤဓာရဏပရိတ်တော် တန်ခိုးပါလားဟု ဆင်ခြင်မိပြီး ထိုပရိတ် ရွတ်ရန် ကတိတောင်းခဲ့သော ဖခင်ကြီး၏ မေတ္တာ စေတနာကို လည်း အလေးအနက်ထားပြီး ပူဇော်ကန်တော့ခဲ့မိပါတော့သည်။

သို့အတွက် ဤဓာရဏပရိတ်တော်သည် သက်မဲ့သစ်ပင် သော်မှ ညှိုးရာမှ လန်းနိုင်သည်၊ ရှင်နိုင်သည်ဟူ၍ ဆိုထားရာ ယုံကြည်သူ ရွတ်ဖတ်သူတို့အတွက် အန္တရာယ် အသွယ်သွယ် ကင်းသည်မှာ သံသယဖြစ်နိုင်စရာမရှိပါ။ ဘုရားရှင်၏ တန်ခိုး တော်အနန္တ တုဖက်မရသော ဂုဏ်ကျေးဇူး အကျိုးကား ကြီးမားလှ ပါသည်တကား။

(တောင်ငူမြို့မှ အလင်းဝင် ဦးဘသန်း၏ ပြောပြချက်ကို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ ဓာရဏပရိတ်စာအုပ်ငယ်များ ပေါ်များလှသည်ဖြစ်၍ ဓာရဏပရိတ်ကို မဖော်ပြတော့ပါ)

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

၂၅၃၁၃

တက္ကသိုလ် ချစ်သိရိ (ဓမ္မာစရိယ၊ ဘီအေ)

# ပရိတ်တန်ခိုး ပရိတ်အကျိုး